
http://www.cherrythitsar.org



http://www.cherrythitsar.org

စကားသစ္စာ
မှန်သောအခါဝယ်
ဩဇာလေးနက်
ပေါ်ဆီတက်၍
နှယ်မြက်သစ်ပင်
ဆေးဖက်ဝင်၏။
ရှင်မဟာသီလဝံသ

http://www.cherrythitsar.org

# မောင့်ဘဝ ညအလားကွယ်

တက္ကသိုလ်ဘုန်းနိုင်

ကံ့ကော်ဝတ်ရည်စာပေ
၅၁၊ ရေကျော်လမ်း၊
ပုဇွန်တောင်၊ ရန်ကုန်မြို့။

http://www.cherrythitsar.org


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် – ၁၂၂၀/ ၂၀၀၃ (၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၁၁၆၉/ ၂၀၀၃ (၁၀)

❒

ပထမအကြိမ် – မြစာပေ (၁၉၆၃ ခုနှစ်)
ဒုတိယအကြိမ် – မြစာပေ (၁၉၆၆ ခုနှစ်)
တတိယအကြိမ် – ချမ်းသာစာပေ (၁၉၆၉ ခုနှစ်)
စတုတ္ထအကြိမ် – လှမော်စာပေ (၁၉၇၃ ခုနှစ်)
ပဉ္စမအကြိမ် – ကံကော်ဝတ်ရည်စာပေ
(၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလ)
အုပ်ရေ – (၅၀၀)

❒

### မျက်နှာဖုံးပုံနှိပ်သူ

ဦးတိုးဝင်း၊ နေလရောင်ပုံနှိပ်တိုက်
၉၆/ခ၊ ၁၁ လမ်း၊ လမ်းမတော်၊ ရန်ကုန်မြို့။

❒

### အတွင်းပုံနှိပ်သူ

ဦးစွန့်ကော်ယူ (မာကျူရီပုံနှိပ်တိုက်)
၄၉၊ ရေကျော်လမ်း၊ပုစွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❒

### ထုတ်ဝေသူ

ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)၊
မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

❒

### မျက်နှာဖုံးပန်းချီ

မြင့်မောင်ကျော်

❒

### တန်ဖိုး

၇၅၀ ကျပ်

http://www.cherrythitsar.org

# သစ္စာ

ငါ့စာဖတ်၍ မမြတ်တိုင်စေ၊
မရှုံးစေသား၊ ပျင်းပြေနှစ်သိမ့်ချိုက်၊
တွေးဖွယ်ထိုက်ရာ၊ တစ်ပိုဒ်တစ်လ၊
တွေ့ကြားပေမူ၊ စာပေကျေးကျွန်၊
ငါ့ဝတ်ပွန်ပြီ၊ ငါမွန်အမြတ်၊
ငါ့အတတ်ဟု၊ စာဖတ်သူပေါ်၊
ခေါင်းကိုကျော်၍၊ ငါသော်ဆရာ၊
မလုပ်ပါတည်း။ ။

တက္ကသိုလ်ဘုန်းနိုင်

# ၁

လူက သေးသေးသွယ်သွယ် ပိန်ပိန်ပါးပါးဖြင့် သူ့သီချင်းများ သဖွယ် နွဲ့နွဲ့လျလျနိုင်သမျှ ရာသီဥတုပြင်းပြင်းဒဏ်ကို မခံနိုင်သော ရေနံ့သာကိုစိုးလှိုင်သည် တောင်ကြီးမြို့သို့ အချမ်းကဲသော ဒီဇင်ဘာလ ဆောင်းတွင်းမှာမှ ရောက်ရှိလာသည်။ သူ ရောက်ရှိချိန်တွင်ပင် ကျောင်းမှ ထွက်ကြကတည်းက ကျွန်တော်နှင့် ခွဲခွာခဲ့ရသည့် ယခုအခါ နိုင်ငံကျော် စာရေးဆရာတစ်ဦးဖြစ်နေသူ ကိုလွမ်းနောင်လည်း ကျွန်တော့်အိမ်၌ အဆင် သင့်ရှိနေ၏။

ကိုစိုးလှိုင်သည် ဆောင်းညပမာ နက်ရှိုင်းအေးမြသော တေးတစ်ပုဒ် ကိုလည်း ယူလာသည်။ သီချင်းနာမည်က ‘ည’ဟူသတည်း။

အိမ်အပြင်၌ ငွေလရောင်မှုန်မှုန်ဝယ် နှင်းပုလဲတို့ ကခုန်နေသော တစ်ညမှာ ထင်းရှူးဆီနံ့သင်းသော မီးဖိုဘေးတွင် ကျွန်တော်ကိုစိုးလှိုင်နှင့် ကျွန်တော့်အိမ်၌ ခေတ္တလာရောက် အနားယူနေသူ မိတ်ဆွေတပည့်တစ်ဦး ဖြစ်သည့် မန္တလေးတက္ကသိုလ် အနုပညာရှင်အသင်း ဥက္ကဋ္ဌဟောင်း

http://www.cherrythitsar.org



ကိုတင်မောင်မြင့်တို့သည် “ည”သီချင်းကို သဇင်၌ အသံလွှင့်ရန် စီစဉ် သုတ်သင်နေကြသည်။

ကိုစိုးလှိုင်သည် သီချင်းကို မူလက (၅)ပေါက်နှင့် စပ်ထားသည်။ ကျွန်တော်နှင့် ကိုတင်မောင်မြင့်က ရိုးလွန်းသည်ထင်၏။ ထိုအခါ ကိုစိုးလှိုင်သည် (၄)ပေါက်အောက်ပြန်ဖြင့် အသံစဉ်ဆန်းဆန်းတစ်ရပ်ကို စမ်းပြသည်။

“ဟာ... ဟုတ်ပြီ၊ သီချင်းအကြောင်းအရာနဲ့ အသံစဉ် ကိုက်တယ်”

ကိုစိုးလှိုင်သည် သူ့ထုံးစံအတိုင်း မျက်မှန်ဝင်းဝင်းအောက်မှ မျက်တောင် ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း ပေါင်တစ်ဖက်ကို လှုပ်ကာလှုပ်ကာ စည်းလိုက်၍ မယ်ဒလင်ဖြင့် တီးကွက်များဖော်ယူသည်။ ကိုတင်မောင်မြင့် က မျက်စိကိုမှိတ်ကာ တီးကွက်အလိုက် စိတ်ကို လွှတ်မျှောကြည့်နေဟန် တူသည်။ တီးကွက်ဆုံးသော်“ဟုတ်တယ်၊ ဒီအသံနဲ့ ပိုကိုက်တယ်”ဟု မှတ်ချက်ချသည်။

ယခုအချိန်အထိ ကိုလွှမ်းနောင်သည်၊ စီးကရက်တစ်လိပ်ကို အမှတ် မထင်ခဲ့ရင်း မီးဖိုတွင်းမှ ယှက်လိမ်ကခုန်နေသော မီးတောက်မီးလျှံများကို ငိုင်ကြည့်နေသည်။ ကိုတင်မောင်မြင့်က မှတ်ချက်ချသောအခါမှ လှမ်းမေး သည်။

“တီးကွက်ကတော့ တော်တော်လှတယ်၊ လှတယ်ဆိုတာထက် အသဲနှလုံးကိုခိုက်တယ် ဆိုရမယ် ထင်တယ်၊ သီချင်းနာမည်က ဘာတဲ့လဲ”

ကျွန်တော်က ပြန်ဖြေသည်။

“ည”

ကိုလွှမ်းနောင်၏ မျက်နှာဝယ် အမျိုးအမည် မသိသာသော်လည်း ထင်ရှားသည့် ပြောင်းလဲရိပ် လွှမ်းသွားသည်။

"သြော်... 'ည'တဲ့လား"

"ဟုတ်တယ်... တဂိုးရဲ့ **Night** ဆိုတဲ့ ကဗျာကိုမှီပြီး ကိုမြင့်သိန်းက သီချင်းအတွက် လင်္ကာရသဖြစ်အောင် ဖွဲ့ထားတယ်"

"ကိုမြင့်သိန်းဆိုတာ ဘယ်သူလဲ"

"ကျွန်တော်တို့မိတ်ဆွေတစ်ဦးပါပဲ၊ ကလောင်နာမည်တော့ သိပ်မရှိသေးဘူး၊ ပျဉ်းမနားမောင်ရီနောင်ဆိုပြီး ကဗျာတွေစပ်တယ်၊ အလုပ်ကတော့ စိုက်ပျိုးရေးအရာရှိ တစ်ဦးပဲ၊ ခင်ဗျားတင်တင်မြ ဆိုထားတဲ့ ကိုစိုးလှိုင်ရဲ့လက်ရာ စခန်းအောင်မြေကို ကြားဖူးမှာပေါ့၊ အဲဒီထဲက စာသားတွေလဲ ကိုမြင့်သိန်းပဲစီတာ"

"ဟာ... ဒီလိုဆိုရင်တော့ သီချင်းကောင်းဖြစ်မှာပဲ၊ ကျွန်တော်စိတ်ဝင်စားတာက 'ည'ဆိုတဲ့နာမည်ကိုပဲ"

"ခင်ဗျား... ဘာလို့ ဒီနာမည်ကို စိတ်ဝင်စားတာလဲ ကိုလွမ်းနောင်"

"ည ဆိုပြီး ဝတ္ထုတစ်ပုဒ်ရေးမယ်လို့ စိတ်ကူးထားတာ၊ ကျွန်တော့် မိတ်ဆွေ မောင်မိုးသူက အဲဒီနာမည်နဲ့ပဲ ဝတ္ထုတစ်ပုဒ် ရေးသွားပြီးပြီ၊ သူ့ဝတ္ထုလေးလည်း တော်တော်ကောင်းတယ်၊ ဒါပေမဲ့ သူဆိုလိုတဲ့ညက တစ်မျိုး၊ ကျွန်တော်ဆိုလိုတဲ့ ညကတစ်မျိုး၊ ဟို... သံတူကြောင်းကွဲလို့ ဆိုရမလား မသိဘူး"

ကိုတင်မောင်မြင့်သည် သူ့အား လှမ်းကြည့်၍ အကြံပေးသည်။

"ဒါဖြင့် ဒီလိုလုပ်ပါလား၊ မောင့်ဘဝ ညအလားကွယ်ဆိုတဲ့ နာမည်နဲ့ တစ်ပုဒ်ထပ်ရေးပေါ့"

ကိုလွမ်းနောင်၏ ဆွေးရိပ်လွှမ်းသော မျက်နှာမှ မျက်လုံးတို့သည် အရောင်လက်သွားသည်။

"မောင့်ဘဝ ညအလားကွယ်၊ ဒီနာမည် သိပ်ကောင်းတယ်၊

ကဲလေ… ခင်ဗျားတို့သီချင်း လုပ်ပါဦး”

ကိုစိုးလှိုင်သည် ကျွန်တော့်အား လှမ်းကြည့်၍ မေးသည်။

“စာသားတွေ ကျေနပ်ပလားဆရာ၊ ကိုမြင့်သိန်းက မှာလိုက်တယ်၊ လိုမယ်ထင်တာ ဆရာ ပြင်ပေးပါတဲ့”

“ဟုတ်တယ်၊ ကျွန်တော်သုံးနေရာပြင်ချင်တယ်”

“ဘယ်နေရာတွေလဲ”

“တိမ်သား အုပ်ဆောင်းရောင်လွင် မမောင်းဖွယ်၊ ကြယ်ပေါင်း သမတ အလှငွေစိုင် အဲဒီနေရာ”

“ဘာဖြစ်လို့လဲဆရာ”

“ကာရန်ကို ဇွတ်ယူထားသလို ဖြစ်နေတယ်၊ ‘ရောင်လွင်မမောင်း’ ဆိုတဲ့ စကားကို ကျွန်တော်မကြိုက်ဘူး၊ ဒီလိုပြင်လိုက်တာပေါ့၊ ‘တိမ်သား ပြယ်ရှင်း၊ ယာယီလင်းစ၊ ကြယ်မင်းသမတ၊ အလှငွေစိုင်’လို့ ဒါမှ ရှေ့စကား နောက်စကားဆီလျော်မယ်”

ကိုစိုးလှိုင်သည် သဘောတူဟန် ခေါင်းညိတ်သည်။ ထိုနောက် “ဆက်ဦးဆရာ”ဟု တိုက်တွန်းသည်၊

“နေမင်းသာတဲ့ နေ့ကမ္ဘာနန်းဝယ်၊ အဲဒါကလဲ ထောင့်နေတယ်၊ အဲဒီအစား ‘လျှံဝင်းဖြာတဲ့ နေ့ကမ္ဘာနန်းဝယ်’လို့ ပြင်မယ်”

“ပြီးတော့ကော”

“ပင့်သက်ဖိုမျက်ရည်ဝဲ၊ ဝဲကျရုံပဲ တကယ် အဲဒီစကားက ယောကျာ်း တစ်ယောက်ဆိုဖို့အတွက် ချွဲလွန်းနေတယ် ထင်တယ်၊ ပြီးတော့ သီချင်း တစ်ပုဒ်လုံးက ပမာတင်စားမှုကို အသားပေးထားတယ်၊ မျက်ရည်ကျတဲ့ နေရာမှာ တိုက်ရိုက်ကြီးဆိုထားတာ မကြိုက်ဘူး”

“လုပ်ပြီဟေ့ ဒို့ဆရာကတော့ ဒါဖြင့် ဘယ်လို မျက်ရည်ကျမလဲ”

ကိုစိုးလှိုင်က မေးသည်ကို တင်မောင်မြင့်ကလည်း ထောက်ခံရင်း ထပ်ဆင့်မေးသည်။

"ဟုတ်တယ်၊ ယောကျ်ားသီချင်းမှာ မျက်ရည်ပါလာရင်ဆိုဖို့ ကျွန်တော့်ပါးစပ်မရဲဘူး၊ ဆရာ့ မငိုနဲ့ ခင်လို သီချင်းမျိုးတော့ ကျွန်တော် ဆိုရတာ လိပ်ပြာလည်းရဲတယ်၊ အသဲနဲ့လည်းမိတယ်ဆရာရေ့၊ ကဲလေ အခု စာသား ဘယ်လိုပြင်မလဲ"

"အဓိပ္ပာယ်များ လွှို့ဝှက် လွန်းမလားတော့ မသိဘူး၊ ဆရာတော့ ဒီလို ပြင်ချင်တယ်။ ပင့်သက်ဆို မြောက်လေဝဲ အသဲကမ္ဘာ့မှုန်နှင်းရယ် ခင်ဗျား၊ ဘယ့်နှယ်ထင်သလဲ ကိုလွမ်းနောင်"

ကိုလွမ်းနောင်၏မျက်နှာသည် မှိုင်းသွားသည်။

"ပင့်သက်ဆိုတဲ့ မြောက်လေက ဝဲနေတယ်။ အဲဒီပင့်သက်မြောက် လေဝဲတဲ့ အသဲကမ္ဘာက မှုန်နေတဲ့ နှင်းတွေဟာ ဘာတွေလို့ ခင်ဗျားဆိုလို တာလဲ ကိုဘုန်းနိုင်၊ မျက်ရည်တွေတော့ မဟုတ်ပါဘူး ထင်ပါရဲ့နော်"

ကျွန်တော်က သူ့ကို မဖြေဘဲ ပြုံးရုံသာ ပြုံးနေသည်။

ကျွန်တော်က စည်းကို ကောက်ကိုင်လိုက်သဖြင့် ကိုတင်မောင်မြင့်က တယောကိုယူကာ ကိုစိုးလှိုင်၏ မယ်ဒလင်နှင့် အသံညှိလိုက်သည်။ အားလုံး အဆင်သင့် ဖြစ်သောအခါ ကိုစိုးလှိုင်သည် မယ်ဒလင်တီးရင်း ဆိုသည်။

> "မှုန်ရီဆိုင်း... ဓာငွေလှိုင်း ...သင်တိုင်းနှင်းမြူ ကမ္ဘလာရုံသွယ် အဇ္ဈာနယ်မိုးဖြန့်ကျယ်... တိမ်သားပြယ်ရှင်း ယာယီလင်းစ ကြယ်မင်းသမတ...အလှငွေစိုင်... ကိုယ်ပိုင် ကမ္ဘာဦး တန် ဆောင်းမှူး ...ချယ်၊ စက်ခန်းသာလယ်...ပမာတင်စား မောင့်ဘဝ ညအလား ကွယ်..."

http://www.cherrythitsar.org



အပြင်ဘက်မှ ဆောင်းလေ၏ တိုးဝှေ့သံကို သတိထားမိလျှင် သဲ့သဲ့ ကြားနိုင်သည်။ နှင်းမြူတို့သင်တိုင်းပမာ ခြုံလွှမ်းသောညဝယ် ကမ္ဘောဇပန်းမြို့တော်၏ မာလာဖူးငုံ အစုံစုံတို့သည်၏ မေတ္တာအအေးဓာတ်ဝယ် ခိုလှုံအားသစ်၍ မနက်ဖြန်ဖြစ်မည့် နေ့ကမ္ဘာနန်း၌ တောက်လျှမ်းဂုဏ်ဝင့်ရန် အဆင်သင့်ရှိနေကြပေမည်။ ဤပန်းမာလာတို့ အလှညီလာကျင်း၍ သဘင်ခင်းချိန်မှာ နေမင်းပိုင်သောနေ့အခါသာ ဖြစ်သဖြင့် သူတို့အားနှင်းဖြင့် အေးစေ၍ ညှင်းလေနုဖြင့် မွေးစေသောညအတွက် နေရာမရှိပြီ။

"ညအရေးရယ်... ကွန်းထက် ဘုံလယ်တစ်ခွင်ဝယ် ... အေးချမ်းသာတဲ့...အရဏ်မကူးမီ စက်ဦးခဏဝယ်... အမှောင်နယ် ရှောင်ကွင်းလျှံဝင်းဖြာတဲ့ နေ့ကမ္ဘာနန်းဝယ် စောင့်စားကာရယ် ရန်သင့်ဟန်တင့် မာန်မဝင့်နဲ့လားကွယ် တစ်ပါးသူ ခြူမြန်းရင်ဖြင့် လွမ်းလျက်နဲ့ မပန်သာသည်... ချန်ကာထားရစ်ညသနစ်ဖြစ်ကြောင်းရယ်"

ပန်းတစ်ပင်ကို ပန်ဆင်ဖွယ်ဖြစ်အောင် ပြုစုသူမှာ ဥယျာဉ်မှူးဖြစ်သည်။ အချိန်တင့်၍ ပန်းကောင်းပွင့်လေသောအခါ အရန်သင့် ပန်လေသူမှာ တစ်ပါးသူတစ်ဦးဖြစ်နေတတ်၏။ အဆင်မပြေသော ဤသဘာဝကို "ည"က ဖွင့်ဆိုသည်။

အရွယ်တော်သစ်စ... ဆယ်ကျော်နှစ်က ကျွမ်းချစ်ရအင်... အာရုံစိတ်စော... မောမိတယ်...၊ မောင့်ဘဝအမှန်တကယ်ညရဲ့ သဏ္ဌာန်နှယ်ပင့်သက်ဆို မြောက်လေဝဲ...အသဲကမ္ဘာမှုန်နှင်းရယ် ... ဆောင်ချဉ်းကိုယ်စားမောင်ထားနိုင်ခဲ့တယ်... "

သီချင်းသည် ညအရေးရယ် အပိုဒ်သို့ ပြန်ကျော့ကာလည်လာ၏။ (ချန်ကာထားရစ် ညသနစ်ဖြစ်ကြောင်းရယ်)အပိုဒ်ဖြင့် အဆုံးချရာ၌

http://www.cherrythitsar.org



ကိုစိုးလှိုင်၏ အသံတွင် ငိုသံသိသိသာသာ ပါနေ၏။ ကျွန်တော်တို့ အားလုံး ကျေနပ်သွားကြသည်။

ကျွန်တော်တို့၌ အကျင့်တစ်ခုရှိသည်။ အနုပညာတစ်ရပ်ကို ဖန်တီးပြီးသောအခါ၌ ရင်တွင်းမှာ ပေါ့ပါးသွားလေ့ ရှိသည်။ ထိုအခါမျိုးတွင် လူပါပေါ့ပါး နိုးကြားလန်းဆန်းလာတတ်သည်။ ညမည်မျှ နက်နက် မအိပ်ချင်တော့။

နဝင်းလဲ့သာကြူ၊ တည့်မွန်းလ သီတဂူလျှင် ငွေမှင်ရည်ဆမ်းခိုက်၊ ပန်းတိုင်းပွင့်၍ ပွင့်သောပန်းတိုင်းမွှေးနေသော ကမ္ဘောဇမြို့တော်၏ ညသည် မိန်းမောအိပ်စက်ပစ်ခြင်းဖြင့် ကုန်လွန်လိုက်ရန်မှာ နှမြောတသဘွယ်လှပ လွန်းနေသည်။

ကျွန်တော်တို့တသိုက်သည် အိမ်ပြင်ထွက်၍ လမ်းလျှောက်ကြသည်။ ချမ်းတတ်သော ကိုစိုးလှိုင်က ကျွန်တော်၏ သိုးမွေးကုတ်အင်္ကျီအရှည်ကြီးကို ဝတ်ရင်း ကုတ်ကုတ်ကလေး လိုက်ပါလာသည်။

ကျွန်တော့်အိမ်တည်ရာမှာ တောင်ကြီးမြို့၏ အလှပ အသာယာဆုံး ဖြစ်သည့်အရာရှိကြီးများ နေထိုင်ရာ တောင်ခြေတဝိုက်မှာဖြစ်သည်။ ကျွန်တော့်အိမ်မှ တောင်ခြေအထိ ဖြည်းဖြည်းလျှောက်လျှင် ငါးမိနစ်အတွင်း ရောက်သည်။

ကျွန်တော်တို့သည် လမ်းအတိုင်း အရှေ့ဘက်တောင်ခြေဆီသို့ လျှောက်လာခဲ့သည်။ လရောင်၌ ချယ်ရီဦးတို့ ဖူးပွင့်စဖြစ်နေသည်ကို သတိထားမိသည်။ ထင်းရှူးနံ့တို့မှ သင်းနေကြိုင်နေ လှိုင်နေပါ၏။

တောင်ခြေ၌ပတ်အပ်သောလမ်းအတိုင်း အစိုးရအိမ်တော် ကျောဘက်မှ ဖြတ်၍ လျှောက်လာခဲ့ကြသည်။ မြင့်မားသော ထင်းရှူးပင်တောကို ဖြတ်၍ စထရင်းဟိုတယ်ကို လွန်ခဲ့သည်။ မကြာမီပင် ကျွန်တော်တို့ရှေ့၌

ချိုင့်ဝှမ်းမြေပြန့်တစ်ခုကို တွေ့ရသည်။ ချိုင့်ဝှမ်းမြေပြန့်၏ အစွန်၌ လရောင်တွင် မသဲမကွဲဖွေးဖွေး ရေးရေးအရာတို့ကို တွေ့ရသည်။

"ရှေ့ကဟာ ဘာလဲ"

ကိုစိုးလှိုင်က မေးသဖြင့် ကျွန်တော်နှင့် အနေကြာသော ကိုတင်မောင် မြင့်က ပြန်ဖြေသည်။

"အင်္ဂလိပ်သင်္ချိုင်းဟောင်းလို့ ပြောတာပဲ"

ကိုစိုးလှိုင်သည် ခေါင်းခါသည်။

"ဟာ…ဒီလောက်လှပပြီး စိတ်ကူးယဉ်နေတဲ့အချိန်မှာ သင်္ချိုင်းနဲ့ လာတွေ့နေတယ်"

ကိုတင်မောင်မြင့်နှင့် ကျွန်တော်က မဖြေဘဲရယ်မောမိခိုက် မမျှော်လင့်ဘဲ ယခုအချိန်ထိ နှုတ်နည်းနေသူ ကိုလွမ်းနောင်က ဝင်ပြောသည်။

"ကိုစိုးလှိုင်ရယ်၊ သင်္ချိုင်းဆိုတာဟာလည်း ရင်ခုန်ဖို့ ကောင်းပါတယ်။ စင်စစ်တော့ သင်္ချိုင်းဆိုတာ အတိတ်ကို မြှုပ်ထားတဲ့နေရာပဲ။ တကယ်တမ်း ဝန်ခံကြမယ်ဆိုရင် ခင်ဗျားတို့ ကျွန်တော်တို့ စာပေဂီတ၊ အနုပညာသမားတွေရဲ့ အသည်းနှလုံးတွေဟာ အတိတ်ခံစားရချက်တွေကို မြှုပ်နှံထားတဲ့ သင်္ချိုင်းတွေပဲ မဟုတ်လား"

ကျွန်တော်သည် ကိုလွမ်းနောင်အား လှမ်းကြည့်မိသည်။ သူ့စကားကို ကျွန်တော်ထောက်ခံချင်၏။ ကျွန်တော့်အသည်းနှလုံးထဲတွင် မြှုပ်နှံထားခဲ့ရသော ခံစားရမှုများသည် မရေမတွက်နိုင်။ နှလုံးသား၏ လျှို့ဝှက်ချက်ကို ဖော်ရမည်ဆိုလျှင် အဆုံးတိုင်ရန် လူ့ဘဝသည် တိုတောင်းနေသည်ထင်ပါ၏။

"ကဲဗျာ… ကျွန်တော်တို့ ခဏထိုင်ကြရအောင်"

ကျွန်တော်က ရှေ့ဆောင်တိုက်တွန်းသဖြင့် အားလုံး ထိုင်ကြသည်။

http://www.cherrythitsar.org



နှင်းဝေနေသဖြင့် တောင်ခြေသည် မှုန်ပြေပြေသော လရောင်ကြောင့် ပစ္စုပ္ပန်ထက် အတိတ်ဆန်နေသည်။ အတိတ်ဆိုသည်မှာ မှုန်မှုန်ဝေဝေပင် မဟုတ်ပါလော။

ဤသို့ အတိတ်ကာလဆန်သော မှုန်ပြေပြေ လရောင်အောက်မှ နှင်းဝေသည့်တောင်ခြေတွင် ကိုလွမ်းနောင်သည် ညအလားသဖွယ်ဖြစ်သည့် သူ့ဘဝကို ဇာတ်ကြောင်းပြန်ပြောခဲ့သည်။

"စောစောက ခင်ဗျားတို့ရဲ့ သီချင်းက ကိုယ်ပိုင်ကမ္ဘာဦး တန်ဆောင် မှူးချယ်ဆိုတဲ့ စကားကို သွားသတိရမိတယ်။ အရွယ်တော်သစ်စ ဆယ်ကျော် နှစ်ဆိုတဲ့ အချိန်မှာ လူတစ်ယောက်အတွက် ကိုယ်ပိုင်ကမ္ဘာဦး ဆန်းလာ တယ်လို့ဆိုရင် မမှားဘူး ထင်တယ်။

ကမ္ဘာဦးဆိုတော့ နှင်းတွေက မှုန်နေတဲ့ အချိန်၊ လောကဟာလဲ ဘာမှ မသဲကွဲနိုင်ဘူး။ တစ်နည်းအားဖြင့် ညပေါ့ဗျာ။ ကျွန်တော့်ဘဝ ညအလားပေါ့၊ ပင့်သက်ဆိုမြောက်လေဝဲ အသဲကမ္ဘာမှုန်နှင်းရယ် ဆောင်ချဉ်း ကိုယ်စား မောင်ထားနိုင်ခဲ့တယ်ဆိုတဲ့ ဘဝမျိုးပဲ။

ဒီအကြောင်းကို ကျွန်တော်ရေးပြချင်တယ်။ ဒါပေမဲ့ ရေးလို့မရဘူး။ စာပေဝန်ထမ်းတစ်ဦးအနေနဲ့ ပုဂ္ဂလိက ခံစားရချက်တွေကို ရေးထိုက် မရေးထိုက် ကျွန်တော် ချိန်ဆနေမိတယ်။ ရေးရမလား မရေးရ ဘူးလားတော့ ကျွန်တော် မသိဘူး။ ဒါပေမဲ့ ပြောတော့ ပြောပြချင်တယ်"

ကျန်သော ကျွန်တော်တို့သုံးဦးက သူ့စကားကို စိတ်ဝင်စားစွာ နားထောင်ကြသည်။

နှင်းပေါက်တို့ ဖြိုးဖြိုးဖြောက်ဖြောက် ကျသံကြားရသည်။ ရွက်နုတို့ ပေါ်လည်း ကျကြသည်။ ပွင့်ချပ်တို့ပေါ်လည်း ကျကြသည်။ ပန်းကို လန်းစေ၍ ရနံ့ကိုမွှေးစေသော ည၏နှင်းအဖြစ်ကို အဝိညာဏက

ပန်းအလှတို့သိကြပေမည်လော။

ကိုလွှမ်းနောင်ပြောပြသော ဓာတ်လမ်းကို ကျွန်တော်ကမူ နှင်း၏ ညအဖြစ်သာ မြင်မိသည်။ ပင့်သက်ဆိုသော မြောက်လေနှင့် အသည်းကမ္ဘာ၏ မှုန်နှင်းတို့ဝေသော ညအဖြစ်သာ မြင်မိသည်။

သြော်... သူ့ဘဝမှ ညအလားပင်ဖြစ်ခဲ့ပါ၏။

*

# ၂

နှင်းကြွင်းနှင့် မြူရောသော လွန်ခဲ့သည့် ၁၈ နှစ်ခန့်ဆောင်းအကုန် နွေအကူးမှာ ဇာတ်လမ်း စခဲ့လေသည်။

ကျွန်တော် လွှမ်းနှောင်သည် ကန်တော်ကြီး မဟာမြန်မာပွဲ တစ်နေရာတွင်ရပ်ရင်း ဝင်လုဆဲနေရောင်ကို စိတ်ပျက်စွာကြည့်နေမိသည်။ နေဝင်လုသဖြင့် သာယာအေးချမ်းလာသောကြောင့် ရွှေပွဲလာ ပရိသတ်အပေါင်းမှာ သက်သာရွှင်လန်းနေကြပေမည်။ ကျွန်တော့်အတွက်မူရင်မှာ ပင်ပန်းနေ၏။

ထိုစဉ်က ကျွန်တော်သည် အလုံအမြောက်ကြီးတပ်မှ ကြယ်တစ်ပွင့်သာရသေးသော တပ်သားလေးတစ်ဦးဖြစ်သည်။ ဖျင်ကြမ်းညိုညိုဝတ်၍ တိုင်းပြည်က ကျွေးသောထမင်းဖြူဖြူနှင့်ဆားကို မှန်မှန်ရလျှင် ဝမ်းသာနေရသော ဘဝပေမို့ ငွေကြေးဆိုသည်မှာ ထိုစဉ်က ကျွန်တော်တို့ မြန်မာ့တပ်မတော်သားများနှင့် ဘာမျှမဆိုင်။ ထောင်မလဲ သဲကော်ကို ဂုံနီအိတ်နှင့်ထားနိုင်သူအများရှိသည့် ခေတ်ဖြစ်သော်လည်း ဤခေတ်သည် ကျွန်တော်တို့တပ်မတော်သားများ၏ခေတ်မဟုတ်။ ဤသို့ငွေနှင့် ဘာမျှမဆိုင်သော စစ်သားဘဝဖြစ်သဖြင့် ငွေကုန်နိုင်မှ ပျော်ဖွယ်ရှိသည့် အဓိပတိကြီး၏ မဟာမြန်မာပွဲမှာ ကျွန်တော်တို့နှင့်စင်စစ် မသက်ဆိုင်လှ။

http://www.cherrythitsar.org



လူဆိုသည်မှာ ခက်တော့ အခက်သား။ အခွင့်ရလျှင် နတ်ကရာကြည့် မောရှ်တတ်နိုင်သမျှတော့ ပျော်ချင်မိသည်။ ဤသို့ ပျော်ချင်သောကြောင့်ပင် ကျွန်တော်၏ အခြားရဲဘော်များနှင့် ရှိသမျှငွေလေးတို့ကို စုပေါင်း၍ မဟာမြန်မာပွဲသို့ ထွက်လာပေသည်။ ပွဲအတွင်း တိုးရင်းဖေ့ရင်း ကျွန်တော့်ရဲဘော်များနှင့်ကွဲကာ တစ်ယောက်တည်းကျန်ရစ်သည်။ ကျွန်တော့် အိတ်တွင်း၌လည်း ငွေတစ်ပြားမှမရှိ။

တပ်ကို ၆ နာရီမထိုးမီ အရောက်ပြန်ရမည်။ ယခု ၅ နာရီကျော်ပြီ။ ကုန်းကြောင်းလျှောက်ပြန်လည်း မမီ။ မြင်းလှည်းစီးရန်လည်း စရိတ်မရှိ။

နောက်ကျ၍ ပြန်ရောက်သော် ကျွန်တော်တို့ပါးထက် သူ့လက်ဝါးကို စိန်ဗေဒါ၏ လက်ပမာပြောင်ပြောင်တီးတတ်သော ကျွန်တော်တို့၏ ဆရာ တပ်ရင်းအရာခံဗိုလ် (ဗိုလ်မျိုးခင်)၏ တင်းမာသောမျက်နှာကြီးကို မြင်ယောင်နေမိသည်။

ထို့ကြောင့်ပင် မဟာမြန်မာပွဲ၌ အများသူငါ ပျော်ရွှင်နေသော်လည်း ကျွန်တော်ကမူ ဝင်လုဆဲနေရောင်ကို ကြည့်လျက် စိတ်ပျက်နေသည်။

ကျွန်တော်သည် ကျွန်တော့်ရဲဘော်များကို တွေ့လိုတွေ့ငြား ဟိုဟိုသည်သည် ကြည့်မျှော်ရင်း ခြေဦးတည့်ရာ လျှောက်လာမိသည်။

တိရစ္ဆာန်ရုံအနီး ကျောက်လမ်းမှ ကန်တော်ကြီးဆီသို့ သွယ်ဆင်းလာသော မြေလမ်းရှိသည်။ အသွားအလာများသဖြင့် မြေလမ်းသည် မညီမညာ ဤလမ်းပေါ်ရောက်မှ စိတ်ပျက်ရသည်ကြား ဒေါသဖြစ်ဖွယ်ကို တွေ့ရသည်။

အိုင်–အင်–အေ **(INA)**ခေါ် အိန္ဒိယ အမျိုးသားတပ်သားတစ်ဦးသည် မူး၍ ရမ်းနေ၏။ လမ်းသွားလမ်းလာများကို လှမ်း၍ ဆဲဆိုနေသည်။ လက်လှမ်းမှီသူများကို ထိုးကြိတ်သည်။

ထိုစဉ်က စူဘာချန္ဒြာ ဘို့(စ်)၏ အန္ဒိယအမျိုးသား တပ်မတော်သားတို့ အတော်ရမ်းကားသည်။ အိန္ဒိယလွတ်မြောက်ရေးအတွက် မြန်မာမြေပေါ်တွင် ကြိုးစားနေသူများဟု ကိုယ်ချင်းစာ၍ မြန်မာများက သည်းခံကြသည်။ မြန်မာ့တပ်မတော်ကို မယုံတော့ပြီ ဖြစ်သော နိပွန်တို့က သူတို့ကို မြှောက်ပေးထားသည်။ အိန္ဒိယကုန်သည်ကြီးများ ကျေးဇူးကြောင့် နိပွန်တပ်မတော်ထက်ပင် ယူနီဖောင်းကောင်းကောင်း ဝတ်နိုင်သော အိုင်အင်အေတို့သည် သန်းကြီးမ တွယ်သောဖျင်ကြမ်းကို ယူနီဖောင်းလုပ် ဝတ်ထားသည့် ကျွန်တော်တို့ မြန်မာ့တပ်မတော်သားများကို အပေါ်စီးမှ ကြည့်ချင်သည်။ တဖန် သူတို့ထဲ၌ ဗြိတိသျှအင်ပါယာ စစ်မျက်နှာအမျိုးမျိုးတွင် တိုက်ခိုက်ဖူးသူ အများပါဝင်သဖြင့် ကျွန်တော်တို့မြန်မာ့တပ်မတော်သားများအား မနေ့တစ်နေ့ကမှ ယူနီဖောင်းဝတ်ဖူးသူများဟု အထင်အမြင် သေးကြသေးသည်။

အိုင်–အင်အေ စစ်သား၏ ရမ်းကားမှုကို ခံနေရသော လူများသည် မြန်မာ့တပ်မတော် အဝတ်အစားနှင့် တစ်ဦးတည်းရှိနေသူ ကျွန်တော့်အား အားကိုးတကြီး လှမ်းကြည့်ကြသည်။

ကျွန်တော် ဘာလုပ်ရမည်နည်း။ အမှန်မှာ ကျွန်တော်ဘာမျှ မလုပ်နိုင်ပါ။

အိုင်အင်အေတို့သည် ကျွန်တော်တို့၏ မဟာမိတ်တပ်သားများ ဖြစ်သည်။ ၎င်းအပြင် ကျွန်တော်တို့မြေပေါ်တွင် ရှိနေသော ဧည့်သည်များ ဖြစ်၏။ မဟာမိတ်ဖြစ်သော ဧည့်သည်တပ်သားများနှင့် အခင်းမဖြစ်ပွားရန် ကျွန်တော်တို့ မြန်မာ့တပ်မတော် ခေါင်းဆောင်များက တင်းကြပ်စွာ အမိန့်ထုတ်ဆင့်ထားသည်။ ထို့ကြောင့် ကျွန်တော်ဘာမျှ မလုပ်နိုင်ပါ။

ထိုအခိုက်တွင် အော်စတင် အမျိုးအစား ကားနက်လေးတစ်စီး

http://www.cherrythitsar.org



သည် မြေလမ်းအတိုင်းမောင်းနှင်လာသည်။ ကားဘေးမတ်ကပ်ပေါ်ရှိ အလံတိုင်လေးတွင် အဓိပတိ အစိုးရအဖွဲ့ဝင် အမှတ်အသား အလံတစ်ခုသည် ဖွင့်လျက် ပါလာသည်။

ထိုခေတ်က ခရိုင်ဝန်ခေါ် အရေးပိုင်မှစ၍ အထက်အစိုးရအရာရှိ အားလုံး မိမိတို့ကားတွင် အလံထူသော ဖက်ရှင်ရှိသည်။ အလံပွင့်နေသည် ကို ထောက်၍ ကားပေါ်၌ အရာရှိကြီးကြီးတစ်ဦး ပါမှန်းသိသာ၏။

ကားသည် အမူးသမားအိုင်အင်အေ လူရမ်းကားနှင့် ပက်ပင်းတိုး တော့သည်။ ချိုင့်များကြောင့် မကောင်းသော လမ်းပေါ်၌ ကားသည် အိုင်အင်အေစစ်သားကို တတ်နိုင်သမျှရှောင်ရှာသည်။ သို့ရာတွင် ကားက သူ့ကိုမတိုက် မူးနေသောသူက ကားကိုဝင်တိုက်ကာ လမ်းဘေးသို့ ခွေကျသွားသည်။ ကားပေါ်မှ မွန်ရည်သော လူကြီးတစ်ဦး ဆင်းလာသည်။ လူကြီးသည် လဲကျနေသော အိုင်အင်အေ စစ်သားဆီ ဆင်းလျှောက်လာ၏။ သို့ရာတွင် အိုင်အင်အေ စစ်သားသည် နေရာမှပြန်ထ၍ ထိုလူကြီးအား လှမ်းရိုက်လိုက်၏။ သတိလျင်ဟန်ရှိသော လူကြီးသည် နောက်သို့ တစ်လှမ်းဆုတ်လိုက်သဖြင့် စစ်သား၏ လက်ဝါးချက်မှ လွတ်သွားသည်။ လူကြီးသည် တောင်းပန်ရင်း ကားဆီသို့ ပြန်ဆုတ်သည် စစ်သားက ရှေ့တိုးလာ၏။ နောက်တစ်ခဏကြာလျှင် ဘာဖြစ်မည်မသိ။ ကျွန်တော် သည် သူတို့နှစ်ဦးကြားသို့ပြေး၍ အိုင်အင်အေစစ်သားကို တောင်းပန်သည်။

"ရဲဘော် မင်းလွန်နေပြီ၊ မြန်မာအရာရှိတစ်ဦးကို ဒီလိုလုပ်တာ မကောင်းပါဘူး"

အမူးသမားကို တရားပြမိသော ကျွန်တော်သာလျှင် မှားပါသည်။ အိုင်အင်အေ စစ်သား၏ဒေါသသည် ကျွန်တော့်ဆီ ရှေ့ရှုလာသည်။ ကျွန်တော် အမှတ်မပြုမိခင် သူ၏လက်သီးက ကျွန်တော့်မျက်နှာဆီသို့

http://www.cherrythitsar.org



တည့်တည့်မတ်မတ် ကျရောက်လာသည်။ ကျွန်တော့် မျက်လုံး၌ မီးဝင်းဝင်း တောက်သွားသည့်ခဏ၌ ဘာကိုမျှသတိမရ၊ သူ့အား ပြန်လည် ထိုးကြိတ်မိသည်။

အိုင်အင်အေ စစ်သားမှာ အရပ်ခြောက်ပေနီးပါးရှိသည်။ ထိုစဉ်က ကျွန်တော်သည် တပ်မတော်သားဖြစ်ချင်လွန်း၍ အသက်လိမ်ဖြင့် စစ်အတွင်း ဝင်ခဲ့သည်ဖြစ်ရာ ၁၆ နှစ်ပြည့်ပြီးစဖြစ်၏။ အရပ်အမောင်းမှာ ၅ ပေ ၃ လက်မ ကျော်ရုံရှိသေးသည်။

အရပ်အမောင်းနှင့် ဗလချင်းမညီသဖြင့် သူသာ မမူးလျှင် ကျွန်တော် သာလျှင်ခံရဖို့ရှိသည်။ ယခုမူ အကွက်ကောင်းချောင်း၍ သူ့ကို ကျွန်တော် ကောင်းစွာ ဆုံးမနိုင်သည်။

ကျွန်တော့်လက်သီးချက်များ သူ့အပေါ် ပြင်းပြင်းထန်ထန် ရောက် သွားသည်။ ဤအတိုင်းဆိုလျှင်မူ သူ့ကို ကျွန်တော်ကောင်းစွာ နိုင်မည်။ သို့ရာတွင် မမျှော်လင့်ဘဲနောက်ထပ် အိုင်အင်အေ စစ်သားနှစ်ဦး ပေါ်လာကာ ကျွန်တော့်အား ဝိုင်းချတော့သည်။

ဤအချိန်တွင်မူ ဘေးမှ ပရိသတ်များ ရပ်မကြည့်နေတော့။ သုံးယောက်နှင့်တစ်ယောက် ဝိုင်းဝန်းထိုးကြိတ်နေသော အိုင်အင်အေများအား ရရာအုတ်ခဲ တုတ်ကျိုးများကောက်၍ ဝင်ရိုက်တော့သည်။ အခြေအနေမှာ အတန်ကြာရှုပ်ထွေးနေပြီးမှ အိုင်အင်အေ စစ်ရဲများ ရောက်လာသည်။ သူတို့သည် ပရိသတ်အားတောင်းပန်ကာ သူတို့လူ ၃ ယောက်အား ရိုက်နှက် ဖမ်းဆီးခေါ်ဆောင်သွားကြသည်။

ကျွန်တော်သည် မြေပြင်မှ ဒယီးဒယိုင် ထလိုက်သည်။ ခေါင်းမှာ မူးရီ၍ မျက်နှာတို့ ကျိန်းစပ်နေသဖြင့် တော်တော်လေး ခံလိုက်ရမှန်း ကျွန်တော် ရိပ်မိသည်။ ပရိသတ်များ တစ်ယောက်တစ်ပေါက် ဝိုင်းမေးနေ

http://www.cherrythitsar.org



ခိုက် စောစောကလူကြီးသည် ကျွန်တော့်အနားချဉ်းကပ်လာသည်။

“ရဲဘော်လေးရယ်၊ ရဲဘော် ဝင်ကယ်ပေလို့ပဲ။ နို့မို့ဖြင့် ဦးဖြင့် မစဉ်းစားရဲဘူး”

ကျွန်တော်သည် လူကြီးအား ဘာပြန်ပြောရမည်မသိဘဲ ကြည့်နေမိသည်။

ထိုအခိုက်တွင်ပင် သာယာကြည်လင်သော အသံကို ကျွန်တော်ကြားရသည်။ ကျွန်တော့် တစ်သက်တာဝယ် မမေ့နိုင်တော့မည့် သာယာကြည်လင်သော အသံပင် ဖြစ်ပါ၏။

ထိုစဉ်ကမူ သာယာကြည်လင်သော ဤအသံရှင်ကို ညဆည်းရီတွင် မရည်းမထင် ဖြုတ်ချည်း မြင်ခဲ့ရသည့်အတွက် ရင်၌ နှလုံးပြုံး၍ သန့်စင်ရှင်များပင် ရှင်မိခဲ့သေးသည်။

“အို လက်မောင်းမှာလဲ သွေးတွေနဲ့”

အသံလာရာဆီ ကျွန်တော်လှည့်ကြည့်မိသည်။ ကျွန်တော် ပထမဆုံး သတိထားမိသည်မှာ အေးချမ်းသောအပြာနှင့် သန့်စင်သော အဖြူပင် ဖြစ်ပါသည်။

ပိုးပျော့ထဘီ မိုးပြာရောင်သည် သွယ်သောခါးမှဖြောင့်တန်း ပြည့်တင်းသွယ်ရှင်းသော အောက်ပိုင်းကို လွှမ်းထားပါ၏။ ပိုးအင်္ကျီဖြူဖြူသည် ပခုံးမှစ၊ ခါးသွယ်သွယ်အထိ မိန်းမကျက်သရေ အပြည့်ရှိသော အထက်ပိုင်းကို လွှမ်းထားသည်။

အသားကဖြူဖြူ အသားဖြူဖြူတွင် မွေးညှင်း ရှိန်းရှိန်းလွှမ်း၍ လန်းလန်းရှင်ရှင် စိုပြည်နေ၏။ မျက်သားက ပြာသည်။ ပြာသော မျက်လုံးတို့က ပြုံးနေသည်။ မျက်လုံးတို့ ပြုံးသကဲ့သို့ မျက်နှာမှာလည်း ပြုံးနေသည်။ ဤအပြုံးမှာ သန့်စင်သမျှ ထူးခြားသိမ်မွေ့သော ခန့်တည်ခြင်း

ဣန္ဒြေကြောင့်လည်း ကျက်သရေရှိနေ၏။

မမမေ... မေလလို လှပ၍ မေမေ့လို ကြင်နာသော မမမေ။ ဤသို့လျှင် မမမေကို ကျွန်တော် စတင်ကြုံတွေ့ခဲ့ရသည်။ သံသရာဘုံဝှမ်း ကွန်းတောက်စခန်းတွင် လွမ်းမကုန်ရုံ ဆန်းစုံစွာ ယာယီကြုံလာရေး အတွက်သာ ရေးရေစက်ပါလေသော ကံဇာတ်ဆရာ၏ သူ့လက်ရာကို စိတ်နာရမည် ထင်သည်။

ကျွန်တော်က ဆယ်ကျော်နှစ်၏ လှုပ်ရှားစိတ်ဖြင့် သူ့ကို ငေး၍သာ ငိုင်ကြည့်နေမိသည်။ ထိုစဉ် သူ၏နူးညံ့သော လက်များက ကျွန်တော့် လက်မောင်းပေါ် ကျလာသည်။

"ငါ့မောင် လက်မောင်းမှာ ဒဏ်ရာကြီးနဲ့၊ မှန်းစမ်း တော်တော်ကြီး သလား"

ထိုအခါမှ ကျွန်တော်သည် ကျွန်တော့်လက်မောင်းမှ ဒဏ်ရာကို ကြည့်မိသည်။ အင်္ကျီမှာ စုတ်ပြဲနေသည်။ ချွန်ထက်သော တစ်စုံတစ်ခု ကြောင့် ကျွန်တော့်လက်မောင်း၌ နှစ်လက်မခန့် စုတ်ပြဲနေသော ဒဏ်ရာ ရှိသည်။ ရှုပ်ရှုပ်ထွေးထွေးဖြစ်စဉ် မည်ကဲ့သို့ရခဲ့သော ဒဏ်ရာမှန်းမသိ။ ကျွန်တော်က သူ့အား ပြန်ကြည့်၍ "ကိစ္စမရှိပါဘူး၊ ဒဏ်ရာ သိပ်မကြီး ပါဘူး" ဟု ဖြေရ၏။

"ကိစ္စမရှိဘူး၊ ဘယ်ဟုတ်မလဲ၊ သွေးထွက်လွန်ရင် မကောင်းဘူး"

သူသည် စောစောက အဘိုးကြီးဆီ လှမ်း၍ ဆက်ပြောသည်။

"ဖေဖေ... သူ့ကို ဆေးတိုက်ပို့ကြရအောင်"

ကျွန်တော်က အသာပြုံးရင်း သူ့အား အေးဆေးစွာ ပြောမိသည်။

"ဒီဒဏ်ရာလေးလောက်နဲ့ ဆေးတိုက်သွားဖို့ရာ မလိုဘူး ထင်တယ် ဗျာ၊ ကျွန်တော့်ကို ကူညီချင်ရင်တော့ ကျွန်တော့်တပ်ကို ပြန်ပို့ပေးပါ"

သူသည် ကျွန်တော့်အား ဂရုဏာပြည့်စွာ ကြည့်လိုက်၍

"ဆေးတိုက် မသွားလို့ ဘယ်ဖြစ်မလဲကွယ်၊ သွေးလွန်ကုန်ရင် မခက်ဘူးလား"

"သွေးလွန်တာက မခက်ပါဘူး၊ အချိန်လွန်မှာက ခက်တယ်"

သူက နားမလည်သယောင် ကျွန်တော့်အားကြည့်သည်။ ကျွန်တော်က အမှန်ကို ရိုးသားစွာ ရှင်းပြရသည်။

"ကျွန်တော် ကျွန်တော့်ရဲဘော်တွေနဲ့ အဖော်ကွဲလာတာပါ၊ တပ်ကို ပြန်စရာ လမ်းစရိတ်မရှိဘူး၊ ကျွန်တော့်ခွင့်က ညနေ ၆ နာရီဆိုစေ့တော့မယ်၊ ဖြစ်နိုင်ရင် တပ်ကို ပြန်ပို့ပေးပါ"

သူသည် နားလည်သွားဟန်ရှိသည်။ ဖခင်ဖြစ်သူ အဘိုးကြီးကလည်း ဝင်၍ ပြောသည်။

"ရဲဘော်လေးက တပ်ကို အမြန်ဆုံး ပြန်သွားချင်တယ်နဲ့ တူတယ်၊ ဟုတ်တယ် သူတို့တပ်မှာ ဆေးခန်းရှိမှာပဲ၊ ကဲ... သမီးရေ အပေါ်တက်၊ ရဲဘော်လည်း တစ်ခါထဲတက်ပါ"

ကျွန်တော်နှင့်သူက ကားနောက်ခန်းတွင် ထိုင်ကြသည်။ အဘိုးကြီးက ရှေ့ခန်း၌ ဒရိုင်ဘာဘေးတွင် ထိုင်ကြသည်။

"ကဲ ရဲဘော်လေး ဘယ်ကို မောင်းရမလဲ"

"အလုံ အမြောက်ကြီးတပ်ကိုပါ၊ အလုံဘက်သာ မောင်းပါ၊ ကျွန်တော် လမ်းပြောပေးပါမယ်"

ကားသည် မဟာမြန်မာပွဲကို စွန့်၍ အလုံဘက်ဆီ မောင်းလာခဲ့သည်။

ကျွန်တော်က သူ့မျက်နှာကို ကြည့်ချင်သည်။ သို့သော် မကြည့်ရဲ။ သူစိမ်းမိန်းမသားတစ်ဦးနှင့် တစ်ကြိမ်တစ်ခါကမှ ဤမျှ နီးနီးကပ်ကပ် မထိုင်ဘူးသဖြင့် ရင်တို့မှာ တဒိုင်းဒိုင်း ခုန်နေသည်။ ရင်ခုန်ရုံတွင်မက

http://www.cherrythitsar.org



လည်ချောင်းများမှာ ကြပ်နေ၍ စကားမပြောရဲ။

သူက အေးချမ်းစွာ စကားစတင်ဆိုသည်။

"မောင်လေး၊ အဲ...ရဲဘော်ကို မောင်လေးလို့ ခေါ်ရင် စိတ်မဆိုးဘူးနော်"

ကျွန်တော်က ကြိုးစား၍ ဖြေရသည်။

"ကျွန်... ကျွန်... ကျွန်တော် စိတ်မဆိုးတတ်ပါဘူး"

သူ့ထံမှ သာယာသော ရယ်သံ ကြားလိုက်ရ၏။

"မမတို့အတွက် မောင်လေးကြားက ဒီလို ဖြစ်ရတာ စိတ်မကောင်းပါဘူးကွယ်"

ကျွန်တော် ဘာပြန်ဖြေရမှန်းမသိ။ ထို့ကြောင့် မျက်လွှာအောက်ချ၍သာ ငြိမ်နေမိသည်။

"ဟေး ရဲဘော်လေးရဲ့ စကားပြောပါဦးလေ"

"ဗျာ... ဗျာ... ကျွန်တော် ဘာပြောရမလဲ"

သူ့ထံမှ ရယ်သံပေါ်လာပြန်သည်။ ထို့နောက် ဖခင်ဖြစ်သူထံ လှမ်းပြောပြန်၏။

"ဖေဖေ သူတို့ ရဲဘော်တွေက မိန်းမကြောက်တယ်နဲ့ တူတယ်"

အဘိုးကြီးက ပြန်ဖြေ၏။

"မစပါနဲ့၊ သမီးရယ်၊ ရဲဘော်လေးက ရှက်တတ်တယ်နဲ့ တူပါတယ်"

သူက ကျွန်တော့်ဘက်လှည့်သည်။

"မောင်လေးက ရှက်တတ်သလား"

"ကျွန်တော် မ... မ... မရှက် တတ်ပါဘူး"

ဤအကြိမ်တွင်မူ သူသည် မရယ်တော့။ ရယ်သံအစား ကြင်နာသော မေးသံကို ကြားရသည်။

http://www.cherrythitsar.org



"ဒါဖြင့် ဒဏ်ရာက သိပ်နာနေသလားကွယ်"

"နာတော့ နာတယ်၊ ဒါပေမယ့်... မနာပါဘူး"

သူတို့ သားအဖသည် ကျွန်တော်၏ အခက်အခဲကို ရိပ်မိသွားဟန်တူသည်။ လမ်းတစ်လျှောက်လုံး ဘာမျှ မပြောတော့။ ဤသို့ဖြင့် ကျွန်တော်တို့တပ်ဝင်းဝသို့ ရောက်လာသည်။ တပ်ဝင်းဝတွင် ကျွန်တော်နှင့် အတူမဟာမြန်မာပွဲသို့ ထွက်ခဲ့သော ရဲဘော်များ ရောက်နှင့်နေပြီ။

အော်စတင်ကားအနက်ပေါ်မှ ကျွန်တော်ဆင်းလိုက်သောအခါ ကျွန်တော့်ရဲဘော်များ အံ့အားသင့်နေသည်။ ထိုထက် ကျွန်တော့်နောက်ပါးမှ ကပ်ဆင်းပါလာသော အပျိုချောကိုမြင်သောအခါ သူတို့အားလုံး မျက်လုံးပြူးသွားသည်။

ကျွန်တော်က သူနှင့် သူ့ဖခင်ကို ကျေးဇူးတင်စွာ နှုတ်ဆက်သည်။

"ကျွန်တော့်ကို တပ်ကို အချိန်မီရောက်အောင် ပို့ပေးတာ ကျေးဇူး တင်ပါတယ်ဗျာ"

အဘိုးကြီးက ပျာပျာသလဲ ဝင်ပြော၏။

"အို...အို...ဦးတို့ကသာ ကျေးဇူးတင်ရမှာပါ၊ ဦးနာမည် မှတ်ထားကွယ့်၊ ဦးသက်မောင်ခေါ်တယ်၊ (-)ဌာန အတွင်းဝန်ပဲ"

ကျွန်တော်က ရိုသေစွာ ဦးညွှတ်ရင်း အဘိုးကြီးအား အရိုအသေပြုသည်။ မိန်းမပျိုက ကျွန်တော့်အား ပြုံးရင်း မေးသည်။

"မောင်လေးနာမည်က ဘယ့်နှယ့်ခေါ်လဲ"

"လွမ်းနောင် မောင်လွမ်းနောင်ပါ"

သူ့မျက်နှာ၌ ထူးဆန်းသော အမူအရာ တစ်ရပ်ပေါ်လာသည်။ ထိုနောက်မှ အသာပြန်ပြုံးသည်။

"လွမ်းနောင် နတ်သျှင်နောင်တော့ မဟုတ်ဘူးနော်"

http://www.cherrythitsar.org



ကျွန်တော်က ဘာပြန်ဖြေရမှန်း မသိဘဲ ရော၍ ပြုံးရသည်။

"မမနာမည်က မသက်မေလို့ ခေါ်တယ်။ မောင်လေးက မမမေလို့ ခေါ်ရင် ခေါ်နိုင်တယ်။ မမမေတို့ ဝင်ဒါမီယာအမှတ် (–)မှာ နေတယ်။ တပ်မတော် ရဲဘော်တွေကို မမတို့ ခင်တတ်ပါတယ်။ မောင်လေး လာလည်နော်"

ကျွန်တော်က စကားဖြင့်မဖြေဘဲ ခေါင်းသာ ညိတ်ပြမိသည်။

သူတို့ကား ထွက်သွားသောအခါ ကျွန်တော်က ကားနောက်မီးမှ ပျံ့သင်းကျန်ရစ်သော ဓာတ်ဆီငွေ့များကို ရှူရင်း ငိုင်ကျန်ရစ်သည်။

ကျွန်တော့် ရဲဘော်များက ကျွန်တော့်ထံ ဝိုင်းလာသည်။ တပ်ကြပ်ကြီး သောင်းရွှေက ပခုံးကို ပုတ်၍ ဆိုသည်။

"ဟော့ကောင်၊ ချာတိတ်၊ အပါ၊ ဘယ်က မမထား တွေ့လာတာလဲ။ တို့ကဖြင့် မင်းပျောက်လို့ လိုက်ရှာနေတာ"

"ဟာဗျာ၊ မမထားမဟုတ်ပါဘူး"

ဤသို့ ကျွန်တော်ဖြေသည်ကို အကျကောက်၍ တပ်သားကျော်သန်းထွဋ်ကြီးက ဆက်နောက်သည်။

"ဟုတ်တယ် ဘယ်က အပါနဲ့ မမထားရမှာလဲ၊ ခုနက ပြောသွား တာ မကြားဘူးလား၊ နတ်သျှင်နောင် မဟုတ်ဘူးနော်တဲ့၊ ဟာဟ နတ်သျှင်နောင်နဲ့ ဓာတုကလျာပါကွ"

ကျွန်တော်ကမူ သူတို့ကို မဖြေဘဲ ဆောင်းနောက်ပိုင်းနေအကျ မြန်သဖြင့် အရောက်စောသော ညကို ငေးကြည့်ရင်း ရင်တွင်း၌ ပဲ့တင်ထပ်မိသည်။

မသက်မေ...။ မမမေ။ မေလလိုလှပ၍ မေမေ့လို ကြင်နာသော မမမေ...။

# ၃

နေ့ဆိုသည်မှာ လှုပ်ရှားရုန်းကန်ရင်း၊ ဘဝကို နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်ရသည့် ခက်မာသော ကာလဖြစ်၍ ညဆိုသည်ကား လရောင်ရှိသောကြောင့် မမှောင်လျှင်ပင် မလင်းလွန်းသောအခါဖြစ်၏။ နှင်းတို့မှုန်၍ မြူတွေဆိုင်းသော ကြယ်ရောင်လရောင်သာရှိပြန်မူ၊ ညသည် ရုပ်ကမ္ဘာ၏ ဟိုမှာဘက်နာမ်လောကနှင့် ပိုသက်ဆိုင်တတ်သည်။

နာမ်လောကနှင့် သက်ဆိုင်သော နှင်းတွေမှုန်၍ ကြယ်ရောင်သာရှိတတ်သည့်ညသည် အိပ်မက်တို့ကို မွေးဖွားပေးသော ကာလဖြစ်ပါ၏။

အိပ်မက်ဆိုသည်မှာလည်း ဤလောက၌ မမျှော်လင့်နိုင်၊ မဖြစ်နိုင်သော လွမ်းဖွယ်ဇာတ်လမ်းတို့ကို ဆန်းဆန်းကျယ်ကျယ် ခင်းပြတတ်သောစိတ္တဇ အနုပညာဇာတ်ခုံသာလျှင် ဖြစ်ပါ၏။

မမျှော်လင့်သောနည်းဖြင့် တွေ့ခဲ့ရသော မမမေကို ဆောင်းလနှောင်း၏ အိပ်မက်ကောရီအဖြစ်သာ ကျွန်တော်မှတ်ယူမိသည်။ သမုဒယမေတ္တာ ငွေနှင်းမှုန်မှုန် ကျွန်တော့်ဘဝဘုံကိုယ်ပိုင်ကမ္ဘာဦး၏ စိတ်ကူးယဉ်အလှ ရွှေတိုင်တန်ဆောင်မှူးအဖြစ်သာ ကျွန်တော့်အသဲငယ်ငယ်တွင်

http://www.cherrythitsar.org



မှတ်တမ်းတင်ထားမိသည်။

အိပ်မက်မှာ မည်မျှ လွမ်းဖွယ်ရှိလင့်ကစား မရေရာသော ည အလားပေမို့ လှုပ်ရှားရှင်သန်သော နေ့ကာလ၌ မဖြစ်နိုင်သည်ကို မကြံရဲ သလို၊ မမိုပန်းကိုလည်း တုံးခုမလှမ်းရဲပါ၊

ဝင်ဒါမီယာစံ အတွင်းဝန်သမီးနှင့် သန်းကြီးမတွယ်သော ဖျင်ကြမ်း ညိုညိုရှင် သာမန်ရဲဘော်တစ်ဦးသည် လူပျိုဘော်ဝင်စ စိတ်ကူးယဉ်ည အိပ်မက်၌သာ တွေ့နိုင်ခွင့် ရှိသည်။ လက်တွေ့ကမ္ဘာတွင်မူ သူကား ဟိုဆီ ကိုယ်ကားသည်မှာ ချောင်းညိုမြ ယဉ်သီတာခွဲပြန်၍ ရှေးဝင့်ကယ် ကြုံလာရသည်သို့။

သို့ရာတွင် ညသည် လှည့်စား၍ အိပ်မက်လျှင် ထွေပြားသည်သို့ တစ်ပါးသူထံ ကြံဖန်၍ ကျွန်တော်ရောက်ခဲ့ရသေးသည်။

မရောက်ခဲ့ရင် ကောင်းပေလေသား မမမေရယ်။

မမမေနှင့် တွေ့ပြီး၍ မကြာမီ ဆိုက်ရောက်လာသော နွေဦးသည် လွမ်းလည်းလွမ်းစရာ ကြမ်းလည်း ကြမ်းပါပေ၏။ မြန်မာ့ရာဇဝင်တွင် ဥသြသံနှင့် သေနတ်သံရော၍ ရွက်ဝါတို့ကို သွေးလိမ်းစေသော တော်လှန် ရေးနွေဦးဖြစ်ပါသည်။

မျက်စေ့ဒေါက်ထောက်ကြည့်နေသော ဂျပန်တို့ရှေ့မှောက်မှ ကျွန်တော်တို့၏ ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ပါးနပ်လိမ္မာသော ပရိယာယ်ဉာဏ်ကြောင့် မြန်မာ့တပ်မတော်အားလုံး တပ်ဖျောက်တောခို နိုင်ခဲ့သည်။

ကျွန်တော်တာဝန် ကျရောက်ရာမှာ အင်းစိန် ထန်းတပင် နယ်ဖြစ် ပါသည်။ အောက်မြန်မာပြည်၌ အင်းစိန် ထန်းတပင်နယ်သည် ဖက်ဆစ် ဂျပန်အား ထိုက်တန်သော တော်လှန်ရေး ကျည်ဆံကို ရှေးဦးစွာလက်ဆောင်

http://www.cherrythitsar.org



ပေးနိုင်ခဲ့သော နယ်ဖြစ်ပါသည်။

တော်လှန်ရေးပွဲဦးထွက် အောင်ပွဲရသဖြင့် (အမှန်ကို ဝန်ခံရလျှင်) ကျွန်တော်တို့ သွေးအနည်းငယ် ကြွနေကြသည်။ မိုက်ရူးရဲ စွန့်စားခန်းများကိုလည်း ဖွင့်ခဲ့သည်။

ဤမိုက်ရူးရဲစိတ်ဖြင့် ကျွန်တော်တို့ ရပ်ဖျက်ကာ ရန်ကုန်မြို့အတွင်း ပြန်ဝင်လာကြသည်။ ကျွန်တော်တို့ဆိုသည်မှာ ဆရာမျိုးခင်၊ ဆရာကိုသောင်းရွှေ၊ ကိုသန်းထွဋ်ကြီးနှင့် ကျွန်တော်ကိုယ်တိုင် ဖြစ်ပါ၏။

တပ်ထွက်စဉ်က ကတိုက်ကရိုက် ထွက်ခဲ့ရသဖြင့် စက်ကြီးစက်ကလေး ကျည်ဆံအချို့ကို ကျွန်တော်တို့တပ်အနီး တစ်နေရာတွင် မြှုပ်နှံထားခဲ့သည်။ ယခု ရန်ကုန်မြို့အတွင်း စနည်းနာ သတင်းယူရင်း အခွင့်သင့်လျှင် မြှုပ်ထားသော ကျည်ဆံများကို ဖော်ယူသယ်ဆောင်ရန် ကျွန်တော်တို့ ရည်ရွယ်သည်။

ရန်ကုန်မြို့၏ သစ်ပင်ကြီးများ၌ အနှံ့အပြား ကပ်ထားသောကြော်ငြာများကို တွေ့ရသည်။

> "သစ္စာဖောက် မြန်မာ့တပ်မတော်အချို့သည် နိပွန်တပ်မတော်ကြီးအား အလစ်ဝင်တိုက်ခိုက်နေကြောင်း ကြားရသည်။ ဤလက်တစ်ဆုပ်စာတပ်တို့ကို အကူအညီမပေးရန် နှိုးဆော်လိုက်သည်။
>
> ဤသူပုန်တပ်များကို မကြာမီအတွင်း လေတပ်မတော်ဖြင့် ချေမှုန်းတော့မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။
>
> **(ပုံ) ဗိုလ်ရန်နိုင်**

ဤကြေငြာချက်မှာ ကျွန်တော်တို့အတွက် ဟာသဖြစ်သည်။ အခြေအနေအကြောင်းကြောင်းကြောင့် ဤကြေညာချက်ကို ထုတ်ရသော

http://www.cherrythitsar.org



ဗိုလ်မှူးရန်နိုင်ကို အပြစ်မတင်မိပါ။ ကျွန်တော်တို့ အပြစ်မတင်ပါ။ သနားမိသည်သာရှိ၏။

ကျွန်တော်တို့ မြို့တွင်းရောက်သောအခါ ဂျပန် တစ်ကောင်တမြီးမျှ မတွေ့တော့ ဂျပန်များ မရှိသဖြင့် အဓိပတိနှင့် ဗိုလ်မှူးရန်နိုင်တို့လည်း ရှိတော့ဟန်မတူ။ မြို့ကို အစောင့်အဖြစ် ကျွန်တော်၏ မိတ်ဆွေများဖြစ်သော အိုင်အင်အေများအား ထားခဲ့သည်ကြားရ၏။

အခက်အခဲမရှိဘဲ ကျွန်တော်သည် ကျွန်တော်တို့မြှုပ်ထားသော ကျည်ဆံများကို ဖော်ယူနိုင်ခဲ့သည်။ ကျည်ဆံများကို လွယ်အိတ်ကိုယ်စီ ထည့်ကာ အလုံမှနေ၍ ထောင်ကြီးဘေးကိုဖြတ်လျက် ပြည်လမ်းအတိုင်း လျှောက်လာကြသည်။

ဆရာမျိုးခင်နှင့် ကိုသောင်းရွှေသည် ရှေ့မှ လျှောက်၏။ ကျွန်တော်နှင့် သန်းထွဋ်ကြီးက နောက်ကိုက် တစ်ရာခန့်မှခို၍ စကားတပြောပြောနှင့် လိုက်လာ၏။

"ဟေ့ကောင် နတ်သျှင်နောင် အေးလေ။ ဟုတ်ပေါင် လွမ်းနောင်။ သစ်ရွက်တွေ၊ အရမ်း ကြွေတယ်ကွာ။ မင်း ခါတုကလျာကြီးကိုကော အရမ်းပစ်ပစ်ပြီး မလွမ်းဘူးလား" အမှန်မှာ ကျွန်တော်သည် သစ်ရွက်ကြွေသည်ကို ကြည့်၍ လွမ်းတန်သမျှ လွမ်းသည်။ သန်းထွဋ်ကြီး ပြောသကဲ့သို့ အရမ်းတော့ပစ်၍ မလွမ်း။ ထို့ကြောင့် "တော်စမ်းပါဗျာ၊ ကိုယ့်ဟာကိုယ် လွမ်းနေတာတွေ ခင်ဗျားစကားကြီးကြောင့် ပျက်သွားပြီ"ဟု ပြန်ပက် လိုက်သည်။

သန်းထွဋ်ကြီးက ဘာမှပြန်မဖြေဘဲ တဟဲဟဲရယ်ရင်း ဆက်လျှောက် လာသည်။

ထိုစဉ်တွင် မမျှော်လင့်သော ရန်သူနှင့် ကျွန်တော်တို့ ရင်ဆိုင်ရ၏။

ခေတ်ပျက်လျှင် ကျွန်တော်တို့ မြန်မာတို့၌ သတ္တိတစ်မျိုးဝင်သည်။ ထိုသတ္တိကား ကုန်တိုက်ဖောက်သော သတ္တိတစ်မျိုးဖြစ်သည်။ ရှိသမျှ ကုန်တိုက်ရော ဂျပန်ဂိုဒေါင်ပါမကျန် အရပ်သားတို့ မြင်းလှည်းဖြင့်တစ်မျိုး၊ ဆိုက်ကားဖြင့် တစ်ဖုံချယ်ဂါရီဖြင့် တတန်ဖောက်ယူ သယ်ဆောင်လာကြသည်။

ဟယ်လပင်လမ်းထောင့်၌ အိုင်အင်အေစစ်သားတစ်စုသည် ကုန်တိုက်ဖောက်အရပ်သားများကို ဖမ်းထားကာ မိုက်ကြေးခွဲနေသည်။ ဆရာကိုမျိုးခင်နှင့် ဆရာကိုသောင်းရွှေကိုလည်း သူတို့မိသွားကြ၏။

အနောက်ခပ်လှမ်းလှမ်းမှ လိုက်လာသော သန်းထွင့်ကြီးနှင့် ကျွန်တော်မှာ မျက်လုံးပြူးသွားကြသည်။ ဆရာတို့ လွယ်အိတ်တွင်း၌ ကျည်ဆံများပါသည်။ မြို့စောင့် အိုင်အင်အေ တပ်သားတို့သည် ဤအချိန်၌ ကျွန်တော်တို့ မြန်မာ့တပ်မတော်၏ ရန်သူလော၊ မိတ်ဆွေလော မသိနိုင်။

ထိုစဉ်ဆရာကိုမျိုးခင်၏ အော်ဟစ် အမိန့်ပေးသံကြားသည်။

"ပြေးကြဟေ့ လွတ်အောင်ပြေးကြ၊ ဒို့ကို ကယ်ဖို့မကြိုးစားနဲ့"

ကျွန်တော်နှင့် ရဲဘော်သန်းထွင့်သည် ဣန္ဒြေမပျက် မှင်သေသေနှင့် ဟဲလ်ပင်လမ်းအတိုင်း ကွေ့ကာ အနောက်ဘက်သို့ ဆက်လျှောက်လာကြသည်။ ဤသည်ကို မသင်္ကာသော အိုင်အင်အေ စစ်သားများက လက်ရပ်ပြ လှမ်းခေါ်ကြသည်။ ကျွန်တော်နှင့် သန်းထွင့်ကြီးက ခေါင်းခါလည်ခါခါနှင့် ရူးသလိုပေါသလို လုပ်ပြရင်း ဆက်လျှောက်သွားကြသည်။

အိုင်အင်အေ စစ်သားတစ်ယောက်သည် ကျွန်တော်တို့အားလှမ်း၍ သေနတ်နှင့်ပစ်သည်။ အကျိုးနဲ့...ဆော်ပဟေ့၊ ကိုယ့်လူလစ်ပေတော့ ပြေးပြေး"

ဤသို့ပြောရင်း ရဲဘော်သန်းထွင့်ကြီးသည် ရှေ့မှပြေးသည်

http://www.cherrythitsar.org



ခေတ္တကြောင်နေပြီးမှ ကျွန်တော်က သူ့နောက် လိုက်ပြီးပြေး၏။

ဆယ့်လေးလှမ်းခန့် ပြေးမိသောအချိန်၌ သေနတ်သံ ဒိုင်းခနဲကြားရပြီး ကျွန်တော့်ပေါင်မှာ ပူခနဲဖြစ်သွား၍ လူမှာလည်း ရှေ့သို့ထိုးကျသွား၏။

သန်းထွဋ်ကြီးသည် ပြန်လှည့်ကြည့်၊ ကျွန်တော်လဲနေသည်မြင်သော် ပြန်ကွေ့လာ၍ ထမ်းခေါ်သည်။ ကျွန်တော်တို့သည် ဖရေဇာရိပ်သာလမ်း **(Frazer Road)**သို့ ရောက်လာသည်။ ထိုစဉ်တွင်ပင် မြင်းလှည်းတစ်စီး သည် အပြင်းမောင်းနှင်လာ၏။

သန်းထွဋ်ကြီးသည် မြင်းလှည်းကိုတားသည်၊ တားရင်းလည်း နှုတ်မှတောင်းပန်သည်။

"ကျွန်တော်တို့ မြန်မာတပ်မတော် တော်လှန်ရေးတပ်သားတွေပါ ရန်သူဘေးက ပြေးလာကြတယ် ကူညီပါရဲဘော်"

ထိုခေတ်က မြန်မာတပ်မတော်ရဲဘော်ဆိုသည်မှာ ပြည်သူအသဲစွဲဖြစ်၏။ မြန်မာတပ်မတော် တော်လှန်ရေးတပ်သားဆိုလျှင် မြန်မာတိုင်းအတွက် ကူညီရမည့် ဝတ္တရားရှိနေ၏။

ကျွန်တော်တို့ရဲဘော် မြင်းလှည်းသမားကြီးမှာ ခါတော်မှီ ကုန်တိုက်ဖောက်လာသူဖြစ်သည်။ သူ မြင်းလှည်းပေါ်၌ အထည်ထုပ်တို့နှင့် ကုန်သေတ္တာများပါသည်။

ထိုအထည်ထုပ်နှင့် သေတ္တာများကို သူသည် မဆိုင်းမတွကန်ချပစ်၏။

"တက်တက်ရဲဘော်တို့ မြန်မြန်တက်"

သန်းထွဋ်သည် ကျွန်တော့်အား မြင်းလှည်းပေါ်သို့ ထိုးတင်၏။ ထို့နောက် သူပါခုန်တက်၏။ မြင်းလှည်းသည် တရှိန်ထိုး ပြေးထွက်ခဲ့၏။ ကျွန်တော်တို့လမ်းချိုးတစ်ခုသို့ ရောက်သောအခါ အနောက်ဝေးဝေး၌

http://www.cherrythitsar.org



အိုင်အင်အေ စစ်သားသုံးယောက်ပေါ်လာသည်ကို တွေ့ရ၏။ မြင်းလှည်းဆရာသည် လမ်းချိုးအတိုင်းကွေ့မောင်းသည်။ ကုန်းဆင်းပြတ်သဖြင့် မြင်းလှည်းမှာလည်း လျင်မြန်လှသည်။

အနောက်ခပ်လှမ်းလှမ်းမှ သေနတ်သံများ ဆူညံစွာ ကြားရသည်။ ဤအသံများမှာ ကျွန်တော် နောက်ဆုံးကြားရသောအသံများ ဖြစ်သည်။ ကျွန်တော် နောက်ဆုံးမြင်ရသော သဏ္ဌာန်မှာလည်း ကျွန်တော့်အား စိုးရိမ်တကြီး ငုံ့ကြည့်နေသည့် ရဲဘော်သန်းထွင်၏ မျက်နှာကြီးတည်း။ ကျွန်တော့်မျက်လုံးများမှာပြာ၍ ခေါင်းမှာလည်း ရီဝေလာ၏။ နောက်တစ်ခဏတွင်မူ တစ်လောကလုံး မှောင်အတိကျသွားသည်။

ကျွန်တော် မည်မျှမေ့မျောသွားသည် မသိ။ သတိရသောအခါ လက်ယာဘက်ပေါင်မှာ မချိမဆန့် နာကျင်နေသည်။ နူးညံ့နွေးထွေးသော အိပ်ရာတစ်ခုပေါ် ရောက်နေမှန်လည်း သတိထားမိသည်။

ကျွန်တော်က မျက်လုံးကို အားယူ၍ ဖွင့်ကြည့်သည်။ ပထမဦးဆုံး မြင်ရသည့် မျက်နှာမှာ ရဲဘော်သန်းထွင်၏မျက်နှာကြီးဖြစ်သည်။ ကျွန်တော် မျက်လုံးဖွင့်လာသဖြင့် သူက ဝမ်းသာအားရဆိုသည်။

"ရဲဘော် သူငယ်ချင်း၊ လွမ်းနောင်။ မင်း သတိရလာပြီနော်"

ကျွန်တော်က ကျွန်တော့်ချစ်ရဲဘော်ကို ဝမ်းသာစေလိုသည်။ ထို့ကြောင့် အားယူ၍ စကားပြန်ရသည်။

"သတိရပြီ ရဲဘော်။ ငါ ငါ မသေဘူးနော်"

သန်းထွင်က မဖြေနိုင်။ သူ့ထံမှ အဖြေအစား သာယာကြည်လင်သောအသံကို ကျွန်တော်ကြားလိုက်ရ၏။

"လွမ်းနောင်၊ မောင်လေး မသေပါဘူး။ မောင်လေး မမတို့ဆီ ရောက်နေတယ်"

http://www.cherrythitsar.org



ကျွန်တော်က ထိတ်လန့်တကြား အသံလာရာသို့ မော့ကြည့်သည်။ မျက်လုံးပြာနှင့် ဖြူဝင်းသော ကရုဏာရှင်က ကျွန်တော့်အား အေးချမ်းသော အပြုံးဖြင့် ငုံ့ကြည့်နေသည်။

"မမေ အို မမေ"

ကျွန်တော့်အတွက်မူ ညဘာဝအိပ်မက်ပမာအလား ထင်မှတ်ခဲ့ရပါ၏။ ထင်မှတ်ခဲ့ရပါ၏။

*

http://www.cherrythitsar.org

# ၄

ရှေ့ဆက်ကြုံရသော ရက်များအတွင်း ဖြစ်ပျက်သည်တို့မှာ အိပ်မက်ပမာ အမှန်ဖြစ်ခဲ့ပါ၏။ အိပ်မက်ဆိုးသို့ လန့်နိုးထိတ်ပျာကြောက်ရွံ့စရာများလည်း ကြုံခဲ့ရသည်။ စိတ်ကူးယဉ်အိပ်မက်သို့ လကွေးကို လောင်းလှေပြု၍ တိမ်ကမ်းနသောင်သွယ်ဆီ ခရီးနယ်လှည့် ကျူးရသည့်နှယ် ကြည်နူးဘွယ်ရာများကိုလည်း ရင်ခုန် ခံစားခဲ့ရသည်။

ဖြစ်ရပုံမှာ ရဲဘော်သန်းထွဋ်ကြီးနှင့် သတိလစ်မေ့မျောနေသော ကျွန်တော့ကို မြင်းလှည်းဆရာသည် ကြည့်မြင်တိုင်ဆိပ်ကမ်းသို့ အရောက်ပို့ပေးသည်။

သွေးလွန်စပြုသော ကျွန်တော့်ဒဏ်ရာကြောင့် ရဲဘော်သန်းထွဋ်ကြီးမှာ ထန်းတပင်နယ်ဆီသို့ မပြန်နိုင်။ သို့ရာတွင် ရန်ကုန်တဖက်ကမ်း လှိုင်မြစ်တရိုးရှိ ကျေးရွာတို့၌ တစ်ရွာမဟုတ်တစ်ရွာ ကျွန်တော်တို့၏ တော်လှန်ရေး လျှို့ဝှက်စခန်းများရှိသည်ကို ရဲဘော်သန်းထွဋ်ကြီး သိပြီးဖြစ်၏။ ထို့ကြောင့် သမ္ဗန်သမားများ အကူအညီဖြင့် လှိုင်မြစ်ကိုကူးကာ

ရဲဘော်သန်းထွဋ်ကြီးသည် ကျွန်တော့်အား ညောင်ဝိုင်းရွာသို့ ခေါ်လာခဲ့သည်။ ဤရွာသို့ ကြုံကြိုဖန်ဖန် ရောက်ခဲ့သဖြင့် မမျှော်လင့်သော မမမေနှင့် ကျွန်တော်ပြန်လည် ဆုံတွေ့မိခြင်းဖြစ်သည်။

အင်္ဂလိပ်အပြေး ခေတ်ပျက်စဉ် အခါက ရန်ကုန်ရှိ လူအများသည် ဝေးရာပြေးခဲ့ကြသည်။ ဝေးရာသို့ ပြေးနိုင်တိုင်း ဘေးမှ လွတ်ရိုးမဟုတ်။ ဤသင်ခန်းစာကို ရခဲ့သဖြင့် ဤတစ်ကြိမ်ခေတ်အပျက်တွင် ရန်ကုန်ရှိလူအများသည် ဝေးရာကို မပြေး၊ ရန်ကုန်တဝိုက် မနီးမဝေး ကျေးရွာများဆီသာ ခိုလှုံလာကြသည်။ အထူးသဖြင့် မြန်မာ့တပ်မတော် တော်လှန်ရေးတပ်အခြေစိုက်စခန်းများရှိသော လှိုင်မြစ်တဝိုက် ကျေးရွာများသို့ ပြေးလာကြသည်။ ဤတဝိုက် ကျေးရွာများဖြစ်သော ဝါးရုံဆိပ်၊ မငေး၊ ထိန်ကုန်း အလည်ရွာ၊ ညောင်ဝိုင်း၊ ခနောင်တို စသည့်ရွာများ၌ ရန်ကုန်မြို့မှ စစ်ပြေးအရာရှိ အရာခံကြေးရည်တတ်အပေါင်းတို့ စုဝေးရောက်ရှိနေကြသည်။ ဤသို့ဖြင့် မမမေတို့လည်း ညောင်ဝိုင်းရွာ၌ ရောက်နေခဲ့ခြင်းဖြစ်သည်။

စင်စစ် မမမေ၏ဖခင် ဦးသက်မောင်မှာ အင်္ဂလိပ်ခေတ်က ဆရာဝန်ကြီးတစ်ဦးဖြစ်သည်။ ဖြစ်ချင်တာဖြစ်နိုင်သော ဂျပန်ခေတ်၌ ဆရာဝန်သည် အတွင်းဝန်ဖြစ်ခဲ့ရ၏။ မဆီမဆိုင်တော့မဟုတ်၊ အင်္ဂလိပ်အပြေးတွင် ထောင်တွင်း၌ ကျရောက်နေသော ခေါင်းဆောင်ကြီး တစ်ဦးကို ဦးသက်မောင်က ကယ်ခဲ့ဖူးသည်။ ထိုခေါင်းဆောင်ကြီး ကျေးဇူးကြောင့် ဆရာဝန်ဦးသက်မောင်သည် အတွင်းဝန် ဖြစ်လာခဲ့ရခြင်း ဖြစ်သည်။

ခေါင်းဆောင်ကြီးဆန္ဒကြောင့်သာ အတွင်းဝန်ဖြစ်ခဲ့ရသော်လည်း ဦးသက်မောင်က ဆရာဝန်ဘဝကို ပို၍ပျော်မွေ့သည်။ တော်လှန်ရေးခေတ် ဤကျေးရွာသို့ ရောက်သောအခါ သူသည် သူမြတ်နိုးသော ဆရာဝန်ဘဝကို

http://www.cherrythitsar.org



ပြန်လည် ခံယူသည်။

မမမေမှာ အာရှလူငယ်ဌာနချုပ်၌ အမျိုးသမီး ခေါင်းဆောင်တစ်ဦး ဖြစ်သည်။ ထို့ကြောင့်လည်း ဤနယ်တွင် တာဝန်ကျနေသော တော်လှန်ရေး သမားများနှင့် ရင်းနှီးခင်မင်သည်။

ဦးသက်မောင် တိမ်းရှောင်လာသော အိမ်ကြီးမှာ အရေးပေါ် ဆေးရုံပမာ ဖြစ်လာခဲ့ရ၏။ ဤဆေးရုံ၏ အရေးပေါ် သူနာပြုဆရာမကား မမမေ ကိုယ်တိုင်ပင်ဖြစ်ပါ၏။ ဆန်းပြားသော ကဇာတ်ဆရာ၏ ဤသို့ အကွက်ဆင်မှုကြောင့် ကျွန်တော်သည် မမမေထံ ကြံဖန်ရောက်ရှိလာခဲ့ရခြင်း ဖြစ်သည်။ ကျွန်တော့်ပေါင်မှာ ဒဏ်ရာသည် မကြီးလှသော်လည်း သွေးလွန်မှုကြောင့် လူမှာ အားနည်းနေသည်။ အားနည်းသောအခါ အဖျားက ဝင်လာ၏။

ကျွန်တော်သတိရပြီး နောက်ပိုင်း၌ ငါးရက်ခန့်ဆက်တိုက်ဖျားသည်။ ရဲဘော်သန်းထွဋ်ကြီးမှာ ဤရွာတဝိုက်ရှိ တော်လှန်ရေး တပ်သားများနှင့် ဆက်သွယ်မိသောကြောင့် သူ့တာဝန်သူထမ်းနေရပြီ။ ကိုယ့်တာဝန်ကိုယ် မထမ်းနိုင်သော ကျွန်တော်သည်သာ အိပ်ရာထက်တွင်လဲရင်း ဒေါက်တာ ဦးသက်မောင်နှင့် မမမေတို့၏အပြုစုကို ခံနေရ၏၊

တွေးမိတိုင်း မခံချိမခံသာဖြစ်မိသည်။ ကိုယ့်ကိုယ်ကိုလည်း အပြစ် တင်မိသည်။

ဂျပန်တော်လှန်ရေးမှာ ကျွန်တော်အနှစ်နှစ်အလလ တောင့်တ မျှော်လင့်ခဲ့သော ပွဲကြီးပွဲကောင်းဖြစ်ပါ၏။ အနှစ်နှစ်အလလ တောင့်တ မျှော်လင့်ခဲ့သော နိုင်ငံအတွက် သွေးလှူပွဲသည် ဆိုက်ရောက်လာလေမှ မိုက်ရူးရဲစိတ်ကြောင့်ရခဲ့သည့် ဒဏ်ရာဖြင့် အိပ်ရာတွင် လဲနေရသည်။

ယခုအချိန်ဆိုလျှင် ကျွန်တော့်ရဲဘော်ရဲဘက်များသည် လယ်သမား

http://www.cherrythitsar.org



ပြည်သူတို့နှင့် လက်တွဲ၍ သွေးလှူပွဲကို မြိုင်မြိုင်ကြီးနွှဲနေကြပေမည်။ ကျွန်တော့်မှာသာ မလှုပ်နိုင် မယှက်နိုင် အိပ်ရာထဲ လဲနေရသည်။

အဖျားဒဏ်က ပြင်းပါ၏။ သို့ရာတွင် စိတ်ထိခိုက်မှုက ပိုပြင်းသည်။ တမလွန်ဘဝမှ ကျွန်တော့်ဖခင်သည် ကျွန်တော်ယခုဖြစ်နေရသည်ကို မြင်လျှင် တာဝန်မကျေသောသားဟု ကျိန်ဆဲပေလိမ့်မည်။ အဖေ့အတွက် လက်စားချေရန် အနှစ်နှစ် ကျွန်တော်ခဲလေသမျှ သဲရေကျ ဖြစ်ရသည်။

ပူလောင်ပင်ပန်း ကျွန်တော့်စိတ်ကို အေးချမ်းစေနိုင်သူမှာ မမမေ တစ်ယောက်သာ ဖြစ်ပါ၏။

မမမေသည် နေ့စဉ် ကျွန်တော့်ဒဏ်ရာကို ဆေးထည့်ပြုစုရသည်။ အဖျားဒဏ်နှင့် မခံချင်စိတ်ရောာ၍ ဒေါသထွက်ခေါင်းမာနေသော ကျွန်တော့် အားချော့မော့ဆေးတိုက်ရသည်။ ခံတွင်းပျက်နေသော ကျွန်တော့အား အစားအစာ ယုယစွာ ကျွေးပုံမှာ ဝေးလံသော ပြည်ခရိုင်၌ ကျန်ရစ်သည့် ကျွန်တော့်မိခင်ကို ပြန်သတိရစေသည်။

မေမေသည် ကျွန်တော်၏ နောက်ဆုံးကိုးကွယ်ရာ မြတ်နိုးရာ ဖြစ်ခဲ့ပါသည်။ ဖေဖေ့အတွက် လက်စားချေရန် စစ်ထဲဝင်လာသည့်နေ့မှစ၍ ကြင်နာသော မေမေ့အပြုံးကို ကျွန်တော်မမြင်ရသည်မှာ ကြာပြီ။ မမမေသည် မေမေ့ကိုယ်စား အပြုံးဖြင့် ကျွန်တော့်နှလုံးကို အေးမြစေပါ၏။

မမမေ လမ်းလျှောက်ပုံမှာ ညင်သာသည်။ တစ်ခါတစ်ရံ အနီး သို့ရောက်လာသည်အထိ ခြေသံမကြားအောင် လျှောက်နိုင်သည်အထိ သိမ်မွေ့ညင်သာသည်။ လမ်းလျှောက်ဟန်နှင့် ကိုယ်ဟန်ကသာ သိမ်မွေ့ ညင်သာသည်မဟုတ် အပြာရည်လွှမ်းသော မျက်လုံးညို့ညို့ကြီးတို့ကလည်း သိမ်မွေ့ညင်သာသည်။

မမမေ စကားပြောလျှင် ကျွန်တော့်မျက်လုံးကို တည့်တည့်မတ်မတ်

http://www.cherrythitsar.org



ကြည့်၍ ပြောတတ်သည်။ ထိုတည့်မတ်သော မျက်လုံးများမှာ ကျွန်တော် ငယ်စဉ်က ရင်ဆိုင်ခဲ့ရသည့် အတန်းပိုင် ဆရာမ၏ မျက်လုံးများကဲ့သို့ မပြင်းထန်။

မမမေ၏ မျက်တောင်ကြီးများမှာ ပိတုံးရောင်လို နက်မှောင်၍ ကော့ပျံရှည်လျားသည်။ ကြည်လင်သော မျက်အိမ်ညိုညိုကို ဝိုင်းရံအပ်သည့် ကြယ်ရောင်လရောင်ပမာ ပြာလွင်အေးချမ်းသည်။ ဤပြာလွင်အေးချမ်းသော မျက်လုံးကြည်ကြီးများဖြင့် အကြည့်ခံရသော် ရက်လများစွာ ကျွန်တော် ခေါင်းပါးမွတ်သိပ်ခဲ့သည့် မေတ္တာတရားနှင့် ပြန်လည်ဆုံတွေ့ရသည်။

"ကျွန်တော့်အဖို့၊ ဦးရော မမမေရော အလကား ဒုက္ခပိုရတယ်"

မမမေက ပြုံးသည်။ ရှည်သွယ်ဖြူစင်သော သွားကလေးများပေါ်ရုံ ပြုံးသည်။ နှုတ်က ပြုံးသော် မျက်လုံးတို့ကလည်း လိုက်ပြုံးတတ်၏။

"ဒုက္ခမဟုတ်ပါဘူး မောင်လေးရယ်၊ ဒါက မမမေတို့ဝတ္တရားပါ။ ပြီးတော့ မမမေ အင်မတန်ချစ်စရာကောင်းတဲ့ မောင်လေးတစ်ဦး ရချင်ခဲ့တယ်၊ မောင့်ကိုပြုစုရတော့ မမမေ ဆုတောင်းပြည့်လာတယ်"

ကျွန်တော်က မမမေ၏ ကြင်နာမှုပြည့်သော မျက်လုံးများကို ပြန်ကြည့်ရင်း မေးသည်။

"မမမေမှာ မောင်လေးတစ်ယောက်မှ မရှိဘူးလား"

"မရှိဘူးကွယ်၊ မမမေ တစ်ယောက်တည်းပဲ။ မမမေမွေးပြီးပြီးချင်း မေမေဆုံးသွားခဲ့တယ်"

"သြော်"

ကျွန်တော့်ရင်ထဲ၌ ဆို့သွားသည်။ ထို့ကြောင့် ဘာမှ ပြန်မပြောနိုင်ဘဲ၊ သြော်ဟုသာ ဆိုမိ၏။

"မောင်လေးမှာတော့ ညီအစ်ကို မောင်နှမတွေ ရှိမှာပေါ့နော်"

ကျွန်တော်က နာကြည်းစွာ ပြုံးမိသည်။

"မရှိပါဘူး။ ကျွန်တော့်မေမေမှာ သားဆိုလို့ ကျွန်တော်တစ်ယောက်တည်းပါ။ မမမေမှာ အမေမရှိတော့သလို ကျွန်တော့်မှာလည်း ဖေဖေမရှိပါဘူး"

ဤအကြိမ် ကရုဏာ အာမေဋိတ် ပြုရင်း ငေးငိုင်ကြည့်ရသူမှာ မမမေသာ ဖြစ်ပါ၏။

"မောင့် မေမေမှာ သားတစ်ယောက်ပဲရှိတယ်။ ပြီးတော့ ဒီသားနဲ့လည်း ခွဲနေရတယ်"

ကျွန်တော့်ရင်မှာ ဆို့လာသည်။ မေမေ့ကို သတိရလာ၏။ ကျွန်တော့်ရင့်မှာ လှုပ်ရှားမှုကို ရိပ်မိသော မမမေသည် တိုးတိုးညင်သာမေးသည်။

"မောင့် မေမေကို အောက်မေ့သလား"

ကျွန်တော် နာကြည်းစွာ ပြုံးမိပြန်သည်။

"မေမေကို ကျွန်တော် အောက်မေ့တယ်။ အခုလို ကျွန်တော်စစ်ထဲမှာ ကျွန်တော်သေမလား၊ ရှင်မလား မသိတဲ့အချိန်ဆိုရင် မေမေဘယ်လောက်များ ငိုနေရမလဲ မသိဘူး"

မမမေက အားပေးပြုံး ပြုံးသည်။ ထို့နောက် မေးခွန်းတစ်ခုကို မေး၏။

"မောင့် အသက် ဘယ်လောက်ရှိပြီလဲ"

"၁၆ နှစ်ထဲမှာ မေမေနဲ့ ကွဲလာတုန်းက ကျွန်တော် ၁၅ နှစ်ကျော်ပဲရှိသေးတယ်"

"အို...မောင် ငယ်ငယ်လေး ရှိသေးတယ်။ ဘာလို့ စစ်ထဲဝင်ခဲ့ရတာလဲ"

"ဘာလို့ စစ်ထဲဝင်ခဲ့ရတာလဲဟုတ်လား၊ ကျွန်တော် လူသတ်ချင်လို့။

ဂျပန်ကို သတ်ချင်လို့”

ကျွန်တော့်အသံမှာ အတန်မာနေသည်။ မာသော ကျွန်တော့်အသံကြောင့် မမမေမှာ ရုတ်တရက်သော် ထိတ်လန့်သွားဟန်ရှိသည်။ သို့ရာတွင် ခဏချင်းမှာပင် ပြန်လည်တည်ငြိမ်သွား၍ ချော့မော့အေးချမ်းစွာ ဆိုသည်။

“လူသတ်ချင်ရုံ၊ ဂျပန်သတ်ချင်ရုံနဲ့ စစ်ထဲဝင်တာကတော့ အကြောင်းမလုံလောက်ဘူးလို့ မမမေထင်တယ်”

ကျွန်တော်အံ့အားသင့်သွားသည်။ ဒေါသလည်း ထွက်လာ၏။

“ဘာပြောတယ် မမမေ”

“မောင်က ငယ်သေးတော့ မမမေ စကားကို နားလည်ပါ့မလား မသိဘူး၊ လူသတ်တာမကောင်းဘူး၊ ဘယ်ခေတ်ဘယ်အခါ ဘယ်အချိန်မှာပဲ ဖြစ်ဖြစ် လူသတ်တာဟာ လူသတ်တာပဲ။ ကိုယ်က သူ့ကို သတ်ချင်ရင် သူကလည်း ကိုယ့်ကို ပြန်သတ်ချင်မှာပဲ”

ကျွန်တော်က ရယ်သည်။ ဟက်ဟက်ပက်ပက် သရော်၍ ရယ်သည်။

“ဟဲဟဲ မှန်တယ်၊ မမမေပြောတာ မှန်တယ်၊ ကိုယ်က သူ့ကို သတ်ချင်ရင်၊ သူက ကိုယ့်ကို ပြန်သတ်ချင်မယ်။ တစ်နည်းအားဖြင့် သူက ကိုယ့်ကိုသတ်ထားရင် ကိုယ်ကလည်း သူ့ကိုပြန်သတ်မှာပဲ။ ဟုတ်တယ် မဟုတ်လား”

မမမေသည် နားမလည်ဟန် ကျွန်တော့အား မျက်လုံးလေးအပြူးသားဖြင့် စိုက်ကြည့်နေသည်။

“မောင့်ကို ဘယ်သူကသတ်လို့ မောင်က ဘယ်သူ့ကို သတ်ချင်နေတာလဲ”

“ကျွန်တော့်ကိုတော့ သူတို့ မသတ်ရသေးဘူးလေ။ ဒါပေမယ့် သူတို့ ကျွန်တော့ဖေဖေကို သတ်သွားကြတယ်၊ သူတို့ဆိုတာ ဂျပန်တွေ”

http://www.cherrythitsar.org



ဤစကားကို ကျွန်တော်သည် ဒေါနှင့်ပြောမိ၏။ ဒေါပါလာသဖြင့် လူမှာ လှုပ်ရှားလာသည်။ အိပ်ရာမှ ကုန်းထမိသည်။ သို့ရာတွင် ပေါင်မှ ဒဏ်ရာသည် နာကျင်လှသဖြင့် ရှုံ့မဲ့ညည်းညူရင်း ပြန်လှဲချလိုက်ရ၏။

ကျွန်တော့ဦးခေါင်းနှင့် ခေါင်းအုံးမထိမီ မမမေက လျင်မြန်စွာ လှမ်းပွေ့ယူသည်။ ထိုနောက် ညင်သာစွာ ခေါင်းအုံးပေါ်၌ နေရာချပေးသည်။

"ဟော ကြည့်၊ ပြောရင်းဆိုရင်း ငရဲကြီးပြီ။ ဒေါသအာဃာတ တွေဟာ မကောင်းပါဘူးလို့ မမမေ မပြောဘူးလား အခုပဲ သင်ခန်းစာရပြီ မဟုတ်လား"

ကျွန်တော်သည် ဘာမှ ပြန်မဖြေဘဲ အံကြိတ်၍သာ နေသည်။ ကျွန်တော့်ရင်မှာ နာကြည်းချက်မခံချင်မှု၊ ဒေါသစသည်တို့သည် ကျွန်တော့် မျက်နှာ၌ အပြည့်အဝပေါ်နေလိမ့်မည် ထင်သည်။ မမမေကသာ ပျော့ပျောင်း နူးညံ့စွာ နှစ်သိမ့်ရင်း နောက်သည်။

"မောင့်ကို မမစပြီးတွေ့စက အင်မတန် အေးချမ်းတဲ့၊ သိမ်မွေ့တဲ့ စစ်သားလေးလို့ ထင်မိတယ်၊ အခုတော့ ရောမ ဒေါသခဲကြီးပါလား"

မမမေက ရယ်သော်လည်း ကျွန်တော်က ပြန်မရယ်နိုင်။ မရယ် နိုင်သည့်ပြင် မမမေကို ပြန်၍ အပြစ်တင်မိသည်။

"မမမေက ရယ်နိုင်မှာပေါ့၊ ကျွန်တော်ခံစားခဲ့ရသလိုမှ မခံစားခဲ့ရ ပဲကိုး"

မမမေက ပြုံးပြန်သည်။ ဤအပြုံးမှာ မောင်ဆိုးတစ်ယောက်အား အလိုလိုက်ဖြေရှင်းခွင့်ပေးသော အစ်မတစ်ဦး၏ အပြုံးဖြစ်သည်။

"ဆိုပါဦးကွယ်၊ ငါ့မောင်က ဘာတွေ ခံစားခဲ့ရလို့လဲ"

"ဘာတွေ ခံစားခဲ့ရလဲဟုတ်လား၊ အသည်းနာစရာတွေ ခံစားခဲ့ရ တယ်။ ကျွန်တော့်ဖေဖေက အိုင်စီအက်ဘွဲ့ရ အရေးပိုင်တစ်ဦး။ အိုင်စီအက်

ဘွဲ့ရ အရေးပိုင်တစ်ဦးဖြစ်တာဟာ တိုင်းပြည်ကို သစ္စာဖောက်တာလား။ ကျွန်တော် မှတ်မိတယ်။ တို့ဗမာအစည်းအရုံးဝင်တွေကို အင်္ဂလိပ်အစိုးရ လိုက်ဖမ်းတော့ တကယ့်ခေါင်းဆောင်စစ်တွေကို ဖေဖေက ကြိုတင်သတိပေးပြီး ရှောင်တိမ်း သာအောင် ကူညီခဲ့တယ်။ ဒါပေမဲ့ ဂျပန်တက်လာတော့ ဘယ်သူတွေ ပါလာသလဲ"

ကျွန်တော်သည် မွေ့ရာကို လက်သီးဖြင့် ထုကာထုကာ ပြောနေမိသည်။

"တစ်သက်လုံး ခွေးလေး ဂျပိုးလုပ်လာတဲ့ကောင်တွေက ခါတော်မီ ဝါးခမောက်ဆောင်း၊ ပင်နီအင်္ကျီဝတ်နာမည်ရှေ့က သခင်ဘွဲ့တပ် ဂျပန်ဆီ ကျွန်ခံပြီး သူတို့မလိုမုန်းထားသူတွေကို လက်ညှိုးထိုးပြီး သတ်ခိုင်းတယ်။ သူတို့လက်ချက်နဲ့ ဖေဖေသေသွားရတယ်"

ကျွန်တော့်အသံမှာ တုန်ရီလာသည်။ ရင်မှာလည်း ပေါက်ကွဲတော့မတတ်ရှိ၏။

"ဘယ်လိုသတ်သလဲသိလား ကွင်းပြင်မှာ လက်ပြန်ကြိုးတုပ်ပြီး ဘက်နက်နဲ့ ထိုးသတ်တယ်။ ပြီးတော့ လူတကာ လာကြည့်စေတယ်။ လူတကာကို ကြည့်စေတာက ထားပါတော့။ ကျွန်တော်နဲ့ ကျွန်တော့်မေမေကို ကျွန်တော့်ဖေဖေ အသတ်ခံရတာ မကြည့်မနေရလို့ အမိန့်ထုတ်ပြီး ကြည့်ခိုင်းတယ်။ ကောင်းရဲ့လား၊ ကောင်းကြသေးရဲ့လား"

ကျွန်တော်ကအော်သည်။ ကျွန်တော့်ရင်၌ အပြည့်ရှိသော မုန်းတီးမှုအဟုန်နှင့် အော်သည်။ မမမေ ဘာမျှမဖြေ။ အဖြေအစား မျက်လုံး၌ ဝဲနေသော မျက်ရည်များကိုသာတွေ့ရ၏။

"လက်လွန်ပြီးမှ ဖေဖေ့မိတ်ဆွေ သခင်ခေါင်းဆောင်အစစ်တွေ ရောက်လာတယ်။ တချို့က ဗိုလ်မှူးတွေ ဖြစ်နေပြီ။ တချို့က ဗိုလ်ချုပ်တွေ

http://www.cherrythitsar.org



ဖြစ်နေပြီ။ သူတို့အားလုံး စိတ်မကောင်းကြဘူး။ ဒါပေမဲ့ သူတို့လည်း မတတ်နိုင်ဘူး။ ဘယ်တတ်နိုင်မလဲ၊ ဖေဖေကသေခဲ့ပြီးပြီလေ"

ကျွန်တော်သည် ဟန်မဆောင်နိုင်တော့ဘဲ၊ ချုံးပွဲချ ငိုကြွေးသည်။

မမမေက ကျွန်တော့်ကို ပွေ့ယူသည်။ ထိုအခါကျမှ ကျွန်တော် ပိုဝမ်းနည်းလာသည်။ မမမေ၏ ရင်ခွင်တွင် တစ်ကြိမ်က မေမေ့ရင်ခွင်၌ ငိုကြွေးမိသည့်နည်းတူ ကျွန်တော် လှိုက်လှိုက်လှဲလှဲငိုကြွေးမိသည်။

မမမေ၏နူးညံ့သော ပါးကလေးသည် ကျွန်တော်ပါးနှင့် အပ်ခါ ရှိနေသည်။ မမမေ၏ ညင်သာသော လက်ဖဝါးတစ်ဖက်က ကျွန်တော့်ကျော ကို အသာအယာပွတ်ကာ နှစ်သိမ့်လျက်ရှိသည်။

ထိုညဉ့် ကျွန်တော်အပြင်းထပ်ဖျားသည်။ နောက်တစ်နေ့ ရောက် သောအခါ လူမှာ နုံး၍ အားကမရှိ။ ဤသို့ တကယ့်ရက်တွင်မှ ဂျပန်က ရွာကို လာဝိုင်းသည်။

ထိုနေ့ နေ့လယ်က မမမေသည် ကျွန်တော့်အား ဆန်ပြုတ်တိုက် နေသည်။ ထိုအခိုက်တွင် ရဲဘော်သန်းထွဋ်ကြီးနှင့် ယခင်အချက်ပြ ဆက်သွယ်ရေးတပ် အရာခံဗိုလ် ဗိုလ်ကျော်ညွှန့်တို့ ရေးကြီးသုတ်ပြာ ရောက်လာ၏။ သူတို့၏ ကိုယ်၌ လယ်သမားများပမာ ဝတ်စားထား၏။ ခေါင်း၌လည်း တဘက်ကြီးများ စည်းထားသည်။ ခြေသလုံးတို့၌လည်း ရွှံ့တွေ ပေနေသည်။ သူတို့ပခုံးတွင် လွယ်ထားသော စက်သေနတ် အသေးစား မပါလျှင်မူ တကယ့်လယ်သမားကြီးများဟု ယုံကြည်ဖွယ် ဖြစ်နေ၏။

ဗိုလ်ကျော်ညွှန့်က လိုရင်းကို တိုတိုတုပ်တုပ် ပြောသည်။

"ဂျပန်တပ်ခွဲတစ်ခု ရွာကို ဝိုင်းထားတယ်။ တစ်အိမ်တက်ဆင်း ရှာမယ့်ပုံပဲ။ ဒီတော့ ရှောင်နိုင်သူတို့ ရှောင်စေချင်တယ်။ ကျုပ်တို့

ကင်းပုန်းချပြီး အရေးကြုံလာရင် ထိုးစစ်ဆင်ဖို့ ပြင်ပြီးပြီ။ ဒီက ရဲဘော်အတွက်ပဲ”

ဗိုလ်ကျော်ညွန့်၏ စကားသည် ရုတ်တရက် ရပ်သွားသည်။ ရဲဘော်သန်းထွင့်က ကျွန်တော့်အား စိတ်ထိခိုက်ခြင်းကြီးစွာဖြင့် ကြည့်နေ၏။ အခြေအနေကို ကျွန်တော် ချက်ချင်းရိပ်မိသည်။

ဒဏ်ရာကြီးနှင့်ဖြစ်သဖြင့် ရုတ်တရက် ရှောင်ပုန်းရန်မလွယ်၊ ကျွန်တော့်ကို တွေ့သော် သူတို့အတွက် စစ်မေးရန် မခက်လှ။

ကျွန်တော်၏ တထောင်ဆစ်များမှာ စစ်သင်တန်း၌ မိကျောင်းတက်လေ့ကျင့်ခဲ့ရသော ဒဏ်ကြောင့် ပွန်းပဲ့သော အမာရွတ်များရှိနေသည်။ ခြေသလုံးကိုရေစိမ်ကြည့်သော် စစ်ပတ်တီးရာများ တွေ့ရမည်။ ကျွန်တော့်ခေါင်းမှ ရှည်စသာရှိသေးသော ကတုံးဆံပင်သည် မြန်မာ့တပ်မတော်သားတစ်ဦးဖြစ်ကြောင်း သက်သေခံလိမ့်မည်။

ကျွန်တော်ကမူ သေလူဖြစ်ပါ၏။ ကျွန်တော်သေရမည် မဆန်း။ သို့ရာတွင် ကျွန်တော့်ကို လက်ခံထားသော အိမ်ရှင်များပါ အဆစ်ခံရမည်ကို တွေးမိသောအခါ ကျွန်တော့်ရင်မှာ မချိမဆန့် နာကျင်မိသည်။ ထို့ကြောင့်လည်း အဖြစ်နိုင်ဆုံးသောနည်းကို ပြောရ၏။

“ကျွန်တော့်ကို သံယောဇဉ် တွယ်မနေကြပါနဲ့၊ စပါးကျီတစ်ခုကြားမှာဖြစ်ဖြစ် ချောင်းစပ်ကမ်းနိုတောထဲဖြစ်ဖြစ် ပစ်ထားခဲ့ပါ။ သူတို့တွေ့သွားလို့ သတ်ရင်လည်း သတ်ပါစေ။ ဒါပေမယ့် ဒီအိမ်ပေါ်မှာ ကျွန်တော့်ကို မိရင် ဦးနဲ့ မမမေတို့ သက်သာမှာ မဟုတ်ဘူး”

အားလုံး ငိုင်နေကြသည်။ ရဲဘော်သန်းထွင့်ကြီးသည် ကြေကွဲသော မျက်နှာနှင့် ကျွန်တော့်အားလှမ်းကြည့်သည်။ သူ့စေတနာကို ကျွန်တော်သိပါ၏။ တတ်နိုင်လျှင် ကျွန်တော့်ကိုထမ်း၍ သူပြေးပေဦးမည်။ သို့သော်

http://www.cherrythitsar.org



အခြေအနေမှာ ထမ်းပြေး၍ မလွတ်။ လွတ်သည့်တိုင်အောင် သူ့တာဝန်မှာ သူငယ်ချင်း ရဲဘော်တစ်ယောက်ကို ကယ်ရန်မဟုတ်၍ တပ်တစ်ခုလုံးကို ကာကွယ်ရန်သာ ဖြစ်သည်။ ဖက်ဆစ်ဂျပန်ကို သုတ်သင် ပစ်ရန်သာ ဖြစ်သည်။

အားလုံးငိုင်နေခိုက် မမမေက တည်ငြိမ်စွာ ဝင်၍ အကြံပေးသည်။

"ရဲဘော်ကြီးတို့ရွာအတွက် တာဝန်ကိုထမ်းပါ၊ ဒီကမောင်လေး အတွက်က ကျွန်မတာဝန်ယူတယ်"

ကျွန်တော်က အလျင်အမြန် ကန့်ကွက်သည်။

"အို... ဘယ်ဖြစ်မလဲ မမမေတို့ပြေးပါ။ ဒါမှမဟုတ် ကျွန်တော့်ကို အိမ်နဲ့ဝေးရာမှာ ပစ်ထားပါ။

ရဲဘော်သန်းထွဋ်နှင့် ဗိုလ်ကျော်ညွှန့်သည် မမမေအား ပြိုင်တူကြည့် ကြသည်။ သူတို့ကြည့်ဟန်မှာ ကျွန်တော့်စကားကို ထောက်ခံသောကြည့်ဟန် ဖြစ်သည်။

မမမေကသာ တည်ငြိမ်စွာ ရှင်းလင်းပြသည်။

"သူ့ကို စွန့်ပစ်ထားရင် ဂျပန်တွေ့သွားလို့ အသတ်ခံရမယ်။ ပြီးတော့ သူ့တွေ့ရုံမကဘူး ဒီရွာမှာ စစ်သားတစ်ယောက်ရှိနေမှန်း သိသွားမယ်။ အဲဒီလို သိသွားရင် ဒီရွာ သက်သာဦးမလား"

မမမေပြောသည်မှာ နည်းလမ်းကျသဖြင့် ဘယ်သူမှ ပြန်မဖြေနိုင်။ မမမေကသာ ဆက်ပြော၏။

"ဒီတော့ အခြေအနေကိုကြည့်ပြီး ဝင်လာတဲ့ ဂျပန်တွေကို သုတ် သင်နိုင်ဖို့ ကိုကျော်ညွှန့်တို့ ကြိုးစားပါ။ ကျန်တာ ကျွန်မ တာဝန်ထား"

ဗိုလ်ကျော်ညွှန့်တို့ ဆင်ခြေထပ်မကွန့်နိုင်။ ရွာဖျားဆီမှ ခွေးဟောင် သံများနှင့်အတူ လူသံများ ကြားရသည်။ ဂျပန်များဝင်လာပြီတည်း။

http://www.cherrythitsar.org



ဗိုလ်ကျော်ညွန့်သည် "ရော့ လိုလိုမယ်မယ်"ဟု ဆို၍ ခြောက်လုံးပြူး တစ်လက်ကို ကျွန်တော့်ထံ လှမ်းပေးသည်။ ကျွန်တော်က တင်ပါးအောက်တွင် ခု၍ ဝှက်ထားလိုက်သည်။

ဗိုလ်ကျော်ညွန့်နှင့် ရဲဘော်သန်းထွဋ်ကြီးတို့ အိမ်နောက်ဖေးမှဆင်း၍ ပျောက်သွားကြသည်။

"မမမေပြေးလေ၊ ပြေးပါ။ ကျွန်တော့်ကို ထားခဲ့ပါ" သို့ရာတွင် မမမေသည် မပြေး။

သွက်လက်စွာသာ လှုပ်ရှားလာ၏။ မမမေအပြင်သို့ ခေတ္တထွက်သွားသည်။ ပြန်ဝင်လာသောအခါ၌လည်း ဂျပန်စာအုပ်နှင့် ဂျပန်မဂ္ဂဇင်းများကို ပိုက်ပွေ့၍ ယူလာသည်။

"မောင် ဂျပန်စကားတတ်လား"

"တတ်ပါတယ်"

"တတ်ရင် အခြေအနေကြည့်လုပ်နော်၊ ဣန္ဒြေမပျက်စေနဲ့"

မမမေသည် ကျွန်တော့်တစ်ကိုယ်လုံးအား စောင်ဖြင့်ချုံပေးသည်။ ဦးခေါင်းကိုလည်း မပေါ်ရန် အထူးသတိထား၏။ ထိုနောက် ကျွန်တော့်ဘေးတွင် ဝင်လှဲအိပ်၍ ဂျပန်စာအုပ်တစ်အုပ်ကို ဖတ်ပြနေသည်။

များစွာမစောင့်ရ။ အိမ်ရှေ့ခန်းဆီမှ ခြေသံပြင်းပြင်းကြားရသည်။ ခဏမှာပင် ဂျပန်စစ်သားနှစ်ဦး ခြံရံ၍ သုံးလိုင်းတစ်ပွင့် ဂျပန်ဗိုလ်တစ်ဦး ကျွန်တော်တို့အခန်းဝ၌ ပေါ်လာ၏။ မမမေသည် သွက်လက်စွာ ထ၍ ဂျပန်ဘာသာဖြင့် နှုတ်ဆက်၏။

"ခွန်းနိကျိဝ (မင်္ဂလာနေ့ခင်းပါ)"

ဂျပန်စစ်ဗိုလ်မှာ ရုတ်တရက် ကြောင်သွားသည်။ ချောမောလှပသော မြန်မာမိန်းမပျိုတစ်ဦးက ယဉ်ကျေးသိမ်မွေ့စွာ ဂျပန်ဘာသာဖြင့် နှုတ်ဆက်

http://www.cherrythitsar.org



သဖြင့် ဘာပြန်ပြောရမှန်း မသိ။ အတန်ကြာမှ ဂျပန်ဘာသာဖြင့်ပင် ပြန်ဖြေ၏။

"မင်္ဂလာရှိသော နေ့ခင်းပါ"

ထိုနောက်မှ သူမေးလိုရာကို ဆက်မေးသည်။

"ဒီမှာ စစ်သားရှိသလား"

"စစ်သားမရှိပါဘူး"

ဂျပန်စစ်ဗိုလ်၏ မျက်လုံးများသည် ကျွန်တော့်ထံ ရောက်လာသည်။ ကျွန်တော်က တင်ပါးအောက်ရှိ ခြောက်လုံးပြူးကို အဆင်သင့် ဆုပ်ကိုင်ထား၏။ ဂျပန်စစ်ဗိုလ်ကမေးသည်။

"သူ ဘယ်သူလဲ"

"ကျွန်မ မောင်လေးပါ"

"သူ ဘာလုပ်လဲ"

"သူ ဒိုက်အိချိနိပွန် ကျောင်းသားပါ၊ သူ ဂျပန်စကားတတ်တယ်။ မေးကြည့်ပါ"

ဂျပန်စစ်ဗိုလ်သည် ကျွန်တော့်အား လှမ်း၍ "ဆေးတောဒက်စကား (ကျောင်းသားလား)"ဟု မေးသည်။ ကျွန်တော်က မှင်သေသေဖြင့် ပြန်ဖြေရ၏။

"ဟိုက်မာစတာ ဝါတာကုရှိဝ ဒိုက်အိချိနော နိပွန်ဂတ်ဂေါနော ဆေးဘောဒက်စ် (မှန်ပါတယ် မာစတာ ကျွန်တော် ဒိုက်အိချိနိပွန် ကျောင်းသား ဖြစ်ပါတယ်)"

ဂျပန်စစ်ဗိုလ်မည်သို့မျှ မပြောရခင် မမမေက ရေပက်မဝင်အောင် ဆက်ပြော၏။

"ကျွန်မမောင်လေးဟာ နိပွန်ပြည်ကို သိပ်သွားချင်တယ်။ မဟာ

အာရှစစ်ပွဲကြီး နိပွန်အောင်မြင်လို့ အေးချမ်းသွားရင် သူ့ကို ဂျပန်ပြည် လွှတ်ရမယ်၊ အခု သူ ဖျားနေတယ်။ သူ့ကို နိပွန်ပုံတွေ ဖတ်ပြနေတယ်"

မမမေသည် ပြောပြောဆိုဆို စောစောက သူဖတ်ပြနေသော ဂျပန်ပုံ ဝတ္ထုစာအုပ်ကို လှမ်းပြသည်။

"ဟိုင်း ဟိုင်း ခုဆနဂီခင်း ခတ္တနား"

ဂျပန်ဗိုလ်က ကျေနပ်ဟန် မှတ်ချက်ချသည်။

ခုဆနဂီခင်း ခတ္တနားဆိုသည်မှာ ဂျပန်တို့၏ ရိုးရာအစွဲအလမ်း ပုံပြင်တစ်ခုဖြစ်၏။

ခင်းဆိုသည်မှာ ငွေဟု အဓိပ္ပာယ်ရသည်။ ခတ္တနားမှာ ဓားဟု အဓိပ္ပာယ်ရ၏။ ခင်းခတ္တနားသည် (ငွေဓား)ဟု အဓိပ္ပာယ်ရ၏။ ခုဆနဂီကား ထိုငွေဓား၏ နာမည်ဖြစ်သည်။ ယိမ်းနွဲ့ပါးဟူသော နာမည်မျိုးပေတည်း။

ဂျပန်ပုံပြင်အရ ပင်လယ်အောက်နဂါးပြည် နဂါးမင်း၏ ရင်ခွင်တွင် ဂျပန်မင်းသားလေးတစ်ဦး ရှိသည်။ ခုဆနဂီဓားမှာ မင်းသားနှင့်အတူ ရှိနေသည်။ ပုံပြင်အရ တစ်ချိန်တွင် ဂျပန်လူမျိုးတို့ ကြီးကျယ်စွာ ဒုက္ခ ရောက်ကြမည်။ ထိုအခါ၌ မင်းသားလေးသည် ခုဆနဂီငွေဓားကို ကိုင်၍ ရန်အပေါင်းကိုခွင်းကာ ဂျပန်ပြည်ကြီးအား ကယ်တင်မည်။ တစ်နည်းအား ဖြင့် ဂျပန်စကြာမင်းပုံဖြစ်ပါ၏။

ဂျပန်စစ်ဗိုလ်သည် အလွန်ကျေနပ်သွားပုံရသည်။ ကျွန်တော့်အား ဂရုမထားတော့ဘဲ မမမေအားသာ စူးစူးစိုက်စိုက်ကြည့်သည်။ တင်းမာသော သူ့မျက်နှာသည် ပျော့ပျောင်းလာ၍ မျက်နှာ၌လည်း အပြုံးတစ်ရပ်ပေါ်ခဲ့၏။

"မင်း ဂျပန်ကို မေတ္တာရှိသလား"

မမမေ၏ မျက်နှာ၌ ရှက်သွေးမသိမသာ ရဲသွားသည်ကို ကျွန်တော် သတိထားမိ၏။ သို့ရာတွင် တည်ငြိမ်စွာ ပြန်ဖြေ၏။

"ကျွန်မ နိပွန်ရဲ့ မိတ်ဆွေတစ်ဦးပါ"

ဂျပန်စစ်ဗိုလ်သည် ပြုံးရုံမက ရယ်လာသည်။ ထိုနောက် မမမေ၏ ခါးကို ဆွဲပွေ့ကာ သူ့ရင်ခွင်တွင်းသို့ သွင်းလိုက်၏။

ကျွန်တော့်အသဲတို့ ဓားဖြင့် အမွှန်းခံရသကဲ့သို့ ရှိ၏။ ကျွန်တော့် လက်သည် ဝှက်ထားသော ခြောက်လုံးပြူးဒင်ကို တင်းကြပ်စွာ ဆုပ်မိသည်။ အချိန်မီ သတိဝင်၍ မချိမဆန့် အောင့်အည်း သည်းခံနေရသည်။

အချိန်မှာ တစ်မိနစ်ခန့်သာ ရှိပေမည်။ သို့ရာတွင် ကျွန်တော့် အတွက် တစ်ကမ္ဘာထင်၏။ မမမေ၏ ကျော့ရှင်းဖြူစင်သော ကိုယ်ကလေး မှာ ဂျပန်ဗိုလ်၏ရင်ခွင်တွင်းဝယ် ကော့ကော့လေး မရုန်းသာ မဖယ်သာ မိနေ၏။

သည်းမခံနိုင်တော့သော ကျွန်တော်သည် တင်အောက်မှ ခြောက်လုံး ပြူးကို ဆွဲထုတ်ယူလိုက်မိသည်။

ထိုအခိုက်တွင်ပင် တစ်ရွာလုံးအနှံ့အပြား၊ သေနတ်သံများ ပေါ်လာ သည်။ ဂျပန်စစ်သားနှစ်ဦးသည် အိမ်ရှေ့သို့ ပြေးထွက်သွားသည်။

ကာမဋ္ဌေဖြင့် လောကကြီးကို မေ့နေသော ဂျပန်စစ်ဗိုလ်သည် ထိုအခါမှ မမမေကို တွန်းခွာလိုက်ကာ ကျွန်တော့်အား ကြောက်မက်ဘွယ် လှမ်းကြည့်သည်။ မရေးမနှောင်းပင်သူ့လက်သည် ဓားရိုးပေါ် ရောက်သွား ၏။ သို့ရာတွင် သူနောက်ကျခဲ့ပြီတကား။ ဘယ်က အားတွေ ဝင်လာသည် မသိ။ ကျွန်တော်သည် ထထိုင်လျက်ပြီးရှိနေ၏။ တစ်ပြိုင်နက်တည်းမှာပင် ကျည်ဆံသုံးတောင့်ကို ဂျပန်၏ ရင်အုံသို့ ဆင့်ကာ ဆင့်ကာ ပစ်သွင်းလိုက်ပြီး ဖြစ်နေ၏။ ဂျပန်ဗိုလ်၏ခန္ဓာကိုယ် ကြမ်းပြင်သို့ လဲကျသွားချိန်၌ အိမ်ရှေ့ဆီမှ လည်း သေနတ်သံများပေါ်လာပြီး တဒိုင်းဒိုင်း ခြေသံများ ကြားရသည်။ ယမ်းငွေ့မပြယ်သေးသော စက်သေနတ်များကိုင်လျက် ဗိုလ်ကျော်ညွှန့်နှင့်

ရဲဘော်သန်းထွဋ်ကြီးတို့ အခန်းဝသို့ ရောက်လာကြသည်။

"ဘယ့်နှယ်လဲ ဘယ်သူဘာဖြစ်သွားသေးလဲ"

မမမေသည် အခန်းထောင့်၌ ကြောင်ကြောင်ရပ်ကာ ငိုင်နေရှာ၏။

ကျွန်တော်က ခြောက်လုံးပြူးကိုပြရင်း "ခွေးမသားတော့ ကျွန်တော် ပစ်သတ်လိုက်ပြီ၊ ခင်ဗျားတို့ အချိန်မီ ရောက်လာတာ အတော်ပဲ"

ရဲဘော်သန်းထွဋ်ကြီးက စိတ်အေးသွားဟန်သက်ပြင်းချသည်။

"တော်ပါသေးရဲ့ ရဲဘော်တို့လဲ သူတို့ကိုချဖို့ အဆင်သင့်လုပ်ထားတာ၊ ဒါပေမဲ့ ချထိုက်မှ ချမယ်လုပ်နေတုန်း သူတို့က ရွာတောင်ဖက် ဂူကြား တို့ကင်းကိုတွေ့ပြီး စပစ်တယ်၊ ဒီတော့ ဒို့က ချရတာပေါ့၊ ခုငနဲတွေ ဆုတ်ပြေးပြီ၊ ဒို့ကောက်သင်းလိုက်ကောက်လိုက်မယ်"

ရဲဘော်သန်းထွဋ်ကြီးသည် ရွံရှာစက်ဆုတ်စွာ အသက်ကုန်နေသော ဂျပန်ဗိုလ်၏မျက်နှာကို ဖနောင့်နှင့်ပေါက်သည်။

"ကဲ– ဒီအလောင်းကြီး ထုတ်သွားရအောင် အပြင်က နှစ်လောင်းနဲ့ ပေါင်းပြီး ရွာလယ်မှာ ခွေးစာ ကျွေးပစ်မယ်"

ဗိုလ်ကျော်ညွန့်နှင့် ရဲဘော် သန်းထွဋ်သည် ဂျပန်အလောင်းကို ဆွဲထုတ်ပြီး ယူသွားကြ၏။

ထိုအခါကျမှ ကျွန်တော်သည် မမမေအား လှမ်းကြည့်မိ၏။ ထိတ်လန့်စိတ်ပျက်သွားသော မမမေ၏မျက်နှာတွင် ရှက်သွေးတို့ရဲနေသည်။ မျက်ရည်ပေါက်များကလည်း စီးကျနေ၏။ နောက်တခဏတွင်မူ၊ ကျွန်တော့် အိပ်ရာထက်ခေါင်းအုံးပေါ် မျက်နှာအပ်၍ တရှိုက်ရှိုက်ငိုကြွေးသည်။

ဤအကြိမ် သူ့ကျောလေးကို ပွတ်၍ ချော့ရသူမှာ ကျွန်တော်သာ ဖြစ်ပါ၏။

"တိတ်ပါ မမမေရယ် တိတ်လိုက်စမ်းပါ။ မမမေကို စော်ကားတဲ့

ခွေးကောင်ကို ကျွန်တော့်လက်နဲ့ ပစ်သတ်ပြီးပြီ မဟုတ်လား။ ပြီးတော့ ကျွန်တော် ကျန်းမာလာရင် ဒီဖက်ဆစ်ကောင်တွေကို တွေ့ရာသင်္ချိုင်း ဓားမဆိုင်း လိုက်သတ်မယ်။ တိတ်ပါ မမေ”

*

# ၇

ကျွန်တော့်ဒဏ်ရာပျောက်ကင်း၍ ကျန်းမာလာသောအခါ ညောင်ဝိုင်းရွာ၌ နေခဲ့ရသည့် ရက်များသည် ကျွန်တော့်ဘဝတစ်သက်တာတွင် အသာယာဆုံးသော အချိန်များဖြစ်ပါ၏။ ရွာတဝိုက်၌လည်း ဂျပန်ဘေးအန္တရာယ်ကင်းရှင်းသွားပြီ။ နွေပီပီ ဆိုက်ရောက်ခဲ့၍ ရွက်ဝါတို့စင်သော ပင်ပျိုပင်အိုတို့ထက် ရွက်နုနုတို့ဝေကာ စိုစိုပြည်ပြည်ရှိ၏။

သာယာသောညနေခင်းများတွင် မမမေနှင့်ကျွန်တော်သည် ရွာပြင်လယ်ကွင်းများဆီ ထွက်၍ လမ်းလျှောက်ကြသည်။ လယ်ကွင်း၌ ရိုးပြတ်နံ့တို့သင်းနေသည်။ တောင်လေ၌ ချောင်းနံ့၊ ကိုင်းနံ့၊ တောနံ့တို့မွှေးပျံ့ပျံ့ပါလာ၏။ လှိုင်မြစ်တဖက်ကမ်း အရှေ့ရန်ကုန်ဆီ၌ မြူဆိုင်းပြာရီသောတောင်တန်းထက် ရွှေတိဂုံစေတီတော်ကို ကြည်ညိုဖွယ် ဖူးတွေ့ရသည်။ အနောက်ဘက်မှ ထွန်းလက်နေသော နေရောင်ကြောင့် ရွှေတိဂုံဆံတော်ရှင်၏ရွှေရောင်သည် ပြာသောနောက်ခံမိုးပြင်ဝယ် ကွန့်မြူးဝင်းပနေတတ်သည်။ ထိုစဉ်ဝယ် ဥသြသံချိုချိုကို ကြားရတတ်သေးသည်။

ဥသြသံချိုချိုထက် သာလွန်ကြည်အေးသည့် မမမေ၏အသံလေးများကို ကြားနေရသော ကျွန်တော့်အတွက် တစ်ကြိမ်က ချစ်မက်ခဲ့ရသော နွေတေးရှင်ငှက်ငယ်ကို အမှတ်ပြုရကောင်းမှန်း မသိ။

မမမေသည် စစ်မဖြစ်ခင်က ရန်ကုန်တက္ကသိုလ်တွင် ဘီအေ အောက်တန်းအထိ နေခဲ့ဖူးသည်ဆို၏။ ထို့ကြောင့် ဆရာမင်းသုဝဏ်နှင့် ဆရာဇော်ဂျီ၏ ကဗျာလှလှကလေးများကို ရွတ်ဆိုပြတတ်သည်။ ကျွန်တော်က ဆရာမြကေတုနှင့် ခင်လေးမောင်တို့၏ ကဗျာများကို ပြန်ရွတ်ဆိုပြသောအခါ မမမေ အံ့သြရသည်။

"မောင် ဘယ်အတန်းထိ စာသင်ခဲ့ဖူးလဲ"

"ကျွန်တော် ရှစ်တန်းအထိ သင်ခဲ့ဖူးတယ်။ ဘာပြုလို့လဲ မမမေ"

"သြော်…ရှစ်တန်းအထိပဲလား။ ဒါပေမယ့် ငါ့မောင်က တက္ကသိုလ် ခေတ်ဆန်းကဗျာတွေကို ရွတ်ပြနိုင်လို့ မမမေ အံ့သြသွားတာပါ"

ကျွန်တော်က ငိုင်သွားမိသည်။ ကျွန်တော့်ဖခင်ကို သွားသတိရမိသောကြောင့် ဖြစ်သည်။ ကျွန်တော် ငိုင်မှန်း ရိပ်မိသောအခါ မမမေက ပျာပျာလေး မေးသည်။

"ဟော မျက်နှာ ညှိုးသွားပြန်ပြီ၊ ဘာဖြစ်လို့လဲ"

"ဖေဖေ့ကို သွားသတိရလို့ပါ။ ဖေဖေက သူ့ကောလိပ်မှာရှိတဲ့ နှစ်တွေကစပြီး နောက်ဆုံးအချိန်ထိ ထုတ်ခဲ့တဲ့ တက္ကသိုလ်မဂ္ဂဇင်းတွေ သိမ်းထားတယ်လေ။ ပြီးတော့ ခေတ်ဆန်းကဗျာတွေနဲ့လည်း ကျွန်တော့်ကို မိတ်ဖွဲ့ပေးတယ်။ နောက် တက္ကသိုလ်ကျောင်းကြီးပုံကိုပြပြီး တစ်နေ့မှာ အဲဒီကို ကျွန်တော် ရောက်ရမယ်တဲ့။ အခုအတိုင်းဆိုတော့ တက္ကသိုလ်ဆိုတာကို ကျွန်တော် မမှန်းရဲတော့ပါဘူး"

မမမေက အားပေးပြုံးဖြင့် ကျွန်တော့်ကို နှစ်သိမ့်သည်။

"ဘာလို့ မရောက်ရမလဲကွယ်။ ခေတ်ကြီးက အမြဲဒီလိုပဲ ဆိုးနေမှာ မဟုတ်ပါဘူး။ ခေတ်ပြန်ကောင်းရင် ကျောင်းတွေပြန်ဖွင့်တော့ ငါ့မောင် လည်း တစ်နေ့ ကျောင်းပြန်တက်ရပြီး ပညာရှိဖြစ်ဦးမှာပေါ့။ ဒါထက် ငါ့မောင် ကြီးလာရင် ဘာဖြစ်ချင်လဲ"

"ကျွန်တော်ကြီးလာရင် မြဝတီမင်းကြီးလို ဂီတဆရာကြီး ဖြစ်ချင်တယ်။ နတ်သျှင်နောင်လို ကဗျာဆရာကြီး ဖြစ်ချင်တယ်"

မမမေသည် မမျှော်လင့်သော စကားကို ကြားရသည့်ပမာ အပြုံးကို ရပ်၍အံ့ဩသယောင် ကျွန်တော့်မျက်နှာကို စူးစိုက်ကြည့်သည်။ ထိုနောက်မှ အဓိပ္ပာယ်လေးနက်စွာ ဆိုသည်။

"မြဝတီမင်းကြီးတော့ ဖြစ်ပါစေကွယ်။ ငါ့မောင် နတ်သျှင်နောင် တော့ မဖြစ်ချင်ပါနဲ့"

ကျွန်တော်က မမမေကို စေ့စေ့ကြည့်၍ ပြန်မေးသည်။

"ကျွန်တော့်ကို ဘာလို့ နတ်သျှင်နောင် မဖြစ်စေချင်တာလဲ"

မမမေ၏ မျက်နှာမှာ တွေတွေကလေးဖြစ်သွားသည်။ ခဏကြာမှ ခပ်လေးလေး ဖြေသည်။

"နတ်သျှင်နောင်ရဲ့ ကဗျာတွေဟာ လှပါတယ်ကွယ်။ ဒါပေမဲ့ သူ့ဘဝအကြောင်းကိုတော့ မောင်လေးဖတ်ဖူးတယ် မဟုတ်လား"

"ကျွန်တော် ဖတ်ဖူးပါတယ်"

"ဖတ်ဖူးရက်သားနဲ့ နတ်သျှင်နောင်ဖြစ်ချင်သေးသတဲ့လား။ သူ့ဘဝမှာ ဘာများသာယာတာ ရှိခဲ့လို့လဲ။ နတ်သျှင်နောင်ရဲ့ ဘဝဟာ ညအလားကွယ်"

"ဘဝဟာ ညအလားဆိုတာ ဘာကိုပြောတာလဲ မမမေ၊ ကျွန်တော် တော့ ညကိုချစ်တယ်။ ညမှာဆိုရင် လရောင်က ဝင်းတတ်ပြီး ကြယ်တွေက

http://www.cherrythitsar.org



လက်နေလေ့ရှိတယ်။ အဲဒီကြယ်တွေ လတွေကိုကြည့်ပြီး နတ်သျှင်နောင်လို ကာရန်တွေရှာလို့ "သိကြားတမျှ ပြိုင်လာသလည်း၊ သော်တာ့ရောင်တွင်၊ ကြယ်နှယ်ထင်ဟု၊ သခင်ကကို၊ များမိန့်ဆိုလိမ့် စတဲ့ ကဗျာမျိုးလေးတွေ စပ်ချင်တယ်။ တစ်ခုတော့ရှိတယ်လေ။ နတ်သျှင်နောင်လို ဖွဲ့ဆိုစရာ ကျွန်တော့်မှာ သခင်မရှိသေးဘူး"

ဤအကြိမ်တွင်မူမမမေသည် အတန်လေးကြာစွာ ပိုငိုင်သွား၏။ မှတ်ချက်ချသော အခါမှာမူ အသံမှာ လေးနက်နေ၏။

"ဓာတုကလျာကို သခင်မျိုးတော့ ငါ့မောင် မရပါစေနဲ့လို့ မမဆုတောင်းတယ်။ ဘာပြုလို့လဲဆိုတော့ ဒီသခင်အတွက် နတ်သျှင်နောင်ခမျာ ပျော်စရာများ ဘာတွေ့သွားလို့လဲ"

"နယ်သျှင်နောင်ရဲ့ ဘဝဟာ မသာယာဘူး။ ပျော်စရာမရှိဘူးလို့ မမမေပြောတာ နှစ်ခါရှိပြီ ပျော်စရာတို့ သာယာတာတို့ဆိုတာ ဘာတွေမို့လို့လဲ မမမေရယ်၊ နတ်သျှင်နောင်ဟာ ဓာတုကလျာနဲ့ ဝေးနေရတယ်။ ဒါပေမယ့် သူ့အသဲနှလုံးမှာတော့ ဓာတုကလျာဟာ အမြဲရှိနေမှာပဲ။ မချစ်တဲ့သူကို နေ့စဉ်မျက်စိအောက်မှာ မြင်နေရတာထက် ချစ်သောသူကို ဘယ်လောက်အဝေးမှာရှိရှိ အသဲနှလုံးမှာ ပိုင်သိမ်းထားနိုင်တဲ့ဘဝက ပိုပျော်ဖို့ကောင်းပါတယ်။ ဓာတုကလျာနဲ့ နတ်သျှင်နောင်ဟာ ခဏသာ ပေါင်းရတယ်လို့ ကျွန်တော်လည်းကြားဖူးတယ်။ ဒါပေမယ့် ချစ်သူနဲ့ ခဏနေရစဉ်အတွင်းမှာ သူ့အတွက်တော့ တဘဝဖြေစရာ ပျော်ရွှင်ခြင်းတွေ ရချင်ရခဲ့မှာပေါ့"

မမမေသည် နက်မှောင်သော သူ့မျက်ခုံးကလေးကိုပင့်၍ ကျွန်တော့် အား အံ့ဩမဆုံးဟန် ပြုံးလဲ့လဲ့ကြည့်သည်။

"မောင်က နတ်သျှင်နောင်ဘဝကို သိပ်အားကျနေသလား"

http://www.cherrythitsar.org



"အားကျတယ်ရယ်တော့ မဟုတ်ပါဘူးလေ၊ ဒါပေမယ့် ခုနင်က မမမေပြောသလို နတ်သျှင်နောင်ရဲ့ ဘဝဟာ ညအလားလို့ပဲ ထားပါစို့၊ အဲဒီညဟာတော့ အင်မတန် ချစ်မက်ဖွယ်ကောင်းတဲ့ ညဖြစ်မှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ချစ်တယ်ဆိုတာကိုလည်း တစ်ခါမှမခံစားရဘူးပဲ။ ချစ်သူဆိုတာလည်း မရှိဘူးတဲ့ နေမင်းရဲ့ အလင်းရောင်မှာ ကျင်လည်လှုပ်ရှားနေရတဲ့ လူနဲ့စာရင် ရှိခဲ့ဖူးတဲ့ ချစ်သူကိုမှန်းပြီး လွမ်းအိပ်မက်ကလေးတွေ မက်နေရတဲ့ ညကာလရဲ့ လူ့ဘဝဟာ ပိုပြီးအဓိပ္ပာယ်ရှိတယ်လို့ ကျွန်တော် ထင်တယ်"

ဤတစ်ကြိမ်တွင်မူ မမမေထံမှ ငွေဆည်းလည်းသံပမာ သာသာယာယာ နှစ်နှစ်ခြိုက်ခြိုက် ရယ်မောသံကို ကြားရ၏။

"မမမေ ဘာရယ်တာလဲ"

"ဩော်... မောင်က ကဗျာဆရာ ဖြစ်ချင်တယ်လို့ပြောတယ်။ ဒါပေမယ့် အခုကတည်းက ကဗျာဆရာကြီးဖြစ်နေပါရော့လား"

"ကျွန်တော် တကယ် ကဗျာဆရာ ပြစ်နေပြီလား မမမေ"

"ကိုယ်ပြောခဲ့တဲ့ စကားတွေလည်း ပြန်စဉ်းစားအုံးလေ၊ ဒါ ကဗျာဆရာ့ စကားတွေ"

"မမမေ အမှန်အတိုင်း ချီးမွမ်းတယ်ဆိုရင်တော့ ကျွန်တော် ဝမ်းသာရမှာပဲ။ ဟုတ်တယ် ကျွန်တော် ၁၄ နှစ်သားကတည်းက ဖေဖေ သင်ပြလို့ ကိုးခန်းပျို့လည်း တက်ဖူးတယ်။ သူဇာပျို့လည်း ဖတ်ဖူးတယ်။ အောင်မြေသာစံတို့၊ ရွှေရင်ဘောင်၊ ငွေရင်ဘောင်တို့လည်း ပီယာနိုးနဲ့ တီးတတ်တယ်၊ အခုလည်း သွားလေရာ စာအုပ်တစ်အုပ်နဲ့ ကဗျာစပ်တာပဲ"

"မောင်က ကဗျာတွေ စပ်နေတယ်၊ ဘာတွေ စပ်နေလဲ"

"ကျွန်တော့် ကဗျာတွေကို မမမေကိုပြချင်သား၊ ဒါပေမဲ့ ကျွန်တော့်

http://www.cherrythitsar.org



ကဗျာစာအုပ်က ထန်းတပင်မှာ ကျန်ရစ်ခဲ့တယ်။ ဒါပေမဲ့လေ ကျွန်တော် ဒီကနေ မမမေတို့နဲ့ ခွဲသွားပြီးရင် အင်မတန်လှတဲ့ ကဗျာလေးတွေ စပ်မိမှာပဲ၊ အခွင့်သင့်ရင် မမမေဆီ ကျွန်တော်ပို့ပေးမယ်”

“မောင့်ကဗျာတွေကို မမမေဖတ်ချင်ပါတယ်ကွယ်၊ ပို့ပေးစမ်းပါ၊ ဒါပေမဲ့ နယ်သျှင်နောင်လို ကဗျာမျိုးတွေတော့ မမမေ မဖတ်ချင်ဘူး”

ကျွန်တော်ကလည်း လေးနက်ရှိသေစွာ ပြန်ဖြေခဲ့ရပါ၏။

“ကျွန်တော်လည်း နတ်သျှင်နောင်လို ကဗျာမျိုးတွေ မဖွဲ့ချင်ပါဘူး မမမေ မဖွဲ့ပါရစေနဲ့လို့လည်း ဆုတောင်းတယ်”

ထိုညနေ၌ မမမေနှင့် ကျွန်တော့်စကားသည် ထိုတွင် ပြတ်သွားသည်။

မြူမှိုင်း၍ မှောင်ရီပျိုးသော ညချမ်းစတွင် လယ်ကွင်းဆီမှအိမ်သို့ ပြန်လျှောက်လာကြစဉ် နှစ်ဦးသား စကားမဆိုမိကြ။ ဘာကြောင့် မဆိုမိကြမှန်းလည်း မသိ။

ကျွန်တော် ကျန်းမာရေးကောင်းမွန်ပြီးနောက်၊ ညောင်ဝိုင်းရွာ၌ အမြဲမနေရ။ ကျွန်တော်တို့ရွာတဝိုက်တွင် ဘေးအန္တရာယ်ကင်းသည်ဆိုသော်လည်း လှိုင်မြစ်၏ အခြားဒေသတဝိုက်တို့၌ ဂျပန်ရန် မကင်းသေး။ တပ်ကြီး တပ်မများတို့မှ မဟုတ် ဟိုတစု သည်တစု ကွဲလာကြသော ဂျပန်များဖြစ်သည်။ ဂျပန်လာသည်ဟု သတင်းရလျှင် ကျွန်တော်တို့က လိုက်ရသည်။ တိုက်ပွဲဖြစ်သည့်အခါလည်းဖြစ်သည်။ လွဲသည့်အခါလည်း လွဲသည်။ မည်သို့ဖြစ်စေ ရွာမှတစ်ခါခွာလျှင် အနည်းဆုံး သုံးရက်ခန့် ကြာသည်။

ရှေးယခင်အခါများကမူ တပ်စခန်းမှ ကျွန်တော် လွမ်းစရာဆို၍ ပြည်နိဗ္ဗိန္ဒတောင်တန်းတွင် ကျန်ရစ်သော မေမေသာရှိပါသည်။ ယခုမူ

http://www.cherrythitsar.org



တစ်ယောက်တိုးလာခဲ့ပြီတကား၊ တစ်ယောက်ထိုးလာခဲ့ပြီတကား။

ရွှေပြည်တောင်ငူ၊ နန်းမြင့်သူကို၊ တယူဆိုတမ်း၊ မေတ္တာ
မွမ်း၍၊ စစ်လမ်းမြေတာ၊ ချီလေရာဝယ်၊ နီလာရိုးရဲ၊ ရွှေခဲတချို၊
ညိုညိုလူလူ၊ အူရရှုလျှင်၊ မဥ္ဇူပင်လုံး ပွင့်ရောင်ဖုံးသည်။

ဟူသော နတ်သျှင်နောင်၏စာပမာ ကျွန်တော်တို့ ချီလေရာ ရေပန်းမြစ်ဆိပ် တောတန်းရိပ်တို့တွင် နွေ၏ပန်းပင်ပန်းပွင့်တို့ကို တွေ့ရတတ်သည်။ ထိုအခါများတွင်

ပိတောက်လျှံခဲ၊ ပုလဲငုံသွယ်၊ အလှယ်လှယ်တည့်၊ စံပယ်ဖြူမွှေး၊
စကားသေးကို၊ မြတ်လေးစုံမက်၊ ကျွန်ုပ်လက်ဖြင့်၊ ရွေးလျက်ရွရွ…

ဟူသကဲ့သို့ ကျွန်တော်က ရရာလှရာ ပန်းတို့ကို ရွာအပြန်တွင် ခူးခဲ့စမြဲဖြစ်၏။ ကျွန်တော်၏ ရဲဘော်သန်းထွဋ်ကြီးတို့က–

“ပိတောက်တွေ ရွှေရည်လူးခဲ့ပေါ့လေ ပုလဲငုံစပယ်ဖြူ ဖူးခိုက်ဝေဝေ၊ ပန်းမျိုးစုံ ရာသီကူးခဲ့ပေါ့လေ၊ ချစ်သူကို ရည်စူး ခူးတဲ့လို့ရွှေ”ဟု (နတ်သျှင်နောင်)စစ်သားကြိုက်သီချင်းဖြင့် စတတ်၏။ ကျွန်တော်က သူတို့ စောင်းချိတ်နေသည်ကို မသိယောင်ဆောင်နေသောအခါ ပြောင်မေးကြသည်။

“ဟော့ကောင် ချာတိတ်အပါ၊ မင်းမမထားကြီးနဲ့ မင်းနဲ့ စွံနေပလား”

“တော်စမ်းပါဗျာ ဘယ်က မမထားရမှာလဲ”

“လက်ပူးလက်ကြပ်မိနေတာကို ဂျပန်မဟုတ်ပါဘူး၊ တရုတ်ဆို ရွှေသွားဖြဲပြနေပြန်ပြီ။ မင်းလက်ထဲကပန်းတွေက ဘယ်သူ့ဖို့လဲ“

“ပေးရမဲ့လူ ရှိလို့ပေါ့ဗျ”

“အေးလေ မမထားဖို့ မဟုတ်လား”

"မဟုတ်ပါဘူး၊ မမမေဖို့ပါ"

"တယ်၊ အဲဒီမမမေကို မမထားလို့ပြောနေတာပေါ့ကွ"

"ဒါထက် ကိုယ့်လူ ဟီး ဟီး ကိုယ့်လူတို့ တော်တော် ခရီးရောက်နေကြပလား။ ရဲဘော်ချင်းကွာ သတင်းကောင်းလေး ဘာလေးရှိရင် အရင်ပေးစမ်းပါ။ စစ်ထဲနေရတာ ဆိပ်သုဉ်းလွန်းလို့ ကိုယ်မစွံတောင် သူများစွံရင် တယ်အရသာရှိတယ်"

"ဒါတော့ မနှောက်ပါနဲ့ ရဲဘော်ရာ၊ တောင်းပန်ပါတယ်။ ကျွန်တော်က ရိုးရိုးပါ"

"အေးလေ တို့စစ်သားဆိုတာ မင်းလည်းရိုးရိုးပဲ၊ ငါလည်းရိုးရိုးပဲ၊ မုန်းရင်လည်း ရိုးရိုးပဲ၊ ချစ်ရင်လည်းရိုးရိုးပဲ၊ အဲ အဲဒီတော့ မင်းတို့ရိုးရိုးလေးများ ချစ်နေကြပလား"

ကျွန်တော်သည် သန်းထွန်းကြီးကို ပြန်မဖြေ၊ ဖြေလို့လည်း လွတ်မည်မဟုတ်၊ အသာသာ ရယ်မောပစ်လိုက်ရသည်။

ကျွန်တော် ရွာပြန်ရောက်၍ ညနေခင်း လယ်ကွင်းတို့၌ လမ်းလျှောက်ပြီဆိုရင် ကျွန်တော်ခူးခဲ့သော ပန်းတို့ဖြင့် မမမေ၏ ခေါင်းထက်ဝယ် ထိန်ဝေနေတတ်သည်။ ထိုအခါညနေသည်လည်း ပို၍ ထိန်ဝေသည်ဟု ကျွန်တော် ထင်မိသည်။ ကျွန်တော် အမှန်ထင်မိသည်။

မမမေနှင့် တွေ့ရသဖြင့် ကျွန်တော့်အသဲနှလုံးသာ နိုးကြားလာသည် မဟုတ်၊ အသိဉာဏ်တွေပါ တိုးတက်လာခဲ့ကြောင်း ဝန်ခံရပါမည်။

ရှေးယခင်ကမူ ကျွန်တော်သည် ဘဝကို လေးလေးနက်နက် မရှုမြင်ဘူးသေး။ စစ်ဖြစ်သည်မှာ ဝန်ရိုးတန်းနိုင်ငံတို့နှင့် မဟာမိတ်တို့ မသင့်၍ ထတိုက်ကြသည်ဟုသာ နားလည်သည်။ မမမေက ကမ္ဘာစစ်၏ အခြေခံဖြစ်သော အရင်းရှင်နယ်ချဲ့စနစ်နှင့် အရင်းရှင်နယ်ချဲ့စနစ်၏

http://www.cherrythitsar.org



အရင်းအမြစ်ဖြစ်သော ဘောဂဗေဒလူတန်းစား ကွဲပြားဆန့်ကျင်မှုသဘောကို ရှင်းပြသည်။

ယခင်က ကျွန်တော်သည်ဖခင်အတွက် လက်စားချေလို၍ ဂျပန်ကို တိုက်သည်။ ဤထက် ပိုမြင့်သောယုံကြည်မှု ကျွန်တော်၌မရှိ။ မမမေက လူနှင့်မှု သဘောကို ပထမဦးစွာ ကျွန်တော့်ကို သိစေသည်။ တစ်ဦး တစ်ယောက်ဆိုးသည်ကို သိမြင်ရေးထက် စနစ်တစ်ရပ်မှားယွင်းသည်ကို နားလည်သင့်ကြောင်း ဖွင့်ဆိုသည်။

တဖန် ဂျပန်တော်လှန်ရေးကို ကျွန်တော်က အဆုံးသတ်တော်လှန် ရေးဟု မြင်သည်။ တော်လှန်ရေးပြီးလျှင် လွတ်လပ်ရေးရမည်။ လွတ်လပ်ရေး ပြီးလျှင် သာယာအေးချမ်းခြင်းသည် အလိုအလျောက် ရလာမည်ဟု ထင်သည်။ မမမေက သမိုင်းအကြောင်း ကျွန်တော့်ကို ပြောပြသည်။ သမိုင်းဆိုသည်မှာ လှေကားထစ်ပမာ အဆင့်ဆင့် ဆက်နေသော သဘော ဖြစ်၏။ တော်လှန်ရေးဆိုသည်မှာလည်း ကွင်းဆက်ပမာသာ ဖြစ်သည်။ မပြီးဆုံးသေး၍ အဆင့်ဆင့် ဆက်ရဦးမည့် မြန်မာ့တော်လှန်ရေး အလား အလာကို ခန့်မှန်းတွက်ဆပြသည်။

အမှန်ကို ဝန်ခံရလျှင် ကျွန်တော့်ဘဝ၌ နှစ်ကြိမ်သော ဖွားမြင်မှုကို ကြုံခဲ့ရပါ၏။ ကျွန်တော့်မေမေသည် ကျွန်တော့်အား ဤလောကသို့ရောက် အောင် ဖွားမြင်ပေး၍ မမမေက လူလားမြောက်အောင် အသစ်တဖန် ဖွားမြင်ပေးပြန်ပါ၏၊

မမမေကျေးဇူးကြောင့် ကျွန်တော်သည် အသစ်ဖြစ်သော လူသား အဖြစ် အသိဉာဏ်ဖြင့် နိုးကြားခဲ့ရပါ၏။ ခက်သည်မှာ မမမေကြောင့် ကျွန်တော့်အသိဉာဏ်သာ နိုးကြားခဲ့သည်မဟုတ်၊ နှလုံးသားပါ နိုးကြားခဲ့ရ သည်။

http://www.cherrythitsar.org



မည်သို့ဖြစ်စေ၊ မမမေနှင့် စတင်ကြုံတွေ့ခဲ့ရသော အချိန်ကာလများသည် ကျွန်တော့်အတွက် ဆန်းစပြုသော ကမ္ဘာဦးမည်ပါ၏။ ကိုယ်ပိုင်ကမ္ဘာဦးမည်ပါ၏။ ဤကိုယ်ပိုင်ကမ္ဘာဦးဝယ်၊ မမမေသည် တန်ဆောင်မှူးအဖြစ် ထာဝရရပ်တည် ကျန်ရစ်တော့မည်။

သို့ရာတွင် ကမ္ဘာဦး အိပ်မက်ဘုံပမာ သာယာသော ဤရွာတွင် ကျွန်တော် ကြာရှည်မနေနိုင်။

သြော် အိပ်မက်ဆိုသည်မှာလည်း သာနိုးပျော်ဖွယ်ဖြစ်၍ မည်မျှဆက်မက်စေချင်ဦး အရဏ်တက်အလင်းရောက်၍ တမိုးသောက်သော် လန့်နိုးရပြီး နေ့ကာလ၏ ခက်မာသော အမှန်တရားကို ရင်ဆိုင်ရစမြဲဖြစ်သည်။

ဤနယ်တဝိုက်၌ တာဝန်ကုန်ခဲ့ပြီ ဖြစ်သဖြင့် ကျွန်တော်တို့တပ်သည် တွံတေးဘက်သို့ ရွှေ့ရမည်။

မြန်မာပြည်အတွင်းသို့ မဟာမိတ်တပ်များ ချဉ်းနင်းဝင်ရောက်ခဲ့ပြီဆိုသော သတင်းများကို ကြားရသည်။ ဝင်လာသော မဟာမိတ်တို့သည် မြန်မာပြည်ကို လွတ်လပ်ရေးပေးမည် မပေးမည် မသိ။

ကျွန်တော်တို့မြန်မာ့တပ်မတော်များကိုလည်း ရန်သူပမာ ဆက်ဆံမည်လော၊ မိတ်ဆွေပမာ ဆက်ဆံမည်လော။ မသဲကွဲသေး။ ကျွန်တော်တို့မြစ်ဝကျွန်းပေါ်တိုင်းမှ တပ်မှူးတပ်သားများမှာမူ ပြတ်သားကြပါ၏။ လွတ်လပ်ရေးမရသမျှ လက်နက်ကို မချ၊ ဤလမ်းစဉ်၏ သေနင်္ဗျူဟာအရ ကျွန်တော်တို့တပ်များသည်တွံတေးကို နယ်နိမိတ်ပြု၍ အောက်မြစ်ဝကျွန်းပေါ်ပိုင်းသို့ စုကြရသည်။

ရေပြည့်သော ချောင်း ဒီရေသည် ပြန်ကျလုနီးပြီ။ ဒီရေအကျညအမှောင်တွင် ကျွန်တော်တို့လှေများဖြင့် ထွက်ခွာရမည်။

http://www.cherrythitsar.org



မမမေနှင့် ကျွန်တော်သည် ချောင်းကမ်းပါးပျဉ်ပြားတံတားထက်တွင် မတုန်မလှုပ် အတူထိုင်နေကြသည်။ ချောင်းရေတိုးသဖြင့် အဖျားငိုက်စိုက်ကျနေသော ခနိပင်တို့သည် စိတ်ပျက်စွာ ခေါင်းခါရမ်းသကဲ့သို့ ရှိနေ၏။ ခနိပင်ပမာ ကျွန်တော့်ဦးငိုက်၍ ခေါင်းခါချင်ပါသည်။ သို့ရာတွင် ဦးငိုက်၍ ခေါင်းခါခြင်းသည် ပြည့်ဝန်ထမ်းသော စစ်သားတို့လုပ်ငန်းမဟုတ်။

ကျွန်တော်က အားတင်းပြုံးကာ မမမေကလည်း ဟန်ဆောင်ပြုံး၍ ကျွန်တော့်အား ကျန်းမာရေးဂရုစိုက်ရန် ရတနာသုံးပါး အနန္တငါးပါးကို အစဉ်ဂရုစိုက်ရန် မှာကြားနေသည်။ သို့ရာတွင် ဤစကားတို့မှာ အသည်းနှလုံးမှလာသော စကားများမဟုတ်။

မမမေ၏ အသည်းနှလုံးကို တစ်ဝက်တစ်ပျက် လှစ်ပြသောစကားသည် ဒီရေကျ၍ လှေထွက်ခါနီး ကျွန်တော့်နှုတ်ဆက်မှ ပေါ်လာသည်။

"ခါတိုင်းဒီရေကျတာကို မမမေ ဘာလို့မှန်းမသိဘူး၊ ပျော်ပျော်ရွှင်ရွှင် ကြည့်ခဲ့ဖူးတယ်။ ဒါပေမဲ့ နောက်ကို ဒီရေကျတာ မမမေကြည့်ရဲတော့မှာ မဟုတ်ဘူး"

ကျွန်တော့်ရင်မှာ ဆို့သွားသည်။ ဟစ်လို့သာ ငိုလိုက်ချင်၏။ သို့တစေ မျက်ရည်ဝိုင်းသော မမမေ၏ မျက်လုံးများကို မြင်ရသောအခါ ကျွန်တော်က အားယူပြုံး၍ နှလုံးသားမာလေဟန် စကားဆိုရသည်။

"ဒီရေဆိုတာ အစဉ်ကျမနေပါဘူး မမမေ၊ ပြန်တက်တဲ့ကာလလည်း ရှိဦးမှာပါ၊ ဒီလိုပဲ ဘဝသံသရာဆိုတာ စက်ဝိုင်းပမာမို့ ကွဲချိန်သင့်လို့ ခွဲကြရသလို ဆုံချိန်သင့်ရင်တော့ ပြန်ကြုံတွေ့ကြရဦးမှာပါ။ မမမေကို ကျွန်တော် မမေ့ဘူး"

ကျွန်တော့်အသံများ မတုန်ရင်မီ ဝဲသော ကျွန်တော့်မျက်ရည်တို့ကို မမမေ မတွေ့မီ ကျွန်တော်သည် ချာခနဲလှည့်၍ လှေပေါ်သို့ တက်ခဲ့သည်။

မမမေ၏ သဲ့သဲ့ကတိပေးသံကိုမူ ကျောခိုင်းလျက်နှင့် ကျွန်တော်ကြားခဲ့ရပါ၏။

“မောင့်ကိုလည်း မမမေ၊ မမေ့ပါဘူးကွယ်”

လှေထွက်သောအခါ ကျွန်တော်သည် နောက်ပြန်လှည့်၍ လက်ပြမိသည်။ ကြယ်ရောင်လရောင်အောက် တံတားဦးထက်တွင် ဖြူဝင်းညက်ပြာသော ကျော့ရှင်းသည့် မမမေ၏ သဏ္ဌာန်သည် ကျောက်ရုပ်တုပမာ လက်ပြရင်း မတုန်မလှုပ် ကျန်ရစ်သည်။

ကျဉ်းမြောင်းသော ချောင်းမှသည် ကျယ်ဝန်းသောမြစ်သို့ ကျွန်တော်တို့ ကူးဝင်လာ၏။ ကြယ်ရောင်လရောင်ကြောင့် ညမှာ မမှောင်၊ သို့သော် မလင်း။ ခါတိုင်းဆိုလျှင် အားတိုင်းနှုတ်ရွှင်နောက်ပြောင်တတ်သော ရဲဘော်သန်းထွင်ကြီးပင် ငြိမ်ချက်သားကောင်းနေသည်။

ကျွန်တော်တို့ရှေ့ရှိ မြစ်ပြင်သည် ကျယ်ဝန်းပြန့်ပြောသည်။ ခရီးဆုံး ကို လှမ်းကြို၍ ဘယ်မမြင်။

ကျွန်တော့်အတွက်လည်း ကျွန်တော့်ရဲဘော်တို့နှင့်အတူ မှုန်ရီမှိုင်းသော အတိတ်ကာလ ကမ်းမှ ခွာ၍ ကျယ်ဝန်းပြန့်ပြောသည့် အနာဂတ်မြစ်ရောဆီ ချင်းနင်းစွန့်စားဝင်ခဲ့ရခြင်းသာ ဖြစ်ပါသည်။

*

# ၄

ဤဇာတ်လမ်းမှာ တော်လှန်ရေးသမိုင်း မဟုတ်ပါ။ မြန်မာ့သမိုင်းကဏ္ဍကိုလည်း ဖွင့်လှစ်ပြရန် မရည်ရွယ်ပါ။ သို့ဖြစ်သဖြင့် တွံတေးသို့ ကျွန်တော်ထွက်ခွာသွားပြီးသည့်နောက် သမိုင်းဝင် အထောက်အထားအဖြစ် ဘာတွေများ ဖြစ်ခဲ့လေသည်ဟု ဇာတ်ရှည်မျောရန် ကျွန်တော် လေကြော မရှည်လိုပါ။

အများသိခဲ့သည့်အတိုင်း မဟာမိတ်တပ်များ မြန်မာပြည်သို့ ပြန်ဝင်လာသည်။ ဟီရိုရှီးမား၌ အနုမြူဗုံးချပြီးသည်နောက် အာရှစစ်ပွဲကြီးသည် ပြီးသွားသည်။ ကန္ဒီစာချုပ်အပြီး၌ ကျွန်တော်တို့ မြန်မာ့တပ်မတော်ကိုလည်း ဖျက်သိမ်းခဲ့ရသည်။ ဗိုလ်ချုပ်အောင်ဆန်းလည်း ဖဆပလအဖွဲ့ကြီးကို ဦးစီး၍ နည်းပရိယာယ်သစ်ဖြင့် လွတ်လပ်ရေးတိုက်ပွဲကို ဆက်လက်ဆင်နွှဲနေသည်။

ကျွန်တော်သည် တပ်မှထွက်၍ ပြည်မြို့ရှိ မိခင်ထံ ပြန်ခဲ့သည်။ ပြည်သို့မပြန်ခင် ရန်ကုန်၌ မမမေကို ရှာဖြစ်အောင်ရှာခဲ့ပါသေးသည်။ သို့ရာတွင် မတွေ့။

စင်စစ်တော့လည်း မမမေနှင့် ကျွန်တော့်မှာ ရှာ၍မှ မည်သည့်အခါမျှ တွေ့မည်မဟုတ်။ တွေ့ချိန်တန်လျှင် မရှာဘဲ တွေ့ကြရမည်။ ဤသည်မှာ စကတည်းကအကွက်ချ သတ်မှတ်ပေးထားသော ကံဇာတ်ဆရာ ဒါရိုက်တာ၏ ဆန္ဒတည်း။

ဤသို့လျှင် မမမေကို အတိတ်တစ်ညဘဝကြယ်စင်အဖြစ် ရင်မှာပိုက်ထွေးရင်း ပြည်မြို့မိခင်ထံမှောက်သို့ ကျွန်တော်ပြန်ရောက်ခဲ့သည်။

ဖေဖေမရှိတော့သော်လည်း မေမေ့မိဘဘက်မှ ချမ်းသာသဖြင့် စီးပွားရေးအားဖြင့် ပူပန်ရန်မရှိပါ။ ထို့အပြင် အင်္ဂလိပ်မင်းများက သုံးနှစ်လစာလျှော်ကြေးနှင့်ကရုဏာတော်ကြေးပါ ပေးသည်မှာ သာမန်တစ်အိမ်ထောင်အတွက် တစ်သက်ထိုင်စားနိုင်ပါ၏။

တစ်ဦးတည်းသော သားတစ်ယောက် မသေမပျောက် ပြန်ရောက်လာသဖြင့် မေမေပျော်ရွှင်သည်မှာ အဆုံးအမရှိ။ သို့ရာတွင် မေမေ့ပျော်ရွှင်ခြင်းမှာ ခဏသာဖြစ်၏။ ဖေဖေဖြစ်ရသည့်ကိစ္စနှင့် ပတ်သက်၍ မေမေသည် ဖက်ဆစ်ဂျပန်များကို ခွင့်မလွှတ်နိုင်သကဲ့သို့ မြန်မာနိုင်ငံရေးသမားများကို မကြည်ဖြူ၊ သားဖြစ်သူ ကျွန်တော် ဗိုလ်ချုပ်အောင်ဆန်း၏ ဆင့်ခေါ်သံကို နာခံလျက် ပြည်သူ့ရဲဘော် ခရိုင်ခေါင်းဆောင်တစ်ဦး ဖြစ်လာသည်။ ကျောင်းလည်းတက်နေသဖြင့် ကျောင်းတွင် သမဂ္ဂဥက္ကဋ္ဌရာထူးကိုလည်း လက်ခံဆောင်ရွက်သည်။

တစ်ဦးတည်းချစ်သောသား၏ လုပ်ဆောင်ချက်များကို မေမေမကန့်ကွက်၊ သို့ရာတွင် မေမေဟက်ဟက်ပက်ပက် မပျော်လေသည်ကိုမူ ကျွန်တော် သတိထားမိသည်။

နိုင်ငံရေးတာဝန်များကလည်း ရှိသည်။ ဖေဖေမျှော်မှန်းထားသော ကောလိပ်ရောက်ရန် ဆန္ဒလည်း ရှိသဖြင့် စာကိုလည်း ကြိုးစားရသည်။

ထိုအခါ မမမေကို မမေ့သော်လည်း နေ့စဉ်သတိရနေပါသည်ဟုဆိုသော် ကျွန်တော်ညာရာ ရောက်နေမည်။

မြန်မာပြည် လွတ်လပ်ရေးရပြီးသောအခါ ကျွန်တော်သည် နိုင်ငံရေးကို လုံးဝစွန့်လွှတ်လိုက်သည်။ ကျွန်တော်အနှစ်နှစ်အလလက တပ်မက်ခဲ့သော ဂီတနှင့် ကဗျာစာပေကို ဖိလိုက်စားရင်း တက္ကသိုလ်ဝင်တန်းကို ဖြေဆိုရန် ကြိုးစားသည်။

၁၉၄၈ ခုနှစ်၌ တက္ကသိုလ်သို့ ကျွန်တော်ရောက်သောအခါ ကျွန်တော်၏ လွမ်းနောင်ဆိုသော ကလောင်နာမည်သည် ရှုမဝမဂ္ဂဇင်းတွင် အတန်အသင့် လူအသိအမှတ်ပြုသော ကလောင်နာမည်တစ်ခုဖြစ်နေပေပြီ။

တက္ကသိုလ်သို့ ရောက်သောအခါ မမမေကို ပြန်၍ ပိုမို သတိရလာသည်။ ကျွန်တော်ပင် တက္ကသိုလ်ရောက်ခဲ့ပြီဖြစ်၍ မမမေတစ်ယောက် ဘီအေအောင်ပြီး၍ မဟာဝိဇ္ဇာတန်း၌ တက်နေမည်လော၊ ကျူတာဆရာမပင် ဖြစ်နေမည်လော မပြောတတ်။ ထို့ကြောင့်ရွယ်တူသူငယ်ချင်းများက အရွယ်တော်ပျိုမြစ်သည့် မယ်သစ်လွင် ရှုတိုင်းယဉ်များအား ချစ်ရေးဆင်မေတ္တာငင်ခိုက် ကျွန်တော်က မဟာဝိဇ္ဇာတန်းသူနှင့် ကျူတာဆရာမဆိုလျှင် ရင်တခုန်ခုန်နှင့် လိုက်ငံငေးကြည့်စစ်ဆေးရသည်။

တက္ကသိုလ်၌ ဆရာမချောတို့ပေါပါဘိခြင်း။ မဟာဝိဇ္ဇာကျောင်းတော်သူကြီးများမှာလည်း ခန့်ထည်မွန်ရည်၍ ကျက်သရေရှိပါဘိခြင်း။ သို့ရာတွင် ချောသော ဆရာမများနှင့် ကျက်သရေရှိသော မဟာဝိဇ္ဇာကျောင်းတော်သူတို့ကြားတွင် ကျွန်တော်၏ ချစ်လှစွာသော မမမေကို ရှာမတွေ့။

ကျွန်တော် ဖော်ပြသကဲ့သို့ မမမေကို ရှာဖွေ၍တော့ တွေ့မည်မဟုတ်။ ကြုံဖန်၍ ဆုံရလိမ့်မည်။ ကံဇာတ်ဆရာကို ကျွန်တော်ယုံပါ၏။

ရိုးသားစွာ ဝန်ခံရလျှင်မူ ချောမောလှပသော သက်တူရွယ်တူ

http://www.cherrythitsar.org



ကျောင်းသူကလေးများနှင့် ကျွန်တော်မတပ်မက် မနီးစပ်ခဲ့သည်မဟုတ်။ တပ်လည်း တပ်မက်ပါသည် နီးစပ်လည်း နီးစပ်ခဲ့ပါသည်။ ခက်သည်မှာ သူတို့အများသည် အချစ်ကို စွန့်စားခန်းဖွင့်သော ကချေသည်ကလေးများသာ ဖြစ်ပါ၏။ သို့ရာတွင် ချစ်ခန်းကို သူတို့မပိုင်ကြ။ ဤအတွက်လည်း သူတို့ကို အပြစ်တင်ရန်မလို။ အချစ်နှင့်သစ္စာဆိုသည်မှာ ဘဝနှင့်အသည်းလွှာကို ရင်းဖူးပါမှ ယထာဘူတကျစွာ သိမြင်နိုင်သောတရားများ ဖြစ်ပါသနည်း။

ပမာဆိုလျှင် ကျွန်တော်က မိခင်ပမာ ကြင်နာသော ချစ်သူကိုရှာ၏။ ခက်သည်မှာ ဆရာပမာ ဩဇာပေးချင်သော မမချောတို့ကို ရင်ဆိုင်ခဲ့ရသည်။ သူငယ်ချင်းပမာ ဘဝကြင်ဖော်ကို ရှာသည်။ ခက်သည်မှာ မရခင်က ကြိုးဆွဲစေခိုင်းလိုသော သခင်မများကို ဖူးတွေ့ခဲ့ရသည်။

ကြာသော် သူတို့အပေါင်းကို ကျွန်တော်အမြင်ပြောင်းခဲ့သည်။ သူတို့အားလုံးကို မြေပေါ်၌ ခြေနှစ်ချောင်းဖြင့် လှုပ်ရှားသွား နေကြသော စိတ်ဝင်စားစရာ သတ္တဝါများအဖြစ်သာ အမှတ်ပြုတော့သည်။ ဤစကားသည်မှန်ပါ၏။ သူတို့ခြေနှစ်ချောင်းဖြင့် လျှောက်ဟန်သွားဟန်ကို ကြည့်ပါ။ အလွန်စိတ်ဝင်စားစရာကောင်းသည်။ ဤထက်တော့မပို။

တစ်နေ့တွင် မိုးရွာပြီး၍ တက္ကသိုလ်လောကသည် သစ်ရွှန်းနေ၏။ ကျွန်တော်က တက္ကသိုလ်ဗဟိုအဆောက်အဦး တောင်ဘက်အစွယ်၏ အပေါ်ဆုံး တတိယထပ်၌ ကျွန်တော်ရပ်နေရာအောက်တည့်တည့်၌ အလ်–စီအာ(**L.C.R**)ခေါ် အမျိုးသမီး အပန်းဖြေခန်းမရှိသည်။ ကျောင်းဆင်းချိန်ဖြစ်သဖြင့် ကားကြီး ကားငယ် အသွယ်သွယ်တို့ ဆိုက်ထားသည်။ ဟန်ရေးပြသော လုလင်ပျို လုလင်ရွယ် လုလင်ကြီး ဂုဏ်ထူးတန်းသား ဆရာပေါက်တိုလည်း ခြေချင်းလိမ်နေကြ၏။ သူကလေးများကလည်း မြေပေါ်တွင် ခြေနှစ်ချောင်းဖြင့် စိတ်ဝင်စားဖွယ်ရာ လျှောက်သွားနေ

http://www.cherrythitsar.org



ကြသည်။

စီတန်း ရပ်စောင့်နေသော ကားများအနက် အစိမ်းပုပ်ရောင် နောက်ဆုံးပေါ် ဖိုဒ်အမျိုးအစားကားကြီးတစ်စီးသည် သီးသီးခြားခြား ပေါ်လွင်နေ၏။ ကားဘေးတွင်လည်း လူတစ်ဦးသည် သီးသီးခြားခြား ပေါ်လွင်စွာ ရပ်နေ၏။ သူသည် အစိမ်းနုရောင် ဘန်ကောက်လုံချည်ကို ဝတ်ထား၏။

ထိုစဉ်က မြန်မာပြည်၌ ခေတ်မစားလှသေးသော ဟာဝေယံ ရှပ် အဝါကို ပုဆိုးအပြင်ထုတ် ဝတ်ထားသည်။ နဖူးကျယ်ကျယ် မျက်နှာ သွယ်သွယ်ဖြင့် လူချောတစ်ယောက်ဟု မခေါ်နိုင်စေ။ သားနားသော ရုပ်ရည်ရှိသည်။

အရပ်အမောင်း ကိုယ်လုံးကိုယ်ပေါက် အရွယ်အားဖြင့်လည်းခံ့ညား မွန်ရည်သည်။

အယ်–စီ–အာတွင်းမှ တောင့်တင်းဖြူဝင်းဖြောင့်စင်းသော မိန်းမပျို တစ်ဦးနှင့် ငယ်ရွယ်နုနယ်သော မယ်သစ်လွင်တစ်ဦးတို့ ထွက်လာ၍ ကားဆီသို့ လျှောက်သွားကြသည်။

ကျွန်တော့်ဘေးမှ ကံညွန့်ဆိုသော ကျောင်းသားက မှတ်ချက်ချ သည်။

"အလဲ...တင်ဆွေဦးတို့ ဒီနေ့ အစ်ကိုကကိုယ်တိုင် လာကြိုတော့ ယောင်းမလောင်းပါ ပါလာတယ်ဟေ့"

ကံညွန့်သည် မိန်းကလေးတိုင်း နာမည်ကိုသိ၍ အသက်အရွယ် အဖေအမေ အမျိုးအနွယ်စာရင်းကို တက္ကသိုလ် မှတ်တမ်းရုံးထက်ပင် ရအောင် ကောက်ယူနိုင်သော ကျောင်းသားဖြစ်သည်။ ကျွန်တော်က သူ့အား လှမ်းမေးသည်။

http://www.cherrythitsar.org



"သေချာလှချည်လား ဘိုးကံညွန့်ရဲ၊ အဲဒါ အစ်ကို ဟုတ်ကဲ့လား၊ ကာဇင်များလားကွာ"

"ငါ့စာရင်းမှာ ကာဇင်ကို ကာဇင်အဖြစ်၊ အီစွတ်ကို အီစွတ်အဖြစ် ကြယ်ပွင့်ပြ မှတ်ထားတာကွ၊ ဘယ်တော့မှ မမှားဘူး။ ဟိုကားဘေးရပ်စောင့် နေတာက တင်ဆွေဦးအစ်ကို ဦးခင်မောင်ဦး ဝါရှင်တန် မြန်မာသံရုံးမှာ ဒုတိယအတွင်းဝန်ကွ၊ အခု သူ ခဏ ပြန်လာတယ်ထင်တယ်"

"နို့ ဟို တခြားတစ်ယောက်ကကော"

"သြော်...ငါဖြေပြီး ပါကောလား၊ တင်ဆွေဦး ယောင်းမလောင်းလို့ ဦးခင်မောင်ဦးနဲ့ စေ့စပ်ထားတာ၊ မောင်ရင်က တီတီစီဘက်မှ ကျက်မစား ဘူးပဲကိုး၊ ဆရာမလောင်းတွေထဲမှာ အချောဆုံး ဘုရားစူစေ့ ငါ ကျောင်းသား ပြန်ဖြစ်ရင် သူ့အတန်းရောက်ချင်တယ်။ နာမည်က မသက်မေလို့ခေါ်တယ်။ ဒေါက်တာဦးသက်မောင်ရဲ့သမီး"

ကျွန်တော့်ရင်မှာ ဒိတ်ခနဲခုန်လာသည်။ ကားဆီမှ သူတို့သုံးဦးအား လှမ်းကြည့်မိသည်။

ထိုစဉ် တင်ဆွေဦးနှင့် တွဲလာသော မိန်းမပျိုသည် ကျွန်တော်ရှိရာ ဘက်သို့ လှည့်လာသဖြင့် မျက်နှာလေးကို မြင်သည်ခဏ၌-

"မမမေ မမမေ"

ကျွန်တော်သည် နှုတ်မှ ရုတ်တရက် ရေရွတ်မိသည်။ ထိတ်လန့် တကြား ဖြစ်သွားသော ကံညွန့်က လှမ်းမေး၏။

"ကိုယ့်လူ ဘာရောဂါ ဖြစ်တာလဲ"

ကျွန်တော်သည် ကံညွန့်ကို အဖက်လုပ် မဖြေဘဲ၊ အောက်ထပ်သို့ အပြေးဆင်းလာခဲ့မိသည်။

အတွင်းဝန် ဦးခင်မောင်ဦး၏ သူ့ခြံတွင်းဝယ် လှဲ့ဝင်းနေပြီဖြစ်သော

http://www.cherrythitsar.org



မမမေ ကျွန်တော့်သခင်မင်းဆီသာ ပြေးဆင်းလာခဲ့မိသည်။

မမမေ မေလလိုလှပ၍ မေမေ့လို ကြင်နာသော မမမေ။

ကျွန်တော့် မမမေဆီသာ ကျွန်တော် ပြေးဆင်းလာခဲ့သည်။

*

# ၇

အချစ်မည်သည် အဘယ်နည်း။ ဤမေးခွန်းကို ကျွန်တော် မဖြေနိုင်ပါ။ ဖြေနိုင်သည်ဆိုသူများအားလည်း မကြည်ညိုပါ။ အကြောင်းမှာ စိတ္တဇ စကြာဝဠာသည် နယ်ပယ်သတ်မှတ်ရန် ခဲယဉ်းလွန်းလှပါ၏။ ရှိသည်ဆိုသည်မှာ တစ်ကဏ္ဍ။ ရှိခြင်းကို သိသည် မသိသည်မှာ အခြား တကဏ္ဍ။ မသိသောအရာကို သိသည်ဟု ထင်မှတ်မှားခြင်းလည်းရှိသည်။ သိသောအရာကို မသိဟု ယောင်မှားတွေဝေခြင်းလည်း ရှိသည်။ ကျွန်တော် ခံစားဖူးသော အချစ်သဘောကို ဤသို့သာ နားလည်သည်။

တက္ကသိုလ်၌ မမမေကို ပြန်လည်ဆုံတွေ့ပြီးသောအခါတွင် ကျွန်တော်သည် ကျွန်တော့်ကိုယ် ကျွန်တော် ချစ်သူဟု ယုံကြည်ပါသည်။ မှန်ပါသည်။ ကျွန်တော့်က ချစ်ရသူပါ။ သို့ရာတွင် ကျွန်တော့်အချစ်ကို ကျွန်တော်သာလျှင်သိ၍ (သို့မဟုတ် ကျွန်တော်သာလျှင် မသိဆုံးဖြစ်၍) ဤအချစ်ကို အများသူငါ နားလည်ရန် ကျွန်တော်ရှင်းလင်း မပြနိုင်ပါ။

ကျွန်တော် ရိုးသားစွာဝန်ခံနိုင်သည်မှာ တစ်ချက်သာရှိသည်။ ဤအချက်မှာ ကျွန်တော်သည် ချစ်သူတစ်ဦးဖြစ်၏။ ချစ်နေသူတစ်ဦးဖြစ်၏။

http://www.cherrythitsar.org



မမမေကို ကျွန်တော် ချစ်မိသည့်အတွက် ဝမ်းနည်းရမည်လော ဝမ်းသာရမည်လော။ ဘယ်အခါကမှ ကျွန်တော်မသိခဲ့။ ဘယ်သောအခါမှလည်း သိလိမ့်မည်မဟုတ်။ လူအများလက်ခံမည် လက်မခံမည် ကျွန်တော် မပြောတတ်။ သို့ရာတွင် ကျွန်တော်ထင်မိသည်မှာ ဝမ်းနည်းခြင်း ဝမ်းသာခြင်းသည် ချစ်ခြင်းမေတ္တာနှင့် တစ်ခါတရံ သိပ်မဆိုင်လှပဟု ယူဆမိပါသည်။ ဝမ်းနည်းလျက်နှင့်လည်း ချစ်နေမိသည်။ ချစ်လျက်နှင့်လည်း ဝမ်းနည်းနေရသည်။ ဝမ်းနည်းရသဖြင့် မချစ်ဟု မငြင်းပယ်နိုင်ပါ။ ချစ်ရသဖြင့် ဝမ်းနည်းရသည်ဟုလည်း ကောက်ချက်မချလိုပါ။ ချစ်ရသဖြင့် ဝမ်းနည်းရစေဦး၊ ဝမ်းနည်းရခြင်းကို အရှုံးတရားအဖြစ် ကျွန်တော် မမြင်ပါ။

ချစ်သူအဖြစ် ရပ်တည်နိုင်ခြင်းကိုပင် ကျွန်တော် ဝမ်းသာမိသည်။ ဝမ်းသာသဖြင့် ချစ်ခြင်းကို ပိုင်ဆိုင်နေရသည်ဟုလည်း ကျွန်တော် မဆိုလိုပါ။ အကြောင်းမှာ ချစ်ခြင်းကို ပိုင်ဆိုင်ရသည်ဆိုသော စကား၏ အနက်အဓိပ္ပာယ်ကား အဘယ်နည်း။ ကျွန်တော်မသိပါ။ သိရန်လည်း မလိုဟု ယုံကြည်မိသည်။

ဤသို့လျှင် ကျွန်တော်သည် တက္ကသိုလ်၌ မမမေ၏ ချစ်သူအဖြစ် ရပ်တည်နေခဲ့ဖူးသည်။ ကျွန်တော် ရွေးချယ်သော ချစ်သူအဖြစ် ကျွန်တော့်ဘာသာ ကျွန်တော် ရပ်တည်နေသည်ကို သူတို့အသည်းနှလုံးနှင့် ဝင်ရင်းရသည့်အလား စပ်ကြားမှမနေနိုင် မထိုင်နိုင် ဝေဖန်လာသူအများလည်း ရှိကြ သေးသည်။ ဤအကြောင်းကို ကျွန်တော် အနည်းငယ် တင်ပြလိုပါသည်။

မိုးကြောင့် သစ်ရွှန်းသော ထိုတက္ကသိုလ်၏ တစ်ညနေတွင် ပြန်ဆုံတွေ့ပြီးသည်မှစ၍ ကျွန်တော်နှင့် မမမေသည် တပူးတွဲတွဲရှိခဲ့ကြသည်။

http://www.cherrythitsar.org



ထိုစဉ်အခါများက ညောင်ဝိုင်းရွာတဝိုက် လယ်ကွင်းများ၌ မမမေနှင့် ကျွန်တော်သည် ညနေစောင်းလျှင် အတူတွဲ၍ လွတ်လွတ်လပ်လပ် လမ်းလျှောက်ခဲ့ကြဖူးသည်။ ယခုလည်း ပိတောက် ကံ့ကော်မရမ်းရိပ်တို့ဖြင့် စိုလန်းတင့်တယ်သော တက္ကသိုလ်၏ညနေဆည်းရီတွင် အတူလျှောက်မိကြပြန်သည်။

တက္ကသိုလ်ဆေးရုံ၏ အရှေ့ဘက် မလှမ်းမကမ်း ပုဂံကျောင်းဆောင်ရှေ့လောက်ရှိ အတန်မြင့်နေသော တက္ကသိုလ်ရိပ်သာလမ်းပေါ်မှ အနောက်ဘက်သို့ မျှော်ကြည့်လျှင် လှိုင်မြစ် တဘက်ကမ်းရှိ ကျေးရွာများ၏ တစိတ်တဒေသကို မြင်နိုင်သည်။ လမ်းလျှောက်တိုင်း ဤနေရာရောက်လျှင် မမမေနှင့် ကျွန်တော်သည် တစ်ဦးမျက်နှာတစ်ဦး ပြန်ကြည့်ရင်း ပြုံးမိတတ်ကြသည်။

ကျွန်တော်က ဝမ်းနည်းမိသည် တစ်ချက်ရှိ၏။ လှိုင်ဖြစ်တဝိုက်တွင် နေကြစဉ်က တောတခွင်ဝယ် ပန်းရိုင်းရိုင်းတို့ ပွင့်နေတတ်သည်။ ဤပန်းရိုင်းတို့ကို ကိုယ်တိုင်ခူး၍ မမမေ၏ကေသီဦးတွင် ပန်ပေးပိုင်ခွင့် ကျွန်တော့်၌ ရှိခဲ့သည်။

ယခု တက္ကသိုလ်နယ်မြေ၌ ပန်းရိုင်းများမရှိ။ ပန်းအယဉ်များမူ ရှိပါ၏။ သို့ရာတွင် ပန်းအယဉ်ကို ပန်းချစ်သူတိုင်း ခူးခွင့်မရ။

မမမေ၏ ကေသီဦးထက် ပန်းယဉ်အလှအဖူးကို ဆင်မြန်းပေးပိုင်ခွင့်လည်း ကျွန်တော့်၌ မရှိတော့။ ဤအခွင့်ကို ပိုင်ဆိုင်သူမှာ ဦးခင်မောင်ဦးသာ ဖြစ်ပါသည်။

ဦးခင်မောင်ဦးသည် မြန်မာပြည်၌ တစ်လကျော်ကျော်နေသွားသည်။ ထိုအတောအတွင်း သူနှင့်ကျွန်တော် ခင်မင်ရင်းနှီးသော မိတ်ဆွေများ ဖြစ်ခဲ့ကြသည်။

ဦးခင်မောင်ဦး၏ မိဘများသည် အင်းယားလမ်း တစ်နေရာ၌ တိုက်ဝင်းခြံမြေဖြင့် ချမ်းသာစွာနေကြ၏။ ဤစကားသည် မှန်၏။ ချမ်းသာစွာ နေကြပါ၏။

မော်လမြိုင်ဘက်၌ ရာဘာခြံနှင့် သတ္တုတွင်းများ ရှိသဖြင့် စီးပွားရေး မှာ အထူးဖူလုံသည်၊ အိမ်ပေါ်၌ ဆင်ယင်ထားသော ပစ္စည်းများကို မဆိုထားဘိ။ အိမ်ဥပစာမြက်ခင်းမှ မြက်ခင်းတို့ပင်လျှင် နိုင်ငံခြားမှ တင်သွင်းလာသော မြက်အကောင်းစားများ ဖြစ်သည်။ ဤအိမ်ကြီး၏ ဂုဏ်ထူးဝိသေသကို ကျွန်တော်ရှေ့ဆက်မချဲ့လိုပါ။ သို့ရာတွင် ကျွန်တော် အထူးပြုပြောလိုသော ပစ္စည်းတစ်ခုမှု အိမ်၏ဧည့်ခန်းဆောင်တွင်ရှိသည်။ ထိုပစ္စည်းမှာ (ရွှန်းနစ်) အမျိုးအစား ဂရင်းပီယာနို စန္ဒရားကြီးဖြစ်ပါ၏။

မမမေနှင့် ပတ်သက်၍ ဦးခင်မောင်ဦးနှင့် တင်တင်ဦးမှတဆင့် ဤအိမ်ကြီးရှင်အပေါင်းနှင့် ကျွန်တော် ခင်မင်ခဲ့သည်။ အိုင်စီအက် တစ်ယောက်၏သား ဖြစ်သဖြင့်လည်း ကျွန်တော်သည် ခမ်းနားသော ဧည့်ခန်းဆောင်နှင့် ထိုက်တန်သော ဧည့်သည်တစ်ဦး ဖြစ်ခဲ့ပါ၏။ ပီယာနိုကို ကောင်းကောင်း တီးတတ်သဖြင့်လည်း မျှော်လင့် ကြိုဆိုခြင်း ခံရသော ဧည့်ကောင်း ဆောင်ကောင်းတစ်ဦး ဖြစ်ခဲ့ရပါ၏။

မမမေသည် ဂီတကို ချစ်သည်။ သို့ရာတွင် မဖန်တီးတတ်။ ဦးခင်မောင်ဦးသည် ပီယာနို မတီးတတ်သော်လည်း ပီယာနိုစနစ်ကို နားလည်သည်။ ဂီတကို ချစ်မြတ်နိုးသည်။

တင်တင်ဦး တစ်ယောက်သာ ပီယာနို တီးတတ်သည်။ သို့ရာတွင် သင်တန်းပြဆရာ၏ လက်ကျကိုသာ တီးတတ်သဖြင့် ကျွန်တော်မကြိုက်။ ဂီတမည်သည် အသဲနှလုံး၏ စေလိုရာ သွားနိုင်ရမည့် ယာဉ်ရထားဟု ကျွန်တော် နားလည်ထားသည်။ ဟိုမူ သည်မူ ဟိုဂိုဏ်း သည်ဂိုဏ်း

ဟိုစည်း ဟိုဝါး စသည်တို့အား ကျွန်တော်က ဂီတလွတ်လပ်ခွင့်၏ ရန်သူအာဏာရှင်များသဖွယ် မြင်ပါ၏။

ထို့ကြောင့် နိုင်ငံကျော် ဂီတမိခင်ကြီးဆိုသူ၏ တပည့်ဖြစ်သော တင်တင်ဦး လက်သံကို ကျွန်တော်မကြိုက်။ တင်တင်ဦး ပီယာနိုတီးပုံမှာ လက်နှိပ်စက် စာရေးမကဲ့သို့ စနစ်ကျသည်။ ဆီကင်းသော လှည်းအီသံကဲ့သို့ နရီစည်းချက်မိသည်။ သို့ရာတွင် ပေါ်ထွက်လာသော ပီယာနိုသံသည် လက်ဖျားမှသာ လာသည်၊ အသဲနှလုံးမှ မလာ။

ကျွန်တော်ကြိုက်သည်မှာ တင်တင်ဦး၏အသံဖြစ်သည်။ အသံမှုကား သင်ပေး၍ ရပိုင်ကောင်းသော အရာမဟုတ် စည်းဝါးနရီ ဆိုနည်း ဆိုဟန် တတ်ရုံနှင့်လည်း မလုံလောက်သေး။ စည်းဝါးနရီ ဆိုနည်း ဆိုဟန် တတ်လေလေ ပင်ကိုယ်အသံ မကောင်းမှုသည် စက်ဆုပ်ဖွယ် ကောင်းလေလေဖြစ်သည်။

အနုပညာ ဖန်တီးမှု၌ ပင်ကိုယ်ရှိခြင်းနှင့် ရိုးသားဖြူစင်မှုသည် အဓိကဟု ကျွန်တော်ယုံကြည်သည်။ စည်းစနစ်နည်းနာများမှာ သင်ယူ၍ ရသည်။ စည်းစနစ် နည်းနာတတ်လွန်းလျှင်လည်း ရိုးသားဖြူစင်မှု ကင်းလာတတ်သည်။

တင်တင်ဦး၏ အသံ၌ ပင်ကိုယ်သာယာမှု ရှိသည်။ စည်းစနစ်လည်း သိတန်သမျှသိသဖြင့် အရပ်အဆိုင်း အဟန့်အနား သေသပ်ပိရိသည်။

ထို့ကြောင့် ကျွန်တော်က ပီယာနိုအမြဲတီး၍ တင်တင်ဦးက အမြဲ ဆိုရသည်။ ဆိုရသည်မှာလည်း မသက်သာလှ။ ကျွန်တော်က ပီယာနို တီးလျှင် **(Melody)** တေးသွားချည်း တီးရသည်ကို ပျင်းသည်။ ညာလက်ဖြင့် တေးသွားကို **(Fizure)** အဖြစ် ဖော်ယူတတ်ပြီး၊ ဘယ်လက်ဖြင့် မိတ်သံ **(Harmony)** ကို နောက်ခံအသိုင်းအဝိုင်း **(Cround)** အဖြစ်

ဖန်တီးတတ်သည်။ ဤတီးနည်းကို တင်တင်ဦး၏ ဂီတာဆရာများက မသင်ပေးဘူးခဲ့။ ထို့ကြောင့် ကျွန်တော်နှင့် ဆိုရတိုင်း တင်တင်ဦးခများ ပင်ပန်းရှာသည်။ ပင်ပန်းလျက်က သူက ရွှင်လန်းနေတတ်သည်။ အကြောင်းမှာ သူက ကျွန်တော့်ကို ကြည်ညိုနေသောကြောင့်တည်း။

မိန်းတစ်ယောက်၏ အကြည်ညိုခံရသော လူတစ်ယောက်သည် လောက၌ ကံအဆိုးဆုံး ဖြစ်ပါ၏။ အဘယ်ကြောင့်ဆိုသော် ယောကျ်ားသည် မိန်းမ၏ကြည်ညိုဖွယ်ရာ မဟုတ်သကဲ့သို့ မိန်းမသည် ယောကျ်ား၏ ကိုးကွယ်ရာမဟုတ်။ မည်သို့ဖြစ်စေ ကျွန်တော့်ကို တင်တင်ဦး ကြည်ညိုသဖြင့် ကျွန်တော်သည် ကံအဆိုးဆုံးသူတစ်ဦး မဖြစ်ခဲ့သည့်တိုင်အောင် စိတ်မချမ်းသာဆုံးသူတစ်ဦး ဖြစ်ခဲ့ရပါသည်။ ဤစကားကို နားလည်ရန် ကျွန်တော်နှင့် ဦးခင်မောင်ဦး၏ ဆက်ဆံရေးကို ဖော်ပြရမည်။

ဦးခင်မောင်ဦးသည် သံရုံးအရာရှိပီပီ နှုတ်နည်းသည်။ နှုတ်နည်းသော်လည်း နားလည်သိတတ်သော မျက်လုံးများရှိသည်။

သူသည် မမမေအပေါ် ကျွန်တော်မည်သို့ စေတနာရှိသည်ကို စကတည်းမှ သိသည်။ ကျွန်တော့်အပေါ် မမမေ မည်မျှ သံယောဇဉ်ကြီးသည်ကိုလည်း သူသိသည်။ မမမေအပေါ် သူမည်မျှ ချစ်သည်ကိုလည်း ကျွန်တော်သိအောင် ပြတတ်သည်။ ထို့ကြောင့် ကျွန်တော် ဦးခင်မောင်ဦးကို ကြည်ညိုသည်။ လေးစားသည်။

ကျွန်တော့်ချစ်သူကို တကယ်ချစ်လေသူ တစ်ဦးအား ကျွန်တော်က ဘာကြောင့်မုန်းရလေမည်နည်း။

သူက ကျွန်တော့်ထက် ကံကောင်းသူတစ်ဦးဖြစ်သည်။ လှဲ့ဝင်းသော ဇင်မင်းကို ပိုင်လေသူ ခြံရှင်တစ်ဦး ဖြစ်သည်။ ဇင်မင်းကို ချစ်သဖြင့် ခြံတွင်းပိုင် ဥယျာဉ်မှူးကို မုန်းမည်ဆိုသော တက္ကဗေဒကို ကျွန်တော်

နားမလည်။

သို့ဖြစ်သဖြင့် သူ(ဝါရှင်တန်)သို့ ပြန်သွားသည်အထိ ကျွန်တော်နှင့် အပြန်အလှန် လေးစားခင်မင်မှုရှိသည်။

ဒေါက်တာ ဦးသက်မောင်သည် မန္တလေး၌ ဆေးတိုက်နှင့် အခြေစိုက်နေသဖြင့် မမမေသည် တီတီစီဆရာမများ ကျောင်းဆောင်၌နေသည်။ ညနေ စောင်းလျှင် ကျွန်တော်က ကျွန်တော်နေသော ပင်းယကျောင်းဆောင်မှ မမမေဆီကို သွားသည်။ မမမေနှင့်အတူဦးခင်မောင်ဦးတို့ အိမ်သို့သွားမြဲဖြစ်၏။ ဧည့်ခန်းဆောင် ပီယာနိုဘေးဝယ် ဦးခင်မောင်ဦး မရှိတော့သော်လည်း မမမေ ကျွန်တော်နှင့် တင်တင်ဦးတို့ အမြဲဆုံတွေ့ရိုးဖြစ်သည်။

တင်တင်ဦးသည် ကျွန်တော်နှင့် ဘာသာတွဲ မတူသော်လည်း အတန်းတူဖြစ်သဖြင့် နေ့စဉ်လိုလိုကျောင်း၌ ဆုံတွေ့ရသည်။ ကျောင်း၌ သာမန်ဆုံတွေ့ရရုံမက ကျောင်း၏ ပွဲလမ်းသဘင်တို့၌ သူနှင့်ကျွန်တော်သည် ဂီတဝိုင်း၌ အမြဲတွဲခဲ့ရသည်။

ဤသို့ဆိုပြန်သော် တွဲခြင်းမှာ ပွတ်ရန် ဖြစ်၍ ပွတ်ခြင်းသည် ချစ်၍ဖြစ်သည်ဟု တထစ်ချ မှတ်ထားသော တက္ကသိုလ်ကျောင်းသားများက တင်တင်ဦးနှင့် ကျွန်တော့်ကို သမုတ်ကြပြန်သည်။

ယောကျ်ားလေးဖြစ်သူ ကျွန်တော်က မမှုပါ။ တင်တင်ဦးခမျာမှာမူ မသက်သာ။

တစ်နေ့တွင် တင်တင်ဦးနှင့် ကျွန်တော် အဓိပတိလမ်း၌ အတူတွဲ လျှောက်လာကြသည်။ ကျောင်းသားတစ်သိုက်က မသိမသာ လှမ်းနောက်ပြောင်စသည်။

တင်တင်ဦးမှာ မျက်နှာလေးရဲ၍ မျက်လွှာချကာ ခေါင်းငုံ့ရင်း ခြေလှမ်းမှားသွားရှာသည်။ ကျွန်တော်က သူ့ကို ကြည်နာစွာကြည့်မိ၏။

တင်တင်ဦးသည် ဖြူဖြူနုနုသန့်သန့်စင်စင်ဖြင့် နုထွားပျိုလွင်သော ကျောင်းသူတစ်ဦးဖြစ်သည်။ ဝတ်စားဆင်ယင်မှု ပြေပြစ်တင့်တယ်သော ကြောင့်လည်း တက္ကသိုလ်လောက၏ ထားသခင်တစ်ပါးဖြစ်သည်။ တင်တင်ဦးကို သူတို့အသည်းပလ္လင်နန်းတင် ကိုးကွယ်လိုသော ကျောင်းသား အများရှိမှန်း ကျွန်တော်သိသည်။ ကျွန်တော်နှင့် တွဲနေသဖြင့် လူထင်လွဲ၍ တင်တင်ဦးတစ်ယောက် သူရသင့်ရထိုက်သော အခွင့်အရေးများ ဆုံးရှုံးမည်ကို ကျွန်တော် ပူမိသည်။ ထို့ကြောင့်လည်း တင်တင်ဦးကို ကျွန်တော် ကြည်နာစွာ ကြည့်မိခြင်းဖြစ်သည်။

"သူတို့သိပ်ဆိုးတာပဲ ကိုလွမ်းနောင်ရယ်၊ ဘာကြောင့် အရမ်းနောက် ပြောင်ချင်ရတာလဲ"

ကျွန်တော်က သက်ပြင်းချမိ၏။

"ခက်တယ် တင်တင်ဦး ကိုလွမ်းနောင်နဲ့ တင်တင်ဦးကလည်း သူတို့အထင်လွဲအောင် တွဲမိကြတာကိုး"

တင်တင်ဦးသည် မျက်တောင်ကော့များကို လှန်ကာ မျက်လုံးကြည် များဖြင့် ကျွန်တော့်အား မကျေနပ်ဟန် မော့ကြည့်သည်။

"တင်တင်ဦးတို့တွဲတိုင်း သူတို့က အထင်လွဲရမယ်တဲ့လား"

"ဒီလိုလည်း သူတို့ကို အရမ်းအပြစ်တင်လို့ မရဘူးလေ။ ကိုလွမ်း နောင်နဲ့ တင်တင်ဦးတို့ကလည်း တွဲလည်း တွဲမိနေတာကိုး"

တင်တင်ဦး၏ သဏ္ဍာန်၌ မခံချင်မှုသည် ပို၍ ထင်ရှားလာသည်။

"တင်တင်ဦးတို့တွဲ တိုင်း သူတို့က အထင်လွဲရမှာလား"

ရုတ်တရက်သော် ကျွန်တော် ဘာပြန်ဖြေရမှန်းမသိ။ နောက်ဆုံး၌ အရိုးဆုံး စကားကိုသာ အမှန်ဆုံး အဖြေအဖြစ် ပေး၍ နှစ်သိမ့်ရသည်။

"လွဲချင်လည်း လွဲကြပေါ့ တင်တင်ဦးရယ်၊ ကိုယ်ကောင်း

ခေါင်းဘယ်မှ မရှေ့ဘူး၊ တင်တင်ဦးကို ကိုလွမ်းနောင် ညီမလေးအရင်းလို ချစ်တယ်၊ ကိုလွမ်းနောင်ကိုလည်း တင်တင်ဦးက အစ်ကိုအရင်းလို ချစ်တယ်၊ ဒါကို တင်တင်ဦးလည်း သိတယ်၊ ကိုလွမ်းနောင်လည်း သိတယ်၊ ပြီးတာပဲ မဟုတ်လား"

တင်တင်ဦးသည် ကျွန်တော့်အား ဆွေးမြေ့စွာ မော့ကြည့်သည်။ ဤမျက်လုံးများက ဘာကို ဆွေးမြေ့နေပါသနည်း။ အဖြေကို ကျွန်တော် သိသည်။ ထို့ကြောင့်လည်း စိတ်မကောင်းဖြစ်မိသည်မှာ အမှန်သာတည်း။

ကျွန်တော်တို့ နှစ်ဦးသည် စကားမပြောတော့ဘဲ ဆက်လျှောက်လာကြ၏။

နောက်ရက်များအတွင်း၌ တင်တင်ဦးသည် ကျွန်တော့်ကို တတ်နိုင်သမျှရှောင်သည်။

သူ ရှောင်မှန်း သိသဖြင့် ကျွန်တော်ကလည်း သူ့ကိုတွေ့ရန် မကြိုးစား။ သူတို့အိမ်ကိုလည်းမသွား။ မမမေထံသို့မူ ကျွန်တော် မှန်မှန် ရောက်သည်။ မမမေက တင်တင်ဦးတို့အိမ်ဘက် လျှောက်ရန်ပြောလျှင် ကျွန်တော်က ဆင်ခြေမျိုးစုံဖြင့် ငြင်းပယ်ရှောင်ကွင်း၏။

"မောင် ခုတလော ဘာကြောင့် တင်တင်ဦးတို့အိမ်ကို ရှောင်နေရတာလဲ"

"တင်တင်ဦးတို့အိမ်ကို ကျွန်တော် ရှောင်တယ်ဆိုရအောင် အစ ကတည်းက ဒီအိမ်ကို ကျွန်တော် တမင်သွားနေတာမှ မဟုတ်ဘဲ၊ မမမေနဲ့ ပတ်သက်လို့သာ ကျွန်တော် ရောက်ခဲ့ရတာ"

"အင်းလေ အခုကော ဒီအိမ်က မမမေနဲ့မပတ်သက်တော့လို့လား။ ဒီအိမ်ဟာ မမမေနဲ့ ထာဝရပတ်သက်နေမယ့် အိမ်ပဲ မောင်လွမ်းနောင်"

ကျွန်တော်သည် ကျွန်တော်ကိုယ်တိုင် မသိသော အပြုံးတစ်ရပ်ကို

http://www.cherrythitsar.org



ပြုံးမိ၏။

"ဟုတ်ပါတယ် ဒီအိမ်ဟာ မမမေနဲ့ထာဝရ ပတ်သက်ရမဲ့အိမ်ပါပဲ။ ဒါကို ကျွန်တော် သိပါတယ်။ ဒါပေမယ့် ကျွန်တော့်ဘဝက တစ်ကဏ္ဍပဲ၊ ဒီအိမ်နဲ့ ကျွန်တော်ပတ်သက်စရာ မလိုဘူး"

မမမေသည် မျက်လုံးလေးပြူး၍ မျက်မှောင်ကြုတ်ကာ မကျေနပ်ဟန် ကျွန်တော့်ကို မေးသည်။

"ဘာဖြစ်လို့လဲကွယ်၊ ဒီအိမ်သားတွေက မောင့်ကို အားလုံးခင်နေကြတာ၊ တင်တင်ဦးကဆိုရင်မောင့်ကို အတော် သံယောဇဉ်ကြီးပုံရတယ်"

ကျွန်တော်က မချိစွာ ပြုံးမိသည်။

"တင်တင်ဦး ကျွန်တော့်အပေါ် သံယောဇဉ်ကြီးတာ ကျွန်တော် သိပါတယ်၊ အဲဒီအတွက်ပဲ ကျွန်တော်စိတ်မကောင်းမိဘူး မမမေ၊ ဘာဖြစ်လို့လဲဆိုတော့ သံယောဇဉ်ဆို ဘယ်သံယောဇဉ်မှ မကောင်းဘူး၊ သံယောဇဉ်မရှိသေးသူများ မရှိတဲ့အတိုင်းပဲ နေကြစေချင်တယ်၊ ရှိကြလို့ရှိရင်လည်း သံယောဇဉ်ကြိုးကို မရှည်ခင် တိုတိုဖြတ်တာကောင်းတယ်၊ မုန်းစကိုတိုစေ၊ ချစ်စကို ရှည်စေလို့ ဆိုရိုးစကားရှိတယ်၊ တစ်ခါတလေ ကျွန်တော် တွေးမိတယ်။ ချစ်စကိုတိုနိုင်ရင် လူတွေဟာ ဒီထက် ကံကောင်းကြမလား မသိဘူး"

"ဘာပြောတယ် မောင်"

အချစ်ဆိုတာ စွန့်စားခြင်းပဲ မမမေ၊ စွန့်စားခြင်းဆိုတဲ့ အဓိပ္ပာယ်က အနာဂတ်ရလဒ်အတွက် မရေရာ မသေချာခြင်းကိုပြတယ်၊ ဒီတော့ မရေရာ မသေချာတဲ့အတွက် လူတွေကို မစွန့်စားစေလိုဘူး၊ ကျွန်တော် ဆိုလိုတာဒါပဲ"

မမမေသည် ငိုင်သွား၏။ ထို့နောက် အသာအယာရယ်၍ ကျွန်တော့်

http://www.cherrythitsar.org



လက်မောင်းကို ဆုပ်ကိုင်ရင်း ပြောသည်။

"မောင်နဲ့ မမမေတို့ ချစ်စတော့ မတိုပါစေနဲ့ကွယ်၊ ဒို့မောင်နှမရဲ့ သံယောဇဉ်ကြိုးကတော့ ရှည်ချင်သမျှ ရှည်ပါစေ၊ဟုတ်လား ကဗျာဆရာကြီးရယ်"

ကျွန်တော်က ဘာမှ ပြန်မပြော။ ရင်တွင်း၌မူ တိတ်တိတ်ခိုး ပြောမိသည်။

"မောင့်သံယောဇဉ်ကြိုးက ရှည်ပါတယ် မမမေရယ်၊ ရှည်လွန်းလို့ ကမ္ဘာကုန်ကျယ်သမျှ ဆန့်လို့မရတာကြောင့် မောင့်အသည်းနှလုံးတွေ တင်းကျပ်အောင် ရစ်ပတ်နေတာမို့ ခံရတဲ့ဒဏ်ကို မမမေ သိမှာမဟုတ်ဘူး"

*

# ၈

ဝမ်းနည်းမပြေ၊ မွေ့ရာရွှေထက်၊ ကြာခွေသော့တူ၊ မယ့်လွမ်းမူကို
ကြင်သူသက်ဝေ၊ မသိလေတည့်၊ ဖျော်ဖြေလျက်ပင်၊ မရွှင်မဆုံး၊
အုံးထက်လျှံပြည့်၊ နေရာလှည့်ရှင့်၊ မယ်တည့်နွမ်းရိ၊ ကြွေလိလိကို၊
မသိချိန်ခါ၊ သူကတာ၍ ရွာတော့သည်လည်း မိုးသိကြား။
**(ရဝေရှင်ထွေး)**

သီတင်းကျွတ် ကျောင်းပိတ်ရက်အခါ၌ ကျွန်တော်သည် ပြည်သို့ ပြန်ခဲ့သည်။ နိုင်ငံရေးမိုးလေဝသ မကောင်းစဉ်ကာလဖြစ်၍ သူပုန်လက် အောက်တကြိမ်ကျပြီးသော ပြည်မြို့မှာ ရေးယခင်အခါများလောက် မသာ ယာတော့။

ကျောင်းတက်နေတုန်းကမူ ကျောင်းပိတ်ပါစေဟု ဆုတောင်းသည်။ ကျောင်းပိတ်၍ နေရပ်ရောက်ပြန်တော့လည်း ကျောင်းကို လွမ်းနေ မိသည်။

ကျွန်တော် ပြည်၌ရှိစဉ် စာနှစ်စောင် လက်ခံရရှိ၏။ တစ်စောင်မှာ

http://www.cherrythitsar.org



မည်သူ့ထံကဟု ကျွန်တော်ဖွင့်ပြောရန် လိုမည် မထင်။

**မောင်**

မောင့်စာကို မမမေ ကောင်းစွာရတယ်။ မောင့်ထက် ဦးအောင် မမမေက အရင်စာရေးဖို့ပဲ။ ဒါပေမယ့် ဖေဖေက မကျန်းမာဘူးကွယ်။ မောင့်ကိုလည်းမေးတယ်။ ဖေဖေက မောင့်ကို သတိရတုန်းပဲ။

ကိုခင်မောင်ဦးကလည်း စာရေးတိုင်း မောင့်အကြောင်း ထည့်ရေးတယ်။ သူ့ဆီလည်း စာပြန်ပါအုံးကွယ်။ မြန်မာပြည် နိုင်ငံရေးကလည်း အမျိုးမျိုးပြောင်းနေတော့ အဝေးကနေ သူလည်း စိတ်ပူနေ ရှာတာပဲ။

တင်တင်ဦးကလည်း တိုင်တယ်၊ မောင်ဟာ ပြန်ခါနီးတောင် သူ့ကို နှုတ်ဆက်မသွားဘူးတဲ့၊ သူ့ဆီလည်း စာရေးလိုက်ပါဦးကွယ်။ ဒါထက် မောင့်စာမှာ ပါလာတဲ့ ကဗျာလေးကို မမမေ အခေါက် ခေါက်အခါခါ ဖိတ်မိတယ်။ ဘာတဲ့…အဲ။

**သစ္စာတင့်လန်း၊ သဲဦးပန်းကို**
**မနွမ်းစေရ၊ ပန်ခဲ့ပါရှင့်။**
**သောတာ့အပြင်၊ ကြယ်မမြင်သို့။**
**ဉာဏ်စင်ရှိန်မှူး၊ ဆင်းရွှေဦးကို။**
**ပျံ့ပျူးချိုစွာ၊**
**မြွက်မသာ၍…တဲ့။**

သိပ်ကောင်းတယ် မောင်။ ဒါပေမယ့် မောင့်ကဗျာက

http://www.cherrythitsar.org



နတ်သျှင်နောင် ဆန်နေတယ်။ မောင့်ကို မမမေ နတ်သျှင်နောင် မဖြစ်စေလိုဘူးကွယ်။ ဒီစကားကို မောင် နားလည်လိမ့်မယ်လို့ မမမေမျှော်လင့်မိတယ်။

မောင်ပြောဖူးတဲ့စကားကို မမမေ ပြန်သတိရမိတယ်။ သံယောဇဉ်ကြိုး မရှည်ချင်ဘူးဆိုတာလေ။ မမမေ ထင်တာတော့ မရှည်အပ်တဲ့ သံယောဇဉ်နဲ့ ရှည်အပ်တဲ့ သံယောဇဉ် နှစ်မျိုး ရှိတယ်ကွယ်။ မောင့်အတွက် မမမေထားတဲ့ သံယောဇဉ်ကတော့ ရှည်အပ်တဲ့ သံယောဇဉ်ပဲကွယ့်။

နတ်သျှင်သူ့ကြောင့်၊ တရေးမှောင့်ပြီး လုလင်ရဲ့ မျက်ရည် တကားလို့ ငြီးရမယ့် သံယောဇဉ်မျိုး မဟုတ်ဘူးကွယ့်။

မေတ္တာဆိုတာရဲ့စကား အဓိပ္ပာယ်ကို မောင် နားလည်ရင် ချစ်စကို တိုလိုတယ်ဆိုတဲ့ မောင့်ရဲ့အသည်းနာစကားကို နောက် နောင် မမမေ ထပ်မကြားပါရစေနဲ့လို့။

မောင့်

မမမေ။

မမမေဆိုလိုသည်မှာ ရှင်းပါ၏။ မမမေ၏ ရှင်းလင်းသန့်စင်သော မေတ္တာကို အစကတည်းက ကျွန်တော်သိပါသည်။ သိရက်နှင့် ဝိဘက် ကြမ္မာငင်သည်သို့ မေမမေမေတ္တာနှင့် အသွင်ခြားသော သမုဒယ တရားကို ရင်မှာ ပိုက်လေမိသည့် ကျွန်တော်သည်သာ မှားပါသည်။

အမှားကိုသိ၍ နောင်တရမည့် အချိန်တွင် ကရဏာသက်ဖွယ် အခြား စာတစ်စောင်ကို ကျွန်တော်ရသည်။

ထိုစာကမူ မရှည်။

ဝမ်းနည်းမပြေ၊ မွေ့ရာရွှေထက်၊
ကြာခွေသော့တူ၊ မယ့်လွမ်းမူကို
ကြင်သူသက်ဝေ၊ မသိလေတည့်။

အစချီသည့် ရဝေရှင်ထွေး၏ မိုးဘွဲ့ရတုလေးဖြင့် စထားသည်။ ဤရတုအောက်တွင် စာတိုတို သုံးလေးကြောင်းပါသည်။

**ကိုလွမ်းနောင်**

ကဗျာဆရာကြီးဆီ စာရေးရလို့ ကဗျာဆန်ဆန်ပဲ ရေးချင်မိတယ်။ ဒါပေမဲ့ ကဗျာမစပ်တတ်လို့ ရဝေရှင်ထွေးရဲ့ ကဗျာလေးကိုပဲ ကူးယူပြီး ထည့်လိုက်မိတယ်၊ ဒီကဗျာကို ဖတ်ပြီး ကိုလွမ်းနောင် အပျင်းပြေရင် တင်တင်ဦး ကျေနပ်ပါပြီ။

**ကိုလွမ်းနောင်ရဲ့**
**တင်တင်ဦး**

ဤစာနှစ်စောင်က ကျွန်တော့်ရင်၌ ခံစားမှုနှစ်မျိုးကိုပေးသည်။ ခံစားမှုနှစ်မျိုးမှာ အသွင်သာ ခြားသော်လည်း တရားဇစ်မြစ်မှာ အတူတူပေတည်း၊ ထိုတရားကား နောင်တတရားဖြစ်ပါ၏။

နောင်တတရားကို ရင်မှာပိုက်က ကျွန်တော်သည် တက္ကသိုလ်မြေသို့ ပြန်လည် ဆိုက်ရောက်ခဲ့ရသည်။ ကျွန်တော် ပြန်ရောက်သည်မှာ စောသဖြင့် မမမေမူ ပြန်မရောက်သေး။

ကျွန်တော်က စိတ်ကို ဒုန်းဒုန်းချ၍ တင်တင်ဦးတို့အိမ် ထွက်လာခဲ့သည်။ တင်တင်ဦးခမျာမှ ပျာပျာသလဲ ကျွန်တော့်အား ကြိုဆိုပါသည်။

ကျွန်တော်က တင်တင်ဦး၏ ဖြူဝင်းသန့်စင်သော မျက်နှာကလေး

http://www.cherrythitsar.org



ကို ငေးငေးကြည့်မိသည်။ တင်တင်ဦးကို လှသည်ဟု ကျွန်တော် အထူး ချီးမွမ်းရန် မလိုပါ။ လုလင်ပျိုတိုင်း အိပ်မက်ဝယ် မှန်းမိမည့် လွမ်းစရာ ရုပ်ရည်မျိုး ဖြစ်ပါ၏။

ခက်လှသည်မှာ ဤအလှရှင်ကို ကျွန်တော် မချစ်။ တင်တင်ဦးကို ကျွန်တော်မချစ်ဆိုသည်မှာ စင်စစ်တော့ သိပ်မမှန်ပါ။ တင်တင်ဦးကို ကျွန်တော်ချစ်ပါ၏။ သို့သော် သူ့ထက်ချစ်သူ ကျွန်တော့်မှာ ရှိနေပြီးပေပြီ။

ထိုနေ့ တစ်နေ့လယ်လုံး တင်တင်ဦးအလိုကျ ကျွန်တော် ပီယာနိုကို တီးပေးသည်။ တင်တင်ဦးကလည်း ရွှင်ရွှင်ပျပျ လိုက်ဆိုရှာသည်။

ချစ်သမျှကို နှစ်ကိုယ်သစ္စာ ရွှေယင်ပေါင် ငွေယင်ပေါင် ယမုန်နာ ကလေးအလိုလိုက်၍ အကြိုက်ကိုချည်း တီးပေးခဲ့ရသည်။ ပြန်ခါနီးမှ စကားအခွင့်သာသည်။

“ဒါထက် တင်တင်ဦး ပေးလိုက်တဲ့စာကို ကိုလွမ်းနောင်ရတယ်။ ရဝေရှင်ထွေးရဲ့ ကဗျာလေးကို ဘာကြောင့်ထည့်ပေးရတာလဲ”

တင်တင်ဦးသည် ရုတ်တရက် မဖြေဘဲပြုံးနေ၏။ ဤအပြုံး၌ ရှက်ရောင်လွှမ်းနေ၏။ ကျွန်တော်က အလိုက်သင့် ဆက်မေးရသည်။

“ရဝေရှင်ထွေးရဲ့ စာတွေကို တင်တင်ဦး ကြိုက်သလား”

“အို သိပ်ကြိုက်တာပဲ၊ ရဝေရှင်ထွေးက တော်တော် အလွမ်း သန်တယ်နော်၊ ဒါပေမဲ့ သူ့ကဗျာတွေ အားလုံးကို တင်တင်ဦးနားမလည်ဘူး၊ ဟော အတော်ဘဲ၊ ကိုလွမ်းနောင်ကို တင်တင်ဦး မေးစရာတစ်ခုရှိတယ်၊ ခဏနေဦးနော်”

တင်တင်ဦးသည် အတွင်းခန်းသို့ ပြေးဝင်သွားသည်။ မကြာမီပင် ကဗျာစာအုပ်တစ်အုပ်ကို လက်မှဆွဲ၍ ပြန်ပေါ်လာ၏။

“ဒီကဗျာကို တင်တင်ဦး နာမလည်ဘူး၊ ဖတ်ပြမယ်နော်၊

ပြီးတော့ရှင်းပြ”

တင်တင်ဦးသည် သူ၏ချိုမြမြအသံကလေးဖြင့် ရဝေရှင်ထွေး၏ ရွှေစည်းခံ ဘုရားတိုင် ရတုမှ ပထမပိုဒ်ကို ဖတ်ပြသည်။

“လျှံတက်ထွန်းဝါ၊ မြို့လက်ယာနိုက်၊ ရှုသာအံ့ဖွယ်၊ မြင့်ဖြူးသွယ်သား မိုးလယ်ထိတုံ၊ ဓာတ်မျိုးပုံသည်၊ စည်းခုံမြတ်စစ်၊ မယ့်ရှင်ချစ်၊ ကျိုးပြစ်စန၊ မည်မျှမထင်၊ ဆံပင်စုလည်း၊ ဆယ်နှစ်တည်းက၊ သိပ်သည်းမြဲမှန်၊ ဖန်ဖန်စကား၊ ဆိုသောအားဖြင့်၊ ယုံမှားမိလျှင်း၊ သက်လုံးနှင်းမျှ၊ ချွတ်ယွင်းလိုလို၊ ပျက်ရယ်ဆိုခဲ့၊ သန်ကိုစွမ်းအင်၊ အသွင်ပြလား၊ မယ့်သက်ထားသည်၊ စိတ်ပြား ကြံစည် ယိုးဘိသည်”

ရတုဆုံးသောအခါ ကျွန်တော်က မေးသည်။

“စကားလေးတွေက ရိုးပြီး အဓိပ္ပာယ်က ရှင်းသားပဲ တင်တင်ဦး ဘာကို နားမလည်တာလဲ”

“အဓိပ္ပာယ်က ရှင်းပါတယ်၊ ဒါပေမဲ့ တင်တင်ဦး စဉ်းစားလို့ မရတာတစ်ခု ရှိတယ်၊ ကျိုးပြစ်စန၊ မည်မျှမထင်၊ ဆံပင်စုလည်း၊ ဆယ်နှစ်တည်းက၊ သိပ်သည်းမြဲမှန်၊ ဖန်ဖန်စကား၊ ဆိုသောအားဖြင့် ယုံမှားမိလျှင်း၊ သက်လုံးနှင်းမျှ။ အဲဒီစကားစုပဲ၊ တင်တင်ဦး လေ့လာခဲ့သမျှ ရဝေရှင်ထွေးဟာ အသက်အတော်ကြီးမှ အနောက်ဘက်လွှန် မင်းတရားရဲ့ အင်းဝကို ရောက်တယ် မဟုတ်လား၊ ဒီတော့ အင်းဝကျမှ စပ်တဲ့ ဒီစာရဲ့ အဓိပ္ပာယ်ကို တင်တင်ဦး နားမလည်ဘူး ‘ဆံပင်စုလည်း ဆယ်နှစ်တည်းက’ သူချစ်ခဲ့တဲ့လူဟာ အင်းဝသားတော့ မဖြစ်နိုင်ဘူး၊ ဘယ်သူလဲ”

ကျွန်တော်မှာ ငိုင်ကျသွားသည်။ မဖြေနိုင်၍မဟုတ်။ တိုက်ဆိုင်လွန်းနေ၍ ဖြစ်သည်။

"ကိုလွမ်းနောင် မသိဘူးလား"

"သိပါတယ်ကွယ် သိပါတယ်"

"သိရင် တင်တင်ဦးကို ပြောပြပါလား"

ခက်ချေပြီ။ ဘာကြောင့် ရဝေရှင်ထွေးအကြောင်းကိုမှ တင်တင်ဦး မေးဘိသနည်း။ တစ်နည်းအားဖြင့် ကျွန်တော်ပြောချင်လျက်နှင့် မပြောရက်သောစကားတို့ကို ပြောခွင့်ရသဖြင့် ကံကောင်းသည် ထင်ပါ၏။

"ကိုလွမ်းနောင် ပြောပြမယ်၊ ရဝေရှင်ထွေးဟာ တောင်ငူမှာ ကြီးခဲ့တယ်၊ ဆံပင်စုလည်း ဆယ်နှစ်တည်းက သူ ချစ်ခဲ့ရသူတစ်ဦး ရှိတယ်၊ သူ့ချစ်သူကတော့ နတ်သျှင်နောင် မင်းသားပဲ"

"အို...နတ်သျှင်နောင်ကို ရဝေရှင်ထွေးက ချစ်တယ်"

"ဟုတ်တယ်၊ သိပ်ချစ်ခဲ့ရှာတယ်၊ ရဝေရှင်ထွေး ဟာလည်း ခေသူ မဟုတ်ဘူး၊ အမတ်ကြီး တစ်ဦးရဲ့ သမီးပဲ။ နတ်သျှင်နောင်ရဲ့ ရံရွေတော် အပျိုတစ်သိုက်မှာ အကြီးအမှူး လုပ်ရင်း နတ်သျှင်နောင်ကို ငယ်ငယ်တည်းက တိတ်တခိုး ချစ်ခဲ့တာပဲ။ နတ်သျှင်ကလည်း သူ့ကို နှမလေးပမာ တော်တော်အရေးပေး အလိုလိုက်ခဲ့ဟန် တူတယ်"

တင်တင်ဦးသည် ငြိမ်ငြိမ်လေး နားထောင်နေသည်။

"နတ်သျှင်နောင်က သူ့ကို နှမလေးလို သဘောထားပေမဲ့ သူက တော့တဖက်သတ်နဲ့ ဘယ်လောက်ချစ်ခဲ့ရတယ်ဆိုတာ "အစောလေ" အစချီတဲ့ အန်ချင်းမှာ ရဝေရှင်ထွေးဟာ ရင်ဖွင့်ပြခဲ့တယ်။ နားထောင်ကြည့်စမ်း...

"လက်ရုံးထွန်းပေါ်၊ ကိုယ်တော်ကျိုင်းကျိုင်း၊ တပိုင်းမြမြ၊ ဆင်းရုပနှင့်၊ သူဇာ့ငယ်ကြင် မြင်းမိုရ်ရှင်လည်း၊ သို့စဉ်မတင့်၊ တဲ့ ရှင်ထွေးရဲ့ မျက်စေ့မှာ နတ်သျှင်နောင် မင်းသားဟာ သိကြားမင်းရဲ့ အဆင်းထက်

http://www.cherrythitsar.org



တောင် သာနေတယ်လို့ မြင်ရှာတယ်။ ဘယ်လောက်များ ချစ်ခဲ့ရှာ သလဲကွယ်”

“သူ့ကို ဒီလောက်တောင် ချစ်တဲ့ ရှင်ထွေးကို နတ်သျှင်နောင်က ပြန်မချစ်ဘူးလား”

“မချစ်ဘူးတော့ ဘယ်ဟုတ်မလဲ သနားချစ်နဲ့တော့ ချစ်ချင် ချစ်မှာပေါ့၊ ဒါပေမဲ့ ခက်တာက နတ်သျှင်နောင်ဟာ သူ့မေတ္တာကို ဓာတုကလျာမှာသာ ပုံပြီး ထားမိနေပြီကွယ်”

တင်တင်ဦး၏ မျက်နှာလေးမှာ ညို့ညို့လေး ဖြစ်သွား၍ မခံချင်ဟန် ကိုလည်း ပြသည်။

“ဟင်…ဒီလိုဆိုရင် နတ်သျှင်နောင်က အသဲနှလုံးမှ ရှိရဲ့လား မသိဘူး”

ကျွန်တော်က လေးနက်စွာ ဖြေရပါ၏။

“နတ်သျှင်နောင်မှာ အသည်းနှလုံးရှိတယ်ကွယ်၊ ရှိလို့ပဲ၊ သူအခက် ကြုံခဲ့ရတယ်။ ဘာကြောင့်လည်းဆိုတော့ အသည်းနှလုံးဆိုတာမျိုးက ချစ်သူ နှစ်ဦးကို ခွဲဝေပေးလို့ ရတာမျိုး မဟုတ်ဘူး။ တစ်ယောက်သူအတွက် နှလုံးကို ပုံအပ်ပြီးပြီဆိုရင် အဲဒီတစ်ယောက်သောသူထံက ဆုလာဘ် ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဒီအသည်းနှလုံးကို သူ ပြန်မပိုင်နိုင်တော့ဘူး”

ကျွန်တော်က တင်တင်ဦးအား ဆွေးမြည့်စွာ လှမ်းကြည့်မိသည်။ ကျွန်တော့်စကားကို သူနားလည်လိမ့်မည် ထင်သည်။

သူနားလည်မည်မှာ အမှန်ဖြစ်ပါ၏။ သူတို့ မိန်းမသားများသည် နှလုံးသား၏ ဝေါဟာရကို အလွန်နားလည်တတ်သည်။

ငိုင်နေသော တင်တင်ဦးကို ကျွန်တော်က နှုတ်ဆက်သည်။ တင်တင်ဦး ကြိုတင်သိမည် မဟုတ်သော်လည်း ကျွန်တော့်အတွက်တော့

http://www.cherrythitsar.org



နောက်ဆုံး နှုတ်ဆက်ခြင်း မည်ပါ၏။

"ကိုလွမ်းနောင်သွားမယ် တင်တင်ဦး၊ တင်တင်ဦး မှတ်ထားစေချင်တာက ရဝေရှင်ထွေးလိုဘဝမျိုး ဘယ်တော့မှ မရောက်ပါစေနဲ့၊ ကိုလွမ်းနောင်လည်း ဘယ်တော့မှ နတ်သျှင်နောင်လို ဘဝမျိုး အရောက်မခံဘူး"

တင်တင်ဦးကို နှုတ်ဆက်၍ သူတို့အိမ်မှ ကျွန်တော် ထွက်လာသောအခါတွင် ဆောင်းဦး၏ နှင်းမှုန်တို့ မှိုင်းဝေနေသည်။

မိုး၌ ကြယ်စင်ကို မြင်သဖြင့် ညဆိုက်ရောက်လာပြီဖြစ်ကြောင်း ကျွန်တော် သိနားလည်မိသည်။

*

# ၉

တက္ကသိုလ်ကျောင်းတော်ကြီး ပြန်ဖွင့်ခဲ့သည်။

အောက်တိုဘာ ကျောင်းပိတ်ရက်အပြီး ကျောင်းပြန်ဖွင့်လျှင် တက္ကသိုလ်နယ်မြေသည် အသာယာအလှပဆုံးဖြစ်သည်။

တန်ဆောင်မုန်းဖြစ်သဖြင့် ဆောင်း၏နှင်းတို့သည် ကြွေဆင်း ဆိုက်ရောက်လာသည်။ နံနက်ခင်း စောစောထလျှင် နှင်းသောက်သော မြက်ခင်းတို့သည် စိမ်းလန်းနေတတ်၏။ စိမ်းလန်းသော မြက်ခင်းပြင်ထက် ခိုတွဲနေသော ပုလဲစိန်ကျောက်တို့သည် နေခြည်ပက်လျှင် ဝင်းဝင်းလက် တောက်ပကြသည်။

ညအခါဆိုလျှင်လည်း တိမ်ကင်းစ တန်ဆောင်မုန်းည မိုးပြင်သည် သန့်သန့်ပြာ စင်နေတတ်၏။ သန့်သန့်ပြာစင်သော မိုးကောင်းကင်ဝယ် ကြယ်တာရာတို့ စုံစုံလင်လင်ဖြင့် စည်စည်ပင်ပင် သဘင်ကျင်းလျက် ဝင်းနေ တတ်၏။

တန်ဆောင်ညဉ့် ငွေလသာစဉ် တစ်ကိုယ်ချင်း လမ်းလျှောက်၍ စိတ်ကူးယဉ်တတ်သော အလေ့ ကျွန်တော့်၌ ရှိသည်။ လရောင်၌

http://www.cherrythitsar.org



ညသည်ပြန့်ပြောနေသယောင်ရှိသည်။ လောကသည်လည်း အဆီးအတားမရှိ ကျယ်ဝန်းနေသည်ထင်မှတ်ရသည်။

ညဉ့်နက်၍ လူခြေတိတ်ပြီဆိုလျှင် ကျွန်တော်သည် တိုးတိုးတိတ်တိတ် အိပ်ရာမှထ၍ အင်းလျားကန်စပ်ဆီ လျှောက်သွားလေ့ရှိသည်။

ကန်ရေပြင်သည် မှိုးပြင်ကိုတု၍ သန့်သန့်ပြာနေသည်။ သန့်သန့်ပြာသောရေပြင်၌ ရောင်ပြန်ဟပ်သဖြင့် ကြယ်ဖူးကြယ်ခိုင်တို့ ပြိုးဝင်နေခိုက် ငွေလလောင်းယဉ်သည် လှိုင်းကြက်ခွပ်တို့ကို ဖြတ်၍ တရွေ့ရွေ့ တညင်ညင် ရွက်မဆင် ပဲ့စင်ဝယ်မှူး သူမရှိဘဲ ကူးခတ်နေလေ့ရှိသည်။

ဆောင်းလေသည် ဝေးလံသော မြောက်ကန္တာရ နှင်းမြေနိုင်ငံဆီမှ မပီဝိုးဝါးသော တေးသွားများကို ညည်းညူရင်း တိုက်ခတ်လာတတ်သည်။

ည . . .။ ဆောင်း၏ည . . .။

ညကို ကျွန်တော်ချစ်သည်။ ဆောင်း၏ညသည် ကျွန်တော်၏အရင်းနှီးဆုံးမိတ်ဆွေဖြစ်ပါသည်။ ဆောင်းညနှင့် ကျွန်တော်သည် တစ်ခါတရံ စကားလည်း ပြောကြသည်။

တိတ်ဆိတ်သောည၊
လကွေးယှဲ့ယှဲ့၊ တိမ်ကျဲ့ကျဲနှင့်
လဲ့လဲ့မှိုးပြာ၊ ပြန့်ပြောစွာလျှင်၊
ဗလာလောက၊ ဟင်းလင်းလင်းတည့်။ ။

လရောင်စင်ပက်၊
ရွက်ဝန်းရိပ်ပျောက်၊ သစ်ပင်အောက်ဝယ်၊
တစ်ယောက်လျှင်ငါ၊ ပျံ့ဆွတ်စွာဖြင့်၊
သမာဓိလွတ်၊ ငိုက်ညွတ်မှေးယောင်၊

လန့်သယောင်ပင်။
တောင်ချော် မြောက်ဆီဝေ့အတွေး။ ။

တီးတိုးသံလော
တော၏အစ၊ တောင်မှလွင့်ကာ၊
ညင်သာဖြဖြ၊ မြမြမွှန်မွှန်၊
ဇာတ်ကြောင်းပြန်သည့်၊
ဟေမာန်ည၏တေးသံဆွေး။ ။

“မောင်ရဦးမယ်၊
တစ်လကွယ်ရင်”တဲ့၊ ဘယ်ဝယ်သိုင်းဖွဲ့၊
နယ်နယ်ချဲ့လဲ၊ ပြန်ခဲ့ပါမယ်
လငယ်ဆိုသော်၊ တွေးယူမျှော်ရ၊
သြော် သည်ညလျှင်၊ ဘဝလေလား၊
ထင်မှားမှားသည်၊ တရားဉာဏ်လော၊
ကဗျာလော။ ။

ဤကဗျာမျိုးလေးများကို ကျွန်တော် ပုံနှိပ်ရန်မပို့၊ ပို့ရန်လည်း မလိုထင်သည်။ အကြောင်းမှာ ဤကဗျာလေးများသည် ညနှင့်ကျွန်တော်သာ နားလည်သော စကားများဖြစ်နေသောကြောင့်တည်း။

ညသည်သာ ကျွန်တော့်မိတ်ဆွေမဟုတ်၊ည၏အဖော်အသင်းများ ဖြစ်သော မိုးပြင်လမင်းနှင့် ကြယ်တစ်သင်းတို့မှာလည်း ကျွန်တော့်၏ ရောင်းရင်းများ ဖြစ်ပါသည်။ ရောင်းရင်းများဖြစ်သဖြင့် တစ်ခါတရံ သူတို့ချင်း ကွေကွင်းပြတ်စဲ စိတ်ဝမ်းကွဲကြသည့်အခါ ကျွန်တော်က ကြားကဝင်၍ အောက်ပါအတိုင်း တရားပြမိသည်လည်း ရှိသည်။

http://www.cherrythitsar.org



နယ်အမြင့်ဆီက၊ ကြယ်တစ်ပွင့် ခန္ဓာကြွေ။ ။
"ဟင့်...အင်းကွဲ့ အသက်ရယ်၊
မမက်တယ် ဒီအပွေ့ကိုဖြင့်"တဲ့၊
"ကြည်မြေ့လွင် နီလာမိုးမှာတော့၊
ရောင်မျိုးတွေ မစုံလှပြီမို့
ဘုံဘဝ အစဉ်ငြိမ်လှချည့်
မှင်တိမ်သာ ညှော့သည်မှတ်ခဲ့ရ
ဘုမ္မိခတ် သာသာရှင်သည့်
မြေအပြင် တမေခင် လည်ရန်တိမ်းမယ်"တဲ့
စိမ်းရက်ပေ့ တာရာမေ။ ။

မျှော် မျှော်လိုက်တော့လဲ
ပျော်ထိုက်ဘွယ် မြေခုံနန်းမှာဖြင့်
မြအရွှန်း ငွေအလွင်ပ
တောသစ်ပင် လဲ့လဲ့မှိုင်းပါပေ့
ပြောမြစ်ပြင် နွဲ့နွဲ့လှိုင်းသာနှင့်
နှင်းဖွဲ့ဆိုင်း လေနွယ်ယဉ်လဲ၊
ရွှေလည်ပြင် ဟိုဆီငေ့ပါလို့
ကောက်ကွေ့လည် စမ်းယဉ်ထဲမှာတော့
လန်းရှင်တယ် ကြယ်ပြောက်ဝင့်တွေက
"ရောက်နှင့်ပြီ အဖော်များတာမို့
သွားတော့မယ် မိုးပြာရင့်ရယ်"တဲ့
နယ်အမြင့်က ကြယ်တစ်ပွင့် ခန္ဓာကြွေ၊
နှင်းငွေနှင့်မှုန်ရီရော။ ။

“မှားလိုက်တဲ့ ချစ်တာရာ
မိုးလွှာသာ မြေရဲ့မှီရာကွဲ့
ညှော်သည် တိမ်ရေမပြောင်းရင်လည်း
မြမောင်းတွေ ကုန်ကုန်ကြေလို့
ယမုန်ငွေ မြစ်ပင်ခန်းပါပေါ့
နှင်းပန်းဖြူ လေမှာရှားပေလိမ့်
စပါးရွှေ လယ်မှာ မဖုံးနိုင်ဘု
ကြယ်ပြိုးတင် ရွှမ်းလွင်များဟာလည်း
စမ်းယဉ်မှာ ရောင်ပြန်များသာကွဲ့“
မှားရှာသူကြယ်ငွေပွင့်ရယ်တော့
ကြွေလွင့်ကာ လေတွင်ပျောက်ပြီထင့်
နှင်းပေါက်ကြည် မျက်ရည်နှောပါလို့
သံယောဇဉ် နှောင်ရာကြိုးရယ်ကြောင့်
ပြာမိုးသာ ငိုမဆုံးရတယ်ကွယ်။
(တာရာရေ) မုန်း မုန်း မုန်း တာကဖြင့် စော။ ။

ဤသို့ ကျွန်တော်နှင့် ည၏ဆက်ဆံရေးကို စိတ်ပညာဆရာများက မည်သို့ဝေဖန်လေမည်မသိ၊ သို့ရာတွင် ကျွန်တော့်အတွက်မူ အချစ်နှင့်အမုန်း၊ အမှားနှင့်အမှန် အလိမ္မာနှင့်အမိုက် အစဉ်လွန်ဆွဲ တိုက်ခိုက်၊ မမြဲခြင်း စရိုက်သာရှိသည့် အစိုးမရသော လူဆိုသည်များနှင့် ဆက်ဆံနေရသည်ထက် ရိုးသားသော သဘာဝမွေ့ အကာလညနှင့် ပေါင်းဘက်နေရသည်ကို စိတ်ချမ်းမြေ့ပါ၏။

အမုန်ကို ဝန်ခံရလျှင် ကျွန်တော်သည် အပေါင်းအသင်း မိတ်ဆွေ

နည်းသူဖြစ်သည်။ အပေါင်းအသင်း မိတ်ဆွေဟူ၍ တက္ကသိုလ်မြေတွင် ရင်းရင်းနှီးနှီး မမမေ ကျွန်တော်ချစ်သူတစ်ယောက်သာ ရှိခဲ့ပါ၏။

သို့ရာတွင် မမမေကို နတ်သျှင်သူ့ကြောင့် တရေးမမောင့်စေလို၍ ကျောင်းပြန်ဖွင့်သော အချိန်၌ ကျွန်တော်တတ်နိုင်သမျှ ရှောင်ရှားသည်။ ထိုအခါတွင် ကျွန်တော့်ဘဝသည် ပိုမို၍ ဆိတ်သုဉ်းလာသည်။

ဆိတ်သုဉ်းသောဘဝ၌ ကျွန်တော်နေတတ်ပါ၏။ နေတတ်သည်က တစ်ကဏ္ဍ၊ နေချင်သည် မနေချင်သည်မှာ တစ်ကဏ္ဍဖြစ်ပါ၏။ စိတ်ကူးယဉ် အိပ်မက် အတိုင်းသာဖြစ်နိုင်လျှင် ယုန်ငွေလ၊ လောင်းယဉ်ပုံဦးဝယ် မမမေကို စံစေ၍ သည်လောကို ကပ်ကမ္ဘာဆုံးသည်အထိ မမုန်းတမ်း မမောတမ်း ကျွန်တော်လှော်တိုက်ချင်ပါ၏။ မမမေ လိုချင်လျှင် (တောပန်း မာလာကိုသာ သီတာဆက်နိုင်သည့် နတ်သျှင်နောင်ထက်လွန်၍) ကျွန်တော် က နဂါးငွေ့လွှာကို ခြုံပုဝါအဖြစ် ပေးချင်ပါ၏။ ကြက်ညီနောင် မောင်ရင်ဆိုင်းနှင့် ဟသ်ာကြယ် သောက်ရှူးတာရာ အသွယ်သွယ်ကို ပန်းသဖွယ် ကုံးသီ၍ သူ့လည်ဆီ ဆင်ကာ ပေးချင်ပါသည်။

သို့ရာတွင် ကျွန်တော့်ဘဝမှာမူ ရှင်တေဇောသာရ ရေးသကဲ့သို့ "နောင်ထုံးရှင်နှင့်၊ မြင်လျှင်ပင်ကို၊ ကြိုးပါလိုလည်း၊ ကုသိုလ်ကြမ္မာ၊ မမီပါခဲ့.........." ဟူသကဲ့သို့ ကြေးငွေ ဂဟေမစပ် လေသည့် ပုံပမာသာ လျှင်တည်း။

ဤပုံပမာမို့ စေတနာတွေ မည်မျှများသော်လည်း ဤစေတနာတို့ သာလျှင် ပွားလေမည့်အဖြစ်ကြောင့် အသည်းအောင့်အောင့်နှင့် မမမေကို ကျွန်တော် ရှောင်ခဲ့ရသည်။

မမမေကို ရှောင်ရသည်မှာ တင်တင်ဦးကို ရှောင်ရသည်သို့ ကျွန်တော့်မှာ မလွယ်ပါ။ အကြောင်းမှာ သူက မေတ္တာဖြူစင်သူဖြစ်၍

http://www.cherrythitsar.org



ကျွန်တော့်ကို မမြင်လျှင်ကျွန်တော်ရှိရာ လိုက်လာရန် သူ ဝန်မလေး။

မမမေက မေးလျှင် ဆင်ခြေအမျိုးမျိုးပေး၍ ကျွန်တော်က ကျွန်တော် ရှောင်တိမ်းရခြင်းကို ဖုံးကွယ်သည်။

နှစ်တစ်ဝက်ကျိုးလာသဖြင့် ကျောင်းစာတွေက များလာသည်။ ကဗျာမရေးချင်တော့၍ ဝတ္ထုနှင့် ဘာသာပြန်များကို ကျင့်နေသည် စသော ဆင်ခြေများ ဖြစ်ပါ၏။

တစ်နည်းအားဖြင့်လည်း ဤဆင်ခြေတို့၌ အမှန်တစ်ဝက်ပါသည်။

ကျွန်တော်သည် ကဗျာကိုချစ်သည်။ ကဗျာမှလွဲ၍ စိတ်မှ ခံစားချက် မှန်သမျှကို ပြောင်ပြောင်မြောက်မြောက် ပြည့်ပြည့်ဝဝ တင်ပြနိုင်သော အနုပညာစနစ်ကို ကျွန်တော် မတွေ့ဖူးသေး။

သို့ရာတွင် လက်ရှိမြန်မာစာပေ၌ ကဗျာ၏နေရာသည် သိမ်ငယ် သည်၊ လစဉ်မဂ္ဂဇင်းကြီးများကလည်း ကဗျာကို ကော်လံဖြည့်ရုံသာ တန်ဖိုးထားသည်။ ဝင်ငွေနှင့်ပြောရလျှင် အလကား။ မဂ္ဂဇင်းစာအုပ် လက်ဆောင်ရလျှင် ကံကောင်းသည်။

ဘဝကို စာပေနယ်၌ ထာဝစဉ် အခြေစိုက်မည်ဟု မှန်းထားသော ကျွန်တော်သည် ရှေ့ရေးကိုမှန်းကာ ရေပန်းစားသောဝတ္ထုများကို ရေးချင် သည်။ ဝတ္ထုရေးပြန်သောအခါ ကဗျာက လာနှောင့်ယှက်ပြန်သည်။

ထိုစဉ်က ကျွန်တော့်ဝတ္ထုများသည် အထွန့်အတက်များ၍ စကားပြေ မပီသ။ တဖန် ပုဂ္ဂလိက စေတနာ ဝေဒနာတို့ကသာ လွှမ်းနေသဖြင့် ဘဝလမ်းကို သရုပ်မှန်စွာ မတင်ပြနိုင်။

ထို့ကြောင့် အယ်ဒီတာဆရာတို့က ကျွန်တော့် ဝတ္ထုတို့ကို မှတ်ချက် အမျိုးမျိုးချ၍ ပယ်သည်။ ထိုအခါ ကျွန်တော်က ဘာသာပြန်တွေကို ကျင့်ပြန်သည်။ ကျွန်တော့် ဘာသာပြန်များမှာ မကောင်းလှသော်လည်း

http://www.cherrythitsar.org



မဂ္ဂဇင်းဝယ် ရှားပါးသော စာမူမျိုးဖြစ်သဖြင့် လက်ခံကြသည်။

ဤသို့ ကိုယ်သန်ရာ ကိုလုပ်နေရပြန်တော့လည်း ဘဝသည် ပျော်ဖွယ် မရှိသည့်တိုင် နေသာထိုင်သာရှိသည်။

သို့ဖြင့် ကျွန်တော်သည် စာသင်ခန်းနှင့် မဂ္ဂဇင်းတိုက်များကြား လူးလာစုန်ဆန်ရင်း အချိန်ကို ကုန်လွန်ခဲ့သည်။

တစ်ခါတရံ ကျွန်တော့်ဘဝ၏အဓိပ္ပာယ်ကို ကျွန်တော် ပြန်ဆန်းစစ်မိသည်။ ထိုအခါတွင် မရေရာ မသေချာသော အဖြစ်ကို မြင်မိသည်။ မလွယ်သည်မှန်း၍ မရနိုင်သည်ကို လွမ်းနေသူတစ်ဦးအဖြစ် မြင်သည်။ သို့ရာတွင် ကျွန်တော့်၌ လုံလောက်သော ဆင်ခြေရှိပြန်၏။ မလွယ်သည်မို့ မမှန်းရတော့ဘူးလား၊ မရနိုင်သည်မို့ မလွမ်းရတော့ဘူးလား။

ကျွန်တော့်ကိုယ်ပိုင် အခွင့်အရေး ဖြစ်သဖြင့် ကျွန်တော်သည် မှန်းချင်ရာကိုမှန်း၍ လွမ်းချင်ရာကို လွမ်းနေရပါသည်။ ဤအတွက်လည်း ဝမ်းနည်းရ ကောင်းမှန်း မသိပေ။

အောက်တိုဘာ ကျောင်းပြန်ဖွင့်ပြီးသည့် နောက်ပိုင်းတွင် ကျွန်တော်က ကျွန်တော့်စိတ်တွင် ပိုမိုသာယာလှပသည်ထင်သောတကောင်းကျောင်းဆောင်သို့ ပြောင်းနေသည်။

ဆောင်းတွင်းဆိုလျှင် ကျွန်တော်တို့ကျောင်းဆောင်က နှစ်ပတ်လည် လက်ဖက်ရည်ပွဲနှင့် အငြိမ့်ကို ခြိမ့်ခြိမ့်သဲသဲ ဧည့်ခံတတ်သည်။ ဤပွဲ၌ ကိုယ့်စားပွဲတွင် မိန်းမပျိုတစ်ဦးမှ မရှိလျှင် မျက်နှာငယ်သည်။ ထို့ကြောင့် သူသူငါငါ ဖြူဖြူပြာပြာ ညိုနွဲ့တို့ကို ဧည့်သည်အဖြစ် ကြိုးကြိုးစားစား ဖိတ်ကြသည်။

ကျွန်တော်ကမူ မျက်နှာငယ်ရမည်ကို မမှုပါ။ မှုစရာလည်းမလိုပါ။ ကျွန်တော့်ဘဝမှာ မျက်နှာငယ်ပြီး ဖြစ်နေပါသည်။ သို့ရာတွင် မိမိ၏

http://www.cherrythitsar.org



ကျောင်းဆောင်ပွဲကို မိမိခင်သည်ဆိုသူအား မဖိတ်လျှင် ဝတ္တရား မကျေဘဲ ရှိမည်။ ထို့ကြောင့် မမမေကို ကျွန်တော်ဖိတ်ရ၏။ မမမေကလည်း လာသည်။

ကြယ်ရောင်လရောင် အောက်မှ မင်းပွဲသဘင်ဝယ်၊ ကိုယ်ချစ်သူနှင့် ယှဉ်၍ ပျော်ရွှင်နွဲရသည်မှာ စင်စစ်တော့လည်း စိတ်ချမ်းမြေ့ဖွယ် ရှိလှပါ၏။

မမမေနှင့် ကျွန်တော်သည် သစ်သီးချိုချဉ်စားရင်း အငြိမ့်ကြည့်ကြသည်။

လူများ စားပွဲ၌ ကိုယ်ဖိတ်လာသော အမျိုးသမီး သုံးဆောင်ရန် ကျောင်းတော်သားက သစ်သီးကို နွှင်ပေးရသည်။ စိတ်ပေးရသည်။ ခွင့်သာပေးလျှင် ခွံ့များခွံ့ပေးဦးမည်လားမသိ။

ကျွန်တော့်စားပွဲတွင်မူ မမမေသည် သစ်သီးကို သူကိုယ်တိုင်နွှင် သူကိုယ်တိုင်စိတ်၍ ကျွန်တော့်ကို ကျွေးသည်။

ထိုညကို ကျွန်တော် ကောင်းစွာ အမှတ်ရသည်။

မမမေသည် နိုင်လွန်ဖြူဖြူအထူစား အင်္ကျီလက်ရှည်ကို ဝတ်လာသည်။ ထဘီမှာ ကျွန်တော်အမြတ်နိုးဆုံး မိုးပြာရောင်ဖြစ်ပါသည်။ မမမေ၏ လည်တိုင်၌ တသွယ်တည်းသော နီလာဆွဲကြိုးကို ဆင်ထားသည်။ နီလာဆွဲကြိုးနှင့် ဘက်ပြိုင်၍ မျက်လုံးပြာကြီးများကလည်း တောက်ရှွန်းနေသည်။

ပန်းသီးစိမ်းစိမ်းသည် သူ့အတိုင်းပင် အလွန်လှပသည်။ သို့ရာတွင် ရှည်သွယ်ဖြူဝင်းသော မမမေ၏ လက်တွင်း၌ ပို၍လှနေသည်။ စားရက်စရာ မရှိအောင်ပင် လှသည်ဟု ကျွန်တော်က ထင်သည်။ မမမေက ပန်းသီးကို ခွဲစိတ်လိုက်သောအခါ နှစ်လွှာသော အသည်းသဏ္ဍာန်ပေါ်လာ၏။ တစ်လွှာသောအသည်းကို သူယူ၍ တစ်လွှာကို ကျွန်တော့်အားပေးသည်။ သြော်... တကယ့်အသည်းနှလုံး အစစ်များကို ဤသို့ပေးဝေနိုင်ကြလျှင် ကောင်းလေစွ

http://www.cherrythitsar.org



တကား။ ကောင်းလေစွတကား။

မိုးပြင်၌ ကြယ်နှင့်လတို့ တောက်ပနေသည်။ မီးရောင်ကြောင့် တက္ကသိုလ်၏ ညကေရီများ ဆင်ထားသော စိန်ကျောက်ရတနာများလည်း တောက်ပနေပါ၏။ သို့ရာတွင် ကျွန်တော့်အတွက်မူ လူ့ရှင်တော် ပျက်လုံးကြောင့် မမမေ ရယ်မောသော် ဝင်းဝင်းလက်လက် ပေါ်လာသော ပုလဲသွယ်သွားများက ပို၍ တောက်ပသည်ဟု ထင်ပါသည်။

သန်းခေါင်မတိုင်မီ မမမေကို ကျွန်တော် ပြန်လိုက်ပို့သည်။ ကျောင်းဆောင်ချင်းက နီးသဖြင့် လမ်းလျှောက်ပြန်လာကြသည်။

လရောင်၌ အရိပ်တို့ အတန်ရှည်စွာ ကျနေ၏။ နှင်းပုလဲတို့ကလည်း ဖွေးဖွေးလက်လက် ကျဆင်းနေ၏။

ကျွန်တော်တို့သည် လမ်းကြာကြာလျှောက်ရအောင် ဘီအိုစီ ကောလိပ်ဘက်မှ မသွားဘဲပြည်လမ်းအတိုင်း လျှောက်လာကြသည်။

ပြည်လမ်းမကြီးသည် မလှမ်းမကမ်းရှိ ဝင်ဒါမီယာ သစ်ရိပ်များဆီ ဦးတည်ပြေးရာဆုံးမှ ဆုံးပါတော့မည်လားဟု ထင်စရာဖြစ်နေ၏။ လက်ဝဲဘက် ကထိကများ အိမ်ခြံဝင်းတို့မှ ပန်းရနံ့တို့ကလည်း သင်းနေသည်။

"သိပ်လှတဲ့ ညပဲနော် မောင်"

"သိပ်လှတဲ့ ညပါပဲမမမေ"

"အခုလို ညလှလှဆိုရင် မမမေတော့ မအိပ်ချင်ဘူး၊ ငွေလရောင် ဝင်သွားတဲ့အထိ မိုးကုပ်စက်ဝိုင်းဆီပဲရောက်ရောက် လျှောက်သွားချင်တယ်။

"တကယ်လား မမမေရယ်၊ ဒီလိုဆို မောင်နဲ့မမမေ ဒီည မအိပ်ဘဲ မိုးကုတ်စက်ဝိုင်းအထိ လမ်းလျှောက်ကြရအောင်"

မမမေက ရယ်သည်။ ဆောင်းလေကဲ့သို့ ညင်သာစွာ ရယ်သည်။

"အို...ဘယ်ဖြစ်မလဲကွယ်၊ လုပ်ချင်တာကိုသာ ပြောရတာပါ။

http://www.cherrythitsar.org



ဒါပေမဲ့ လူ့ဘဝဆိုတာဟာ ကိုယ်လုပ်ချင်တာ လျှောက်လုပ်နေလို့ မဖြစ်ဘူး”

ကျွန်တော် ငိုင်လိုက်ရပါ၏။ မှန်သည်။ မမမေ၏စကားက မှန်လွန်းနေသည်။ လူ့ဘဝကြီးသည် ကိုယ်လုပ်ချင်သည်ကို လုပ်၍ မရ။ ကိုယ်ဖြစ်ချင်သည်တို့လည်း မဖြစ်နိုင်။ ဤသို့ဆိုပါပြန်သော် ကျွန်တော်က လူ့ဘဝ၏ ဒုလ္လဘဆိုသည်ကို သက်ဘယုံမှား ဒွိဟပွားမိသည်။

ကျွန်တော် ငိုင်နေသဖြင့် မမမေက စကားပြန်စသည်။

“ဒါထက် အခုမောင် ကဗျာတွေ စပ်သေးသလား”

“မောင်က စပ်တယ်ဆိုတော့ကော မမမေက နားထောင်မှာမို့လား”

ဤတစ်ကြိမ်တွင် ငိုင်ရသူမှာ မမမေဖြစ်သည်။

“ဖြေလေ မမမေ”

မမမေက သက်ပြင်းလေးရှိုက်ရင်း ဖြေသည်။

“မောင့်ကဗျာတွေကို မမမေ နားထောင်ချင်ပါတယ်။ အင်းလေ နတ်သျှင်နောင် ကဗျာမျိုး မဟုတ်ဘူး ဆိုရင်ပေါ့”

ကျွန်တော်က ရယ်သည်။ ဘာကြောင့်ရယ်မိမှန်းလည်း မသိ။ ကျွန်တော်ရယ်ခြင်း၏ အဓိပ္ပာယ်ကိုလည်း ကျွန်တော် ကိုယ်တိုင်မသိ။

“မောင်... ဘာရယ်တာလဲ”

“သြော်...မမမေပြောတာကို သဘောကျလို့ပါ။ ကျွန်တော့်အယ်ဒီတာကသာ ကျွန်တော့်ကို အခုလို ဘယ်လိုဟာမျိုးမှ စပ်ရမယ် ဘယ်လိုကဗျာမျိုး မစပ်ရဘူးဆိုရင် တစ်ခုခုတော့ ပြန်ပြောလိုက်မိမှာပဲ”

“မမမေကိုတော့ကော တစ်ခုခု ဘာလို့ ပြန်မပြောသလဲ”

“မမမေကိုတော့ ကျွန်တော် ပြန်မပြောနိုင်ဘူးလေ။ ဘာဖြစ်လို့လဲဆိုတော့ မမမေက ကျွန်တော့်ဘဝရဲ့ အယ်ဒီတာပဲ။ မောင့်ဘဝ အယ်ဒီတာပဲ”

http://www.cherrythitsar.org



ဤအကြိမ်၌မူ မမမေသည် မရယ်။ တွေတွေကလေး စဉ်းစားနေသည်။ ခဏကြာမှ လေးနက်စွာဆိုသည်။

"မမမေက မောင့်ဘဝအယ်ဒီတာ ဟုတ်လား။ ဒီစကားကို မမမေ သိပ်ကြိုက်တယ်။ အယ်ဒီတာဆိုတာ စာရေးသူကို ချွန်သထက်ချွန်အောင် တည်းဖြတ်ပြုပြင်ပေးသူပဲ။ ဘဝဆိုတာဟာလဲ တစ်နည်းအားဖြင့် စာရေးနေတာပါပဲကွယ်။ လူဆိုတာတွေဟာလည်း စာရေးဆရာတွေပဲ။ လူတစ်ဦးရဲ့ ဘဝအယ်ဒီတာ ဖြစ်ရတာကို မမမေ ဂုဏ်ယူတယ်"

"ဒါပေမဲ့ ခက်တာက မမမေ လူ့လောကရဲ့ အယ်ဒီတာချုပ်ကြီး တစ်ဦးက ရှိသေးတယ်။ အဲဒီ အယ်ဒီတာချုပ်ကြီးကိုတော့ ကျွန်တော် အမုန်းဆုံးပဲ"

"ဘာ ပြောတယ် မောင်၊ လူ့လောကရဲ့ အယ်ဒီတာချုပ်ကြီး။ သူဟာ ဘယ်သူလဲ"

"သူဟာ အင်မတန် တန်ခိုးကြီးတယ် မမမေ၊ တန်ခိုးကြီးသလောက် သိပ်မုန်းစရာလည်း ကောင်းတယ်။ သူ့နာမည်က ကံကြမ္မာတဲ့"

ဤအကြိမ်၌မူ မမမေသည် ဘာမှ ပြန်မပြောတော့။

ကျွန်တော်တို့က တီတီစီကျောင်းဝင်း အတွင်းသို့ ကွေ့ဝင်လာခဲ့ကြသည်။ နှစ်ဦးသား စကားမပြောဘဲ၊ အတန်ကြာ ငြိမ်လျှောက်လာသည်။ စကားမပြောဘဲ တိတ်ဆိတ်နေရသည်မှာ မသက်သာ။ ထို့ကြောင့် ကျွန်တော်က ပြောရသည်။

"ခုနင်က မမမေ ကျွန်တော်မေးတာကို ပြည့်စုံအောင်မဖြေသေးဘူး"

"ဘာကိုလဲကွယ်"

"မောင်စပ်တဲ့ ကဗျာကို မမမေ နားထောင်မလားလို့"

"နားမထောင်ချင်ဘူးလို့ မမမေကများ၊ ပြောသေးလို့လား"

http://www.cherrythitsar.org



"မပြောပါဘူးလေ၊ ဒါပေမဲ့ နတ်သျှင်နောင် ကဗျာမျိုးကိုတော့ မကြားချင်ဘူး မဟုတ်လား၊ ထားပါလေ မောင်ကဗျာတစ်မျိုး ရွတ်ပြမယ်"

"မောင့်ကဗျာက ဘာမျိုးလဲ"

"ဘာမျိုးမှန်းလဲ ကျွန်တော် မသိဘူး၊ အဲဒီကဗျာ အဆုံးလည်း မသတ်ရသေးဘူး"

"အို အဆုံးမသတ်ရသေးဘူး"

"ဟုတ်တယ် အဆုံးမသတ်ရသေးဘူး၊ ဒါပေမဲ့ ငိုခန်းတော့မပါ ပါဘူး မမမေ။ မမမေနားထောင်မလား"

"မမမေ နားထောင်နေတယ်လေ"

ကျွန်တော် ကဗျာတစ်ပုဒ်ကို ရွတ်ပြသည်။

ဆောင်းသန်းခေါင် ငွေရည်ဆမ်းစဉ်၌
လည်စမ်းမယ် တော်တော်မောပြီမို့
ဖော်တယောနဲ့ မုန်တိုင်းမောင်
ညအလှ ပပဓာလွင်လွင်ရှင့်
ပြာမိုးပြင် ငွေလှေကူးပါလို့
ကြယ်ဖူးခိုင် စုံစုံပွင့်လေတော့
ပြုံးဝင့်ဝင့် နီလာခြည်၌
ပုလဲရည် တစ်ထပ်လွှမ်းရောသလား၊
ရိပ်ကွန်းညို ပင်ရွယ်လူးဆီက
စိတ်ကူးရှင် ယဉ်ကြည်လှငယ်နဲ့
ပီသကြွယ် ထုံတျာနှောပါလို့
ဂီတနယ် သံသာကြောမှာလ

http://www.cherrythitsar.org



လောကကို ဂုဏ်တင်ပြီးတော့လဲ
တီးတနော့ ဆိုတကြူဆဲ
ပို့အဖြူ တော်ထိုက်ပန်းကိုဖြင့်
တိုက်ခန်းဝါ ဥယျာဉ်မှူးမှာပေါ့
မြင်ဖူးတယ် ဆောင်းအိပ်မက်ပေထင့်
ပိုးညက်ပြာဝတ် ညတန်ဆောင်။

ကျွန်တော်က ကဗျာကို ရပ်လိုက်သည်။ မမမေက ငြိမ့်ငြိမ့်လေး နားထောင်နေရာမှ မော့ကြည့်၍ ဆက်ဦးလေဟု ဆို၏။

"ကျွန်တော်အစကတည်းက ပြောတယ်မဟုတ်လား၊ ကျွန်တော့် ကဗျာက မဆုံးသေးဘူးလို့"

"အို ဘာဖြစ်လို့ မဆုံးတာလဲ"

"ကဗျာဆိုတာ ဆုံးချင်တိုင်းဆုံးလို့ရတာ မဟုတ်ဘူး၊ အခုအချိန်ထိ တော့ ငွေလရောင်ဥယျာဉ်ကြီးမှာ ဆုံတွေ့နေတုန်းပဲ ရှိသေးတယ်၊ ရှေ့ဆက် ဘာဖြစ်ဦးမလဲမှ မသိဘဲ"

"မောင့်ကဗျာပဲဟာ၊ မောင်ဖြစ်ချင်သလို ရှေ့ဆက်လိုက်ပေါ့"

မောင့်ကဗျာမို့ မောင်ဆက်ချင်သလိုတော့ ဆက်လိုက်ချင်သား၊ ဒါပေမဲ့ မောင်ဆက်ချင်သလို ဆက်တာကို ကံကြမ္မာဆိုတဲ့ အယ်ဒီတာချုပ်ကြီး က ခွင့်ပြုမှာ မဟုတ်ဘူး"

ထိုအချိန်၌ ကျွန်တော်တို့သည် တီတီစီကျောင်းဆောင်ဂိတ်ဝကို ရောက်လာသည်။

"ကဲ...မမမေသွားတော့နော်၊ မောင်ပြန်မယ်"

"ပြန်ပေတော့ မောင်၊ ဩော်... မောင်ပြောတာမှန်တယ်။ အခု

http://www.cherrythitsar.org



နင်က ကဗျာကို ရှေ့ဆက်မစပ်နဲ့ ကြားလား”

ကျွန်တော်က လေးပင်စွာ တစ်လှမ်းချင်း လှမ်း၍ ပြန်ခဲ့စဉ် စိတ်တွင်းမှာ ရေရွတ်လာမိသည်။

“ရှေ့ဆက်မစပ်ပါဘူး မမမေ၊ ဘာကြောင့်လဲဆိုတော့ ဒီကဗျာကို မဆုံးခင်ကပဲ အပယ်ခံပြီးသား ဖြစ်နေလို့ပါ”

*

# ၁၀

ကျွန်တော်က တက္ကသိုလ်၏ည ငွေလရောင်ဝယ်၊ လွမ်းဖွယ်သော စိတ်ကူးယဉ် အိပ်မက်များကို ဆက်မက်လိုသည်။ သို့ရာတွင် တက္ကသိုလ်ဆောင်းည အလှသည် ပြည့်ပြည့်ဝဝ မကုန်ဆုံးလိုက်ရ။

နှစ်စကတည်းက ဟိုတစ ဒီတစ ပေါက်ကွဲခဲ့သော ပြည်တွင်းသောင်းကျန်းမှု မီးပုံတို့သည် တစ်ခုနှင့်တစ်ခု ဆက်စပ်ကာ အဟုန်ပြင်းစွာ တောက်ကောင်လာသည်။

ဇန်နဝါရီလသို့ ဆိုက်ရောက်သောအခါတွင် သောင်းကျန်းမှုဂယက်သည် ကျွန်တော်တို့နယ်မြေဆီသို့ ပြင်းထန်စွာ ရိုက်ခတ်လာသည်။

မြစ်ဝကျွန်းပေါ်တဝိုက်မှ ကေအင်ဒီအိုတို့၏ လှုပ်ရှားမှုများသည် ပြင်းထန်လာသည်။ အခြားအနယ်နယ် အရပ်ရပ်မှလည်း တိုက်ပွဲသတင်းများ ကြောက်မက်ဖွယ် ဆိုက်ရောက်လာ၏။ မြို့ကြီး မြို့ငယ် အသီးသီးတို့ သူပုန်တစ်ဦးလက်မဟုတ် တစ်ဦးလက်သို့ ကျရောက်စပြုသည်။

ဝေးလံသော အရပ်ဒေသတို့ကိုထား၍ ရန်ကုန်မြို့၏ ဂိတ်ဝဖြစ်သော အင်းစိန်မြို့ပင် လှုပ်လှုပ်သာ ရှိတော့၏။

တိုင်းပြည်၌ အန္တရာယ်ကျရောက်တော့မည် သေချာသောအခါ ကျွန်တော်အပါအဝင် တပ်မတော်သားဟောင်းတို့ မနေသာတော့။ နီးစပ်ရာ တပ်မှူးများနှင့် ဆက်သွယ်၍ အရေးကြုံလာလျှင် အဆင်သင့် ဖြစ်ရန် ကြိုတင်ပြင်ဆင်မှုများ လုပ်ထားကြရသည်။

အထူးသဖြင့် ကေအင်ဒီအိုအရေးမှာ လူမျိုးရေးဆန်သဖြင့်တက္ကသိုလ် လောကကို လှုပ်လှုပ်ရွရွအဖြစ်စေဆုံး ပေတည်း။

(ဗကသ)ကလည်း သပိတ်ကို ဖန်တီးလိုက်၏။ ဤသပိတ်သည် တက္ကသိုလ်ဆီသို့ကူးစက်မလာ။ ထိုစဉ်က ကျောင်းသားများသည် သပိတ် ထက် လက်နက်ကိုဆွဲကာ နိုင်ငံတော်နှင့် တရားဝင်အစိုးရကို မည်သို့ ကာကွယ်ရမည်ဟူသည်၌သာ စိတ်စောကြသည်။

ဇန်နဝါရီ ၂၈ ရက် သောကြာနေ့တွင် ဗဟိုရ်ကျောင်းဆောင်သားများ စုရုံး၍ အစည်းအဝေးကျင်းပကြသည်။ ဤအစည်းအဝေးမှ တက္ကသိုလ် အပျော်တမ်းတပ်ဖွဲ့၍ လက်နက် တပ်ဆင်ပေးရန် တောင်းဆိုကြသည်။

၂၉ ရက်နေ့တွင် ကျောင်းကြီးကို ရက်အကန့်အသတ်မရှိ တရားဝင် ပိတ်လိုက်သည်။

ကိုဘထွေး၊ ကိုလူမောင်၊ ကိုအုံးခိုင်၊ ကျွန်တော်စသော တပ်မတော် သားဟောင်းတို့က တက္ကသိုလ်သမဂ္ဂနှင့် လက်တွဲကာ မြို့ရွာသို့ မပြန်နိုင် မပြန်လိုသူများကို တက္ကသိုလ် အပျော်တမ်းတပ်သို့ဝင်ရန် လိုက်လံစုစည်း သည်။

အပျော်တမ်းတပ်သို့ ဝင်ရန်မက တပ်မတော်၌ ရာသက်ပန်ဝင်ကာ နိုင်ငံကို ကာကွယ်မည့် ကျောင်းသား ၃၀၀ ကျော်ရသည်။

တက္ကသိုလ်သမဂ္ဂ အဆောက်အဦးသည် နေ့ချင်းညချင်းပင် စစ်သား စုဆောင်းရေးစခန်းကြီး ဖြစ်လာလေသည်။ စုစည်းထားသော ကျောင်းသူ ကျောင်းသားများအတွက် ကျွေးမွေးရန် ပြဿနာက ပေါ်လာခဲ့သည်။ ကံအားလျော်စွာ အေဝမ်းဖလင်ကဲ့သို့သော စေတနာရှင်များက ဆန်အိတ်၊ ဆီပုံးစသည်တို့ကို လှူဒါန်းကြသည်။ သမဂ္ဂသည် မှီခိုနေသမျှ ကျောင်းသား များကို နေ့စဉ်မှန်မှန် ကန်စွန်းရွက်ကြော်ဖြင့် ထမင်းကျွေးနေရ၏။

၂၉ ရက်နေ့ ညနေတွင် အလုပ်မအားသဖြင့် မေ့လျော့နေရာမှ သတိရသဖြင့် ကျွန်တော်သည် မမမေရှိရာ တီတီစီကျောင်းဆောင်သို့ အပြေးအလွှား လာခဲ့သည်။ ကျောင်းဆောင်သို့ ကျွန်တော်ရောက်သော အခါ မမမေ၏ ပစ္စည်းများကို ဂျစ်ကားတစ်စီးပေါ်တင်ပြီးသား တွေ့ရသည်။ ဂျစ်ကားအနီး၌ ဦးခင်မောင်ဦး၏ မိခင်နှင့် တင်တင်ဦးကို တွေ့ရသည်။

"အမလေးကွယ် မင်း မမမေကဖြင့် မင်းကို တတွတ်တွတ်နဲ့ ပြောနေတယ်၊ မင်းက အခုမှ ပေါ်လာတာကိုး"

ဦးခင်မောင်ဦး၏မိခင် ဒေါ်ဒေါ်ထားက ကျွန်တော့်ကို ဆီးရန်တွေ့ သည်။ ကျွန်တော်က ဘာမျှမဖြေဘဲ ပတ်ဝန်းကျင်ကို လှည့်ကြည့်မိသည်။

တက္ကသိုလ်ကျောင်းသားအသီးသီးသည် သက်ဆိုင်ရာ မိမိတို့၏ အမျိုးသမီးများအတွက် ပျားထီးများပမာ ကိုယ်စီကိုယ်စီ အထုပ်ထမ်းသူ ထမ်း၊ သေတ္တာမ,ပေးသူ မ,ပေးဖြင့် အလုပ်များနေကြသည်။ သူတို့နှင့် ယှဉ်သော် ကျွန်တော်သည် မမမေအတွက် တာဝန်မကျေသူ တစ်ဦးသာ တည်း။ ထို့ကြောင့်လည်း ဒေါ်ဒေါ်ထား ရန်တွေ့သည်ကို ကျွန်တော် ပြန်မဖြေနိုင်။ ထိုစဉ် မမမေသည် အပေါ်ထပ်မှ ဆင်းရောက်လာသည်။

"ဟင် မောင်လေး၊ ဘယ်တုန်းက ရောက်လာလဲ"

"အခုလေးတွင်ပဲ မမမေ၊ ကျွန်တော် ဘာကူသယ်ပေးစရာ

ရှိသေးလဲ”

မမမေက “အို မရှိတော့ပါဘူး၊ မမမေက မောင့်ကို စိတ်ပူနေတာ၊ ပေါ်မလာတာကြာလို့”ဟု ဆိုသော်လည်း ဒေါ်ဒေါ်ထားက မကျေနပ်လေဟန် ဖြည့်စွက်ရန်တွေ့သည်။

“ဟုတ်ပါရဲ့တော်၊ မင်းက ဘယ်များပျောက်နေသလဲ၊ အခုမှတော့ ဘာမှ သယ်စရာ မရှိတော့ပါဘူး၊ ဟောဒီ တင်တင်ဦးရဲ့ သူငယ်ချင်းတွေက လာကူညီပေလို့သာပေါ့”

ထိုအခါမှ ကျွန်တော်သည် ဒေါ်ဒေါ်ထား ညွှန်ပြသော ကျောင်းသားနှစ်ဦးကို သတိထား ကြည့်မိသည်။ တစ်ဦးကမူ ကျွန်တော့်အား ပြုံး၍ အသိအမှတ် ပြုသည်။ အသားဖြူဖြူ ခါးနွဲ့နွဲ့နှင့် အခြားတစ်ဦးကား ကျွန်တော့်ကို အမှတ်မထင်ဟန်ဖြင့်သာ တစ်ချက်ကြည့်ပြီး တင်တင်ဦးနှင့် စကားပြောနေသည်။

မမမေက ကျွန်တော့်ဘက်လှည့်၍ မေးသည်။

“မောင်ကော ပြည်မပြန်ဘူးလား”

“ကျွန်တော် မပြန်ဘူး၊ မမမေ”

“မပြန်ရင် ဘယ်မှာနေမလဲ၊ ပြီးတော့ ဘာလုပ်မလဲ”

“ကျွန်တော် ရန်ကုန်မှာပဲနေမယ် မမမေ၊ လုပ်စရာတွေတော့ အများကြီးပဲရှိတယ်”

မမမေမျက်နှာ၌ စိုးရိမ်စိတ် ပေါ်လာသည်ကို ကျွန်တော် သတိပြုမိသည်။

“မောင် ဘာတွေ လုပ်မလို့လဲ”

“လုပ်သင့်လုပ်ထိုက်တာတွေ လုပ်မလို့ မမမေ”

မမမေက ကျွန်တော့်ကို စူးစူးစိုက်စိုက်ကြည့်သည်။ ကျွန်တော်က

http://www.cherrythitsar.org



လည်း မမမေကို လေးလေးနက်နက် ပြန်ကြည့်မိသည်။ မမမေက သက်ပြင်းချ၍ ဆိုသည်။

"ကောင်းပြီလေ၊ မမမေ တင်တင်ဦးတို့ အိမ်မှာပဲ ခဏ သွားနေဦးမယ်၊ မန္တလေးကို ပြန်သင့် မပြန်သင့်နောက်မှ စဉ်းစားမယ်၊ မောင် အခု အိမ်ကို လိုက်ခဲ့ဦးမလား"

"မလိုက်တော့ပါဘူး မမမေ၊ နောက်မှ ကျွန်တော် လာခဲ့ပါဦးမယ်"

မမမေ ကားပေါ်တက်သွားသောအခါ စောစောက လူငယ်နှစ်ဦးလည်း တက်လိုက်ကြသည်။ ကျွန်တော်သည် မမမေ ကားထွက်သွားသည်ကို မျက်စေ့တဆုံးကြည့်ပြီး သမဂ္ဂ အဆောက်အဦးဆီ ပြန်ထွက်ခဲ့ပါ၏။

ဇန်နဝါရီလ ၃၁ရက် နံနက် ၂ ချက်တီးကတည်းက အမြောက်သံ၊ မော်တာသံတွေကို ကြားရသည်။ အင်း စိန်အရေးပေါက်ကွဲခဲ့လေပြီတည်း။

ထိုနေ့ နံနက်တွင် သမဂ္ဂမှတဆင့် စစ်ထဲဝင်လိုသော ကျောင်းသားများကို တပ်မှ လာခေါ်မည်ဆို၍ သမဂ္ဂ၌တစ်စု၊ ပြည်ကျောင်းဆောင်၌တစ်စု ကျွန်တော်တို့ အဆင်သင့် လုပ်ခိုင်းထားသည်။ ကျောင်းသားများ အထုပ်အပိုး ကိုယ်စီနှင့် နံနက် ၇ နာရီမှစ၍ စောင့်နေကြသည်။ ထမင်းလည်း မစားကြရသေး။ နေ့လည် ၁၂ နာရီအထိ မည်သူမျှပေါ်မလာ။ ကျွန်တော်တို့ လိုက်လံစုံစမ်းသောအခါ နိုင်ငံရေးခြေထိုးမှု တစ်ရပ်ကြောင့် ကျွန်တော်တို့ ကျောင်းသားများကို မည်သည့်တပ်ကမှ လက်မခံတော့ဟုဆို၏။

သမဂ္ဂ အပေါ်ထပ်၌ စစ်ဗိုလ်ဟောင်း ကိုဗထွေးသည် နာမည်ကြီး နိုင်ငံရေး ကျောင်းသားတစ်ဦးကို အမည်ဖော်၍ ကလော်တုပ်နေသည်။ သူ့ကို တွေ့ရာသင်္ချိုင်း ဓားမဆိုင်းဟုလည်း ကြိမ်းသည်။

ကျွန်တော် ကျောင်းဆောင်သို့ ပြန်ရောက်သောအခါ တစ်ဆင့်စကား တစ်ဆင့်နားဖြင့် အကြောင်းစုံသိသော ကျောင်းသားတို့ စိတ်ပျက်ကာ

http://www.cherrythitsar.org



မိဘရပ်ထံပြန်ရန် ပြင်သူတို့ ပြင်ကြသည်။ ဘာပဲဖြစ်ဖြစ် ရန်ကုန်တွင် ဆက်နေမည်ဟု ဆုံးဖြတ်သူက ဆုံးဖြတ်ကြသည်။

ကိုဗထွေး၊ ကိုလူမော်၊ ကိုအုံးခိုင်နှင့် ကျွန်တော်တို့သည် သွေးပူနေသော ကျောင်းသားတို့အနက်မှ စစ်ပညာအခြေခံ ရှိပြီးသူတို့အား စုစည်းကာ အင်းစိန် ဘက်သို့ လက်နက်ဆို၍ အပ်တစ်ချောင်းမှ မပါဘဲ မိုက်မိုက်ကန်းကန်း ထွက်ခဲ့ကြသည်။

အင်းစိန်တစ်ဝိုက်တွင် ရှုပ်ရှုပ်ထွေးထွေးဖြစ်နေ၏။ ရဲ၊ စစ်ရဲ၊ တပ်မတော်၊ အရပ်သူ အရပ်သား အားလုံးတို့သည် ရရာလက်နက်စု၍ ကာကွယ်ရေးကို ဖြစ်သလို ပြုနေကြရသည်။ ထိုသူတို့နှင့် ကျွန်တော်တို့ ပေါင်းမိသည်။ တပ်မတော် အရာရှိတို့အနက် မိတ်ဆွေသူငယ်ချင်းနှင့် ဆရာ သမားများကိုလည်း တွေ့ရသဖြင့် ကျွန်တော်တို့ လက်နက်များရကာ ထိုနေ့မှစ၍ တိုက်ပွဲဝင်ကြရ၏။

အင်းစိန် တစ်မြို့လုံးကို ကေအင်ဒီအို သိမ်းမိသည်။ သို့ရာတွင် မင်္ဂလာဒုံကို သူတို့မစီးနိုင်။ ရန်ကုန်မြို့တွင်း ဆီသို့လည်း ချီတက် မလာနိုင်ကြ။

ကျွန်တော်တို့အသိုက်သည် စစ်မြေပြင်တစ်လှည့်၊ တက္ကသိုလ်နယ်ဆီတစ်လှည့် ကူးသန်းကြရသည်။ တက္ကသိုလ်၌ ကျန်ရစ်သောသွေးပူနေသူ လူငယ်အများ မှောက်မှောက်မှားမှား ထင်ရာစွပ်မလုပ်ကြရန်လည်း ထိန်းသိမ်းရသည်။

ဖေဖော်ဝါရီလ တစ်ရက်နေ့ညကျခါမှ ဒု-ဗိုလ်မှူးကြီး စိန်ဝင်း၏ ခြေလျင်တပ်ရင်း (၁)မှ ကျောင်းသားများကို လာခေါ်သည်။ ကျွန်တော်သည် ပထမအသုတ်ဖြစ်သော ကျောင်းသား ၂၀ နှင့်အတူ လိုက်သွားရ၏။ နောက်နှစ်ရက်သုံးရက်အတွင်း ကျောင်းသားများ တစ်သိုက်ပြီးတစ်သိုက်

http://www.cherrythitsar.org



ဆိုက်ရောက်လာကြသည်။ အားလုံးကို ဗိုလ်တထောင် (ဘီအေအိုဒီ) ဝင်းအတွင်း၌ အခြေခံ စစ်သင်တန်းကို ပေးကြရသည်။

ရက်အတန်ကြာသောအခါတွင် တက္ကသိုလ် အပျော်တမ်းတပ်အဖြစ် ယာယီဖွဲ့စည်းပေးနိုင်ခဲ့သည်။ နာမည်ကျော် ဘောလုံးသမား ဗိုလ်ကြီး ဂွမ်ရှိန် (ယခု ဗိုလ်မှူးကြီးဂွမ်ရှိန်)ကို အုပ်ချုပ်စေခဲ့သည်။ မမမေတို့နေသော တီတီစီ အမျိုးသမီး ကျောင်းဆောင်သို့ ရွှေ့ကာ တပ်စခန်း ဖွင့်နိုင်ခဲ့သည်။ ဤတပ်သည် ယနေ့ယူတီစီ၏ ရှေ့ပြေးအမြုတေဖြစ်သည်။ ဒု–ဗိုလ်မှူးကြီး စိန်ဝင်း (ယခု ဗိုလ်ချုပ်စိန်ဝင်း)နှင့် ဗိုလ်ကြီး ဂွမ်ရှိန်တို့သည် ယူတီစီ၏ ဖခင်ကြီးများ ဖြစ်ကြသည်။

ကျွန်တော်နှင့် စစ်ပညာတတ်သော ကျောင်းသားအချို့ကမူ ခြေလျင် တပ်ရင်း (၁)၌ ဆက်နေ၍ အင်းစိန် စစ်မျက်နှာ၌ တာဝန်ယူကြသည်။

တိုင်းရေး၊ ပြည်ရေး၊ စစ်မှုရေးကြောင့် အချစ်ရေးကို မေ့နေသော ကျွန်တော်သည် မမမေထံ မရောက်နိုင်ခဲ့။

*

# ၁၁

စာဥ္ ကျွန်တော်တွေ့ဖူးသည်မှာ စစ်မြေတာဝယ် ချီလာလေသဲ နှင်းလည်းစဲလု နွေရတုလည်း ဝင်ချိန် ဝါရွက်တို့ မကြွေမီ သင်္ဂီရွှေရောင် ထိန်သမျှကို လွမ်းလွမ်းတတ မြင်ရသူတို့ မြင်ကြရသည်ဆိုသည်။

ကျွန်တော့် ကိုယ်တွေ့မှာမူ မြေတစ်လက်မကို တစ်သက်အဖြစ် ရင်းနှီး၍ တိုက်ခိုက်နေရသည့် အင်းစိန်စစ်ပွဲအတွင်း နှင်းတို့ စဲမည်မစဲ မည်ကိုလည်း သတိမပြုမိ။ ရော်ရွက်တို့ ဘယ်အချိန်က ဝါလေသည်ကိုလည်း မရှုမြင်မိ။ ထိုအခါမျိုးဝယ် ချစ်သူရွှေစင် သူ့ရုပ်သွင်ကို တထင်မှတ်မှတ်ဖြင့် လွမ်းဆွတ်ဝေနေရပါသည်ဟုလည်း ကျွန်တော် မဆိုချင်ပါ။

ကျွန်တော်တို့သည် ငှက်ပျောခြံ၊ တောင်အမှတ် ၁၀၈စသည်တို့၌ တိုက်ပွဲအလီလီ ဆင်နွှဲခဲ့ရသည်။ နေ့နှင့်ညတို့သည် ကျည်ဆံနှင့်ပေါက်ကွဲသံ များကြားဝယ် အပြေးအလွှား ကုန်ဆုံးခဲ့သည်။

တပ်ရင်းမှူးက နေ့မအိပ် ညမအိပ် ပင်ပန်းခဲ့သော ကျွန်တော်တို့တပ် ခွဲအား နားနေခွင့်ပေး၍ ရန်ကုန်မြို့ဆီ ပြန်လာမှ ပတ်ဝန်းကျင်ကို ကျွန်တော် သတိပြုမိသည်။

http://www.cherrythitsar.org



နှင်းတို့က မစဲသေး။ ရွက်ဝါတို့က ဝါနေသေးသည်။ ဆောင်းအိုသည် ကြွေလုခိုက်။ နွေရာဥတုသည် အဝေးမှ လာနေပြီ။

ကျွန်တော်တို့က ဘီ–အေ–အို–ဒီ (B.A.O.D) တပ်ဝင်း၌ ပြန်နား ရမည်။

ပြန်နားရသည်ဆိုသော်လည်း တိုက်ပွဲ မဝင်ရသည်သာ ခြားသည်။ တာဝန်မှာမူ မသေးပါ။ တပ်မတော်၏ အသက်သွေးခဲဖြစ်သော လက်နက် တိုက်ကြီးများကို နေ့ည နေနားမှုမရှိ။ ကျွန်တော်တို့ စောင့်ရှောက် နေခဲ့ ရသည်။

တစ်ရက်တွင် ရှားပါးသော အားလပ်ခွင့်တစ်ခု ကျွန်တော်တို့ ရခဲ့ကြသည်။

ကျွန်တော်၊ ကိုလှဖေနှင့် ဆာဂျင်ကိုပုတို့ မြို့တွင်းသို့ ထွက်ခဲ့ကြသည်။

ကျွန်တော်တို့သည် တပ်မတော်၏ တာဝန်ကို ကျန်ရဲဘော်များ၏ နည်းတူ ထမ်းဆောင်နေရသော်လည်း စာရင်းဝင် တပ်သားများ မဟုတ်ကြ ပေ။ ထို့ကြောင့် လခလည်း မရကြပေ။

ဆာဂျင်ကိုပုသည် ကျွန်တော်တို့အဖြစ်ကို သနားသောစစ်သားအိုကြီး ဖြစ်သည်။

သူသည် သူ့အမေထံမှ တစ်ခုတည်း သူရခဲ့သော အမွေဖြစ်သည့်။ လက်စွပ်ကို သိမ်ကြီးဈေးနှင့် မလှမ်းမကမ်းရှိ ဖရေဇာလမ်း အပေါင်ဆိုင် တစ်ခု၌ ဝင်ပေါင်သည်။ ရသောငွေဖြင့် ကျွန်တော်တို့ကို ဆူးလေဘုရားလမ်းရှိ ဟိုတယ်တစ်ခု၌ ခေါက်ဆွဲကျွေးသည်။ နောက်အစီအစဉ်မှာ ကျွန်တော်တို့ အား ရုပ်ရှင်ပြရန် ဖြစ်သည်။

ကျွန်တော်တို့ သုံးဦးသည် ဆူးလေဘုရားလမ်းကို ဖြတ်၍ ရုပ်ရှင်ရုံ များဆီသို့ကူးခဲ့သည်။ ဂလုပ်ရုံ၌ပြသော ကားကို မကြိုက်သဖြင့် အိပ်ဆယ်

http://www.cherrythitsar.org



စီယာရုံဘက်သို့ သွားရန် လမ်းကို ဖြတ်ကူးသည်။ ရာဇ်ရုံ ပလက်ဖောင်းထောင့် အရောက်တွင် ကျွန်တော့်နာမည်ကို ခေါ်သံကြားလိုက်ရ၏။ ဤအသံသည် ကျွန်တော် ကောင်းကောင်းမှတ်မိသော အသံဖြစ်ပါသည်။

"မောင်လွမ်းနှောင် မောင်လေး"

ကျွန်တော် လှည့်ကြည့်လိုက်သောအခါ ဖို့ဒ်ကား တစ်စင်းသည် ပလက်ဖောင်းဘေး၌ ထိုးဆိုက်လျက်ရှိသည်။ ကားပြတင်းပေါက်မှ ခေါင်းလေးကိုပြူရင်း လှမ်းခေါ်နေသော မမမေကို တွေ့ရသည်။ ကျွန်တော် ကြောင်နေခိုက် မမမေက ကားတံခါးကိုဖွင့်၍ ဆင်းလာသည်။

"ကံကောင်းလို့ မောင်ရယ်၊ ရှာလိုက်ရတာ၊ ဘီအိုဒီ တောင်ရောက်ခဲ့သေးတယ်၊ မောင်တို့မြို့ထဲထွက်သွားတယ်ဆိုလို့ တွေ့လိုတွေ့ငြား လိုက်ရှာလိုက်ရတာ"

မမမေသည် စကားကိုမဆုံးဘဲ ကျွန်တော်နှင့် ကျွန်တော့်အဖော်များကို တစ်ဦးစီ လှမ်းကြည့်သည်။ မိန်းမဆိုလျှင် ကြောက်သမျှ ရက်တတ်သောကိုလှဖေက မျက်လွှာချ၍ ငြိမ်နေသည်။ ဆာဂျင်ကိုပုကမူ တောက်ရွှန်းဖြူဝင်း လှပသောမမမေကို အထူးဆန်းသဖွယ် မျက်လုံးကြီးပြူး၍ ငေးကြည့်နေ၏။

"မောင့်ကို ဘာလို့ လိုက်ရှာနေတာလဲ မမမေ"

မမမေ၏ မျက်နှာလေးသည် မသိမသာ လှုပ်ရှားသွားသည်။ အတန်ကြာမှ ဣန္ဒြေဆောင်ပြုံးရင်း လေးလေးဖြေသည်။

"မောင့်ကို မမမေ လိုက်ရှာတာ တွေ့ချင်လို့ပေါ့ကွယ်၊ ပြီးတော့ မမမေ အကူအညီ တောင်းစရာ တစ်ခုရှိလို့"

မမမေ၏အသံကလေး မသိမသာတုန်ရင်နေမှန်းကျွန်တော်သိသည်။ ထို့ကြောင့် မျက်နှာကို တတ်နိုင်သမျှ ပြုံးရွှင်ရင်း ပြန်မေးရသည်။

“မောင့်ဆီက အကူအညီ လိုချင်တယ်၊ မောင်ဘာကူရမလဲ”

မမမေသည် ပြန်မဖြေဘဲ အားနာသယောင် ဆာဂျင်ကိုပုနှင့် ကိုလှဖေ၏ မျက်နှာတို့ကို လှမ်းကြည့်သည်။ ပြီးမှ ညင်သာစွာ ဆို၏။

“မောင့်ကို မမမေ အေးအေးဆေးဆေး ပြောပြချင်တယ်”

မမမေဆိုလိုသည်ကို ကျွန်တော် နားလည်သဖြင့် ကျွန်တော့် ရဲဘော်များဘက်လှည့်၍ ပြောရ၏။

“ကဲ ကိုလှဖေနဲ့ ဆရာပု၊ ခင်ဗျားတို့ ရုပ်ရှင်ကြည့်ချင် ကြည့်ကြတော့၊ ကျွန်တော်တော့ မမမေနဲ့ လိုက်သွားဦးမယ်”

အလိုက်သိသော သူတို့က အထွေအထူးမပြောတော့ဘဲ၊ နှုတ်ဆက်၍ ထွက်ခွာသွားသည်။

မမမေသည် ကားနောက်ခန်းတံခါးကို ဖွင့်ပေးသည်။

“တက်လေ မောင်”

“မမမေ အရင်တက်ပါ”

မမမေသည် ကျေနပ်စွာပြုံး၍ ကျွန်တော့်အား ချစ်စဖွယ် တစ်ချက် ကြည့်ရင်း ကားပေါ်တက်၏။ ကျွန်တော်က နောက်မှတက်၍ မမမေဘေး ဝင်ထိုင်ပြီး တံခါးပိတ်လိုက်၏။

“ကိုဘိုးထူး အိမ်ကိုမောင်းပါ”

ကားသည် ရှေ့ဆက်မောင်း၍ ဆူးလေအဝိုင်းကြီးကို ပတ်ကာ မြောက်ဘက်သို့ ပြန်လာခဲ့၏။း

“မမမေ ကြည့်ရတာ တစ်ခုခု အရေးကြီးနေသလိုပဲ၊ မောင် ဘာအကူအညီ ပေးရမှာလဲ”

မမမေ၏ အမူအရာမှာ ပြန်လည်တည်ငြိမ်နေသည်။ ပြန်ဖြေသော အသံမှာလည်း အေးချမ်းသည်။

http://www.cherrythitsar.org



"အစတုန်းကတော့ မမမေ စိတ်လှုပ်ရှားနေတယ်ကွယ်၊ အခု မောင့်ကို တွေ့ရတော့ ဒါလောက်ကြီး မပူတော့ဘူး၊ အိမ်ရောက်မှပဲ အေးအေးဆေးဆေး စကားပြောတာပေါ့"

ကျွန်တော်သည် ဘာမှ ဆက်မပြောတော့ဘဲ မမမေဆန္ဒအတိုင်း ဆိတ်ငြိမ်စွာလိုက်ပါခဲ့သည်။

ကားသည် ဦးခင်မောင်ဦး၏ မိဘများ အိမ်ခြံဝင်းအတွင်းသို့ဝင်ခဲ့ သည်။

အိမ်ဆီမှ ပီယာနိုသံသည် မြူးမြူးကြွကြွ ထွက်ပေါ်လာနေ၏။ ခြံဝင်းအတွင်း ပန်းပင်များကြား၌ ဟိုတတွဲသည်တတွဲဖြင့် လုလင်ပျို၊ လုံမပျိုများကို တွေ့ရသည်။

ကားပေါ်မှဆင်းပြီးသောအခါ မြင်ရသမျှကို အံ့သြငေးကြည့်နေ သော ကျွန်တော့်အား မမမေက ရှင်းပြသည်။

"ဒီနေ့ တင်တင်ဦး မွေးနေ့လေ၊ အိမ်မှာ ပါတီပေးနေတယ်"

"ဪ..."

ဤမျှသာ ကျွန်တော် ပြောနိုင်သည်။

မမမေနှင့် ကျွန်တော် အိမ်တွင်းသို့ ဝင်လာခဲ့၏။ ဧည့်ခန်းဆောင် ပီယာနိုတွင် ကျွန်တော် တစ်ကြိမ်က အမှတ်ပြုခဲ့ဖူးသော ဖြူဖြူနွဲ့နွဲ့ လူငယ်သည် သီချင်းတစ်ပုဒ်ကို ဆိုတီးတီးနေ၏။ ဘေး၌ တင်တင်ဦးက ကြည်နူးသာယာစွာ နားထောင်နေ၏။

"ချစ်ပင်ချစ်မိုး ချစ်လိုက်ပါတဲ့ မေ သစ္စာညှောင်ဘွေ့ အမြဲပင် တမ်းတနေ ဒီမောင် မှန်းဆကာ အလွမ်း... မပြေ"

မမမေနှင့် ကျွန်တော်ဝင်လာသောအခါ အတီးနှင့်အဆို ရပ်သွား၏။ တင်တင်ဦးက နေရာမှထ၍ ကျွန်တော်တို့အား ကြိုဆိုသည်။

http://www.cherrythitsar.org



"ဟင်… မမမေ ကိုလွမ်းနှောင်ကို တွေ့ခဲ့သလား"

"ဟုတ်တယ်၊ တင်တင်ဦး၊ ရှာတဲ့နေရာမှာ မတွေ့ဘူး၊ မမျှော်လင့်ဘဲ လမ်းမှာ တွေ့ခဲ့ရတယ်"

"ဟာ အတော်ပဲ၊ တင်တင်ဦး ဘတ်ဒေးကို ကိုလွမ်းနှောင် တက်ဖြစ်တာပေါ့"

ကျွန်တော်က တင်တင်ဦးအား ပြုံးရင်း ပြန်ဖြေရ၏။

"မမျှော်လင့်ဘဲ တင်တင်ဦးရဲ့ ဘတ်ဒေးကို ကိုလွမ်းနှောင်တက်ခဲ့ရတာ ဝမ်းသာပါတယ်၊ ကဲလေ ဆက်တီးကြပေါ့"

တင်တင်ဦးက ကျွန်တော့်ကို လူငယ်နှင့် မိတ်ဖွဲ့ပေးသည်။

"ဒါထက် ကိုလွမ်းနှောင်၊ ဟောဒါ တင်တင်ဦးရဲ့ မိတ်ဆွေပဲ၊ ကိုမြင့်ထွေးလေးလို့ ခေါ်တယ်၊ ကိုမြင့်ထွေးလေး ဟောဒါက ကိုလွမ်းနှောင်"

ယဉ်ကျေးမှုအရ ကျွန်တော်က လက်ထိုးပေးရင်း…

"တွေ့ရတာ ဝမ်းသာပါတယ်၊ ကိုမြင့်ထွေးလေး"ဟု ဆိုရ၏။ သူက ကျွန်တော့်ကို ပြန်လက်ဆွဲနှုတ်ဆက်ရင်း ဆို၏။

"တွေ့ရတာ ဝမ်းသာပါတယ်၊ ကိုလွမ်းနှောင်၊ ခင်ဗျား ကဗျာတွေလည်း ကျွန်တော်ဖတ်ဖူးပါတယ်၊ ကဗျာတွေထက် ခင်ဗျားနာမည်ကို ကြိုက်တယ် ဗျာ၊ လွမ်းနှောင်ဆိုတဲ့ နာမည်ဟာ သိပ်ကဗျာဆန်တာပဲ"

ကျွန်တော်က ပြုံးမိသည်။ လွမ်းနှောင်ဆိုသော အမည်ကို ကျွန်တော့် မိဘများ မှည့်စဉ်က အဓိပ္ပာယ်တစ်မျိုးနှင့်ဖြစ်၏။ ဤနာမည်ကို သူတို့က ကဗျာဆန်သည် ဆိုနေပြန်၏။

"ခင်ဗျားတို့က မြန်မာစကားအတိုင်း စဉ်းစားပြီး ကျွန်တော့်နာမည်ကို ကဗျာဆန်တယ် ထင်ဟန်ရှိတယ်၊ အမှန်က ကျွန်တော့်နာမည်ဟာ ကဗျာနဲ့ ဘာမှမဆိုင်ဘူး၊ ကျွန်တော့်အဖေနာမည်က ဦးထွန်းနှောင်၊

http://www.cherrythitsar.org



ကျွန်တော့် အမေနာမည်က ဒေါ်လွမ်း၊ လွမ်းဆိုတာက ရှမ်းနာမည်၊ ကျွန်တော့်အမေက ရှမ်းကပြားတစ်ဦးပဲ၊ ဒီတော့ ကျွန်တော့်နာမည်ရှေ့က လွမ်းဟာ ခင်ဗျားတို့ နားလည်ထားတဲ့ လွမ်းနဲ့ ဘာမှ မဆိုင်ပါဘူး”

မြင့်ထွေးလေးသည် ဘာဖြေရမှန်းမသိဘဲ ကျွန်တော့်အား စိုက်ကြည့် နေ၏။ ထိုစဉ် မမမေက ဝင်ပြော၏။

“မောင် သူတို့နဲ့ စကားပြောနေဦးနော်၊ မမမေအဝတ်အစား ဝင်လဲလိုက်ဦးမယ်”

မမမေ အခန်းတွင်းသို့ ဝင်သွားသောအခါ မြင့်ထွေးလေးက ပီယာနို၌ ပြန်ထိုင်၏။ တင်တင်ဦးက တိုက်တွန်းသည်။

“အတော်ပဲ ခုနက သီချင်း ဆက်တီးကြမယ်၊ ကိုမြင့်ထွေးလေးက တီးပေါ့၊ ကိုလွမ်းနောင်က ဆို”

မြင့်ထွေးလေးက ကျွန်တော့်ကို လှည့်ကြည့်သည်။ ကျွန်တော်ဆိုလျှင် သူကတီးရန် အဆင်သင့်ရှိနေ၏။

ကျွန်တော့်ရင်တွင်းဝယ် မဖော်ပြနိုင်သော ကြေကွဲမှုနာကျည်းမှု၊ မုန်းတီးမှုတို့ ရုတ်တရက်ဝင်လာ၏။

ကျွန်တော်သည် စစ်မြေပြင်မှ ပြန်နားရသည်မှာ မကြာသေး၊ စစ်မြေဝယ် ကျွန်တော့်ရဲဘော်အများ နာရီတိုင်းအသက်မသေစေ၊ သွေးမြေကျ နေကြရသည်။ တစ်ပြည်လုံးတွင် တာဝန်သိသူတိုင်း ရရာလက်နက် စွဲ၍ ပြစ်ရာဘဝ၌ ပြည်ထောင်စု၏ ရန်သူတို့ကို ကာကွယ်နေကြသည်။

ဤသေရေးရှင်ရေးအချိန်တွင် ချစ်ပင်ချစ်မိုး လုပ်နေသူတို့အား ကျွန်တော်စက်ဆုပ်သည်။

ကျွန်တော်သည် ရင်မှခံစားရသမျှ နှုတ်မှ မထွက်လာအောင် ထိန်းချုပ်လျက် ယဉ်ကျေးစွာ ဖြေရ၏။

http://www.cherrythitsar.org



"တင်တင်ဦးတို့ပဲ၊ ဆိုကြ တီးကြပါ။ ကိုလွမ်းနောင်တော့ ခုတလော တီးချင်ဆိုချင် စိတ်မရှိလို့ ခွင့်လွှတ်ပါ"

ကျွန်တော်သည် သူတို့ထံမှအဖြေကို မစောင့်ဘဲ၊ ညှော်ခန်း တစ်နေ ရာသို့ ထလာခဲ့သည်။ အချိန်မီပင် မမမေက အတွင်းခန်းမှ ပြန်ထွက် လာ၏။

"လာ... လာ... မောင်...၊ အုန်းနို့ခေါက်ဆွဲစားရအောင် မမမေနဲ့ လိုက်ခဲ့"

ဆာဂျင် ကိုပုကျွေးမွေးခဲ့သဖြင့် ကျွန်တော်မဆာပါ။ သို့ရာတွင် မမမေ ဖိတ်ခေါ်လျှင် ကျွန်တော်၌ ငြင်းပယ်ရန် အင်အားမရှိ။

မမမေနှင့် ကျွန်တော်သည် ထမင်းစားခန်းသို့ ရောက်လာကြသည်။ မမမေခိုင်းသဖြင့် ကျွန်တော်က စားပွဲရှိ ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်၏။ မမမေက စားပွဲပေါ်၌ အဆင်သင့်ရှိနေသော ခေါက်ဆွဲစသည်တို့ကို ပန်းကန်တစ်ခု၌ ထည့်ပေးနေရာမှ ကျွန်တော့် အဝတ်အစားဆီ မျက်လုံး ရောက်လာသည်။

"ကြည့်စမ်း ဒီလောက်မှ မအိုက်ပဲ ကုတ်အင်္ကျီကြီး ဝတ်ထားရ သလား၊ မျက်နှာမှာ ချွေးတွေနဲ့၊ ချွတ်စမ်း။ မမမေ ချွတ်ပေးမယ်နော်"

ကျွန်တော်ကိုယ်၌ နက်ပြာရောင် ကုတ်အင်္ကျီကို ဝတ်ထားသည်။ နေ့လည်ဖြစ်သဖြင့် ကျွန်တော့်ကိုယ်မှာ ချွေးစို့နေသည်။ သို့ရာတွင် ကုတ်အင်္ကျီကို ကျွန်တော် မချွတ်ရဲ။ မချွတ်ရဲသည့်အကြောင်းကိုလည်း ကျွန်တော် တစ်ယောက်သာသိသည်။ ထို့ကြောင့် လျှင်မြန်စွာ ပြန်ဖြေရ၏။

"နေပါစေ မမမေ။ မောင် ကုတ်အင်္ကျီမချွတ်ချင်ပါဘူး"

မမမေသည် ကျွန်တော့်နောက် ရောက်နေပြီဖြစ်သည်။

"ဘာလို့ မချွတ်ရမလဲ အိုက်နေတာ။ ခေါက်ဆွဲစားပြီးရင်

http://www.cherrythitsar.org



ပိုအိုက်ဦးမယ်။ ကဲပါ ချွတ်စမ်း”

မမမေကို ကျွန်တော် ဇွတ်မငြင်းချင်၊ မမမေကို ငြင်းပယ်ရန်လည်း ကျွန်တော့်အကျင့်မဟုတ်။

ကျွန်တော်က အသာတကြည် ငြိမ်ခံနေခိုက် မမမေက ကုတ်အင်္ကျီကို ချွတ်ယူသည်။

ကျွန်တော့်ကိုယ်မှ ကုတ်အင်္ကျီကွာသွားသည် ခဏ၌ မမမေထံမှ ရင်ထုမနာ အံ့သြသံကို တစ်လုံးတည်း ကြားလိုက်ရ၏။

“အို”

ကျွန်တော့်အောက်ခံအင်္ကျီ၌ လက်များမရှိ။ ကျော၌လည်း ဗလာ။

မမမေသည် စိတ်မချမ်းသာခြင်း ကြီးစွာဖြင့် ကျွန်တော့်ကို ကြည့်ရှာသည်။

“ဒီလောက်တောင်၊ ဖြစ်နေပလား မောင်ရယ်”

မမမေ စိတ်မကောင်းဖြစ်ရသဖြင့် ကျွန်တော်က အကျိုးအကြောင်း တင်ပြ၍ ရှင်းပြရသည်။

“ကျွန်တော်တို့ တပ်ကို ထွက်လာတုန်းက အဝတ်အစားတွေ ပစ်ထားခဲ့ကြတယ်။ အခု ရရာအဝတ်ကို လူကြည့်ကောင်းအောင် ဝတ်လာတာပဲ။ ယူနီဖောင်းနဲ့လည်း မထွက်ချင်ဘူး မမမေ”

မမမေသည် ဘာမျှပြန်မပြောတော့ဘဲ၊ ကုတ်အင်္ကျီကို ပြန်ဝတ်ပေးသည်။ ထိုနောက် ကျွန်တော့်ဘေး ကုလားထိုင်တွင် ဝင်ထိုင်ရင်း မျက်နှာလေးကို ကျွန်တော့်ဘက် စောင်းငဲ့ကြည့်၍ ဆို၏။

“မောင့်ကို မမမေ ချီးကျူးတယ်”

“ကျွန်တော့်ကို ဘာချီးကျူးတာလဲ မမမေ”

“မောင့်တိုင်းပြည်အတွက် မောင်တာဝန်သိတတ်တာကို မမမေ

http://www.cherrythitsar.org



ချိုးကျူးတာပေါ့ ကဲလေ စားဦး”

ကျွန်တော်က အုန်းနို့ခေါက်ဆွဲကို စစားသည်။ မမမေက အချဉ်၊ အငန်၊ စသည့်လိုရာများကို ထည့်ပေးနေ၏။

စာရင်းမှ သတိရသဖြင့် ကျွန်တော်က မေးရ၏။

“ဒါထက် မမမေ ကျွန်တော့်ဆီက အကူအညီ လိုချင်လို့ဆို။ မောင် ဘာကူညီရမလဲ”

“စားပါဦးလေ ပြီးတော့မှ အေးအေးဆေးဆေး စကားပြောကြတာပေါ့”

“ကျွန်တော်စားရင်း နားထောင်နိုင်ပါတယ် မမမေ”

မမမေသည် သက်ပြင်းလေး မသိမသာချ၍ မေးသည်။

“မောင် အခု တပ်မတော်ထဲ အပြီးပြန်ဝင်လိုက်ပြီလား”

“မဟုတ်ပါဘူး မမမေ။ တပ်မတော်ထဲကို ပြန်ဝင်ဖို့ဆိုတာက ထင်သလောက် မလွယ်ပါဘူး”

“ဒါဖြင့် အခု မောင်ဘာလုပ်နေတာလဲ”

“တပ်ထဲမှာပေါ့ မမမေ။ တိုင်းပြည်ရန်ကို ဖြစ်သလို ခုခံကာကွယ်နေကြရတဲ့၊ လူကြီးတွေပေးတဲ့ တာဝန်ကို ကျရောက်ရာက ထမ်းနေရတဲ့ သဘောပါပဲ၊ မောင်တို့လခလည်း မရပါဘူး၊ အနီးစပ်ဆုံးပြောရရင် စေတနာ့ဝန်ထမ်းတပ်သားတစ်ဦးဆိုပါတော့”

မမမေ၏ မျက်နှာလေး အတန်ငယ် ပြန်ကြည်လာသည်။ သို့ရာတွင် ဘာမျှ ဆက်မပြောဘဲ တစ်စုံတစ်ခုကို စဉ်းစားနေဟန်ရှိ၏။

“ဘာကြောင့် ဒါတွေ မေးနေတာလဲ မမမေ”

ကျွန်တော်က ခေါက်ဆွဲပန်းကန်ကို လက်စသိမ်းရင်း မေးသည်။

“အို တော်ပြီလား ထပ်ထည့်ဦးလေ”

http://www.cherrythitsar.org



"တော်ပါပြီ မမမေ။ ကျွန်တော် ကော်ဖီကြမ်းပဲ သောက်ချင်တယ်"

မမမေက လက်ဖက်ရည် ပန်းကန်တစ်လုံးထဲသို့ နှပ်ထားသော ကော်ဖီရည်များ ငှဲ့ပေး၏။ ထိုနောက် သကြားခွက်ထဲမှ သကြားကို ငွေဇွန်းလေးဖြင့် ခပ်ထည့်ပေးပြန်သည်။

ကျွန်တော်က ကော်ဖီကို တစ်ကျိုက်စုပ်သောက်ပြီး "ပြောလေ၊ မမမေ၊ မောင့်ကို ဘာပြောမလဲ"ဟု မေးလိုက်၏။

မမမေ၏နှုတ်မှာ လေးနေသည်။ တစ်စုံတစ်ခုကို အပြောရခက်နေဟန်ရှိ၏။ နောက်ဆုံးတွင်မှ မေးခွန်းတစ်ခုကို မေးသည်။

"မောင်တပ်ထဲက ခွင့်ယူလို့ ရမလား၊ ငါးရက်လောက်ဆိုပါ တော့လေ"

"ခွင့်ငါးရက် ဘာလုပ်ဖို့လဲ မမမေ"

"မမမေ မေးတာကို ဖြေပါဦး"

"ကျွန်တော်ပြောခဲ့ပါရောလား၊ ကျွန်တော့် အခြေအနေက စေတနာ့ ဝန်ထမ်းသဘောမျိုးပါ။ ခွင့်ဆိုတာက ကျွန်တော်လိုချင်ရင် ရပါတယ်၊ ဒါပေမဲ့ ခွင့်ပေးရမယ့်သူက ကျွန်တော်ကိုယ်တိုင် ဖြစ်နေတယ်၊ ကျွန်တော် ခွင့်ယူမယ် မယူဘူးဆိုတာ ကျွန်တော့်တာဝန် သိမှုမသိမှုပေါ်မှာ တည်နေ တယ်"

မမမေက ညှိုးနွမ်းစွာပြုံးရင်း တောင်းပန်သယောင်ကြည့်၏။

"မမမေ ဒါကို အပြောရခက်နေတာပဲ မောင်၊ တိုင်းပြည်ရဲ့ တာဝန်ထမ်းနေရတဲ့ မောင့်ကို မမမေက ကိုယ်ရေးကိုယ်တာ ကိစ္စအတွက် ခွင့်ယူခိုင်းရမှာ လိပ်ပြာ မသန့်ဘူး၊ ဒါပေမဲ့ မမမေမှာ တခြားအားကိုးစရာ လည်း မရှိဘူး"

မမမေက ညည်းညည်းညူညူ ဆိုသည်။ မမမေ ညည်းပြန်တော့

http://www.cherrythitsar.org



ကျွန်တော့် အသည်းနှလုံးက မခံနိုင်ပါ။

“မောင် ခွင့်ယူနိုင်ပါတယ်လေ၊ အခုလည်း အနားယူနေရတာပဲ၊ ငါးရက်လောက်တော့ ကိစ္စမရှိပါဘူး၊ ပြောလေ မမမေ၊ ဘာကိစ္စလဲ”

မမမေ၏ မျက်နှာသည် ရွှင်လန်းသွား၏။

“ကျေးဇူးပါပဲမောင်ရယ်၊ မမမေပြောပြမယ်၊ မောင့်ဆီကို စာတစ်ခါ ရေးတုန်းက ဖေဖေကောင်းကောင်း မကျန်းမာဘူးဆိုတာ မှတ်မိလား”

“ကျွန်တော် မှတ်မိပါတယ်”

“တစ်နေ့ စာရတယ်၊ အခုတော်တော် အသဲ အသန်ဖြစ်နေတယ်တဲ့၊ မောင်သိတဲ့အတိုင်းပဲ မမမေတို့မှာ အဖေတစ်ခုသမီးတစ်ခုပါ၊ အစကတော့ ဒီမှာတင် ကျောင်းပြန်ဖွင့်ရင် စာမေးပွဲဖြေဖို့ စာကျက်နေမယ် စိတ်ကူးတယ်၊ အခုတိုင်းဆိုတော့ မန္တလေးကို မမမေ အမြန်ဆုံး ပြန်ရလိမ့်မယ်၊ ဖေဖေ့ ရောဂါက နှလုံးရောဂါကွယ်”

မမမေသည် ထုံးစံအတိုင်း အေးချမ်းတည်ငြိမ်စွာ ပြောနေသော်လည်း၊ မျက်ရည်မသိမသာ ဝဲနေ၏။

“ကောင်းပါပြီ၊ ဒါဖြင့် ကျွန်တော် ဘာလုပ်ပေးရမှာလဲ”

“ပြောပါမယ် မမမေစိတ်ကူးတာက ကျန်တဲ့ ခရီးလမ်းပန်းတွေလည်း ပိတ်နေတော့၊ လေယာဉ်ပျံနဲ့ပဲ သွားမယ်စိတ်ကူးတယ်၊ မန္တလေး ဘက်က အခြေအနေတွေကလည်း သိပ်ကောင်းဟန် မတူဘူး၊ ဒီတော့ ဟိုရောက်ရင် ရောက်ခြင်း ဖေဖေ့ကိုခေါ်ပြီး ဒီရန်ကုန်ကို ပြန်လာချင်တယ်၊ အဲဒါ မောင် မမမေနဲ့ လိုက်ပြီး အကူအညီ ပေးစေချင်တယ်”

ကျွန်တော်က အသာအယာ ရယ်မောမိသည်။

“သြော်…မမမေရယ် ဘာများ ဝန်လေးတာ ဆောင်ရွက်ပေးရလဲ အောက်မေ့တယ်၊ ဒါလောက်လေးများ ဒီလောက်တောင် နိဒါန်းတွေ

http://www.cherrythitsar.org



ပျိုးနေရသတဲ့လား မောင်လိုက်ခဲ့ပါမယ်၊ အဲ ဒါပေမဲ့”

တစ်ပိုင်းတစဖြင့် ကျွန်တော်က စကားရပ်လိုက်သောကြောင့် မမမေသည် မျက်လုံးကလေးပြူး၍ လှမ်းကြည့်သည်။

“ဒါပေမဲ့၊ ဘာဖြစ်သလဲမောင်”

“ဒါပေမဲ့”

ကျွန်တော်သည် ကျွန်တော့် ဒါပေမဲ့ကို ဆက်ရှင်းပြရန်ခက်နေ၏။ ကျွန်တော် မဖြေနိုင်သောအခါ မမမေသည် ခေတ္တစဉ်းစားနေပြီးနောက် သဘောပေါက်ဟန် ရယ်မော၍ ဆိုသည်။

“ဒါပေမဲ့ ဘာလဲ မောင့်မှာ အဝတ်အစားမရှိဘူး၊ ဟုတ်တယ် မဟုတ်လား”

ကျွန်တော်က ရှက်ပြုံး ပြုံးရင်း ဝန်ခံရသည်။

“အဲအဲ ဟုတ် ဟုတ် ဟုတ်တယ်”

မမမေသည် ရင်ထုမနာ ကျွန်တော့်ကို ကြည့်သည်။

“ဖြစ်ရလေ မောင်ရယ်၊ မမမေက အကူအညီတောင်းရင် ဒါလောက်တော့ မမမေ ဆောင်ရွက်ပေးရမှာပေါ့၊ မောင်က မမမေကိုများ အားနာတယ်လို့ ပြောဦးမှာလား”

စကားအဆုံး၌မူ မမမေသည် စိတ်ပေါ့ပါးသွားဟန် ကြည်ကြည်လင်လင် ရယ်မောသည်။ ထိုအခါ ကျွန်တော်လည်း ကြည်ကြည်လင်လင် ရယ်မော လိုက်ရပါ၏။

“မမမေ ဘယ်နေ့ သွားချင်သလဲ”

“သဘက်ခါမှ လေယာဉ်ပျံပတ်ရှိတယ်၊ လိုလိုမယ်မယ် လက်မှတ်နှစ်စောင်တောင် ဝယ်ပြီးပြီ”

ကျွန်တော်တို့ အနေနှင့် ရှေ့ဆက်ပြောစရာအကြောင်း မရှိတော့ပါ။

http://www.cherrythitsar.org



ထိုနေ့လည်တွင်ပင် မမမေနှင့် ကျွန်တော်သည် ကျွန်တော့်အတွက် အဝတ်အစားဝယ်ရန် မြို့တွင်းသို့ တစ်ခေါက် ပြန်ထွက်ခဲ့ကြသည်။

ခြံအတွင်းမှ ကျွန်တော်တို့ကား ထွက်လာကြသောအခါ တင်တင်ဦး နှင့် မြင့်ထွေးလေးတို့၏ သီချင်းသံသည် ထွက်ပေါ်နေ၏။

"ချစ်ပင်ချစ်မိုး ချစ်လိုက်ပါတဲ့မေ၊ သဉ္ဇာညောင်ဘွေ အမြဲပင် တမ်းတနေ"

စောစောက တိုင်းပြည်မီးလောင်နေဆဲ၊ ချစ်ပင်ချစ်မိုးစွေပဲ စွေနိုင်လွန်းသော သူတို့အား စိတ်တွင်းမှ မကျေမနပ် ဖြစ်ခဲ့၏။

ယခုမူ ကျွန်တော်ကိုယ်တိုင်ပင် ချစ်လှစွာသော မမမေအတွက် ချစ်မိုးအထူးစွေစရာ မလိုတော့သော်လည်း ချစ်ခရီးကို သူစေ၍ မေတ္တာကျွန် အဖြစ် သမုဒယဝန်ကို ထမ်းရဦးမည်တကား။

*

# ၁၂

မင်္ဂလာဒုံ လေယာဉ်ပျံကွင်းမှ ကျွန်တော်တို့ စီးနင်းပါလာသော လေယာဉ်ပျံကြီးသည် ကောင်းကင်သို့ ထိုးတက်လာသောအခါ၌ ရှစ်ရပ်ခွင်ဝယ် မင်းလွင်မှူခိုးတို့ မှိုင်းမှိုင်းဝေနေ၏။

လေယာဉ်ပေါ်၌ ခရီးသည် ၁၅ ဦးခန့်သာပါသဖြင့် ချောင်ချောင်ချိချိ ရှိသည်။ ကာလကြီး မကောင်းသဖြင့် မလွဲသာသူများသာ ခရီးသွားကြရသည်။ ဤလေယာဉ်ပျံပေါ်တွင် ပါသောသူ အားလုံးမှာ မလွဲသာ၍ ခရီးသွားကြရသူချည်းသာ ဖြစ်ဟန်တူသည်။

ခရီးသည် ၁၅ ဦးအနက် မမမေအပါအဝင် မိန်းမသား သုံးဦးသာ ရှိသည်။ တစ်ဦးမှာ ဝဝဖိုင့်ဖိုင့်နှင့် အသက် ၅၀ ခန့် အဘွားကြီးတစ်ဦး ဖြစ်သည်။ ကျန်တစ်ဦးမှာ အသက် ၄၀ ခန့် ပိန်ပိန်ပါးပါး မိန်းမကြီးတစ်ဦး ဖြစ်သည်။ ထိုဒုတိယ မိန်းမကြီးသည် လေယာဉ်ပျံစက် နှိုးကတည်းက လက်တစ်ဖက်က စိတ်ပုတီးစိပ်ရင်း ပါးစပ်မှ သမ္ဗုဒ္ဓေ ရွတ်နေသည်။ ကျန်ခရီးသည်အားလုံးမှာ ယောကျ်ားများဖြစ်ကြ၍ ချစ်တီးကုလား နှစ်ဦး ပါသည်။

http://www.cherrythitsar.org



မမမေနှင့် ကျွန်တော်သည် နောက်ဆုံးခုံ၌ နှစ်ဦးတွဲ လိုက်ပါလာကြသည်။

ကျွန်တော်သည် အစိမ်းရောင် အလွန်ကြိုက်တတ်သည်။ ထို့ကြောင့် ဘန်ကောက်လုံချည် အစိမ်းနှင့် မီးခိုးရောင် သက္ကလပ်အင်္ကျီကို ဝတ်ထားသည်။ မမမေကလည်း ကျွန်တော့်အကြိုက်လိုက်၍ တိုဘယက်ကိုး ထဘီအစိမ်းနုကို ဝတ်ထား၏။

မမမေ၏ အသားလေးများ ဖြူဝင်းသည့်အကြောင်းကို ကျွန်တော် ထပ်ဆိုပါရစေ။ ဖြူဝင်းသော အသားဝယ်၊ မွေးညင်းရေးရေးလွှမ်း၍ ရွှန်းမြမွတ်ကြည်သည့် အကြောင်းကိုလည်း ထပ်၍ ဆိုပါရစေဦး။ ဤသို့ ဖြူဝင်း ရွှန်းမြမွတ်ကြည်သော မမမေသည် အစိမ်းရောင် ထဘီဖြင့် ဆိုသော် ကျွန်တော့်မျက်စိဝယ် ရွက်နုတို့၏ရင်ခွင်၌တင့်တယ်လေသော စံပယ်ဦးကဲ့သို့ ကျွန်တော့်ရင်တွင် ထင်မှတ်လေရပါ၏။ ထင်မှတ်လေရပါ၏။

ဤစံပယ်ပန်း ရှင်လန်းမည်ဆိုလျှင် ကျွန်တော့်မေတ္တာမိုးကို တိတ်တိတ်ခိုး ဆွေရဆွေရ ကျွန်တော် ဆွေချင်ပါသည်။ ဆွေခွင့်ကိုလည်း ကျွန်တော် ရခဲ့ပါသည်။ ပမာဆိုသော် နေ့အတွက်ဖြစ်သော စံပယ်မာလာ ဖူးထက်၊ နှင်းဦးကို ကြည်နူးသာယာ မြန်းခါပေးရသည့် ည၏သနှစ်နှင့် ကျွန်တော်၏အဖြစ်မှာ တူနေပါသည်။

အမှန်ပင် ကျွန်တော့်ဘဝမှာ ညအလား သာတည်း။ နေမင်းပြူ၍ ပန်းမဉ္ဇူကို ပိုင်ထိုက်သူ ပေါ်လာလျှင် ပန်သူမှာ ကျွန်တော် မဟုတ်သည်ကို ကျွန်တော်သာလျှင် အသိဆုံး ဖြစ်၏။

ဤအတွေးဖြင့် ကျွန်တော်သည် လေယာဉ်ဘေးမှ ဖြတ်ခါ သွားနေသော တိမ်လွှာတို့အား ငေးကြည့်လိုက်ပါလာသည်။

http://www.cherrythitsar.org



“ဟေး ဆရာကြီး ငိုင်လှချည်လား၊ ဘာတွေ အတွေးနယ်ချဲ့လာလဲ”

မမမေက နောက်သဖြင့် ကျွန်တော်က ပါးစပ်ထဲရှိရာကို ကောက်၍ ဖြေရသည်။

“ဘာရယ် မဟုတ်ပါဘူး၊ မမမေရယ်၊ တိမ်လွှာတွေမြင်တော့ နတ်သျှင်နောင်ရဲ့ ကဗျာတွေ သွားသတိရလို့ပါ”

“ဘယ်ကဗျာလဲကွယ်”

“တိမ်စွန်လေလျှင်၊ ဖူးရောက်ချင်သည်၊ ငှက်သွင်ပျံကြွ မတတ်သော် ဆိုတဲ့ ကဗျာပဲ”

“မောင့်မှာ တိမ်စွန်လေလျှင်၊ ဖူးရောက်ချင်တဲ့ သူများ ရှိနေပြီလားကွယ်”

“မရှိပါဘူး မမမေ၊ မရှိလို့ ခက်နေတာပေါ့၊ တစ်ခါတလေ ရှိများ ရှိရင် ကံကောင်းလေမလားလို့ စဉ်းစားမိတယ်”

မမမေ၏ မျက်နှာသည် ဖြောင်လိမ်နေသော ကျွန်တော့်ဘဝကို နားလည်သဖြင့် မသိမသာ ညှိုးကျသွား၏။ ထို့နောက် ခံ့ညားတည်ငြိမ်စွာ ဆုံးမ၏။

“မောင့်ကို ဒီနတ်သျှင်နောင်ရဲ့ ကဗျာတွေကို မေ့ပါလို့ မမမေ ပြောတာ များလှပြီ၊ နတ်သျှင်နောင်ရဲ့ ဘဝဟာ မကောင်းပါဘူးကွယ်”

ကျွန်တော်က ခေါင်းညိတ်ရင်း၊ မမမေ၏ စကားကို ထောက်ခံမိသည်။

“ဟုတ်ပါတယ် မမမေ၊ နတ်သျှင်နောင်ရဲ့ဘဝဟာ မကောင်းပါဘူး”

သက်ပြင်း ကိုယ်စီဖြင့် ကျွန်တော်တို့နှစ်ဦး စကားပြတ်သွားကြသည်။

လေယာဉ်သည် အရှိန်မှန်မှန်ဖြင့် ပျံသန်းနေ၏။ ကျွန်တော်တို့ရှေ့မှ

စိတ်ပုတီးနှင့် အဘွားကြီးသည် သမ္ဗုဒ္ဓေကိုးခေါက်ဆုံးသဖြင့် ဣတိပိသောကို အစမှ ပြန်ရွတ်နေသည်။ ချစ်တီးကုလားကြီးမှာ ဘယ်နှစ်ည ဘယ်နှစ်ရက် အိပ်ပျက်သည်မသိ၊ သူ့ခေါင်းပြောင်ကြီးကို ငိုက်ကာ ငိုက်ကာ လိုက်ပါလာသည်။

တစ်နာရီကျော်ကျော် ပျံသန်းပြီးသောအခါ လေယာဉ်ပျံသည် မြေပြင်သို့ နိမ့်၍ ဝဲလျက် သက်ဆင်းလာ၏။ လေယာဉ် အမှုထမ်းတစ်ဦးက မိတ္ထီလာကွင်း၌ ဆင်းတော့မည်ဖြစ်ကြောင်း ပြောကြားလာ၏။

လေယာဉ်သည် ကွင်း၌ဆင်းမိ၍ လမ်းကြောင်းအတိုင်း ပြေးလွှားလျက် ညင်ညင်သာသာ အရှိန်သပ် ရပ်သွားသည်။

လေယာဉ်မှူးက ရှေ့ခန်းမှထွက်လာသည်။ လေယာဉ် ဝမ်းဗိုလ် တံခါးလည်း ပွင့်သွား၏။ ခရီးသည် ဆင်းရန် လှေကားလည်း တွန်းရွှေ့ရောက်လာ၏။

မိတ္ထီလာ၌ ဆင်းမည့် ခရီးသည်ဟူ၍ ချစ်တီးကုလား နှစ်ဦးသာ ပါသည်။ သို့ရာတွင် အချိန်စာရင်းအရ မိတ္ထီလာ၌ ၁၅ မိနစ်ခန့်သာ ရပ်နားမည် ဖြစ်သဖြင့် ခရီးသည် အချို့ဆင်းကြသည်။ လေယာဉ်မှူးလည်း ဆင်းသွား၏။ မမမေနှင့် ကျွန်တော်အပါအဝင် ခရီးသည်အချို့မှာ မဆင်းဘဲ လေယာဉ်ပေါ်တွင် ကျန်ရစ်သည်။

၅ မိနစ်ခန့်အကြာတွင် လေယာဉ်မှူး ပြန်တက်လာ၏။ သူ့နောက်တွင် စစ်ဗိုလ်နှစ်ဦး ပါလာသည်။ နှစ်ဦးလုံးသည် ခြောက်လုံးပြူးများကို လက်တွင်း၌ကိုင်ကာ ရှိပြီး လေယာဉ်မှူး၏ ခါးကို ထောက်ထားကြ၏။

ကျွန်တော်တို့အားလုံး အံ့သြနေခိုက် လေယာဉ်မှူးက စိတ်မချမ်းသာခြင်းကြီးစွာသော မျက်နှာဖြင့် ရှင်းပြ ပြောဆို၏။

“ခရီးသည် အပေါင်းခင်ဗျား၊ ဒီလေယာဉ်ကွင်းကို ဘုရင့်တပ်မတော်

http://www.cherrythitsar.org



က သိမ်းပြီးပါပြီ၊ ဒီလေယာဉ်ကိုလည်း သိမ်းလိုက်ပါပြီ။ ကျွန်တော်တို့ ရှေ့ဆက်ပြီး မပျံသန်းနိုင်တော့ပါ”

လေယာဉ်မှူးသည် ဤမျှသာ ရှင်းပြ၏။ သေနတ်ကိုင်ထားသော စစ်ဗိုလ်က ခေါင်းငုံ့ပြလိုက်သဖြင့် ထိုစစ်ဗိုလ်နှင့်အတူ လေယာဉ်ပေါ်မှ ဆင်းသွားရရှာ၏။

ကျန်သော စစ်ဗိုလ်က ကျွန်တော်တို့ အားလုံးဆီသို့ ခြောက်လုံးပြူး ဖြင့်ချိန်ရင်း ကရင်သံဝဲဝဲဖြင့် အမိန့်ပေးသည်။

“ခရီးသည်တွေ အားလုံး အောက်ကိုဆင်းပါ။ လေယာဉ်ပျံကို ကျွန်တော်တို့ သိမ်းလိုက်ပြီ၊ မြန်မြန်ဆင်းပါ”

မမမေသည် ထိတ်လန့်တကြား ကျွန်တော့်လက်မောင်းအား လှမ်းဆုပ်သည်။ ကျွန်တော်က မမမေ၏ လက်မောင်းလေးကို ညှစ်၍ သတိပေး၊ အားပေးရသည်။

ခရီးသည်အားလုံး ကိုယ့်ပစ္စည်းကိုယ်ဆွဲ၍ကရင် စစ်ဗိုလ်၏ အမိန့် အတိုင်း အောက်ဆင်းကြရသည်။ ကံအားလျော်စွာ ကျွန်တော်နှင့် မမမေမှာ ပစ္စည်းများများ မပါ။ မမမေ၏ လက်ဆွဲသားရေသေတ္တာတစ်လုံးနှင့် ကျွန်တော့် ရှမ်းလွယ်အိတ် တစ်လုံးသာ ပါသည်။

မြေပြင်သို့ ကျွန်တော်တို့ ဆင်းမိသောအခါ ကရင် စစ်သား ၃၀ ခန့်တို့ လေယာဉ်ကို လက်နက်ကိုယ်စီဖြင့် ဝိုင်းထား၏။

ကျွန်တော်သည် အခြေအနေကို ကောင်းစွာ ရိပ်မိသွားသည်။ ထို့ကြောင့်

မပြုရက်ပါ။ မပြုချင်ပါ။ သို့ရာတွင် အခြားနည်းလမ်း မရှိတော့။

ကျွန်တော်က ထိရက်၊ ကိုင်ရက်စရာမရှိသော ဖွေးဖွေးနုသည့် မမမေ၏ လက်ကလေးကို ပိုင်စိုးပိုင်နင်း ဆုပ်ကိုင်လိုက်သည်။

http://www.cherrythitsar.org



နားမလည်ဟန်ရှိသော မမမေက ကျွန်တော့အား ထိတ်လန့်စွာ လှမ်းကြည့်သည်။

ထိုအချိန်၌ ကျွန်တော်တို့ဘေးဝယ် စောစောက ဖော်ပြခဲ့သော မိန်းမ ဖိုင့်ဖိုင့်ကြီးနှင့် စိတ်ပုတီး အမယ်ကြီးတို့ ရှိနေ၏။

ကျွန်တော် မပြောချင်သော စကားကို ဇွတ်နှစ်၍ ပြောခဲ့ရသည်။

"မကြောက်ပါနဲ့ မေရယ်၊ မောင်တို့ လက်ထပ်ပြီးစတစ်သက် မမေ့နိုင်တဲ့ အတွေ့အကြုံလို့ ခေါ်ရမှာပေါ့"

ပြောရင်း ကျွန်တော်သည် မမမေ၏ လက်ကလေးကို ညှစ်၍ သတိပေးရသည်။

ဖြူဝင်းသန့်စင်သော မမမေ၏ပါးပြင်ထက် ရက်သွေးများ ရဲရဲလွှမ်း လာသည်ကို ကျွန်တော် သတိပြုမိသည်။ သို့ရာတွင် အခြေအနေကို မမမေနားလည် သွားပြီဟု ကျွန်တော် ယုံကြည်မိသည်။

ကျွန်တော်တို့ ခရီးသည်အားလုံးအား မေဂျာအဆင့်ရှိ ကရင် ဗိုလ်မှူးတစ်ဦးက စကားစပြောသည်။

"ခရီးသည်များ ခင်ဗျား၊ ကျွန်တော်တို့ဟာ အရင်က အစိုးရ လက်နက်ကိုင် ကရင်တပ်သားများ ဖြစ်ပါတယ်၊ ဒါပေမဲ့ အခုအချိန်မှာ ကျွန်တော်တို့ကို ကော်သူလေး တပ်မတော်သားများအဖြစ်ပဲ သိထားစေလို ပါတယ်၊ မိတ္ထီလာမြို့ကိုလည်း ကျွန်တော်တို့သိမ်းပြီးပြီ၊ ဒီလေယာဉ်ပျံကွင်းနဲ့ လေယာဉ်ပျံကိုလည်း သိမ်းလိုက်ပြီ၊ ခရီးသည်တွေ ဒုက္ခရောက်တာတော့ ကျွန်တော်တို့ စိတ်မကောင်းပါဘူး၊ ဒါပေမဲ့ စစ်နဲ့အချစ်မှာ ဘာလုပ်လုပ် တရားတယ်လို့ အဆိုရှိပါတယ်၊ ဒီတော့ ခင်ဗျားတို့အားလုံးကို တောင်းပန် ပါတယ်၊ ဒီလေယာဉ်ကို ကျွန်တော်တို့သိမ်းပြီးပြီမို့ ခင်ဗျားတို့ ရှေ့ဆက်တော့ မသွားနိုင်ဘူး၊ မိတ္ထီလာမြို့ထဲ သွားချင်ရင်ပြောပါ၊ လိုက်ပို့ပေးပါမယ်၊

ဒါပေမဲ့ တစ်ခု သတိပြုပါ၊ ခင်ဗျားတို့အားလုံးဟာ အခိုက်အတန့်အားဖြင့် ကျွန်တော်တို့ရဲ့ အကျဉ်းသားတွေ၊ ဒီတော့ မြို့ထဲလိုက်မပို့ခင် စစ်ဆေးရမယ်"

ကျွန်တော်တို့ ခရီးသည်အားလုံး တန်စီရသည်။ ကရင်ဗိုလ်မှူးနှင့်အတူ ကျွန်တော်တို့အား လေယာဉ်ပေါ်မှ သေနတ်ဖြင့်ချိန်၍ ဆင်းခိုင်းသော ကရင် ကပ္ပတိန်ပါ စစ်ဆေးသည်။

သူတို့၏ ရည်ရွယ်ချက်မှာ ဤလေယာဉ်ထက်တွင် စစ်ရေး၊ နိုင်ငံရေးအရ တန်ဖိုးရှိသော ခရီးသည် ပါ မပါ သိလိုဟန်ရှိသည်။

ကျွန်တော် မမမေ၏လက်ကလေးကို ဆုပ်ကိုင်ရင်း ကရင်ဗိုလ်မှူးရှေ့တွင် အစစ်ခံရသည်။

"နာမည်"

"လွမ်းနောင်"

"အလုပ်"

"ကဗျာဆရာ"

ကရင် ဗိုလ်မှူးသည် ကျွန်တော့်အား အံ့အားသင့်သယောင် မော့ကြည့်၏။ ခဏတွင်မူ သူ့မျက်နှာသည် ပြုံးရွှင်သွား၍ ရင်းနှီးဖော်ရွေစွာ စကားပြန်သည်။

"လွမ်းနောင် ကဗျာဆရာ ကိုလွမ်းနောင်"

ကျွန်တော်က အေးချမ်းစွာ ခေါင်းညိတ်ပြရင်း ပြန်မေးမိ၏။

"ခင်ဗျား ကျွန်တော့်ကို သိသလား"

ကရင်ဗိုလ်မှူးသည် လိုက်လိုက်လှဲလှဲဆိုသည်။

"ခင်ဗျားကို ကျွန်တော်သိပါတယ်၊ ကိုလွမ်းနောင် ကျွန်တော်က ကရင်ဖြစ်ပေမဲ့ စစ်မဖြစ်ခင်က ကောလိပ်မှာ နေဖူးပါတယ်၊ မြန်မာစာပေ

http://www.cherrythitsar.org



ကဗျာကိုလဲ လေ့လာဖူးပါတယ်၊ စစ်ပြီးခေတ်မှာ ရေးတဲ့ခင်ဗျားရဲ့ ကဗျာတွေကိုလဲ ဖတ်ဖူးပါတယ်၊ ဘာတဲ့ဗျာ ခင်ဗျား တစ်ခါက ရေးခဲ့တဲ့ ကရင်မလေး တစ်ယောက်အကြောင်းဗျာ”

ကျွန်တော်က ကဗျာနာမည်ကို ပြောပြရ၏။

“လယ်ကွင်းရဲ့နော်၊ အဲဒီကဗျာ မဟုတ်လား”

ကရင်ဗိုလ်မှူးသည် အားရပါးရ ခေါင်းညိတ်သည်။

“ဟုတ်တယ် ဟုတ်တယ်၊ လယ်ကွင်းရဲ့နော်၊ အား ကျွန်တော် မှတ်မိသေးတယ်၊ ဘာတဲ့ စရိုက် တူတယ် ဟိုတုန်းမယ်တော့ မောင်ရယ် နော်ရယ်လယ်ကွင်းရယ်ပဲ၊ ဒီစကားလေး ကျွန်တော် သိပ်ကြိုက်တယ်၊ ကရင်ကလည်း လယ်သမားပဲ မြန်မာလည်း လယ်သမားပဲ”

ကျွန်တော်က သူ့ကို ချိုချိုသာသာ ပြန်ရန်တွေ့မိ၏။

“ဒါဖြင့် ဗိုလ်မှူးရယ် လယ်သမားချင်းဖြစ်တဲ့ ကရင်နဲ့ မြန်မာတွေဟာ ဒီနေ့ဘာကြောင့် အဓိပ္ပာယ်မဲ့တဲ့ စစ်ပွဲကို ခင်းနေကြသလဲ”

ကရင်ဗိုလ်မှူး ငိုင်သွားသည်။

“အဲဒါတော့ ကျွန်တော်မသိဘူးဗျာ၊ ကျွန်တော်သိတာက ကျွန်တော်လည်း စိတ်မကောင်းဘူး”

ကျွန်တော်နှင့် ကရင်ဗိုလ်မှူး ပြောနေသည်ကို ဘေးမှ ကရင်ဗိုလ်ကြီးသည် မျက်နှာထား မှုန်မှုန်ဖြင့် ကြည့်နေ၏။

ကရင်ဗိုလ်မှူးသည် ကျွန်တော့်အား အားနာပါးနာပြုံး၍ ဆက်ဆို၏။

“ထားပါတော့ဗျာ ဝတ္တရားအတိုင်းမေးရမယ်၊ ခင်ဗျား အခု ဘယ်သွား မလို့လဲ”

“မန္တလေးကို”

“ဘာကိစ္စနဲ့လဲ”

http://www.cherrythitsar.org



“အရေးအကြီးဆုံး ကိစ္စနဲ့ပဲ”

“ဗျာ အရေးကြီးဆုံးကိစ္စနဲ့ အဲဒါ ဘာကိစ္စလဲ”

“ဆွေပြ မျိုးပြ”

ကရင်ဗိုလ်မှူးသည် နားမလည်ဟန် ကျွန်တော့်ကို ကြည့်သည်။ ကျွန်တော်က မမမေ၏ ခါးလေးကိုဖက်လိုက်ရင်း ကရင် ဗိုလ်မှူးကို ပြောရသည်။

“ဟောတာ ကျွန်တော့်ချစ်ဇနီးပဲ ဗိုလ်မှူး ကျွန်တော်တို့ လက်ထပ်ပြီးစ ရှိသေးတယ်၊ ကျွန်တော့်ယောက္ခမ မိဘများဆီ ကန်တော့ဖို့ ထွက်လာခဲ့တာ၊ ခုအတိုင်းဆိုရင်တော့ ခင်ဗျားတို့ကောင်းမှုကြောင့် မိတ္ထီလာမှာ သောင်တင်ရပြီ ထင်တယ်”

ကရင်ဗိုလ်မှူးသည် စိတ်မချမ်းသာဟန် ခေါင်းကို ခါရမ်း၏။

“မတတ်နိုင်ဘူးဗျာ ကျွန်တော်လည်း ကျွန်တော့်တာဝန်အရ လုပ်ရတာပဲ၊ ခင်ဗျားတို့ ညားခါစ လင်မယားအတွက် ဒုက္ခရောက်တယ်ဆိုရင် လူတစ်ယောက်အနေနဲ့ ကျွန်တော်လည်း စိတ်မကောင်းပါဘူး”

ဤမျှဖြင့် ကျွန်တော်နှင့်ကရင်ဗိုလ်မှူး၏ စကားသည် ပြတ်သွားသည်။

ကျွန်တော်နှင့် ခရီးသည်တို့သည် လေယာဉ်ကွင်း၌ တစ်နာရီခန့် စောင့်နေကြရသည်။

မိတ္ထီလာ လေယာဉ်ပျံကွင်း တဝိုက်မှာ သစ်ကြီး ဝါးပင် နည်းပါး၍ မြေပြင်သည် မဆုံးနိုင်အောင် ကျယ်ပြော ပြန့်လွင့်နေသည်။ နှင်းမြူတို့က လည်း ဆိုင်း၍ ညနေသည် မှုန်ဝေရီရီဖြင့် အားငယ်ဖွယ် အဆင်းကို ဆောင်နေသည်။

မမမေသည် မျက်ရည်ဝိုင်း၍ ကျွန်တော့်အား လှမ်းကြည့်သည်။

http://www.cherrythitsar.org



ကျွန်တော် ရင်တွင်း၌လည်း မကောင်းပါ။ သို့ရာတွင် ကျွန်တော်တို့သာမက ဖြစ်ရသမျှမှာ ကျန်ခရီးသည်အပေါင်းအတွက်လည်း မကောင်းပါ။

ကျွန်တော်တို့အားလုံး ဘယ်ဆီသွား၍ ဘာလုပ်ရမည်ကို မသိပါ။ သမ္ဗုဒ္ဓေအဒေါ်ကြီးမှာ စိတ်ပုတီး မစိပ်နိုင်တော့။ ဝဝဖိုင့်ဖိုင့်အဒေါ်ကြီးကား သူ့မျက်လုံးကြီးများကို သူ့လက်မောင်းကြီးများဖြင့် ပွတ်ကာ သပ်ကာ ငိုကြွေးနေတော့၏။

မမျှော်လင့်ပဲ အားပေးသူပေါ်လာ၏။ သူတို့ကား အခြားမဟုတ်။ လေယာဉ်ပေါ်၌ အိပ်ငိုက်ပါလာသော ချစ်တီးနှစ်ဦး ဖြစ်သည်။

ချစ်တီးတစ်ဦးစ၍ စကားဆို၏။

"ခင်ဗျားတို့အားလုံး ဒုက္ခရောက်နေပြီ။ မိတ္ထီလာမှာ အသိရှိသလား"

ကျွန်တော်တို့ အားလုံးက ခေါင်းခါကြသည်။

"ကိစ္စမရှိဘူး စိတ်မပူပါနဲ့ ကျွန်တော် ကြည့်ပြီးစီစဉ်ပေးပါမယ်"

ကျွန်တော်တို့အားလုံးသည် စေတနာရှင်ချစ်တီးကို ဝိုင်း၍ ကျေးဇူးတင်ရပါ၏။

ညနေ လေးနာရီခန့်၌ စစ်ကားတစ်စီး ဆိုက်ရောက်လာသည်။ ကျွန်တော်တို့ ခရီးသည်အားလုံးကို ကားပေါ်တက်စေ၍ မိတ္ထီလာမြို့တွင်းသို့ ခေါ်ဆောင်လာခဲ့၏။ ကြီးမှူးခေါ်ဆောင်လာခဲ့သူမှာ ကျွန်တော်တို့အား လေယာဉ်ထက်မှ ခြောက်လုံးပြူးချိန်၍ ဆင်းစေခဲ့သူ ကရင်စစ်ဗိုလ်ဖြစ်သည်။ ထိုအခါကျမှ သူ့ကို ကျွန်တော်က သေချာစွာကြည့်မိသည်။ သူ့မျက်လုံး တစ်လုံးမှာ ကျောက်မျက်လုံးထည့်ထားဟန် စောင်း၍ နေသည်။ ထိုအချိန်မှ စ၍ သူ့ကို ကျွန်တော်က နာမည်ပေးလိုက်၏။ ကျောက်ဘီလူးဟူ၍တည်း။

ဘေးတစ်ဖက်တစ်ချက်တွင် ရုံဖန်ရုံခါ ထန်းတောလေးများ ပေါ်ပေါက်လာတတ်သော လမ်းအတိုင်း ကျွန်တော်တို့သည် ကားမောင်းရာ

http://www.cherrythitsar.org



ပါ၍ မိတ္ထီလာမြို့တွင်းသို့ ရောက်လာခဲ့သည်။

တစ်မြို့လုံး၌ လူရိပ်လူယောင် မတွေ့။ ခြောက်ကပ်နေသည်။

ကားသည် မြို့တွင်းသို့ အတန်ကြာ မောင်းမိသောအခါ ခရီးသည် ချစ်တီးကြီးက လှမ်းအော်သည်၊ ကားသည် ချစ်တီးတိုက်တစ်တိုက်ရှေ့၌ ရပ်သွား၏။

ကားရှေ့မှ ဗိုလ်ကျောက်ဘီလူးသည် ဆင်းလာ၏။

"ဒီမှာ အားလုံးဆင်းကြမလား"

ကျွန်တော်တို့က မဖြေခင် ချစ်တီးကြီးက ဝင်ပြောသည်။

"ဒီမှာ အားလုံးဆင်းရမှာပေါ့၊ သူတို့ ဘယ်သွားတတ်မလဲ"

ဗိုလ်ကျောက်ဘီလူးသည် ကျွန်တော်တို့အားလုံးကို တင်းမာစွာ ကြည့်၍ အမိန့်ပေးသည်။

"ခင်ဗျားတို့အားလုံး ဒီက ဘယ်မှ မရွေ့ရဘူး၊ နားလည်လား၊ ကျုပ် ခဏခဏ လာစစ်မယ်၊ ခင်ဗျားတို့ ကောင်းကောင်းနေရင်ခင်ဗျားတို့ သွားချင်ရာ ကျုပ်တို့ ပို့ပေးမယ်၊ တစ်ပြည်လုံးကို ကျုပ်တို့ သိမ်းတော့မယ်၊ ဒီတော့ ရီးတီးရားတား မလုပ်နဲ့၊ ကျုပ်ပြောတာ နားလည်လား"

ကျွန်တော်တို့အားလုံးက နားလည်ပါကြောင်း ရိုသေစွာ ပြန်ပြောရသည်။

ချစ်တီးနှစ်ဦးသည် ကျွန်တော်တို့အတွက် နေရာထိုင်ခင်းကို စီမံပေးသည်။ ယောကျ်ားအချို့ကား ချစ်တီးတိုက်အတွင်း၌နေရ၏။ ယောကျ်ားအချို့၊ အဒေါ်ကြီးနှစ်ဦး၊ မမမေနှင့် ကျွန်တော်တို့ကို ချစ်တီးတိုက်နှင့် မလှမ်းမကမ်းရှိ အိမ်ငယ်တစ်လုံး၌ နေရာချပေး၏။

ညစာအဖြစ်လည်း မွှေးပျံ့ကြိုင်သင်းသမျှ လေးလေးပင်ပင် အရသာရှိသော ချစ်တီးထမင်း ချစ်တီးဟင်းဖြင့် ကျွေးမွေးရာပါသည်။

http://www.cherrythitsar.org



ထိုနေ့ ညနေစောင်းတွင် ကျွန်တော်နှင့် မမမေသည် တမာပင်ရိပ်၌ ရပ်လျက်ရှိခဲ့ကြသည်။ အဝေးဝယ် နေရောင်ပက်၍ ပြိုးပြိုးပြက်ပြက်လက်နေသော ကန်မိတ္ထီလာ၏ရေပြင်ကို လှမ်းမြင်နေရသည်။ ကျွန်တော်တို့ ဘေးပတ်ဝန်းကျင်၌ လူတို့မရှိ။ တစ်မြို့လုံး၌လည်း လူမှ ရှိပါလေ၏လော မပြောတတ်။

တင်းဆယ်ထားသမျှကို လျှော့ချ၍ မမမေသည် ကျွန်တော့်ခါးကို ဖက်လျက် ရင်ခွင်တွင်း၌ ခေါင်းအပ်ကာ တရှုံ့ရှုံ့ ငိုကြွေးရှာသည်။

"မငိုပါနဲ့ မမမေရယ်၊ မောင့်အသက်ခန္ဓာ မြဲနေသမျှ၊ မမမေ မငိုပါနဲ့"

ကျွန်တော့်အတွက် ဤမျှသာ နှစ်သိမ့်နိုင်သည်။

*

# ၁၃

ကျွန်တော်တို့ ယာယီစခန်းချရသော အိမ်လေးမှာ သေးသေးနှင့် ကျဉ်းကျဉ်းလေးဖြစ်၏။ ဆယ်ပေပတ်လည်စီရှိသော အတွင်းနှင့်အပြင် နှစ်ခန်းသာ ရှိ၏။

အတွင်းခန်းမှာ အတွင်းခန်းဟုဆိုရသော်လည်း နောက်ဖေး တံခါး ပျက်နေ၍ လုံခြုံမှုမရှိ၊ ထိုအတွင်းခန်းထဲ၌ ယောကျ်ားငါးဦး အိပ်ကြရသည်။ အပြင်ခန်းတွင်မူ ခရီးသည်အားလုံး၏ ပစ္စည်းများ စုပုံထားပြီး လွတ်သော နေရာ၌ အဘွားကြီးနှစ်ဦး အိပ်ကြသည်။

ကျွန်တော်နှင့် မမမေတို့နှစ်ဦးတို့ကိုကား ညားစဇနီးမောင်နှံအဖြစ် နားလည် ထားသောသူတို့က သက်ညှာထောက်ဆစွာ အိမ်ရှေ့ ဝရံတာ၌ လွတ်လပ်စွာ အိပ်နိုင်ရန် နေရာပေးသည်။

မမမေရော ကျွန်တော်ပါ အိပ်ရာလိပ် မပါကြ။ အိပ်ရာလိပ်ပါသူ ခရီးသည်တို့က မျှပေးသဖြင့် စောင်တစ်ထည် ရသည်။ ခေါင်း အုံးအတွက်မူ ပါလာသော အဝတ်အစားများ ခု၍ အသုံးပြုရသည်။

http://www.cherrythitsar.org



ခရီးပန်းလာသဖြင့်တစ်ကြောင်း၊ စိတ်မချမ်းသာမှုကြောင့် တစ်ကြောင်း ခရီးသည်အားလုံး ဆိတ်ဆိတ်ငြိမ်ငြိမ် အိပ်ရာ စောစော ဝင်ကြသည်။

မမမေနှင့် ကျွန်တော်သာ အိပ်ရာကိုကြည့်ရင်း ဒုက္ခတွေ့နေရ၏။

ဝရန်တာ၌ သံဇကာကာထားသဖြင့် လုံခြုံစိတ်ချရ၏။ သို့ရာတွင် ဆောင်းလေသည် အဆီးအတားမရှိ တိုးဝင်လာနေသဖြင့် ချမ်းအေးလှသည်။

"မမမေ အိပ်လေ"

"အို...မောင် အိပ်ပါ"

"မောင်က ကိစ္စမရှိပါဘူး၊ စစ်မြေပြင်မှာ တစ်ညလုံး မအိပ်ဘဲ ကင်းစောင့်ဘူးတယ်၊ ဒီတော့ မမမေပဲအိပ်ပါ"

"ဒါပေမဲ့ ဒါဟာ စစ်မြေပြင်မှ မဟုတ်ဘဲ"

"စစ်မြေပြင်တော့ မဟုတ်ဘူး၊ ဒါပေမဲ့ မမမေကို ကျွန်တော် ကင်းစောင့်ပါမယ်"

"မမမေက အိပ်ပြီး မောင်က ထိုင်စောင့်နေရမည်ဆိုတော့ ဘယ် တရားမလဲ"

"ကဲ...ဒါဖြင့် ကျွန်တော်တို့ အတူတူအိပ်ကြမယ်"

"အို မောင်ကလဲ"

မမမေက ထိတ်လန့်တကြားဆိုသည်။

"ဒါကြောင့် ကျွန်တော် မပြောဘူးလား၊ မမမေသာ အိပ်ပါလို့"

မမမေသည် အတန်ကြာ ငိုင်သွား၏။ ထို့ကြောင့် နောက်သက်ပြင်းလေးချပြီး ပြုံး၍ ဆိုသည်။

"မောင့်ကို မမမေပြောတာ မှတ်မိသေးလား"

"ဘယ်ဟာလဲ မမမေ"

"လရောင်သာနေတဲ့ ညမှာ မအိပ်ဘဲ ရေဆုံးမြေဆုံး လမ်းလျှောက်ချင်တယ် ဆိုတာဟာလေ"

"ဒီမှာတော့ ထွက်လျှောက်လို့ ဖြစ်မှာမဟုတ်ဘူး မမမေ"

"ဟုတ်ပါတယ်၊ ဒီတော့ မမမေတို့ထိုင်ပြီး တစ်ညလုံး စကားပြောကြရအောင်"

ကျွန်တော်က နှစ်ခြိုက်စွာ ပြုံးမိသည်။

"မောင် ဘာပြုံးတာလဲ"

"သြော်... တစ်ညလုံး စကားပြောကြမယ်ဆိုလို့ပါ၊ မမမေ တကယ်ပြောတာလား"

"မောင်က ဘာဖြစ်လို့ ဒီမေးခွန်း မေးရတာလဲ"

"တကယ်ပြောတာဆိုရင် ဝမ်းသာလို့ပါ၊ မမမေနဲ့ စကားပြောရမယ်ဆိုရင် တစ်ညလုံးမကပါဘူး၊ တစ်သက်လုံး ပြောနိုင်တယ် မမမေ"

မမမေသည် ကျွန်တော့်အား တွေတွေလေး ခေတ္တ စိုက်ကြည့်နေသည်။ ထို့နောက် သက်ပြင်းကို မသိမသာချ၍ မျက်နှာကိုလွှဲကာ အဝေးသို့ ငေးကြည့်နေ၏။

ရင်တွင်းရှိသည်ကို အမှတ်မထင် ပြောမိလေပြီးမှ မပြောအပ်မပြောသင့်မှန်း သတိရသဖြင့် ကျွန်တော် စိတ်မကောင်းဖြစ်သွားမိသည်။ ထို့ကြောင့် ဘာမျှ ဆက်မပြောဘဲ မမမေနည်းတူအဝေးသို့ ငေးကြည့်ရင်း ငြိမ်နေမိသည်။

ညသည် အထူးတလည် တိတ်ဆိတ်နေ၏။ လရောင်မှာ ထိန်ထိန်သာနေ၍ နှင်းမှုန်တို့လည်း ရေးရေးမှေးမှေး ကျဆင်းနေသည်။

ကျွန်တော်က အတန်ကြာ ငြိမ်နေသောအခါ၊ မမမေက စကားစပြော

http://www.cherrythitsar.org



သည်။

"ဘာငိုင်နေတာလဲ ဆရာကြီး၊ တစ်ညလုံးမက စကားပြောနိုင်မယ် ဆို ပြောလေ"

မမမေက ကျွန်တော့်စကား အနက်အဓိပ္ပာယ်ကို ပေါ့ရန်ဖြေသည့် ဟန် ရယ်သွမ်း၍ ဆို၏။

"ကျွန်တော် ဘာတွေ ပြောရမှာလဲ"

"နို့ မောင်ပဲ ပြောစရာတွေ အများကြီးပဲရှိတယ် ဆို"

"ဒါကတော့ စိတ်ကထင်တာပါ၊ တကယ့် တကယ် ကျတော့လည်း ကျွန်တော် ဘာတွေပြောရမှန်း မသိဘူး"

ကျွန်တော်က မမမေကို လှမ်းကြည့်မိသည်။ လရောင်ဟပ်၍ တစ်ဦးကိုတစ်ဦး ကြည်လင်စွာ မြင်နိုင်၏။

မိန်းမသား၏အလှသည် ငွေလရောင်၌ဆိုလျှင် ပို၍ ပပဝင်းသည် ထင်၏။ မျက်လုံးကြည်များ၏ သဘာဝတောက်ရွှန်းမှုများမှာ ကြယ်ရောင်တို့ တဖျပ်ဖျပ် ဝင်းဝင်းလက်လက် အေးအေးမြမြရှိတတ်သည်။

စကားမပြောဘဲ ကျွန်တော့်အား ငေးငေးလေးကြည့်နေသော မမမေ၏မျက်လုံးပြာများ၌ ကရုဏာတရားကို ကျွန်တော်မြင်ပါသည်။ မှန်သည်။ ကရုဏာ တရားကို ကျွန်တော်မြင်နေရသည်။ အကြောင်းမှာ မမမေအတွက် ကျွန်တော့်ကို ကရုဏာလျှင် ပေးနိုင်သူသာလျှင် ဖြစ်၏။

မမမေသည် ဆိတ်ငြိမ်နေခြင်းကို သည်းမခံနိုင်ဟန် တည်ငြိမ်စွာ စကားပြန်ပြော၏။

"ဒီအတိုင်းဆိုရင် မမမေတို့ ရှေ့ဆက်ဘာလုပ်ကြမလဲ"

မမမေ၏ စကားကြောင့် ကျွန်တော်သည် စိတ်ကူးယဉ်လောကမှ လက်တွေ့ဘဝဆီ ပြန်လည်သက်ဆင်းခဲ့သည်။

http://www.cherrythitsar.org



"အခြေအနေကြည့်လုပ်ရမှာပဲ မမမေ။ မနက်ဖြန်ဆိုရင် ကျွန်တော်တို့ မြို့ထဲထွက် စနည်းနာကြည့်ပါဦးမယ်"

"မမမေတို့ ဒီမြို့က ထွက်ခွာသွားလို့ရမယ်လို့ မောင်ထင်သလား"

"ဖြစ်တဲ့နည်းနဲ့ ထွက်ခွာသွားလို့ရအောင် မောင်တို့ ကြိုးစားရမှာပဲ၊ မမမေ သိပ်စိတ်အားငယ်နေသလား"

မမမေက ပြုံးရင်း ခေါင်းခါပြသည်။ သို့ရာတွင် နှလုံးသားမှာ သေးငယ်နေသောကြောင့် အပြုံးသည် နွမ်းနွမ်း နယ်နယ်ရှိ၏။

"စိတ်အားမငယ်ပါနဲ့ မမမေရယ်၊ မောင်နဲ့ မမမေ ဂျပန်ခေတ်တုန်းက ဒီထက်ကြောက်စရာကောင်းတဲ့ အကျဉ်းအကျပ်ကိုတောင် ရင်ဆိုင်ပြီး လွတ်အောင် လုပ်ခဲ့ကြသေးတယ် မဟုတ်လား"

မမမေသည် မသိမသာ ပြုံးသည်။

"မောင် ဂျပန်ခေတ်ကို အခုထိ မမေ့သေးဘူးနော်"

"ဂျပန်ခေတ်ကို ကျွန်တော် သိပ်မေ့ပစ်ချင်တယ် မမမေ။ မေ့ပစ်နိုင်ရင် ကျွန်တော့်အတွက် သိပ်ကောင်းမှာပဲ"

အတွေးကိုယ်စီဖြင့် ကျွန်တော်တို့ ဆိတ်ငြိမ်သွားကြပြန်သည်။

အမှန်ပင် ကျွန်တော့်အတွက်မူ ဂျပန်ခေတ်ကို မေ့ပစ်ချင်သည်။ ဟိုစဉ်ကမူ မမမေ မမှီပန်းကို ပင်မြင့်အခြေမှလှမ်း၍ လှမ်းနိုင်ခွင့်ကလေး ကျွန်တော်၌ ရှိသေးသည်။ ကျွန်တော် မပိုင်သာသော်လည်း ဆိုင်ပါသည်ဆိုသူ မရှိသေးသဖြင့် ငေးကြည့်ရသည့် ဘဝ၌ ဆွေးဖွယ်ကိုမမြင်။ ယခုမူ သူ့ခြံတွင်း၌ လှဲ့ဝင်းလေသော ဇင်မင်းဖြစ်နေသဖြင့် ပင်ခြေမှ မျှော်ထိုက်လေသည့် အခွင့်ပင် ကျွန်တော်၌ မရှိတော့။

မမမေကသာ စကားဆက်၏။

"ဟုတ်ပါတယ်လေ မမမေတို့ ဒီထက်မကတဲ့ အကျဉ်းအကျပ်က

လွတ်ခဲ့ဖူးကြပါတယ်။ ပြီးတော့ မောင်ပါလာလို့ မမမေစိတ်အား သိပ်မငယ်ပါဘူး၊ ဒါပေမဲ့ မမမေ ပူတာက ဖေဖေ့အတွက်ပါ”

“ဖြစ်သမျှအကြောင်း အကောင်းပေါ့ မမမေရယ်။ ဦးလေးဟာ သူတော်ကောင်းပါ၊ သူတော်ကောင်းကို နတ်ကောင်းတွေက ပစ်မထားပါဘူး”

ညသည် နက်သည်ထက်နက်၍ လမြင့်လာသမျှ နှင်းတို့က သဲလာသည်။ အချမ်းကလည်း ကဲလာသည်။

မမမေ၏ ကိုယ်ထက်တွင် အပြာနုရောင် ဆွယ်တာကလေးသာ ဝတ်ထားသဖြင့် ခိုက်ခိုက်တုန်နေသည်။

“ညဉ့်နက်ပြီ မမမေ အိပ်ပါတော့ အိပ်ရေးပျက်ပြီး အအေးမိတော့ အရေးထဲ အခက်ကြုံနေဦးမယ်”

“နို့ မောင်ကတော့ တစ်ညလုံး ထိုင်နေမလို့လား”

ဤအတိုင်းဆိုလျှင် မမမေ အိပ်တော့မည် မဟုတ်။ ထို့ကြောင့် စိတ်ကျေနပ်အောင် ပြောရသည်။

“မမမေအိပ်နှင့်ပါလေ၊ ကျွန်တော် ထိုင်စောင့်နေပါ့မယ်။ မမမေ တစ်ရေးနိုးတော့မှ ကျွန်တော် အိပ်မယ်၊ ဟုတ်ပလား”

“တကယ်နော်မောင်”

“တကယ်ပါ မမမေ”

မမမေသည် ကျွန်တော့်အား တစ်ချက်ပြုံးပြ၍ အိပ်ရန်ပြင်သည်။ မမမေ လဲလျောင်းမိသောအခါ ကျွန်တော်က စောင်ကို ခြုံပေးမိသည်။

“အို စောင်ကို မောင်ယူထားပါ၊ မောင့်မှာ အနွေးထည်ပါတာမှ မဟုတ်ဘဲ”

“အိပ်မှာ အိပ်စမ်းပါ မမမေ၊ မောင့်ကို စိတ်မချမ်းသာအောင်

http://www.cherrythitsar.org



မလုပ်ပါနဲ့”

မမမေသည် မျက်လုံးပြာကြီးများကို လှန်၍ ကျွန်တော့်ကို တစ်ချက် ကြည့်သည်။ ထို့နောက် ဘာမှ ပြန်မပြောတော့ဘဲ စောင်းစောင်းခွေခွေ အိပ်ရှာလေ၏။

ကျွန်တော်သည် စီးကရက်တစ်လိပ်ကို ထုတ်ညှိဖွာရှိုက်ရင်း ထိုင်လျက် အတွေးနယ်ချဲ့နေမိသည်။

မမမေကို အားပေးခဲ့သော်လည်း ကျရောက်နေသော အခြေအနေ၏ မလွယ်သောအဖြစ်ကို ကျွန်တော် ကောင်းစွာ သဘောပေါက်မိသည်။

ထွက်လာခဲ့စဉ် ကတည်းက တစ်ပြည်လုံး ကုန်းလမ်းရေလမ်းတို့ ပိတ်နေသည်ကို ကျွန်တော်သိသည်။ ယခု လေယာဉ်မရှိတော့သဖြင့် မန္တလေးသို့ ခရီးဆက်ရန် မလွယ်သကဲ့သို့ ရန်ကုန်သို့ ပြန်ရန်လည်း မဖြစ်နိုင်။ ကျွန်တော် တစ်ယောက်တည်းဆိုလျှင် ဤဘဝမျိုးမှာ မထူးလှ၍ မထောင်းတာပါ၊ မမမေအတွက်သာ ပူမိသည်။ မိန်းမသားဖြစ်သည့်ပြင် ချောမောသော မိန်းမသားတစ်ဦးဖြစ်နေသောကြောင့်ပင် ကာလပျက်၍ သောင်တင်နေရသော ခရီးသည်အဖြစ်ကို ကျွန်တော်စိတ်အထူး ပူပန်မိ၏။

မိတ္ထီလာမြို့ ကရင်လက်အောက်ကျခဲ့ပြီ။ ကရင်လက်နက်ကိုင်အများရှိသော မေမြို့ မည်သို့ရှိမည်နည်း။ မေမြို့ လက်နက်ကိုင် ကရင်တပ်များ သစ္စာဖောက်ခဲ့သော် မန္တလေးမြို့လည်း မည်သို့ရှိလေမည်နည်း။ ဦးနှောက်ကို အပြင်းအထန်အလုပ်ပေးနေမိသော ကျွန်တော်သည် အသိဉာဏ်တစ်ခု ဝင်လာ၍ အားတက်သွားသည်။

မိတ္ထီလာနှင့် နယ်ချင်းစပ်နေသော မကွေးမြင်းခြံ ဒေသတို့၌ ရဲဘော်ဖြူများကြီးစိုးနေသည်။ ရဲဘော်ဖြူများသည် အစိုးရကို တော်လှန်တိုက်ခိုက်နေသူများ ဖြစ်လင့်ကစား ရာဇဝင်ကြောင်းအရ ကျွန်တော်တို့

http://www.cherrythitsar.org



တပ်မတော်နှင့် စိမ်းစိမ်းကားကား ရှိလှသည်မဟုတ်။ အင်းစိန်၌ ကျွန်တော် တိုက်နေစဉ်က အရေးကြီး သွေးနီးသော ရဲဘော်ဖြူများ ကျွန်တော်တို့နှင့် ပူးပေါင်း တာဝန်ယူခဲ့သည်ကို သတိရမိသည်။

ဤသို့ဆိုလျှင် ကျွန်တော်တို့တစ်သိုက် မကွေးသို့မဟုတ် မြင်းခြံ ဘက်သို့ ပြေးနိုင်ခဲ့သော်...

စီးကရက် ငါးလိပ် ကုန်သွားသည်။ ကျွန်တော့်ရင်မှာလည်း ပေါ့ပါးသွား၏။

ကျွန်တော်သည် ခွေခွေလေးအိပ်ပျော်နေသော မမမေကို လှမ်းကြည့် မိသည်။

မြင့်တက်နေသော လရောင်သည် အိမ်ဦးမှသက်ဆင်း၍ မမမေ၏ မျက်နှာပေါ်သို့ တိုက်ရိုက်ကျရောက်နေသည်။ လရောင်ပက်သဖြင့် ဖွေးဖွေး လက်သော မမမေ၏ မျက်နှာလေးမှာ ရွှန်းစက်ရောင်လွင် သန့်သန့်စင် နေ၏။ နက်မှောင်သော ဆံပင်တို့လည်း ပိတုန်းရောင်လဲ့နေ၏။ ပျောင်းနွဲ့ဝေ သီသော ဆံနွယ်တို့သည် ဖြူဝင်းမွတ်လွသော နဖူးလှလှထက် ဝဲဝဲခွေခွေ ကျဆင်းနေ၏။

ကျွန်တော်သည် ဝမ်းနည်းပန်းနည်းသက်ပြင်း ချမိသည်။

ဤလူ့ဘဝတွင် အသက်လိုပုံ ကုန်ကုန်ချစ်နိုင်သော မိန်းမသား တစ်ဦးကိုမှ မတွေ့ရဘူးပါဆိုသော သူသည် ကံဆိုးလှ၏။ ချစ်ခဲ့ရသော်လည်း ချစ်ရသူမှာ အလှတော်ဝင်မဟုတ်လေသော် ကံမကောင်းလှသေး။ ချစ်ရသူ ဘဝသက်နှင်းမှာ ဝတ်ဆင်းနန်း ကိန္နရာလို လျှမ်းထိန်ဝါဝေ ဝင်းပေမဲ့ ကံနည်းသူ စာဆိုကိုဖေယယ်ကဲ့သို့ "ရွှေပယင်းလက်မှာသော် ဘုန်းကိုင်ခဲ့ နော်"ဟု ဘဝနှုတ်ခွန်း မဆက်ရတိုင်စေ ချစ်နိဂုံးကို စကတည်းက ကြိုတင်ဆုံးထားရလေသူသည် ကံအနည်းဆုံးတည်း။ ကျွန်တော်သည်

ဤသို့သော ကံအနည်းဆုံး မေတ္တာကြွေးကို မချေးရဘူးပါလျက် အသက်နှင့် အတူပေးဆပ်နေရသော သူတစ်ဦး ဖြစ်ပါသည်။

ဤအတွေးဖြင့် ကျွန်တော်သည် ဖွေးဖွေးလက်၍ ညက်ညက်နုသော မမမေ၏ မျက်နှာလေးကို စိမ်းစိမ်းရှုနေမိသည်။ ထိုခဏတွင်ပင် ထိတ်လန့်တကြား ကျွန်တော် ရေရွတ်မိသည်။

"အို"

ကော့ပျံသော မမမေ၏ မျက်တောင်လွှာတို့သည် ပိတ်အပ်သော လိပ်ပြာတောင်ပမာရှိလင့်ကစား အဖျားတွင် မျက်ရည်ဥများ လရောင်၌ နှင်းနုပမာ ဝင်းလဲ့နေသည်ကို ကျွန်တော်တွေ့လိုက်ရသောကြောင့် ဖြစ်၏။

"ဟင် မမမေ မအိပ်ဘူး၊ အို ဘာလို့ ငိုနေတာလဲ"

ကျွန်တော့်ကိုယ် ကျွန်တော် ဘာပြုမိသည်မသိ။ သိမိသောအချိန်၌ မမမေ၏ကိုယ်လေးကို ကျွန်တော့်ရင်ခွင်တွင်း ဆွဲသွင်း၍ အတင်းသာ မေးနေမိကြောင်း သတိပြုမိသည်။

"မမမေ ငိုနေတယ်။ ဘာဖြစ်လို့ ငိုရတာလဲ မမမေရယ်"

ကျွန်တော်က မေးလေကာမှ မမမေ၏ရှိုက်သံသည် ပို၍သဲလာခဲ့သည်။ ကျွန်တော့်လက်မောင်းများကို ဆုပ်ကိုင်ရင်း ဟန်မဆောင်နိုင်ဘဲ ချုံးပွဲချ ငိုကြွေးရှာသည်။

ကျွန်တော်သည် ပြည့်အိဝင်းဖန့်သော မမမေ၏ လက်မောင်းများကို အသာအယာ ပွတ်သပ်ရင်း ချော့မော့နေမိပါ၏။

"မငိုပါနဲ့ မမမေရယ်။ မမမေငိုတော့ မမအနားမှာ မားမားရပ်နေတဲ့ ကျွန်တော့်ဘဝဟာ ဘယ်မှာ အဓိပ္ပာယ်ရှိတော့မလဲ။ တစ်လောကလုံး ဖြစ်ချင်တာ ဖြစ်ပါစေ၊ ကျွန်တော် အသက်နဲ့ ကိုယ်ရှင်နေသမျှ မမမေ မငိုပါနဲ့"

http://www.cherrythitsar.org



သို့ရာတွင် မမမေငိုသည်။

ဥပဒေကောင်းသည့် သူပုန်လူရိုင်း တပ်တွေဝိုင်းလျက် ထင်တိုင်းပြုပိုင် သူနိုင်ငါမင်း ရန်သူ့လက်တွင်း၌ ကျဆင်းနေရသည့် အဘယ်အသည်းရင်း နဂိုနုသော အားနွဲ့သူ မိန်းမပျိုသည် မငိုဘဲနေနိုင်လေအံ့နည်း။

ချော့၍ ပြေနိုင်သော အရာမဟုတ်သဖြင့် အသာအယာ ပိုက်ပွေ့ရင်း သက်ပြင်းကို မျိုကာ ကျွန်တော် ငြိမ်နေရ၏။

အားရအောင်ငိုပြီးမှ မမမေသည် ကျွန်တော့်ရင်ခွင်မှ အသာအယာ လူးလဲထသည်။

ဣန္ဒြေကို ပြန်ဆည်၍ တတ်နိုင်သမျှ တည်ကြည်စွာ မမမေက မေးသည်။

"မမမေကြောင့် မောင် သိပ်စိတ်မကောင်း ဖြစ်သွားသလား"

"မမမေကြောင့် မဟုတ်ပါဘူး။ ကျွန်တော်ရှိရက်သားနဲ့ စိတ်မကောင်းဖြစ်ရတဲ့ မမမေကို စိတ်ကောင်းအောင် မစွမ်းနိုင်တဲ့ ကျွန်တော့်ဘဝကို ကျွန်တော် စိတ်မကောင်း ဖြစ်မိတယ် မမမေ"

မမမေသည် ကျွန်တော့်အား တွေတွေကြည့်သည်။ ထို့နောက် ကျောက်ဖယောင်းပမာ ရှည်သွယ်နူးညံ့သော လက်ဖဝါးအစုံသည် ကြာမုံအသွင် မြင့်တက်လာ၍ ကျွန်တော်၏ပါးများကို ယုယစွာပင့်မ ကိုင်တွယ်ရင်း တိုးတိုးညင်သာဆိုရှာသည်။

"မမမေ မငိုပါဘူး မောင်ရယ်။ မငိုတော့ပါဘူး။ မောင်စိတ်ချမ်းသာအောင် မမမေ မငိုတော့ပါဘူး၊ ကျေနပ်ပလား"

ကျွန်တော်က ကျေနပ်စွာပြုံး၍ စကားပြန်ရသည်။

"ဒါဖြင့် မမမေ အိပ်တော့လေ"

"မောင်ကော"

ကျွန်တော်က သက်ပြင်းရှိုက်၍ မမမေကို ကြည့်သည်။

"ဤအကြိမ်တွင်မူ မမမေသည် အထွေအထူး မပြောတော့ဘဲ ကျွန်တော့်အား စေ့စေ့ကြည့်၍ တည်ငြိမ်စွာ အမိန့်ပေးဟန်ဆိုသည်။

"မထူးတော့ပါဘူးမောင်၊ သန်ကောင်ထက် ညဥ့်မနက်ပါဘူး။ တို့က မောင်နှမပဲ။ ဘုရားသိပါတယ်ကွယ်။ ဒီတော့ မောင်အအေးမိလိမ့်မယ်။ မောင်အအေးမိရင် မမမေပိုခက်မယ်။ မမမေခွင့်ပြုတယ်။ တို့မောင်နှမ အိပ်ကြမယ်"

ကျွန်တော်က မမမေ၏ မျက်လုံးများကို စူးစူးစိုက်စိုက်ကြည့်မိသည်။ မမမေ၏မျက်လုံးများမှာ ဖြူစင်သန့်ရှင်း တည်ငြိမ်နေပါ၏။

ကျွန်တော်သည် ဘာမျှ မပြောတော့ဘဲ အိပ်ရာ၌ လှဲလိုက်သည်။

မမမေက တစ်ထည်တည်းသော စောင်ကို ကျွန်တော့်ကိုယ်ပေါ် တစ်ဝက်လွှမ်းခြုံပေးပြီး တစ်ဝက်ကို သူ့ကိုယ်ကို ခြုံ၍ လှဲအိပ်သည်။

မမမေနှင့် ကျွန်တော်သည် ကျောချင်းကပ်၍ အိပ်ကြသည်။

ပူနွေးသော မမမေ၏ ကိုယ်ငွေ့သည် ကျွန်တော့်ကျောမှတဆင့် ကျွန်တော့်အသည်းနှလုံးဆီ ကူးစက်ပျံ့နှံ့လာသည်။ မမမေ၏ ကိုယ်သင်းနံ့များကလည်း ဆောင်း၏နှင်းနံ့ ပန်းနံ့နှင့်ရော၍ ကျွန်တော့်နှာဝ၌ သင်းပျံ့နေသည်။

ကြောင်၍နေသော ကျွန်တော့်မျက်လုံးများက အဝေးလရောင်၌ ငွေသားကော်ဇောခင်းသကဲ့သို့ တောက်လင်းပြန့်ပြောနေသော မိတ္ထီလာကန်တော်ကြီး၏ ရေပြင်ကို မြင်ရသည်။

ကျွန်တော့်စိတ်အာရုံတွင် မိုးပြင်မှ ကြယ်ပွင့်တို့ ကန်တော်ရေပြင်သို့ ခုန်ဆင်းနေသည်ထင်မိ၏။

အမှန်မှာ အိပ်မက်တွင်မှလွဲ၍ ကြယ်စင်သည် ရေပြင်သို့ ခုန်ဆင်းရိုး

http://www.cherrythitsar.org



မရှိ။

အခိုက်အတန့် မမမေနှင့် ကျွန်တော် ကြုံရသည်မှာ အိပ်မက်တွင်းမှ ကြယ်စင်နှင့် ရေပြင်တို့ ဆုံတွေ့ရသည့် သဘောသာ ဖြစ်ပါသည်။

စိတ်ပညာဆရာတို့က အိပ်မက်ကို ကမ္ဘာမြေမှ ထွက်ပြေးခြင်းအဖြစ် တင်ပြ၍ ရှုံ့ချပေလိမ့်မည်။

ကျွန်တော့်အတွက်မူ သူတို့ရှုတ်ချကြပါစေ။

ဤကမ္ဘာမြေ၀ယ် မရလေသည်ကိုသာ တောင့်တရသည့် ဘ၀မို့ အိပ်မက်တို့ မဆုံးပါစေနှင့် မမမေရယ်...အိပ်မက်တို့ မဆုံးပါစေနဲ့။

*

# ၁၄

နောက်တစ်နေ့ နံနက်တွင် တစ်စုံတစ်ဦးက ကျွန်တော့်ကိုယ်ကို အသာအယာ လှုပ်နိုးသဖြင့် နိုးလာခဲ့သည်။

ကျွန်တော့်မျက်လုံးများ ကြည်လင်စွာပွင့်လာသောအခါ ရွှင်ပြုံးချိုသာသော မမမေ၏ မျက်နှာလေးကို တွေ့ရသည်။

အပြင်ဘက်၌ နေရောင်သည် တောက်ပစွာ ကျရောက်နေ၏။

“မောင်တော်တော် အိပ်မောကျသွားတယ် ထင်တယ်၊ မမမေ တမင်မနှိုးဘဲ စောင့်နေတာ”

ဟုတ်တယ် ကျွန်တော် သိပ်အိပ်ပျော်သွား မိတယ် မမမေ”

မမမေမှာ မှုန်နံ့သာ ချယ်ပြီး၍ အဝတ်အစားလည်း လဲပြီးနေသည်။

“ကဲ မောင် မျက်နှာသစ်”

မမမေသည် ဘယ်အချိန်က အဆင်သင့်လုပ်ထားသည်မသိ၊ မျက်နှာ သစ်ရေခွက်၊ သွားပွတ်တံ၊ သွားတိုက်ဆေး၊ ဆပ်ပြာခွက်များ အရံသင့် ရှိနေ၏။

ကျွန်တော်သည် လျှင်မြန်စွာ သွားတိုက်မျက်နှာသစ်၍ ခေါင်းဖြီးကာ

http://www.cherrythitsar.org



အဝတ်အစားလဲရသည်။

ကျွန်တော် အဝတ်အစားလဲပြီးသောအခါ မမမေသည် ချာပါတီနှင့် ပဲဟင်းရေကျဲကို ယူလာ၏။

"မမမေ ဒါတွေ ဘယ်က ရသလဲ"

မမမေက အသာအယာပြုံးသည်။

"ချစ်တီးတိုက်က လာပို့တယ်ကွယ် လူမျိုးခြားပေမဲ့ အတော် မေတ္တာတရား ရှိကြပါတယ်ကွယ်"

ကျွန်တော်သည် ဆာဆာလောင်လောင်ရှိသဖြင့် ချာပါတီနှင့် ပဲဟင်းကို မြိန်ရေရှက်ရေ စားသည်။

ထိုစဉ် ဝဝဖိုင့်ဖိုင့် အဒေါ်ကြီးနှင့် စိတ်ပုတီး အမယ်ကြီးတို့ ရောက်လာကြ၏။

စိတ်ပုတီး အမယ်ကြီးက စ၍ စကားဆို၏။။

"သြော် တို့အားလုံး ကံတူအကျိုးပေးပဲကွယ်၊ ဘဝက ဝတ်ကျေး မကင်းတော့ ခံကြရတာပဲ၊ ဒေါ်ဒေါ်တို့ကတော့ မထူးပါဘူး၊ ဒါပေမယ့် ချစ်စခင်စ ကြင်နာစ မင်းတို့ မောင်နှံကို ကြည့်ပြီး သနားမိတယ်ကွယ့် သိလား၊ မဟုတ်ဘူးလားတော်၊ ဟင်း ဒေါ်မြရွှေ"

ဝဝဖိုင့်ဖိုင့်နှင့် ဒေါ်မြရွှေဆိုသူ အဒေါ်ကြီးက ခေါင်းတညိတ်ညိတ်ဖြင့် ထောက်ခံသည်။

"အေးကွယ် ငါ့တူနဲ့ ငါ့တူမကြီးက ကံဆိုးတာပဲ၊ သိပ်ပျော်ရမယ့် အချိန်မှာ သိပ်စိတ်ညစ်စရာလာတွေ့ရတာပဲ၊ ဟဲဟဲ ဒါပေမဲ့ စကားလက်ဆုံ ပြောလို့ မကုန်ဆိုတာလို သူတို့ကတော့ စိတ်ညစ်မှာ မဟုတ်ဘူးသိလား ဒေါ်ဖွားမယ်"

စိတ်ပုတီးနှင့် ဒေါ်ဖွားမယ်ဆိုသော အဘွားကြီးက ဒေါ်ရွှေအား

http://www.cherrythitsar.org



မျက်စောင်းတစ်ချက် လှမ်းထိုး၍–

"လုပ်ပြီ ဒီအဘွားကြီးက ကလေးတွေ ရှက်အောင် ဘာပြောဦးမလဲ" ဟုဆိုသည်။

ဒေါ်မြရွှေသည် တဟဲဟဲ ရယ်မောသည်။

"ဒေါ်ဖွားမယ်ကလည်း မဟုတ်တာ ပြောတာမှ မဟုတ်ဘဲ။ ဟုတ်တာပြောတာ၊ ကျုပ်ညက တစ်ရေးနိုးတော့ သူတို့ မောင်နှံဟာ စကားတွတ်ထိုးလို့ မဆုံးသေးဘူး၊ ဟဲ... ဟဲ... ဒေါ်ဒေါ်ကို စိတ်မဆိုးကြနဲ့နော် ဒေါ်ဒေါ် ဘွင်းဘွင်းပဲ ပြောတတ်တယ်"

အဘွားကြီးနှစ်ဦးသည် လျှာဦးတည့်ရာ စွတ်၍ ပြောနေကြ၏။

မမမေ၏ မျက်နှာ၌ ရှက်သွေးရဲနေ၏။ မပြုံးမရယ်နိုင်ဘဲ မျက်လွှာကို ချ၍ ငြိမ်နေရှာ၏။

မနေနိုင်သဖြင့် ကျွန်တော်က ဝင်ပြောရသည်။

"ဒါထက် ဒေါ်ဒေါ်တို့ ဘယ်သွားကြမှာလဲ"

နှုတ်သွက်သော ဒေါ်မြရွှေက ဝင်ဖြေ၏။

"ဒေါ်ဒေါ်က ရွှေဘိုသွားမလို့။ ဟောဒီ ဒေါ်ဖွားမယ်က စစ်ကိုင်းတောင်ကို ပြန်မလို့"

ကျွန်တော်သည် စားသောက်ခြင်းကို လက်စသိမ်းသည်။

ထိုအခိုက်တွင်ပင် ခရီးသည် ယောကျ်ားများ ကျွန်တော်တို့ဆီ ဆိုက်ရောက်လာသည်။

ကျွန်တော်တို့ အားလုံး အရေးပေါ်တိုင်ပင် ဆွေးနွေးကြသည်။

နောက်ဆုံး၌ ကျွန်တော်တို့ သဘောတူညီမှု တစ်ခုရသည်။

မိန်းမသားများကို ချစ်တီးတိုက်၌ အပ်ခဲ့၍ ယောကျ်ားများက လူစုခွဲကာ မြို့တွင်းထွက် စနည်းနာရန် ဖြစ်သည်။

ကျွန်တော်တို့ ယောကျ်ားများသည် လေးစုခွဲ၍ မြို့တွင်းသို့ ထွက်ခဲ့ကြ၏။ ကျွန်တော်နှင့် အဖော်နှစ်ဦးသည် မိတ္ထီလာကန်ကြီးကို ဖြတ်ထားသော တံတားမှနေ၍ ကျောက်ပုံသို့သွားသော လမ်းအတိုင်း ထွက်ခဲ့ကြသည်။

တစ်မြို့လုံးမှာ လူရိပ်လူရောင် အနည်းငယ်သာ ရှိ၍ ခြောက်ကပ်နေ၏။ တစ်ချီတစ်ချီတွင် အပြင်းမောင်းနှင်လာသော ကရင်စစ်ကားများကို တွေ့ရသည်။

ရဲဌာနအနီး လက်ဖက်ရည်ဆိုင် တစ်ဆိုင်သို့ ကျွန်တော်တို့ ဝင်ကြသည်။

လက်ဖက်ရည်ဆိုင်တွင်း၌ လူနှစ်ဦးခန့်သာ ရှိသည်။

ကျွန်တော်၏ မျက်လုံးများသည် ချောင်ကျသော စားပွဲတစ်လုံး၌ ထိုင်နေသည့် လူနှစ်ဦးဆီ ရောက်သွားသည်။

သူတို့နှစ်ဦးကလည်း အသစ်ဝင်လာသော ကျွန်တော်တို့အား စူးစမ်းသယောင် လှမ်းကြည့်သည်။

ကျွန်တော့်ကို မြင်သည် ခဏ၌ ထိုသူ နှစ်ဦးအနက် အသားညိုညို ဂင်တိုတိုဖြင့် လူသည် ပါးစပ် အဟောင်းသား ဖြစ်သွား၏။ ကျွန်တော်ကလည်း သူ့ကို လှမ်းခေါ်မည် ပြုပြီးမှ သတိရ၏။ ပါးစပ်ကိုပိတ်ကာ လက်ဖြင့်ပြ၍ နှုတ်ဆက်ရ၏။

သူ့ကို ကျွန်တော်ကောင်းစွာ မှတ်မိသည်။ လွတ်လပ်ရေး မရမီ ကျင်းပခဲ့သော ညီလာခံတစ်ခု၌ မြင်းခြံနယ်မှ တက်ရောက်လာသော ပြည်သူ့ရဲဘော်စစ်ခေါင်းဆောင်တစ်ဦးအဖြစ် ကျွန်တော် ခင်မင်ဖူးသည်။ သူ့နာမည်ကို ဗိုလ်စံဒွန်းဟု ကျွန်တော် မှတ်မိ၏။

ကျွန်တော်က သူတို့စားပွဲဆီသို့ တစ်ဦးတည်း ထသွားသည်။

ဗိုလ်စံဒွန်းက လေသံတိုးတိုးဖြင့်မေး၏။

"ရဲဘော် ခင်ဗျား ဗိုလ်လွမ်းနောင် မဟုတ်လား"

"ဟုတ်တယ် ဗိုလ်စံဒွန်း၊ ကြုံကြုံဖန်ဖန် တွေ့ရတယ်ဗျာ"

"နေပါဦး ဗိုလ်လွမ်းနောင်၊ ခင်ဗျား ဒီ ဘယ်နှယ် ရောက်လာသလဲ"

"ကျွန်တော့်နာမည် ဗိုလ်လွမ်းနောင် မဟုတ်တော့ပါဘူး၊ ကိုလွမ်းနောင်ပါ၊ နိုင်ငံရေးကထွက်ခဲ့တာ ကြာပါပြီ၊ ခု ကောလိပ်ပြန်တက်နေတယ်"

"ထားပါတော့လေ၊ ခင်ဗျား ဘယ်နှယ် ဒီရောက်လာရသလဲ"

"မန္တလေးသွားမလို့ လေယာဉ်ပျံနဲ့လာတာ၊ အခုတော့ ဒီမှာသောင်တင်နေရပြီ၊ ခရီးသည်အားလုံး ၁၃ ယောက်လောက် ရှိတယ်၊ ဘယ်သွားလို့ ဘာလုပ်ရမှန်း မသိဘူး၊ ဒါထက် ခင်ဗျားကော ဘယ်မှာလဲ"

ဗိုလ်စံဒွန်းသည် တိုးတိုးဖြေ၏။

"ကျွန်တော် ပြည်သူ့ရဲဘော်အဖွဲ့ထဲမှာ၊ အခု ပန်းအိုင်ကနေပြီး လာခဲ့တာ၊ မိတ္ထီလာ ကရင်သိမ်းတယ်ဆိုလို့ လာစနည်းနာတာပေါ့ဗျာ"

ကျွန်တော်သည် အထူးပင် ဝမ်းမြောက်ဝမ်းသာဖြစ်သွားမိသည်။

"ဝမ်းသာလိုက်တာ ဗိုလ်စံဒွန်းရယ်၊ ခင်ဗျား ကျွန်တော်တို့ကို အကူအညီ ပေးနိုင်ပါ့မလား"

"အကူအညီတော့ ပေးနိုင်ပါတယ်၊ ဒါပေမဲ့ အခြေအနေ ကြည့်လုပ်ပေါ့ဗျာ၊ ခင်ဗျားတို့အားလုံး ခရီးသည် ဘယ်နှစ်ယောက် ရှိသလဲ"

"အားလုံးပေါင်း ဆယ့်သုံးယောက် မိန်းမသား သုံးဦးပါတယ်ဗျ"

ဗိုလ်စံဒွန်းသည် ခေတ္တစဉ်းစားသယောင် ငိုင်သွား၏။

"ဒီလိုလုပ်လေဗျာ မနက်ဖြန်မနက်ကို ကျွန်တော် စကားပြန်မယ်၊ တစ်နေ့နဲ့ တစ်ညလောက်တော့ ခင်ဗျားတို့ ဣန္ဒြေမပျက်နေပါ"

http://www.cherrythitsar.org



"ဒါဖြင့် ခင်ဗျားကို ကျွန်တော် ဘယ်လိုလုပ် ဆက်သွယ်ရမလဲ"

"ဒီ လက်ဖက်ရည်ဆိုင်ကိုပဲ လာခဲ့ဗျာ၊ ကျွန်တော်နဲ့ မတွေ့တောင် ဆိုင်ရှင်ကို မှာထားခဲ့မယ်"

ကျွန်တော်သည် ဗိုလ်စံဒွန်းအား ကျေးဇူးတင်စွာ နှုတ်ဆက်၍ အဖော်များဆီ ပြန်လာ၏။ လက်ဖက်ရည် တစ်ခွက်စီ သောက်ကြပြီး ဆိုင်တွင်းမှ ကျွန်တော်တို့ အမြန်ဆုံး ပြန်ထွက်ခဲ့သည်။ သူတို့အားလုံးကို လမ်း၌ ကျွန်တော်က အကျိုးအကြောင်း ရှင်းပြရသည်။

ကျွန်တော်တို့ တည်းခိုနေသောအိမ်သို့ အချိန်မီပင် ပြန်ရောက်ခဲ့၏။ အကြောင်းမှာ ကျွန်တော်တို့ ရောက်၍ မရှေးမနှောင်းပင် ဗိုလ်ကျောက်ဘီလူးသည် စစ်ကားတစ်စင်းဖြင့် ဆိုက်ရောက်လာ၏။

ကံအားလျော်စွာ ထိုအချိန်၌ မြို့တွင်းထွက်၍ စနည်းနာသော ယောကျ်ားအားလုံး ပြန်ရောက်နေကြပြီ ဖြစ်၏။

ဗိုလ်ကျောက်ဘီလူးသည် ကျွန်တော်တို့အားလုံးကို တင်းမာသော လေသံဖြင့် အမိန့်ပေးသည်။

"ခင်ဗျားတို့အားလုံး ကျွန်တော်နှင့် ပြန်လိုက်ခဲ့ရမယ်၊ ခင်ဗျားတို့ကို မီးရထားနဲ့ သာစည်အထိ ကျွန်တော်တို့ပို့ပေးမယ်၊ မပူပါနဲ့ဗျာ၊ နက်ဖြန် သဘက် ဆိုရင် ကျွန်တော်တို့တပ်တွေက မြန်မာတစ်ပြည်လုံး သိမ်းပြီးပါပြီ။ ဒီတော့ ခင်ဗျားတို့လိုရာ ရောက်ကြမှာပေါ့၊ ကဲ တစ်ဆယ့် ငါးမိနစ် အချိန်ပေးမယ် ပြင်ကြဆင်ကြ"

ကျွန်တော်တို့အားလုံး တိုင်ပင်ရန်အချိန်မရ၊ အထုပ်အပိုး ကိုယ်စီ ပြင်၍ သူခေါ်သည့်အတိုင်း ကားပေါ်တက်လိုက်ခဲ့ကြရသည်။

ဗိုလ်ကျောက်ဘီလူးသည် ကျွန်တော်တို့ အားလုံးကို မိတ္ထီလာ ဘူတာရုံသို့ခေါ်သွားသည်။ ဘူတာရုံရောက်မှ မိတ္ထီလာမြို့ပေါ်၌ သောင်တင်

http://www.cherrythitsar.org



နေသောသူများမှာ ကျွန်တော်တို့ချည်း မဟုတ်ကြောင်း သိရသည်။

မိတ္ထီလာမြို့သည် ခရီးလမ်းဆုံမြို့ကြီး ဖြစ်လေသည်။ မမျှော်လင့်ဘဲ မိတ္ထီလာမြို့ကို ကရင်ရုတ်တရက် သိမ်းလိုက်သောအခါ အဝေးအနီးမှ ခရီးသည်အားလုံး စုပြုံ ပိတ်မိနေသည်။

ဘူတာရုံ၌ ခရီးသည် တစ်ရာခန့်ရှိသည်။

ကရင်စစ်သားများက ကျွန်တော်တို့အားလုံးကို မီးရထားတွဲများပေါ် တက်စေသည်။

တွဲများမှာဖြစ်သလို စုထား၍ လူစီးတွဲရော ကုန်တွဲရော ရောစပ်နေ၏။ ကျွန်တော်တို့ တသိုက်မှာ ကံဆိုးသဖြင့် ကုန်တွဲတစ်တွဲပေါ် တက်ကြရသည်။

ကျွန်တော်သည် မမမေ၏နားတွင် တိုးတိုးကပ်၍ အားပေးရသည်။

"စိတ်မပူနဲ့ မမမေ မောင်တို့ ထွက်လမ်းရထားပြီ"

မမမေသည် ကျွန်တော့်စကားကို ယုံကြည်ဟန်အားယူပြုံးရင်း ခေါင်းညိတ်ရှာ၏။

ကျွန်တော်နှင့်အတူ ဗိုလ်စံဒွန်းကို တွေ့ခဲ့သောခရီးသည်နှစ်ဦးမှာ ကျွန်တော်တို့၏ အကြံအစည်ကို လူတိုင်းအား ဖွင့်မပြောရဲသေး။ အမှန်ကို ဝန်ခံရလျှင် ကျွန်တော်တို့သုံးဦးစလုံး ဘာကိုမျှ ယတိပြတ် မဆုံးဖြတ်နိုင်သေး။

ကျွန်တော်တို့သည် မီးရထားတစ်တွဲမှ တစ်တွဲကူးကာ လိုက်လံစနည်းနာကြပြန်သည်။

ခရီးသည်များအကြား မမျှော်လင့်ပဲ ဗိုလ်စံဒွန်းကို ပြန်တွေ့ရသည်။

"ဘယ့်နှယ် ဗိုလ်စံဒွန်း၊ ခင်ဗျား ဒီရောက်လာပြန်ပလား"

"ဟုတ်တယ်၊ ဒါထက် ခင်ဗျားတို့ ဒီရထားနဲ့ လိုက်မလို့လား"

http://www.cherrythitsar.org



"ဘယ်နှယ် လုပ်မလဲ၊ သူတို့က ဖွတ်ခေါ်လာတာ"

ဗိုလ်စံဒွန်းသည် ကျွန်တော့်နား နားကပ်၍ တိုးတိုးပြောသည်။

"ကိုလွမ်းနောင် ခင်ဗျား ဒီလောက်မှ မရိပ်မိဘူးလား တွဲတွေ ဆက်ထားပုံ ကြည့်စမ်း"

ဗိုလ်စံဒွန်းပြောပါမှ ကျွန်တော်သည် မီးရထားတွဲများ ဆက်ထားပုံကို ကြည့်မိသည်။

မီးရထားတွဲအားလုံးပေါင်း ခုနစ်တွဲခန့်သာပါသည်။ ဤခုနစ်တွဲစလုံး ပေါ်၌ ခရီးသည်များကိုတင်ထား၏။ ဤခုနစ်တွဲစလုံးသည် ခေါင်းတွဲနှင့် ဆက်လျက်ဖြစ်၏။ တစ်နည်းအားဖြင့် ရှေ့ပိုင်း၌ ခရီးသည်များကို ထားခြင်းဖြစ်၍ နောက်ဆုံးတွဲငါးတွဲ၌ လက်နက်အပြည့်အစုံဖြင့် ကရင် စစ်သားများပါသည်။

ကျွန်တော်သည် ဗိုလ်စံဒွန်းအား ထိတ်လန့်တကြား ကြည့်မိသည်။

"ဘယ်လိုလဲ ဗိုလ်စံဒွန်း၊ ကျုပ်တို့ကို သူတို့ တန်ဆာခံလုပ်မလို့လား"

"ဒါက ရှင်းနေတာပဲ၊ ဒီကောင်တွေ ကားလမ်းကကော မီးရထား လမ်းကကောဆင်းပြီး မြို့တွေ ဝင်စီးသွားမှာပဲ၊ အခုအခံရှိရင် ခင်ဗျားတို့ ခရီးသည်တွေ ရှေ့တန်းတင် တန်ဆာခံလုပ်မှာပဲ"

ကျွန်တော်သည် ခရီးသည်များကိုယ်စား ကြက်သီးထမိသွား၏။

"ဒါဖြင့် ကျွန်တော်တို့ ဘာလုပ်ကြမလဲ ဗိုလ်စံဒွန်း"

"ကျွန်တော်လည်း မတတ်နိုင်ဘူး၊ သာစည်မရောက်ခင် မီးရထား လမ်းကို ဖျက်ထားဖို့ ဆက်သားတွေတော့ ကျွန်တော်လွှတ်ပြီးပြီ၊ ဒါပဲ ကျွန်တော် တတ်နိုင်တယ်"

ကျွန်တော်သည် အတန်ကြာ ငိုင်နေပြီးမှ ဗိုလ်စံဒွန်းကို မေးရသည်။

"ဒါဖြင့် ဗိုလ်စံဒွန်း၊ ကျွန်တော်တို့တော့ ဖြစ်ချင်ရာဖြစ်၊ မြင်းခြံ

http://www.cherrythitsar.org



ဘက်ကိုပဲ လစ်ချစ်တယ်၊ မနက်အထိ စောင့်လို့ မဖြစ်ဘူးထင်တယ်”

ဗိုလ်စံဒွန်းက ခေါင်းညိတ်သည်။

“ဟုတ်တယ်၊ လူအားလုံးကိုတော့ ကျွန်တော် မကယ်နိုင်တော့ဘူး၊ ဒီတော့ ခင်ဗျားတို့တစ်သိုက်က အခြေအနေကြည့်ပြီး ပြေးခဲ့ကြပေါ့ဗျာ၊ ကျွန်တော်နှင့် ကျွန်တော့အဖွဲ့က ကန္ဒီချောင်းတံတားက စောင့်နေမယ်”

ဗိုလ်စံဒွန်းသည် ရောင်ပေ ရောင်ပေနှင့် ထွက်ကာ ပျောက်ကွယ်သွား၏။

ကျွန်တော်တို့သည် ကျွန်တော်တို့တဲသို့ အလျှင်အမြန် ပြန်ခဲ့သည်။

တဲတွင်းရှိ လူအများကို တိုးတိုးတိတ်တိတ် အကျိုးအကြောင်းရှင်းပြရသည်။

ကျွန်တော်တို့တဲတွင်းရှိ လူအားလုံးသည် မြင့်ခြံဘက် ထွက်ပြေးရန်သဘောတူကြသည်။

ဒေါ်မြရွှေနှင့် ဒေါ်ဖွားမယ်ကသာ ဝမ်းနည်းစွာဆိုကြသည်။

“ဒေါ်ဒေါ်တို့ကတော့ ကြီးပြီကွယ်၊ မပြေးနိုင် မလွှားနိုင်ဘူး၊ ဒီတော့ ဖြစ်သလိုပဲ ဒီမှာနေခဲ့တော့မယ်၊ မင်းတို့လူငယ်တွေသာ ပြေးကြပေတော့”

ကျွန်တော်တို့အားလုံး စိတ်မကောင်းကြ။ သို့ရာတွင် ကမ္ဘာမီးလောင်ခိုက်ဖြစ်သဖြင့် ကိုယ့်ဘေးကိုသာ ကိုယ်အလွတ်ရုံးကြရမည်။

ထိုနေ့တစ်နေ့လယ်လုံး ကျွန်တော်တို့ ဘာမျှ မစားကြရ။ သို့ရာတွင် စားချင်သောက်ချင်စိတ်လည်း မရှိကြ။ ထွက်ပြေးရန် အလစ်ကိုသာ ချောင်းနေကြသည်။

မီးရထားသည် နေဝင်သည်အထိ မထွက်ဖြစ်သေး၊ ဘူတာရုံတဝိုက်၌ ကရင်စစ်သားများ ရုတ်ရုတ်သဲသဲဖြစ်နေသည်ကို တွေ့ရသည်။

ကျွန်တော်တို့အားလုံးသည် ဣန္ဒြေရစွာ တွဲပေါ်၌ ငြိမ်နေကြသည်။

အချိန်သည် ကုန်မှန်းမသိကုန်၍ နေဝင်သွား၏။

ဗိုလ်ကျောက်ဘီလူးနှင့် အဖွဲ့သည် တွဲများကိုလိုက်၍ စစ်သည်။

ကျွန်တော်တို့အားလုံး ကျဉ်းကျပ်သော တွဲပေါ်၌ အချိန်ကုန်ဆုံးရသည်။

ညနက်လာသောအခါ အအေးဓာတ်က ဝင်လာ၏။ ခြင်တို့လည်း ဝီဝီ အော်လာကြသည်။

တွဲဘေးတစ်လျှောက် ခြေလှမ်းမှန်မှန်နှင့် ကင်းလှည့်နေသော ပတ်တရောင်တို့၏ စစ်ဖိနပ်သံကို ကြားရ၏။

ကျွန်တော်က မမမေကို ကျွန်တော့်ပေါင်ထက် လှဲ၍ အိပ်စေရ၏။ ကျွန်တော်ကိုယ်တိုင်မှာမူ တွဲနံရံကို ခေါင်းမှီထိုင်ရင်း သတိဖြင့် ငိုက်ရုံငိုက်နေရ၏။

အချိန်နာရီတို့သည် တစတစ ကုန်ဆုံးလာသည်။ ကျွန်တော်တစ်ရေးနိုးသောအခါ၌ ကျွန်တော်၏ ညကြည့်လက်ပတ်နာရီသည် လေးနာရီ၌ ပြနေ၏။

ကျွန်တော်သည် မမမေကိုအသာနှိုး၍ နေရာမှထကာ အရိပ်အခြည်ကို အကဲခတ်ကြည့်သည်။

ဘူတာရုံဆီ၌ အစောင့်ကျနေသော ကရင်စစ်သားများမှလွဲ၍ လူသူအားလုံး အိပ်မောကျနေဟန်ရှိသည်။

ကျွန်တော်သည် တွဲအတွင်းရှိ လူတို့ကို နှိုးရ၏။

ကျွန်တော်တို့ အားလုံးကြိုတင် စည်းဝါး ရိုက်ထားသည့်အတိုင်း ပြင်ဆင်ကြသည်။

လူတစ်ဦးလျှင် ပိုက်ဆံငွေကြေးမှလွဲ၍ မည်သည်ကိုမျှ မယူရ။

ထို့နောက် အမှောင်ရိပ်ကိုကွယ်၍ တစ်ဦးချင်းမြေပေါ်သို့ ဆင်းရသည်။ မြေပေါ်ရောက်လျှင် ရောက်ခြင်း မီးရထားတွဲများအောက်သို့ ဝင်ရမည်။ မီးရထားတွဲများအောက်မှ လေးဘက်တွားသွားကာ တွဲဆုံးလျှင် အရိပ်အခြေကြည့်၍ လမ်းဘေးဆင်းလျှက် အမှောင်ရိပ် ခိုပြေးကြရမည်။

ဤနည်းဖြင့် ကျွန်တော်တို့ တစ်ဦးနှင့်တစ်ဦးကြား၊ နှစ်မိနစ်စီခြား၍ တွဲပေါ်မှ ဆင်းကြသည်။

ဤသို့ဆိုပြန်သော် ဒေါ်မြရွှေနှင့် ဒေါ်ဖွားမယ်တို့သည် ကျွန်တော်တို့အား သနားစဖွယ်ကြည့်နေကြရှာ၏။

ကျွန်တော်သည် စိတ်မကောင်းစွာနှင့် သူတို့အား အကြံပေးရသည်။

"ဒေါ်ဒေါ်တို့ ကျွန်တော်တို့နှင့် တစ်ပါတည်း လိုက်ခဲ့ပါလား၊ သေအတူရှင်မကွဲပေါ့"

ဒေါ်ဖွားမယ်သည် ဝမ်းနည်းပန်းနည်းဆို၏။

"လူလေးတို့သာ လွတ်အောင်ပြေးပါ အဒေါ်တို့ကို သံယောဇဉ်ငဲ့မနေပါနဲ့"

"မဟုတ်ဘူး၊ ဒေါ်ဒေါ် ဒီ မိတ္ထီလာမြို့အထွက်တင် လိုက်ခဲ့ပါ၊ နီးစပ်ရာရွာ တစ်ရွာရွာက ဘုန်းကြီးကျောင်းမှာ ကျွန်တော် အပ်ပေးခဲ့ပါမယ် တိုင်းပြည် အေးချမ်းတော့ ဒေါ်ဒေါ်တို့လိုရာ ဆက်သွားပေါ့၊ ဒီရထားတွဲပေါ် ဒေါ်ဒေါ်တို့ မနေကြပါနဲ့"

ထိုအခါ ဒေါ်မြရွှေသည် လှုပ်ရှားလာ၍ ဝင်ပြောသည်။

"ဟုတ်တယ် ငါ့တူပြောတာမှန်တယ်၊ လာပါဒေါ်ဖွားမယ် လိုက်ကြရအောင်"

ဤကဲ့သို့ ဒေါ်မြရွှေနှင့် ဒေါ်ဖွားမယ်သည် ကျွန်တော်တို့နှင့်လိုက်ရန် သဘောတူသည်။

http://www.cherrythitsar.org



ကျွန်တော်တို့ အစီအစဉ်၌ အထူးအခက်အခဲမတွေ့။ ခရီးသည် ဆယ့်သုံးဦးစလုံး မီးရထားတွဲများ အောက်မှ ဝပ်တွား၍ ထွက်ပြေးနိုင်ခဲ့၏။ လသည် ဝင်ခဲ့၍ မိတ္ထီလာ၏ မြူနှင်းတို့ကလည်း မှောင်ရိပ်များနှင့်အတူ ကျွန်တော်တို့အား ကူညီကြ၏။

ကျွန်တော်တို့သည် မီးရထားလမ်းအတိုင်း အနောက်ဘက်ဆီသို့ ပုန်းလျှိုး ကွယ်လျှိုး ထွက်ခွာလာခဲ့ကြ၏။ ပုန်းလျှိုးကွယ်လျှိုး၊ သတိဖြင့် လာကြရသည်မို့ ခရီးမတွင်လှ၊ ကျွန်တော်တို့ ကန္နီချောင်းတံတားကြီးသို့ ရောက်သောအခါ မိုးစင်စင်လင်းလုပြီ။

ချောင်းထိပ်၌ အဆင်သင့်စောင့်နေသော ဗိုလ်စံဒွန်းတို့ကို တွေ့ရသည်။

ကျွန်တော်တို့သည် လူစုသုံးစုခွဲ၍ မလှိုင်ဘက်သို့ ဆက်လက် ထွက်ခွာလာကြရသည်။

မိတ္ထီလာမှထွက်လာကတည်းက မြေပြန့်ကို မတွေ့ရ၊ ကုန်းရိုး ခင်တန်း အသွယ်သွယ်ကိုသာ ကျော်ဖြတ်ခဲ့ရသည်။

ယောက်ျားခရီးသည် အချို့သည် ဒေါ်မြရွှေနှင့် ဒေါ်ဖွားမေကို ဖေးမတွဲယူ ခေါ်ကြသည်။ ကျွန်တော်ကမူ မမမေကိုသာ ဖေးမကူညီခေါ်ခဲ့ရပါ၏။

နေသည် မြင့်သထက်မြင့်လာ၏။ ခရီးမှာလည်း ပန်းသထက် ပန်းလာသည်။

တောင်ပူ အရိပ်တစ်ခု၌ ကျွန်တော်တို့ ခေတ္တနားရင်း တိုင်ပင်ကြသည်။ ကျွန်တော်တို့ မလှိုင်မြို့ဘက်ကို သွားကြမည်လော၊ ပန်းအိုင်ဘက်သို့ ဆက်မည်လော။

ကျွန်တော်တို့ ဝေခွဲမရရှိနေစဉ် ဗိုလ်စံဒွန်းသည် အဝေး၌ လှမ်းမြင်

http://www.cherrythitsar.org



နေရသော မော်တော်ကားလမ်းဆီသို့ ညွှန်ပြသည်။ ထိတ်လန့်တကြား ကျွန်တော်တို့အားလုံး လှမ်းကြည့်လိုက်သောအခါ ကားလမ်းပေါ် အပြေး မောင်းနှင်လာသော စစ်ကားများကို တွေ့ရသည်။

"ကရင်ကားတွေလား ဗိုလ်စံဒွန်း"

ဗိုလ်စံဒွန်းသည် ခေါင်းခါ၏။

"ကျွန်တော်မသိဘူး၊ ကျွန်တော့်သဘော အရတော့ ပန်းအိုင်ဘက် အရောက်သွားချင်တယ်၊ ဟိုဘက်မှာတော့ ကျွန်တော်တို့တပ်တွေရှိတယ်၊ အစစအရာရာ စိတ်ချရမယ်"

ကျွန်တော်တို့အားလုံးမှာ ဤနယ်ကို ကျွမ်းကျင်သူများ မဟုတ်ကြ၊ ထို့ကြောင့် ဗိုလ်စံဒွန်း၏စီမံရာကိုသာ နာခံကြရသည်။

ကျွန်တော်တို့ ခရီးဆက်ကြပြန်သည်။ မလိုက်နိုင်တော့သော ဒေါ်မြရွှေနှင့်ဒေါ်ဖွားမယ်ကို လမ်းရှိ ကျွန်တော်အမည်မမှတ်မိသော ရွာတစ်ရွာ ဘုန်းကြီးကျောင်း၌ ဗိုလ်စံဒွန်းက အပ်ပေးသည်။ ဘုန်းကြီးကျောင်းမှ ငှက်ပျောသီး၊ ပေါက်ပေါက်ဆုပ်တို့ကိုစား၍ ရေသောက်ပြီး ကျွန်တော်တို့ ခရီးဆက်ခဲ့ပြန်၏။

နေသည် ကျဲကျဲပူလာသည်။ ခရီးက ကြမ်းရသည့်အထဲ ခလုတ်ကန် သင်းများအပြင် ခံဆူး၊ ဆူးဖြူဆူးတို့ကလည်း ဒုက္ခပေးသေးသည်။

မမမေ၏ ခြေထောက်လေးများမှာ ဆူးချက်ကြောင့် သွေးတွေ ရဲနေ၏။ ခြေလှမ်းလေးများကလည်း နှေးနေ၏။

"မမမေ လျှောက်နိုင်သေးရဲ့လား"

မမမေသည် မဖြေ။ မဲ့ပြုံးလေးသာ ပြုံးပြရှာ၏။

ကျွန်တော်သည် ဗိုလ်စံဒွန်းကို လှမ်းကြည့်၍ မေးသည်။

"ဗိုလ်စံဒွန်းရာ ဒီရွာအနီးအပါးမှာ လှည်းလေး၊ ဘာလေး ငှားလို့

http://www.cherrythitsar.org



မရဘူးလား”

ဗိုလ်စံဒွန်းသည် ပတ်ဝန်းကျင်ကို ညွှန်ပြရင်း…

“ခင်ဗျားကြည့်လေ ဘယ်မလဲ ရွာတွေ”ဟုဆို၏။

ကျွန်တော်က ပတ်ဝန်းကျင်ကို လှမ်းကြည့်မိသည်။ မိတ္ထီလာနယ်၏ လွင်တီးခေါင်သည်၊ မဆုံးသယောင် ကျယ်ဝန်းနေ၏။ ရွာဟူ၍ အစအန မမြင်ရ။ ရွာအစား အလိုင်းအလိုင်း ထနေသော ချိုင့်ဝှမ်းမြေ ကွက်တို့ကိုသာ တွေ့ရသည်။ ကျွန်တော် သက်ပြင်းရှိုက်ခိုက် ဗိုလ်စံဒွန်းက အားပေးသည်။

“နောက်ထပ် တစ်မိုင်လောက်သာ လျှောက်ပါဗျာ ကျွန်တော်တို့ ပိုင်နက်ထဲ ရောက်ပါတော့မယ်”

အခြားနည်းလမ်း မရှိသဖြင့် ကျွန်တော်တို့ ဆက်လျှောက်ကြရပြန် သည်။ နေမွန်းတည့်နီးသဖြင့် နေသည် မညှာမတာ ပူပြင်းလာသည်။ ရေကလည်း ဆာလာသည်။

ကျွန်တော်သည် မမမေအား စိတ်မကောင်းခြင်းကြီးစွာဖြင့် ကြည့်မိသည်။

ဤခရီးကြမ်းမှာ စစ်သားဖြစ်ဖူးသူ ကျွန်တော့်အတွက် ပမာပြုစရာ မရှိ၊ သို့ရာတွင် နုနယ်လှသော မမမေအတွက် သက်သာလှသည်မဟုတ်၊ နောက်ထပ် ဆယ့်ငါးမိနစ်ခန့် လျှောက်မိသောအခါ မမမေသည် မြေပြင်သို့ ခွေခနဲ လဲကျသွားသည်။

“အို မေ…”

ကျွန်တော်သည် ပျာပျာသလဲ မမမေကို ပွေ့ထူမိ၏။ မမမေ၏ ခြေထောက်ကလေးများကိုလည်း လှမ်းကြည့်မိ၏။

မမမေ၏ ခြေဖဝါးများမှာ ဖူးရောင်ပေါက်ကွဲ၍ သွေးအလိမ်းလိမ်း ဖြင့် ရှိနေသည်။ ကျန်ခရီးသည်များကလည်း ဝိုင်းဝန်းလာ၏။ ကျွန်တော်က

http://www.cherrythitsar.org



မမမေကို အားပေးပြုံး ပြုံးရင်း မေးရသည်။

“မေ…သိပ်ပင်ပန်းနေသလား”

မမမေသည် မျက်ရည်ဝဲဖြင့် ကျွန်တော့်အား သနားစဖွယ် မော်ကြည့် ရင်းဖြေ၏။

“မေ…လမ်းမလျှောက်နိုင်တော့ဘူးကွယ်”

“မေ မလျှောက်နိုင်ရင် မောင်ပွေ့ပြီး ခေါ်သွားပါ့မယ်၊ အားမလျှော့ပါနဲ့”

ကျွန်တော်တို့ဖြစ်ပုံကို မကြည့်ရက်သော ဗိုလ်စံဒွန်းက သူနှင့်အတူ ပါလာသော ရဲဘော်အား အမိန့်ပေးသည်။

“ရဲဘော်…ရှေ့ကနေ အမြန်ဆုံးပြေးတော့၊ တို့ တပ်ကိုတွေ့ရင် အကျိုးအကြောင်းပြောပြီး လှည်းဆင်ခဲ့ကွာ”

ထိုရဲဘော်က ဘာမှပြန်မပြောတော့ဘဲ အနောက်ဘက်သို့ ဦးတည်ကာ အပြေးအလွှား ထွက်ခွာသွား၏။

ကျွန်တော်သည် မမမေကိုပွေ့ကာ ဖြည်းညှင်းစွာ ခရီးဆက်ခဲ့သည်။

နားချည် လျှောက်ချည်ဖြင့် ခရီးနှစ်ဖာလုံခန့် ပေါက်သောအခါတွင် ကျွန်တော်တို့သည် ကြီးမားသော ချောင်းကြီးတစ်ချောင်းသို့ ဆိုက်ရောက်လာသည်။

ချောင်းတွင်း၌ သဲသောင်အပြည့်ပေါ်နေသည်။ သို့ရာတွင် ချောင်းအလယ်၌ ကြည်လင်သောရေများ စီးဆင်းနေ၏။

ကျွန်တော်တို့ ခရီးသည်အားလုံးသည် ချောင်းကမ်းပါးအနီး နေရိပ်ရာတွင် နားကြ၏။

ကျွန်တော်က မမမေကို အေးမြသော သဲခုံထက် အသာချ၍ ရေစပ်ဆီသို့ ပြေးသည်။ ခပ်စရာရေခွက်လည်း မပါသဖြင့် အိတ်တွင်း၌

http://www.cherrythitsar.org



အဆင်သင့်ရှိသော လက်ကိုင်ပဝါကို ချောင်းရေ၌နှစ်၍ ဆွတ်ရသည်။ ထို့နောက် မမမေ၏ပါးစပ်တွင်းသို့ ညှစ်ထည့် အစက်ချပေးရသည်။ မျက်နှာကိုလည်း စိုအေးသော လက်ကိုင်ပဝါဖြင့် ပွတ်သပ်ကာ လန်းဆန်းစေရ၏။

ဗိုလ်စံဒွန်းသည် အနီးသို့ ရောက်လာ၍ အားပေးစကား ပြောကြားသည်။

"ဒီနေရာရောက်မှ မပူကြပါနဲ့ဗျာ၊ ကျွန်တော်တို့ နယ်ထဲဝင်မိပါပြီ၊ ဒီချောင်းကမ်းပါးမှာ အေးအေးလူလူပဲ နားကြပါ"

ဗိုလ်စံဒွန်းစကားကြောင့် ခရီးသည်အသီးသီးတို့ နေရိပ်ရာသောင်ပြင် ၌ ခြေပစ်လက်ပစ် လဲလျောင်းနားနေကြ၏။

ကျွန်တော်မှာမူမနားနိုင်။ အကြောင်းမှာ မမမေသည် ကျွန်တော့်ပေါင်ထက်၌ နှစ်ခြိုက်စွာ အိပ်မောကျနေပြီ ဖြစ်သောကြောင့်တည်း။

ညနေစောင်း၌ မမမေနိုးလာသည်။ ကျန်ခရီးသည် အပေါင်းတို့လည်း နားနေလိုက်ရ၍ အားတက်ကာ လန်းလန်းရွှင်ရွှင် ဖြစ်လာကြ၏။

ပို၍ အားတက်ရွှင်လန်းရန် ချောင်းတစ်ဖက်စီမှ ဖုန်တထောင်းထောင်းနှင့် လှည်းများ မောင်းလာသည်ကို တွေ့ရသည်။ ရှေ့ဆုံးမှလှည်း၏ထိပ်တွင် ပြည်သူ့ရဲဘော်အလံကြီးသည် လေ၌ ငွားငွားစွင့်စွင့် ကြွားကြွားဝင့်ဝင့် ပါလာလေသည်တကား။

*

## ၁၆

ကျွန်တော်တို့အားလုံး ဗိုလ်စံဒွန်းကျေးဇူးကြောင့် မြင်းခြံမြို့သို့ ချောမောစွာ ရောက်လာခဲ့ကြသည်။

ထိုအချိန်တွင် မြင်းခြံမြို့မှာ ပြည်သူ့ရဲဘော် လက်အောက်၌ ရှိနေသည်။

မမမေ၏ခြေဖဝါးမှ ဒဏ်ရာများကို ကုသရန်အတွက် မြင်းခြံဆေးရုံကြီးသို့ ကျွန်တော်တို့ သွားခဲ့ကြသည်။

ကံကောင်း ထောက်မသဖြင့် ဆေးရုံကြီး၌ ခရိုင် ဆရာဝန်ကြီးသည် ထွက်မပြေးဘဲ လူနာများကို ဆက်လက်ဆေးကုသနေ၏။

ခရိုင်ဆရာဝန်ကြီး ဦးစိုးတင်မှာ မမမေ၏ဖခင်နှင့် ရင်းနှီးသူ မိတ်ဆွေကြီးတစ်ဦး ဖြစ်နေပါ၏။

တည်းခိုစရာမရှိသော မမမေနှင့် ကျွန်တော်သည် ဦးစိုးတင်၏နေအိမ်တွင်ပင် နေခဲ့ကြရသည်။

ဦးစိုးတင်နှင့် ဒေါ်ဒေါ်မြင့် (ဦးစိုးတင်၏ဇနီး)ကိုမူ ကျွန်တော်နှင့် မမမေသည် ဖြစ်ခဲ့ရသမျှကို ဇာတ်ကြောင်းလှန် ပြန်ပြောရသည်။

http://www.cherrythitsar.org



ဦးစိုးတင်၏အိမ်၌ရှိစဉ် ဇနီးမောင်နှံ ဟန်ဆောင်ခဲ့ရသော ကျွန်တော် တို့၏ ဇာတ်လမ်းလည်း ဆုံးခဲ့သည်။

မမမေက ဦးစိုးတင်၏သမီးများနှင့် အိပ်သည်။ ကျွန်တော်က ကျွန်တော့်အတွက် သီးသန့်အခန်း၌ အိပ်၏။

မမမေ၏ ခြေဖဝါးမှ ဒဏ်ရာများ ပျောက်သောအခါ ကျွန်တော်တို့က မန္တလေးသို့ ခရီးဆက်ရန် ပြင်ကြသည်။

ကျွန်တော် ဖော်ပြခဲ့သည့်အတိုင်း ကျွန်တော်တို့နှစ်ဦးလုံး၌ အဝတ် အစားမပါ။ ငွေကြေးအနည်းငယ်သာ ပါသည်။

ဦးလေးစိုးနှင့် ဒေါ်ဒေါ်မြင့်က ကျွန်တော်တို့အတွက် အဝတ်အစား သစ်များ ဝယ်ချုပ်ပေးသည်။

ထိုအချိန်တွင်မူ မန္တလေးမြို့သည် ကရင့် လက်တွင်းကျပြီးကြောင်း ကြားရသည်။ အမျိုးသား တပ်ပေါင်းစုက မန္တလေးမြို့ကို ပြန်လည်သိမ်းယူ ကြောင်း သတင်းကိုလည်း ရက်ပိုင်းအတွင်း၌ ကြားရသည်။

ထိုစဉ်က ပြည်မြို့မှ မန္တလေးအထိ ရဲဘော်ဖြူများ အုပ်ချုပ်သော မီးသဘောင်္ာများ ပြေးဆွဲနေ၏။

ဦးလေးစိုးနှင့် ဒေါ်ဒေါ်မြင့်က ကျွန်တော်တို့ကို တိုင်းပြည်အေးချမ်း သည်အထိ မြင်းခြံ၌ ဆက်နေထိုင်စေလိုသည်။ သို့ရာတွင် ဖခင်စိတ်ဇောနှင့် မောနေသူ မမမေက မဖြစ် ဖြစ်သည့်နည်းဖြင့် မန္တလေးသို့ အရောက်သွားချင် နေရှာ၏။

နောက်ဆုံးတွင် မမမေနှင့်ကျွန်တော်သည် ရဲဘော်ဖြူများ အုပ်ချုပ် သောမီးသဘောင်္ာဖြင့် မန္တလေးသို့ ဆန်တက်ခဲ့ရသည်။

မန္တလေးမြို့သို့ ကျွန်တော်တို့ ဆိုက်ရောက်ချိန်မှာ မြူနှင့် နှင်းတို့ ရော၍ မှုန်ဝေရီသော ညနေဆည်းဆာ ဖြစ်ပါ၏။

မြို့ကို ရဲဘော်ဖြူ၊ အလံဖြူ၊ အလံနီ အားလုံးပေါင်း၍ သိမ်းထားသည်။

ခက်ရာခက်ဆစ် မြင်းလှည်းတစ်စီးငှား၍ မမမေနှင့် ကျွန်တော်သည် မမမေ၏ ဖခင်နေထိုင်ရာ မင်္ဂလာလမ်းရှိ အိမ်ကြီးဆီ ထွက်လာခဲ့ကြသည်။

တစ်မြို့လုံးမှာ ခြောက်ကပ်နေသည်။ သူပုန်အချင်းချင်း ပစ်ခတ်တိုက်ခိုက်ပြီးစဖြစ်၍ ကျုံးဘေး၌ အလောင်းများကို မြင်နိုင်သေးသည်။

အိမ်သို့ ရောက်သောအခါ အိမ်ဖော်ဖြစ်ဟန် တူသူ ကလေးမတစ်ဦးက မမမေ၏ ခါးကိုဖက်ကာ ရှိုက်ကြီးတငင် ငိုကြွေးပါလေတော့၏။

ဒေါက်တာ ဦးသက်မောင် မရှိတော့ပြီ။ ကာလဆိုး၏ ကန္တာရကို ဖြတ်ကာ ဖခင်ထံပြေးလာခဲ့သော သမီးကို ဆီးကြိုရန် ဒေါက်တာဦးသက်မောင် ဤလောက၌ မရှိတော့ပြီ။

ကျွန်တော်တို့ဆိုက်ရောက်ချိန်၌ ဦးသက်မောင်၏ အလောင်းမြေကျပြီးသည်မှာ သုံးရက်ရှိပေပြီ။

ဤသတင်းကို ကြားရလျှင် ကြားရခြင်း ခဏ၌ မမမေသည် သတိလစ် မေ့မြောသွားသည်။

ပြန်လည် သတိရခဲ့သော်လည်း မမမေသည် စိတ်ထောင်းကိုယ်ကြေ၍ အိပ်ရာထက် လဲခဲ့ရှာသည်။

အိမ်ဖော်မလေး ညွှန့်ခင်၊ ကွန်ပေါင်ဒါ ကိုချစ်စံတို့၏ အကူအညီဖြင့် ကျွန်တော်သည် ဗိုလ်ချုပ်လမ်းမှ ဒေါက်တာ ဆင်းဂွတ်ပတားကို ပင့်၍ မမမေအား ကာလပျက်ကြီးအတွင်း ပြုစုခဲ့ရသည်။

မမမေသက်သာလာသော အချိန်၌ မန္တလေးမြို့ကြီး၏ အခြေအနေလည်း လုံး၀ ပြောင်းလဲခဲ့သည်။

http://www.cherrythitsar.org



ဗိုလ်မှူးကြီးကြင် ခေါင်းဆောင်သော အစိုးရ တပ်စုသည် ရောင်စုံ သူပုန်များလက်မှ မန္တလေးမြို့ကြီးကို ပြန်လည်သိမ်းယူလိုက်သည်။

မရှေးမနှောင်းမှာပင် မန္တလေးနှင့် ရန်ကုန်မှာ ပြန်လည် အဆက် အသွယ်ရခဲ့သည်။

မန္တလေး ရန်ကုန် ပထမဆုံးပြန်လည် ပျံသန်းသော ယူဘီအေ လေယာဉ်ထက်တွင် ကျွန်တော် မမမေနှင့် ညွှန့်ခင်သည် လိုက်ပါလာခဲ့ ကြသည်။

မမမေနှင့်ကျွန်တော် မင်္ဂလာဒုံ လေယာဉ်ကွင်းမှ ထွက်ခွာလာကြစဉ် က နှင်းတို့ဝေသောဆောင်းဖြစ်၏။ ယခုမူ မိုးတို့စွေသော မုတ်သုန်ဦး အခါတည်း။

ညိုးလျော်သော စံပယ်ဖြူပမာ ဖြစ်သည့် မမမေ၏ အသည်းနှလုံး ထက် ကျွန်တော် မေတ္တာမိုးကိုစွေကာ လန်းလိုက်ချင်ပါ၏။ သို့ရာတွင် ကျွန်တော့်ဘဝမှာ ပန်းစံပယ်ဖြူဖြူ ညိုးလေဘိ ချစ်မိုးကို ဖြိုင်ဖြိုင်မစွေပိုင်သည့် နယုန်မိုးပြေး၏ အရေးမလှသော အညတြ ရေစင်ပမာသာ ရှိနေရဟန် တူပါ၏။

ကျွန်တော်တို့ ရန်ကုန်ပြန်ရောက်ချိန်၌ တက္ကသိုလ်ကြီးမှာ ပြန်လည် ဖွင့်ခဲ့ပြီး အင်းစိန်မြို့ကြီးကိုလည်း အစိုးရတပ်များ ပြန်လည်သိမ်းပိုက်မိပြီးပြီ။

မမမေက ညွှန့်ခင်နှင့်အတူ ဦးခင်မောင်ဦးတို့အိမ်၌ ပြန်နေ၏။

ကျွန်တော်ကသာ ယောင်ချာချာနှင့် ဘယ်ဆီသွားရမှန်းမသိ။

ထိုညနေ၌ သူတို့အိမ်ခြံဝတွင် မမမေနှင့် ကျွန်တော်ခွဲကြရသည်။

မမမေက ကြိုးစားပြုံးရင်း ကျွန်တော့်ကို နှုတ်ဆက်သည်။

ဒီရက်အတွင်း ကြုံခဲ့သမျှဟာ မမမေအတွက် စိတ်မချမ်းသာစရာ ချည်းပါပဲမောင်။ ဒါပေမဲ့ ပူပြင်းတဲ့ ဒီစိတ္တဇ ကန္တာရမှာ မောင်ရဲ့ မေတ္တာ

အိုအေဆစ်ကလေးရှိခဲ့တာကို မမမေတစ်သက် မမေ့ပါဘူး”

ကျွန်တော်သည် မမမေကို ရင်တွင်း၌ လှိုက်လှိုက်လှဲလှဲဖြစ်ရင်း ပြန်ကြည့်မိ၏။ စေတနာအရင်းခံကိုလည်း ပြောလိုက်မိ၏။

“မမမေ ခံစားခဲ့ရသမျှကို မောင်မြင်ခဲ့ရတာမို့ မမမေ စိတ်မချမ်းသာဖြစ်ရပုံ မောင် အသိဆုံးပဲ။ ဒါပေမဲ့ မောင် မေတ္တာကို အိုအေဆစ်နဲ့ မမမေ နှိုင်းနိုင်သေးတာကို မောင် ဂုဏ်ယူပါတယ်။ မမမေဘဝအတွက် မောင်ဟာ အစဉ်ပဲ အိုအေဆစ် ဖြစ်နေချင်ပါတယ်မမမေ”

ကျွန်တော်သည် ဦးမြှုနှုတ်ဆက်၍ မမမေ အသစ်ပြန်ဝယ်ပေးထားသော အဝတ်အစားများပါသည့် သားရေသေတ္တာကိုဆွဲလျက် ထွက်လာခဲ့သည်။

ကျွန်တော် ဘယ်ဆီသွားရမှန်းမသိ။ ဘယ်ဆီ လာရမှန်း မသိသော အခါ ကျွန်တော်၏မိခင်ပမာဖြစ်သော တကောင်းကျောင်းဆောင်ကြီးသို့ ပြန်လာခဲ့သည်။

တကောင်းကျောင်းဆောင်အလယ်လှေကား၌ ကျွန်တော့်သူငယ်ချင်း ရဲဘော်ကိုစောလွင်နှင့် သွားတွေ့၏။

“ဟာ...ကိုလွမ်းနောင် ခင်ဗျားပြန်ပေါ်လာသေးတယ်။ ကျွန်တော်တို့အားလုံး ခင်ဗျားကို မျှော်နေတာ”

ကျွန်တော်သည် ကိုစောလွင်နှင့်အတူ အပေါ်ထပ် တက်ခဲ့သည်။ အပေါ်ထပ် ရောက်သောအခါ ကျွန်မိတ်ဆွေများဖြစ်ကြသည့် ကိုလေးမောင်၊ ကိုလှဖေ၊ ကိုမြင့်သောင်း စသည်တို့က ဝိုင်းဝန်း၍ တစ်ယောက်တစ်ပေါက် နှုတ်ဆက်ကြ၏။

သူတို့အားလုံးမှာ ကျွန်တော်နှင့်အတူ ခြေလျင်တပ်ရင်း၌ စေတနာ့ဝန်ထမ်း ဝင်ရောက်ကာ အင်းစိန် စစ်မျက်နှာတွင် တိုက်ခိုက်ခဲ့ကြသူများ

ဖြစ်လေသည်။

"ဟော့လူ ခင်ဗျား ထွက်သွားတုန်းက ငါးရက်ထဲဆို"

"ခင်ဗျားတို့ စီးသွားတဲ့ လေယာဉ်ပျံ ကရင်တပ်က အသိမ်းခံရတယ်ဆို ဘယ်လို လွတ်လာသလဲ"

"ခင်ဗျား အခု တစ်ယောက်ထဲ ပြန်လာတာလား၊ ခင်ဗျား မမမေကော"

သူတို့ မေးခွန်းတို့ များလှသဖြင့် ကျွန်တော်ကမဖြေဘဲ တောင်းပန်ရ၏။

"နောက်တော့မှ အကြောင်းစုံကို အေးအေးဆေးဆေး ကျွန်တော် ပြောပြပါမယ်ဗျာ၊ အခုတော့ နားပါရစေဦး"

ကျွန်တော့ သူငယ်ချင်းအားလုံးမှာ ကိုယ်နှုတ် စည်းကမ်းရှိသူများ ဖြစ်ကြ၍ သူတစ်ပါးအပေါ်လည်း ထောက်ထားညှာတာတတ်သူများ ဖြစ်ကြ၏။ ထို့ကြောင့် ပင်ပန်းစွာ ကျွန်တော်က တောင်းပန်လိုက်သောအခါ ဘာမျှ ဆက်မမေးကြတော့။

ကိုလှဖေက သူ့ရင်တွင်းရှိသည့် ခံစားမှုကို ရိုးသားစွာဆို၏။

"အေးဗျာ တစ်ခုပဲ ကျွန်တော်တို့အားလုံး ဝမ်းနည်းကြတယ်၊ အင်းစိန်အရေးပေါ်တုန်းက ခင်ဗျားဟာ ရှေ့ဆုံးက ပထမဆုံး တိုက်ခိုက်ခဲ့သူပဲ၊ အင်းစိန်ကို ပြန်သိမ်းနိုင်လို့ ကျွန်တော်တို့ မြို့ထဲဝင်ကြတော့ ခင်ဗျား မပါဘူး၊ ခင်ဗျားကို ကျွန်တော်တို့ အောက်မေ့လိုက်တာဗျာ"

"ကျွန်တော်လည်း ဝမ်းနည်းပါတယ် ကိုလှဖေ၊ ကျွန်တော်သူငယ်ချင်းတွေနဲ့အတူ တိုင်းပြည်ဝန်ကို အဆုံးအထိ မထမ်းခဲ့ရတာ ဝမ်းနည်းပါတယ်။ ဒါပေမဲ့ ကျွန်တော့်သူငယ်ချင်း ခင်ဗျားတို့အတွက် ကျွန်တော် ဂုဏ်ယူပါတယ်"

http://www.cherrythitsar.org



မှန်ပါသည်။ ကျွန်တော့်သူငယ်ချင်းများအတွက်သာ ကျွန်တော် ဂုဏ်ယူနိုင်သည်။ တိုင်းပြည်အရေးကို ခေတ္တပစ်၍ ချစ်ရသူအတွက် ရက်လများကို ကုန်ဆုံးပစ်ခဲ့ရသည့် ကျွန်တော့်ဘဝမှာ ဂုဏ်ယူဖွယ်မရှိပါ။

ဂုဏ်ယူဖွယ်မရှိသကဲ့သို့ ကျွန်တော့်ဘဝ၌ မျှော်လင့်ဖွယ် မရှိပါ။ ချစ်စွာသော မမမေအတွက် ကျွန်တော့်၌ မျှော်လင့်ဖွယ် မရှိပါ။

*

# ၁၇

ပြန်လည်ဖွင့်ခဲ့သော တက္ကသိုလ်၌ ဆက်တက်ခဲ့ရသည့် ကျွန်တော့်ဘဝမှာ ပျော်ရွှင်ချမ်းမြေ့ဖွယ် မရှိပါ။

ကျွန်တော်၏မိခင်ရှိရာ ပြည်ခရိုင်သည် သူပုန်လက်တွင်း၌ရှိနေဆဲ ဖြစ်သောကြောင့် ကျွန်တော့်ထံ အိမ်မှ ငွေမလာနိုင်ပါ။

ဝါဒင် ဦးမောင်ကလေး (ကွယ်လွန်သူ နာမည်ကျော် ဘောလုံးသမား) ညွှာတာသဖြင့် ကျောင်းဆောင်၌မှု နားလည်မှုနှင့် နေခွင့်ရသည်။ ကျွန်တော်သာလျှင်မဟုတ် ကျွန်တော်၏ သူငယ်ချင်း စစ်ပြန်အားလုံးမှာ မိဘနှင့် အဆက်ပြတ်နေဆဲဖြစ်၍ ကျောင်းဆောင်၌ နားလည်မှုနှင့်သာ ဆက်နေကြရ၏။

ငွေမသွင်းနိုင်သဖြင့် ထမင်းစားခွင့်မှုမရှိ။

ကျွန်တော်တို့ အားလုံးကို ပြည်နှင့်တကောင်းကျောင်းဆောင်ဝင်းအတွင်းရှိ “ကရန္တီ”ဆိုင်က တာဝန်ခံ ထမင်းကျွေးသည်။

ယခင်က ကျွန်တော်တို့သည် အကြွေး စားတတ်သူများ မဟုတ်။

http://www.cherrythitsar.org



အကြွေးမစားတတ်သည့်အပြင် တစ်လအတွက် ကျွန်တော်တို့ သုံးမည့် လက်ဖက်ရည်ဖိုး၊ စီးကရက်၊ ဆေးလိပ်ဖိုးတို့ကို ကရန္တီဆိုင်သို့ တင်ကြိုပေးသွင်း၍ စာရင်းနှင့် စားသောက်ကြသူများ ဖြစ်သည်။

ဤကျေးဇူးနှင့် ဤသိက္ခာများကို ထောက်ဆ၍ ယခု ကျွန်တော်တို့ ဒုက္ခတွေ့သောအခါ ကရန္တီသည် ကျွန်တော်တို့အားလုံးကို ထမင်းကျွေးထားသည်။ ထမင်းမက လက်ဖက်ရည်၊ စီးကရက်စသည်အားလုံးကို လိုသမျှပေးသည်။ နောင် ကျွန်တော်တို့မိဘနှင့် အဆက်ပြန်ရမှ အကြွေးကို ဆပ်ပါ။ ကရန္တီသည် လူမျိုးခြားဖြစ်သော်လည်း ကျွန်တော်တို့အပေါ် ဤသို့ ကောင်းခဲ့ရှာသည်။

ထိုနှစ်ကား ရန်ကုန်တက္ကသိုလ် ရာဇဝင်တွင် စာမေးပွဲအများဆုံးနှစ် ဖြစ်သည်။ ကျောင်းကြီးကို အချိန်မဟုတ် အခါမဟုတ် ပိတ်ပစ်ခဲ့ရသဖြင့် ကျောင်းသားများကို ညှာတာသောအားဖြင့် အလီလီအလာလာ စာမေးပွဲ စစ်သည်။

မမမေသည် အမှန်အတိုင်းဆိုလျှင် လွန်ခဲ့သော မတ်လ၌ ဘီအီးဒီ နောက်ဆုံးနှစ် စာမေးပွဲကို ဖြေရန်ဖြစ်သည်။ ယခု စက်တင်ဘာလ စာမေးပွဲအတွက် ပြင်ဆင်နေရ၏။

ကျွန်တော်သည် မမမေထံသို့ တတ်နိုင်သမျှ သွားရန် ရှောင်ရှားသည်။ ဒေါ်ဒေါ်ထားကိုမတွေ့ချင်။ တင်တင်ဦးကို မမြင်ချင်ပါ။ ဤအပြင် မမမေနှင့် ကျွန်တော့်ဇာတ်လမ်းမှာလည်း ဆုံးခဲ့ပြီထင်သည်။

ဘခင်ကွယ်လွန်ပြီးနောက် မမမေအတွက် တရားဝင် အားကိုးဖွယ်မှာ ဦးခင်မောင်ဦးသာ ဖြစ်သင့်သည်။ မမမေစာမေးပွဲအပြီး သီတင်းကျွတ်၌ ဦးခင်မောင်ဦးနှင့် လက်ထပ်တော့မည်ကိုလည်း ကျွန်တော်သိပြီး ဖြစ်သည်။

ညအခန်းသည်ပြီး၍ နေကမ္ဘာနန်း၏ အချိန်သာ ဖြစ်ပါသည်။

http://www.cherrythitsar.org



မာလာပန်းသည် ထိုက်တန်ရာနေခြည်ဦး၌ လန်းလန်းဝင့်ဝင့် ပွင့်ဖူးပါစေ။

ဤအတွေး ဤစေတနာကြောင့် မမမေကို ကျွန်တော် ရှောင်ရှားသည်။ ပိုမို၍ တစ်ဦးနှင့်တစ်ဦး မတွေ့နိုင်သော အကြောင်းသည်လည်း ဖန်လာ၏။

အစ၌ ကျွန်တော်သည် သင်တန်းများကို တတ်နိုင်သမျှ လိုက်တက်သေးသည်။ သို့ရာတွင် လိုအပ်သော စာအုပ်စာတမ်းကို မဆိုထားနှင့် မှင်အိုးတစ်လုံးဝယ်ရန်ပင် အခက်အခဲရှိနေသဖြင့် လက်လျှော့လိုက်၏။

ကျွန်တော်သည် အခြားသော ကျွန်တော်၏ သူငယ်ချင်းဖြစ်သည့် ခင်မောင်အေး (စာရေးဆရာ ခင်မောင်အေး)နှင့်အတူ မီးရထားရုံးကြီး၌ အောက်တန်းစာရေးဝင်လုပ်သည်။ ကျောင်းဆောင်၌လည်း မနေတော့ဘဲ၊ ခင်မောင်အေး၏ ဦးရီးဖြစ်သော ကျွန်တော်တို့ သူငယ်ချင်း တင်မောင်စိုး (ယခု ရေတပ်ဗိုလ်မှူး တင်မောင်စိုး)၏ ဖခင်လည်းဖြစ်သော ကွယ်လွန်သူ ဝတ်လုံတော်ရ ဦးနီ၏ ဘားလမ်းအိမ်တွင် ခင်မောင်အေးနှင့်အတူနေသည်။

ခင်မောင်အေးနှင့် ကျွန်တော်သည် နေ့အခါတွင် ရုံး၌ တကုန်းကုန်းလုပ်သည်။ ညအခါ၌ စာပေများကို ဖတ်၍ အပြန်အလှန် ဝေဖန်ဆွေးနွေးသည့်အခါ ဆွေးနွေးသည်။ ဝတ္ထုကဗျာများ ရေးသည့်အခါလည်း ရေးသည်။ ထိုစဉ်က ခင်မောင်အေးသည် သွေးသောက်မဂ္ဂဇင်း၌ မှန်မှန်ရေး၍ ကျွန်တော်ကမူ ရှုမဝဝိုင်းတော်သားတစ်ဦး ဖြစ်၏။

လူဟူ၍ ဖြစ်လာလျှင် သောက ဒုက္ခ ပရိဒေဝတို့ကို အနည်းနှင့်အများ ကြုံဖူးကြသူချည်း ဖြစ်၏။

သောကဒုက္ခပရိဒေဝကို ခံစားရဆဲသူတစ်ဦးအတွက် အရင်းနှီးအခင်မင်ဆုံး သူငယ်ချင်း စစ်တစ်ယောက်ရှိလျှင် ဘဝသည် နေသာထိုင်သာရှိတတ်၏။ တဖန် ထိုသူငယ်ချင်းသည် မိမိနှင့် ဝါသနာတူအမြင်တူ

စရိုက်တူသူဖြစ်လျှင် ပို၍ကောင်းပါ၏။

ခင်မောင်အေးသည် ဤသို့သဘောရှိသော ကျွန်တော်၏ အချစ်ဆုံး သူငယ်ချင်းစစ် ဖြစ်ပါ၏။

သူနှင့်အတူ ကျွန်တော်သည် စာပေများကို ဖန်တီးနေရဆဲ၌ဖြစ်စေ၊ ကမ်းနားလမ်းတွင် ဆေးပေါ့လိပ် ကိုယ်စီဖွာရင်း တစ်ဦးရင်ကို တစ်ဦး ဖွင့်ပြနေရဆဲဖြစ်စေ၊ ဘဝသည် မသာယာစေ နာကျည်းလောက်အောင် အခံရ မခက်ပါ။

မသာယာသောဘဝကို နာကျည်းမှုမရှိဘဲ ဤသို့လျှင် ကျွန်တော် ရှင်သန်ခဲ့ရသည်။

တက္ကသိုလ်မြေဆီသို့လည်း ခင်မောင်အေးရော ကျွန်တော်ပါ ခြေဦးမလှည့်ကြ။

တက္ကသိုလ်မြေအစား အားလပ်ချိန်များတွင် ကျွန်တော်တို့သည် မဂ္ဂဇင်း ဝတ္ထုတိုက်များဆီ၌သာ လည်ခဲ့ကြ၏။

သီတင်းကျွတ် ခါနီး၌ ကျွန်တော့် သူငယ်ချင်း ကိုစောလွင်မှတဆင့် မမမေထံမှ စာတစ်စောင် ရသည်။

**"မောင် ..."**

> မောင်ဘယ်ရောက်နေတယ်ဆိုတာ မမမေ မသိဘူး ကိုစောလွင်ပြောပြမှ မောင့်နေရာကို သိတယ်၊ ဒီစာကို ရရင်ရခြင်း၊ မမမေဆီ အမြန်ဆုံးလာခဲ့ပါ။ မောင့်ဆီကို မမမေလာချင်တယ်၊ ဒါပေမဲ့ မလာထိုက်တဲ့ အခြေမှာ ရှိနေတယ်ကွယ်၊ မောင်သာ ဆက်ဆက်လာခဲ့ပါ။
>
> မမမေ စိတ်မချမ်းသာဘူးမောင် လောကကြီးကလည်း သိပ်အသည်းနာဖို့ကောင်းတယ်၊ ဒီစာမှာ ဒီလောက်ပဲ မမမေရေး

http://www.cherrythitsar.org



ချင်တယ်၊ မောင်သာ ဆက်ဆက်လာခဲ့ပါ။

မောင့်

**မမမေ**

မမမေ၏စာကြောင့် ကျွန်တော့်ငယ်ထိပ်မြွေပေါက်သကဲ့သို့ ခံရသည်။ မျက်လုံးတို့လည်း ရီပြာသွားသည်။ အချိန်မဆိုင်းတော့ဘဲ အင်းယားလမ်းရှိ မမမေနေရာ၊ ဦးခင်မောင်ဦးတို့အိမ်သို့ အပြေးအလွှား ထွက်လာခဲ့မိသည်။

ခြံအတွင်း ဝင်မိလေသည်နှင့် ပူးတွဲတွဲရှိနေသော တင်တင်ဦးနှင့် မြင့်ထွေးလေးကို တွေ့ရသည်။

တင်တင်ဦးက ကျွန်တော့်ကိုမြင်သော် နှုတ်မဆက်ဘဲ မျက်နှာကို လွှဲပစ်လိုက်၏။ မြင့်ထွေးလေးကမူ ကျွန်တော့်အား မပြုံး တပြုံးဖြင့် လှမ်းကြည့်သည်။ သူ့အပြုံးကို ကျွန်တော်မကြိုက်၊ ဤအပြုံး၌ အထင်သေးခြင်းနှင့် အနိုင်ယူမှုသဘောကို ကျွန်တော် သတိထားမိသည်။

ကျွန်တော်သည် သူတို့အား ပြန်လည် အမှုမထားဘဲ အိမ်တွင်းသို့သာ ဝင်ခဲ့သည်။

ဧည့်ခန်းဝင်လိုက်မိလျှင် ကျွန်တော်သည် အံ့အားသင့်သွားသည်။

အခန်းတွင်း၌ သားရေသေတ္တာ အိပ်ရာလိပ် စသည်တို့ကို ခရီးထွက် တော့မည့်ဟန် စီစဉ်နေရာချနေသော ညွှန့်ခင်ကို တွေ့ရသည်။

"ဟဲ ညွှန့်ခင် ဘယ်သွားကြမလို့လဲ၊ မမမေကော"

ညွှန့်ခင်သည် ညှိုးငယ်သောမျက်နှာနှင့် ကျွန်တော့်အားမော့ကြည့်၏။

"ကျွန်မတို့ ဒီအိမ်မှာ မနေတော့ဘူးကိုကို"

"ဘာပြောတယ် ညွှန့်ခင်၊ နင်တို့ဘာဖြစ်ကြတာလဲ"

ညွှန့်ခင်က "မမမေ ရှင်းပြပါလိမ့်မယ်"ဟုဆို၍ အပေါ်ထပ်သို့

http://www.cherrythitsar.org



တက်သွားသည်။

ကျွန်တော်သည် အူကြောင်ကြောင်ဖြင့် ဧည့်ခန်းဆိုဖာ တစ်ခုထက် ထိုင်ရင်း ကျန်ရစ်၏။

အတွန်းခန်းတစ်ခုမှ ဒေါ်ဒေါ်ထားပေါ်လာသည်။ ကျွန်တော်က ပြုံး၍လှမ်းကြည့် နှုတ်ဆက်သော်လည်း ဒေါ်ဒေါ်ထားသည် မျက်နှာထား တည်တည်နှင့် ထိုင်လိုက်ပြီး အေးစက်သောအသံဖြင့် ဆို၏။

"သြော် မင်းရောက်လာပြီကိုး၊ ထင်တော့ထင်သားပဲ"

ဒေါ်ဒေါ်ထား၏ ပဟေဠိဆန်သော စကားကြောင့် ကျွန်တော် အံ့အားသင့်သွားမိ၏။ စိတ်တွင်း၌လည်း မကျေမနပ် ဖြစ်မိ၏။

"ဒေါ်ဒေါ်ထား ဘာကို ဆိုလိုတာလဲ"

"ဒေါ်ဒေါ်ပြောတာ ရှင်းပါတယ်၊ မင်းက အခု မင်း မမမေကို လာခေါ်တာ မဟုတ်လား ဟင်"

ဤအကြိမ်တွင်မူ ကျွန်တော်သည် အံ့သြရုံမက စိတ်လည်း အတန်တိုသွားသည်။ ထို့ကြောင့် ခပ်ဆတ်ဆတ် ပြန်မေးမိ၏။

"ကျွန်တော်က ဘာပြုလို့ မမမေကို လာခေါ်ရမှာလဲ၊ ဒေါ်ဒေါ် ပြောတဲ့ စကားတွေ ကျွန်တော်တစ်လုံးမှ နားမလည်ဘူး"

ဒေါ်ဒေါ်ထားက သရော်၍ ရယ်သည်။

"ဟန်ဆောင်မနေပါနဲ့ကွယ်၊ ဒီအခြေအနေကျမှ မထူးတော့ပါဘူး"

ဒေါ်ဒေါ်ထားသည် သူထွက်လာသော အတွင်းခန်းဘက်သို့ လှည့်၍ လှမ်းခေါ်၏။

"ဒေါ်မြရွှေ လာစမ်းပါဦး၊ ဒီမှာ ဘယ်သူလဲ၊ လာကြည့်စမ်းပါဦး"

အခန်းတွင်းမှ ကျွန်တော်မမျှော်လင့်သူတစ်ဦး ထွက်လာသည်။

ဒေါ်မြရွှေ၊ မိတ္ထီလာနယ် ဘုန်းကြီးကျောင်းတစ်ခု၌ ကျွန်တော်နှင့်

http://www.cherrythitsar.org



ဗိုလ်စံဒွန်းတို့ အပ်နှံခဲ့ရသည့် ဒေါ်မြရွှေပေတည်း။

ကျွန်တော့်ကို မြင်သောအခါ ဒေါ်မြရွှေ၏ မျက်နှာ၌ အားနာခြင်း၊ စိတ်ထိခိုက်ခြင်းတို့ ဖော်ပြနေ၏။

ဒေါ်ဒေါ်ထားသည် မျက်မြင်သက်သေကိုသိသော ရဲအရာရှိတစ်ဦး ဟန်ဖြင့် မေးသည်။

"ကဲ... ပြောစမ်းပါဦး ဒေါ်မြရွှေ၊ ဒေါ်မြရွှေပြောတာ ဒီသူငယ် မဟုတ်လား"

ဒေါ်မြရွှေက ကျွန်တော့်ကို အားတုံ့အားနာ တစ်ချက်ကြည့်၍ ခေါင်းညိတ်၏။

ကျွန်တော်သည် ဘာပြောရမှန်း မသိဘဲ သူတို့နှစ်ဦးအား စိုက်ကြည့် နေမိသည်။

ဒေါ်ဒေါ်ထားကသာ မျက်နှာထား တင်းတင်းဖြင့် ဆက်ပြောသည်။

"ဟောဒီ ဒေါ်မြရွှေက ဒေါ်ဒေါ်တို့ရဲ့ မိတ်ဟောင်းဆွေဟောင်းပဲကွဲ့၊ ကွဲသွားကြတာတော့ ကြာပြီ၊ မမျှော်လင့်ပဲ မောင်မြင့်ထွေးလေးရဲ့အမေ ဖြစ်နေသကွယ့်၊ မောင်မြင့်ထွေးလေးနဲ့ ပတ်သက်ပြီး ရောက်လာတော့မှ ပြန်တွေ့ကြရတာ"

ဒေါ်ဒေါ်ထားက ဘာအဓိပ္ပာယ်နှင့် ဤစကားတွေကို ပြောနေသည် မသိ၊ စိတ်တိုလာသဖြင့် ကျွန်တော်က ဘုကျကျဖြင့် ဖြတ်ပြောမိ၏။

"ဒေါ်မြရွှေက မြင့်ထွေးလေးအမေ ဖြစ်တာမဖြစ်တာ ကျွန်တော် မသိချင်ဘူး၊ ကျွန်တော် သိချင်တာက ဒေါ်ဒေါ် အခုပြောနေတဲ့ စကား တွေဟာ ဘာ အဓိပ္ပာယ်လဲ၊ တိုတိုပဲ ပြောပါ"

ကျွန်တော်၏ ထန်မာသောစကားကြောင့် ဒေါ်ဒေါ်ထားမှာ တုန်လှုပ်သွား၍ မျက်လုံးပြူး မျက်ဆံပြူးဖြင့် ကျွန်တော့်အား လှမ်းကြည့်

http://www.cherrythitsar.org



သည်။

သို့ရာတွင် ဒေါ်ဒေါ်ထား မဖြေရပါ။ အိမ်ပေါ်ထပ်မှ မမမေသည် အေးချမ်း တည်ငြိမ်စွာ ဆင်းသက်လာ၏။

မမမေသည် မိန်းမကြီးနှစ်ဦးကို အမှုထားဟန် မရှိဘဲ ကျွန်တော့်ကို သာပြုံး၍ နှုတ်ဆက်သည်။

"မောင်ရောက်နေတာ တော်တော်ကြာသွားပြီလား၊ မမမေ ရေချိုးနေတာနဲ့ ချက်ချင်း ဆင်းမလာနိုင်ဘူးကွယ်၊ ဒါထက် မမမေ ပေးလိုက်တဲ့ စာကို ရရဲ့လား"

ကျွန်တော်သည် မမမေအား စိုက်ကြည့်မိသည်။ ရေချိုးပြီးစ ဖီးလိမ်းပြင်ဆင်ထား၍ ရွှန်းသစ်လှပနေသည်။ မမမေ ရွှန်းသစ်လှပနေသည်မှာ ကျွန်တော့်အဖို့ မဆန်း။ ကျွန်တော့် မမမေသည် အမြဲပင် ရွှန်းသစ်လှပနေတတ်သည်။ ကျွန်တော့်အတွက် ဆန်းနေသည်မှာ မမမေ၏ ဝတ်စားဆင်ယင်ထားမှု ဖြစ်ပါ၏။

မမမေသည် ခရီးသွားတော့မည်ကဲ့သို့ ဆင်ယင် ဝတ်ထားလျက် ရှိနေပါ၏။

"ဟုတ်ကဲ့ မမမေ၊ မမမေစာကို ရရခြင်း ကျွန်တော်ပြေးလာခဲ့တာပဲ၊ ဘာဖြစ်ကြတာလဲ မမမေ"

မမမေ၏မျက်နှာ၌ ထူးဆန်းသော အပြုံးလေးတစ်ရပ် ပေါ်လာသည်။

"ဘာဖြစ်တယ်ဆိုတာကို ဒေါ်ဒေါ်ထားက အကုန်မပြောပြ သေးဘူးလား"

"ဟင့်အင်း၊ သူပြောတော့ ပြောတာပဲ၊ ဒါပေမဲ့ ကျွန်တော် တစ်လုံးမှ နားမလည်ဘူး"

http://www.cherrythitsar.org



"ဒါဖြင့် မမမေ ပြောပြမယ်၊ ဟောဒီ ဒေါ်မြရွှေ ရောက်လာခဲ့တယ်ကွယ်၊ ရောက်လာတော့ မမမေကိုတွေ့သွားပါပြီ၊ ပြီးတော့မြင့်ထွေးလေးကို မိတ္ထီလာမှာ သူ တွေ့မြင်ရသမျှတွေကို ပြန်ပြောပြတယ်၊ မြင့်ထွေးလေးက တဆင့် တင်တင်ဦးနဲ့ ဒေါ်ဒေါ်ထားကို ပြောပြန်လေတယ်ကွယ်၊ အတိုချုပ်ကတော့ မောင်နဲ့ မမမေကို သူတို့ သမုတ်နေကြပြီပေါ့"

ကျွန်တော်သည် မမမေကို မယုံကြည်နိုင်ဟန် ကြည့်နေမိသည်။ မိန်းမသားတစ်ဦးအတွက် ကြောက်မက် ရှက်ဖွယ်လှသော အစွပ်စွဲခံရသည့်အကြောင်းကို ဣန္ဒြေမပျက် တည်ငြိမ်အေးချမ်းစွာ ပြောပြနိုင်သည့်မမမေ၏ သတ္တိအား အံ့ဩချီးကျူးမိသည်။

ကျွန်တော်သည် ဒေါ်ဒေါ်ထားတို့ဘက်သို့ လှည့်၍ ရှင်းပြသည်။

"ဒေါ်ဒေါ်ထား မှားကုန်ပြီ၊ ကျွန်တော့်ကို ရှင်းပြခွင့်ပေးပါ"

ဒေါ်ဒေါ်ထားက လျှင်မြန်စွာဖြတ်၍ ပြော၏။

"ရှင်းပြမနေနဲ့ မောင်လွမ်းနောင်၊ မျက်မြင်သက်သေ ဒေါ်မြရွှေ တစ်ယောက်လုံး ရှိနေတယ်"

"မျက်မြင်သက်သေရှိတယ်ဆိုတာ ကျွန်တော် မငြင်းပါဘူး၊ ဒါပေမဲ့ ကျွန်တော်တို့ ကြုံခဲ့ရတာကို ပြန်စဉ်းစားကြည့်ပါဦး၊ သူပုန်လက် ကာလပျက်အတွင်းမှာ ဒီလိုမှဟန်မဆောင်ရင် ဘယ်လို လုပ်ရမလဲ၊ ဒီလို အခါမျိုးမှာ မောင်နှမအရင်း ခေါက်ခေါက်တွေတောင် လင်မယား ယောင်ဆောင်ရတာကို ဒေါ်ဒေါ် မကြားဖူးဘူးလား"

"ကြားဖူးပါတယ်တော်၊ ဒါပေမဲ့ မောင်တို့က လွန်လွန်းတယ်၊ ခုမှတော့ မထူးပါဘူး၊ ပြောရဦးမယ်၊ စောင်တစ်ထည်တည်း နှစ်ယောက်ပူးခြုံပြီး အိပ်ကြတဲ့အထိတောင် ဟန်ဆောင်ကြရသတဲ့လား"

ဤစကားသည် ကျွန်တော် သည်းညည်းခံနိုင်သည်ထက် လွန်နေပြီ။

http://www.cherrythitsar.org



ထို့ကြောင့် ကျွန်တော်သည် ရှေ့ရှိစားပွဲဝိုင်းလေးကို လက်သီးနှင့်ထုရင်း ပြန်အော်မိ၏။

“ဒီမှာ ဒေါ်ဒေါ်ထား ခင်ဗျားစကားတွေ လွန်ကုန်ပြီ၊ ခင်ဗျား အထင်လွဲချင်လွဲပါ၊ ဒါပေမဲ့ မိန်းမချင်း ကိုယ်ချင်းမစာနိုင်တောင် သမီးချင်း စာနာပြောဖို့ကောင်းတယ်”

ကျွန်တော့်စကားကြောင့် ဒေါ်ဒေါ်ထားသည် ဒေါပွသွားသည်။ နေရာမှ ဝုန်းခနဲထကာ ကက်ကက်လန် ပြန်ပြောတော့၏။

“ကိုယ်ချင်းမစာဘဲ အရမ်းပြောနေတာ မဟုတ်ဘူးဟေ့၊ အစက တည်းက မပြေးသော်ကန်ရာ ရှိနေတယ်၊ ခင်မောင်ဦးသာ နွားကျလို့ ငြိမ်နေတာ၊ ငါက အစကတည်းက မင်းတို့ကို မသင်္ကာဘူး”

ကျွန်တော်သည် ဒေါသကြောင့် တုန်ရင်လာသည်။ ပြန်ချေပရန် စကားမတွေ့၊ ယောက်ျားချင်းဖြစ်ဘိမူ လည်ပင်းညှစ်၍ နေရာတွင် အသေသတ်ပစ်လိုက်ချင်၏။

မမမေက ကျွန်တော့်လက်မောင်းကို ဆုပ်ကိုင်၍ တားမြစ်ပြီး အေးချမ်းစွာဆို၏။

“တော်တော့မောင် မထူးတော့ပါဘူး၊ မမမေအကြိမ်ကြိမ် ရှင်းပြခဲ့ ပြီးပြီ၊ သူတို့မယုံပါဘူး၊ သူတို့မယုံတာထက် ကိုခင်မောင်ဦးကလည်း မယုံပါဘူး”

“ဗျာ…ဦးခင်မောင်ဦးက မယုံဘူး”

“ဟုတ်တယ် သူက တစ်ပြည်ရပ်ခြားမှာဆိုတော့ တစ်ဖက်စကားကို ပို၍ နားဝင်တာပေါ့။ ဒါပေမဲ့ သူက မမမေကို ခွင့်လွှတ်ပါသတဲ့ ဟဲဟဲ”

ပထမဦးစွာဖြင့် မမမေသည် စိတ်ထိခိုက်မှုကို နာနာကျည်းကျည်း ရယ်ရင်းဖော်ပြသည်။ ကျွန်တော်က အံကြိတ်ထားမိသည်။ မမမေကသာ

http://www.cherrythitsar.org



အသံကို ထိန်းရန် ခေတ္တနားနေသည်။

“သူ အခွင့်လွှတ် ခံရအောင် မမမေက ဘာအပြစ်ရှိတာမို့လို့လဲ၊ ဒါကို မောင်သိတယ်၊ မမမေ သိတယ်၊ ဘုရားသိတယ်၊ မမမေ ဘယ်သူ့ကိုမှ ရှင်းပြမနေချင်တော့ဘူး၊ သူတစ်ပါး ခွင့်လွှတ်မှာကို မျက်နှာငယ်ခံဖို့ မမမေ လူဖြစ်လာတာ မဟုတ်ဘူး”

ပြောရင်းဆိုရင်း မမမေသည်နေရာမှထသည်။ ထိုနောက် မလှမ်းမကမ်း၌ ရပ်နေသော ညွှန့်ခင်အား လှမ်းမေးသည်။

“ညွှန့်ခင်အားလုံး အဆင်သင့်ဖြစ်ပြီလား”

“ဖြစ်ပါပြီ မမ”

“ကဲလာ၊ ဒါဖြင့် သွားကြမယ်၊ မောင်လဲ ပစ္စည်းဝိုင်းသယ်ပေးပေါ့”

မမမေသည် မည်သူ့ကိုမျှ နှုတ်မဆက်တော့ဘဲ နေရာမှထ၍ သေတ္တာတစ်လုံး ဆွဲယူသည်။ ကျွန်တော်လည်း မတတ်နိုင်တော့၍ အခြား သေတ္တာတစ်လုံးကို ဆွဲယူရ၏။ ကျန်ပစ္စည်းအချို့ကို ညွှန့်ခင်က သယ်၏။

ဤသို့ဖြင့် ကျွန်တော်တို့ သုံးဦးသည်၊ အိမ်အပြင်သို့ ရောက်လာကြသည်။

အိမ်အပြင်၌ မြင့်ထွေးလေးနှင့် တင်တင်ဦးကို ကျွန်တော်မြင်ရပြန်သည်။

ကျွန်တော့်ရင်၌ ဒေါသထောင်းခနဲ ထသွားမိသည်။ မြင့်ထွေးလေး ဘယ်စေတနာနှင့် ဘယ်အကွက်ဆင်သည်ကိုလည်း သဘောပေါက်မိသည်။ ထို့ကြောင့် သူ့အနီးကပ်သွား၍ ပြောရ၏။

“ဒီမှာ မြင့်ထွေးလေး မိန်းမတစ်ယောက်ရဲ့အချစ်ကိုရဖို့ မင်း

အကွက်ဆင်လိုက်ပုံလေးဟာ တော်တော်သင်းတယ်ကွာ၊ ဒါပေမဲ့ ခုတ်ရာတခြား ရှရာတလွဲဖြစ်နေပြီ၊ မင်းချစ်တဲ့ မိန်းမကိုတော့ မင်းရမှာပဲ။ ဒါပေမဲ့ ကြားထဲက မမမေနဲ့ကိုခင်မောင်ဦးတို့ ကွဲရတဲ့အတွက် မင်းလည်း တစ်နေ့နောင်တရလိမ့်မယ်”

မြင့်ထွေးလေး စကားမပြန်နိုင်မီ မမမေတို့နှင့်အတူ ခြံဝင်းတွင်းမှ ထွက်လာခဲ့သည်။

လမ်းပေါ်ရောက်မှ ကျွန်တော်က မေးမိသည်။

“ခု ဘယ်သွားကြမလို့လဲ မမမေ”

“ဒေါ်သန်းဝေတို့အိမ်ပဲ မောင်”

ဒေါ်သန်းဝေမှာ ရန်ကုန်တက္ကသိုလ်မှ ကျူတာဆရာမ တစ်ဦးဖြစ်၍ မမမေ၏သူငယ်ချင်းဖြစ်သည်။ ဒေါ်သန်းဝေ၏ တစ်ထပ်တိုက်ကလေးမှာ အင်းလျားကျောင်းဆောင်အနီး၌ ရှိသည်။

ကျွန်တော်တို့သည် လမ်း၌အထွေအထူး စကားမပြောနိုင်ကြပဲ ဒေါ်သန်းဝေတို့အိမ်သို့ ရောက်ခဲ့ကြသည်။

အကျိုးအကြောင်းကို ဒေါ်သန်းဝေ သိပြီးဟန်တူ၏။ အကြောင်းမှာ ကျွန်တော်တို့အား ဆီးကြို၍ ဝမ်းနည်းစကားနှင့် အားပေးစကား တစ်ပြိုင်နက် ပြောသောကြောင့်တည်း။

“သိပ် စိတ်မကောင်းတာပဲ မေရယ်၊ ဒါပေမဲ့ မဟုတ်ရင်တော့ မခံတာကြိုက်တယ်၊ မေ မော်လမြိုင်ကို မသွားခင် ဒီအိမ်မှာ ပျော်ပျော်နေပါ”

ကျွန်တော်သည် မမမေကို မော့ကြည့်မိ၏။

“ဘာလဲ မမမေ မော်လမြိုင်ကို သွားမလို့လား”

“ဟုတ်တယ်မောင် မမမေတို့က မော်လမြိုင်အဆက်အနွယ်ပဲ၊ ဟိုမှာ ဖေဖေ့ညီမအရင်း၊ မမမေအဒေါ်ရှိတယ်၊ အဲဒီမှာ ပြန်နေမယ်”

http://www.cherrythitsar.org



ကျွန်တော်သည် ဘာမျှ မပြောနိုင်ပဲ ခေါင်းကိုသာ ခါမိ၏။

ထိုနေ့ညနေ၌ မမမေနှင့် ကျွန်တော်သည် အင်းလျားကန်စောင်းသို့ လမ်းလျှောက် ထွက်လာခဲ့ကြ၏။

မိုးလရက်တွင် ညနေသည် တိမ်တောက်နေ၍ လှပသာယာနေ၏။ ကျွန်တော်က လွန်ခဲ့သောလေးနှစ်ကျော်ဝယ် ညောင်ဝိုင်းရွာလယ် ကွင်းများ၌ ဤသို့ပင် အတူလျှောက်ခဲ့ရသည်ကို သတိရမိသည်။

“မောင် ဘာတွေးလာသလဲ”

“ဩော်...ကျွန်တော် ညောင်ဝိုင်းရွာကို သွားသတိရလို့ပါ”

မမမေသည် စိတ်ထိခိုက်ဟန်ပြုံးသည်။

“ဟုတ်တယ်နော် အဲဒီတုန်းက မောင်နဲ့ မမမေဟာ သိပ်ပျော်ဖို့ ကောင်းတယ် အခုတော့”

မမမေသည် စကားကို မဆက်နိုင်ဘဲ ရပ်သွားသည်။

ကျွန်တော်သည် မမမေအားငေး၍ ကြည့်မိပါသည်။

မုတ်သုန်လေတိုးသဖြင့် မမမေ၏ဆံခွေဆံနွယ်များသည် ယိမ်းယိုင် လွင့်ပါးနေသည်။ တိမ်တောက်သော ရောင်ခြည်ဟပ်၍ မမမေ၏ မျက်နှာလေးသည် ရှုမရဲအောင် ဝင်းလျှံတင့်တယ်နေသည်။ အင်္ကျီပိုးပြာရောင်သည် နက်ပြာခံတွင် အပြာနုရောင် ပန်းပွင့်အဆုပ်ကြီးများ ဖော်ထားသည့် ထဘီဖြင့် လိုက်ဘက်သင့်မြတ်နေ၍ ဝင်းပသော မမမေ၏အလှကို ရှုန်းမြ အေးချမ်းစေသည်။

ကန်ရေစပ်လူပြတ်သော ကျွန်းဆွယ်ကွေ့၌ ကျွန်တော်တို့ ရပ်လိုက် ကြသည်။

“မမမေရှေ့ဆက် ဘာလုပ်မလဲ”

“မော်လမြိုင်မှာပဲ နားရင်း အောင်စာရင်း စောင့်မယ်၊ အောင်စာရင်း

ထွက်ရင် ကျောင်းဆရာမထွက်လုပ်မယ်ကွယ်”

ကျွန်တော်သည် မမမေအား စူးစူးစိုက်စိုက် ကြည့်မိသည်။

မမမေ၏ မျက်လုံးများ၌ မျက်ရည်မသိမသာ ဝဲနေသည်။ မမမေ မည်မျှစိတ်ထိခိုက်နေသည်ကို ကျွန်တော်သိပါသည်။ ဣန္ဒြေကြီး၍ စိတ်ထားတည်ငြိမ်သူ မိန်းမသားတစ်ဦးဖြစ်သဖြင့် တင်းဆည်ထိန်းထားနိုင်သော်လည်း ဖြစ်ခဲ့ရသမျှမှာ အသည်းနာဖွယ် အတိပြည့်နေပါ၏။

“မမမေ ဦးခင်မောင်ဦးနဲ့ တကယ်ပဲ လက်မထပ်တော့ဘူးလား”

“မမမေဘဝက သူနဲ့လက်ထပ်လို့ကော ကောင်းပါဦးတော့ မလားကွယ်”

မမမေသည် နှုတ်ခမ်းလေးကိုတင်းအောင်ကိုက်ထားသည်။ မျက်ရည်ပေါက်များလည်း ကျလာ၏။

ကျွန်တော့်ရင်၌ ချစ်ခြင်းမေတ္တာ သနားခြင်း ကရုဏာတို့သည် တားဆီးမရအောင် ပေါင်းဆုံမိကြ၏။ ထို့ကြောင့်လည်း တစ်သက်တွင် မပြုပါဟု သန္နိဋ္ဌာန်ချထားမိသော အပြုကို ပြုမိသည်။ တစ်သက်တွင် မပြောပါဟု ဆုံးဖြတ်ထားသော စကားကိုလည်း ပြောမိသည်။

မမမေ၏ပခုံးတို့ကိုပွေ့၍ ရင်ခွင်တွင်းသို့ ဆွဲသွင်းမိသည်။ အသည်း၌ ထာဝစဉ်ဝှက်သိုထားခဲ့ရသော စကားတို့ နှုတ်မှ အံကျလာ၏။

“မောင့်ကိုခွင့်လွှတ်ပါ မမမေရယ်၊ ဒီအချိန်ဒီအခါမျိုးမှာ ဒီစကားကို ပြောလို့ မောင့်ကို အထင်လည်း မသေးပါနဲ့၊ မမမေကို မောင်ချစ်တယ်၊ သိပ်ကိုချစ်တယ်၊ အို…မောင်ဘယ်လောက်ချစ်တယ်ဆိုတာ မမမေသိပါတယ်”

မမမေသည် ခေတ္တသော် မရုန်းမဖယ်ဘဲ ကျွန်တော့်ရင်ခွင်ဝယ် ငြိမ်ငြိမ်လေး ရှိနေရှာသည်၊ မျက်ရည်ပြည့်သော မျက်လုံးပြာကြီးများကသာ

ကျွန်တော့်ကို ကြေကြေကွဲကွဲ စိုက်ကြည့်နေသည်။

"ကျွန်တော့်ကို အဲဒီလိုမကြည့်ပါနဲ့ မမမေ။ အဲဒီလို ကြည့်မယ့်အစား၊ ကျွန်တော့်အသည်းနှလုံးထဲမှာ ဘယ်လိုဖြစ်နေတယ်ဆိုတာကို မမမေ သိလိုက်စမ်းပါ"

မမမေသည် သူ့လက်ကလေးများဖြင့် ကျွန်တော့်ရင်ဘတ်ကို အသာအယာတွန်း၍ ကိုယ်ချင်းခွာသည်။

မမမေက တွန်းခွာပြန်တော့ ကျွန်တော်လျှော့ပေးကာ ကိုယ်လေးကို လွှတ်လိုက်ရပါ၏။

"မမမေ ကျွန်တော့်ကို စိတ်ဆိုးသွားပြီလား"

မမမေသည် နှုတ်ဖြင့်မဖြေ။ ခေါင်းသာခါသည်။

"မုန်းကောသွားပြီလား ဟင် မမမေ"

မမမေက ခေါင်းကိုသာ တွင်တွင်ခါသည်။ နှုတ်မှမူ အဖြေမလာ မျက်ရည်များသာ အဆက်မပြတ် စီးကျနေ၏။

"ကျွန်တော့်ကြောင့် မမမေ စိတ်ထိခိုက်သွားပြီလား"

ဤအကြိမ်တွင် မမမေသည် စကားပြန်၏။

"မောင့်ကြောင့် မမမေ စိတ်ထိခိုက်တယ်၊ ဒါပေမယ့် မမမေ စိတ်ထိခိုက်ရပုံဟာ မောင်ထင်တဲ့ စိတ်ထိခိုက်ပုံမျိုး မဟုတ်ဘူး"

ကျွန်တော်သည် နားမလည်စွာ မမမေကို ကြည့်မိသည်။

"မမမေ ဘာဆိုလိုပါသလဲ"

မမမေသည် စိတ်ကို တင်းဟန် သက်ပြင်းကို ရှိုက်၍ မျက်ရည်များကို သုတ်ကာ ခါတိုင်းကဲ့သို့ပင် တည်ငြိမ်အေးချမ်းစွာ ပြော၏။

"မမမေ ဆိုလိုတာကို မောင် နားလည်ပါ့မလား မသိဘူး၊ မောင့်ကို မမမေ ချစ်တယ်၊ ဒါကိုတော့ မမမေ မညာချင်ဘူး"

မမမေ၏ စကားကြောင့် ကျွန်တော့် အသည်းနှလုံးမှာ လှိုက်ဖိုသွား၍ မမမေအား မျှော်လင့်ချက်ကြီးဖြင့် ကြည့်မိသည်။ မမမေက နူးညံ့ချိုသာစွာ ဆက်ပြောသည်။

"မောင်နဲ့ ဂျပန်ခေတ်မှာ မတွေ့ခင်ကတည်းက ကိုခင်မောင်ဦးနဲ့ မမမေတို့ ကောလိပ်မှာတွေ့ပြီး ချစ်ခဲ့မိကြပြီကွယ်၊ မောင့်ကိုတွေ့တော့ ပထမ မောင်လေးအရင်း တစ်ယောက်လိုပဲ သံယောဇဉ် တွယ်ခဲ့မိတယ်၊ နောက် မောင့်ဘက်က မေတ္တာမိုးတွေစွေလာပြန်တော့ မမမေရဲ့ အသည်းနှလုံးဟာ မမမေ ထင်သလောက် မခိုင်မာခဲ့ဘူးကွယ်"

မမမေက ကြေကြေကွဲကွဲဖြင့် ဝန်ခံပြောဆိုနေသည်ကို ကျွန်တော်က ရင်ထုမနာဖြင့် နားထောင်နေမိ၏။

"နှလုံးသားမေတ္တာ ဥယျာဉ်မြေဟာ ဆန်းတယ်ကွယ်၊ မေတ္တာပန်းဟာလည်း ရိုးသားစွာဝန်ခံစတမ်းဆိုရင် နှစ်ပွင့်ပြိုင်လန်းနိုင်တယ်၊ မမမေကို စိတ်ထားမတည်ကြည်သူ မိန်းမတစ်ဦးလို့ မောင်ဆိုများဆိုမလား"

"မဆိုပါဘူး၊ မမမေ၊ ကျွန်တော် မဆိုရက်ပါဘူး"

"မောင်နဲ့ ကွဲသွားရတဲ့အချိန်မှာ မောင့်ကို မမေ့ပေမဲ့ တစ်သက်ပြန်တွေ့ရလိမ့်မယ်လို့ မထင်ခဲ့မိဘူး၊ ဒါကြောင့်လည်လ ခေတ်ပြန်ကောင်းတော့ ကိုခင်မောင်ဦးနဲ့ ပြန်ဆုံမိပြီး နှစ်ဘက်မိဘ သဘောတူကြတာမို့ စေ့စပ်ကြောင်းလမ်းတဲ့အဆင့်ထိ ရောက်ခဲ့တယ်၊ ဒီတုန်း မမျှော်လင့်ပဲ မောင်က ပြန်ပေါ်လာတယ်၊ ဒီအချိန်မှာ မမမေဟာ အသက်အရွယ်နဲ့ ပညာလည်းရင့်ခဲ့ပြီမို့ မမမေ စိတ်ကိုထိန်းနိုင်တယ်၊ မောင့်ကို မောင်အရင်းတစ်ယောက်လို သဘောထားပြီး မမမေ ကြိုးစားဆက်ဆံခဲ့တာပဲ၊ အမှန်က အဲဒါ မမမေ အမှားပဲ၊ မောင့်ကို မမမေ နှိပ်စက်သလို ဖြစ်ခဲ့တယ်၊ အဲဒီအတွက် မမမေ စိတ်ထိခိုက်တယ်"

http://www.cherrythitsar.org



ကျွန်တော်ဘာမျှ ပြန်မပြောနိုင်၊ မမမေ ပြောသမျှကိုသာ ငိုင်၍ နားထောင်နေရသည်။

"အခုမှတော့ မောင့်ကို မမမေ မချစ်ရက်တော့ဘူး၊ သူမပန်ချင်လို့ ပစ်ခဲ့တဲ့ ပန်းဘဝဖြစ်မှ မောင့်ကို မမမေ မချစ်ရက်တော့ဘူး"

"သူ မပန်ချင်လို့ အပစ်ခံရတဲ့ပန်း မဟုတ်ပါဘူး မမမေရယ်၊ ကျွန်တော်နဲ့ထိုက်တန်လို့ ကံကြမ္မာက ကြံဖန်ဆောင်ပို့ပေးတဲ့ မြတ်ပန်းတော်ဝင်ပါ"

မမမေက ခေါင်းကို လေးပင်စွာ ခါသည်။

"ဒါက မောင့်အမြင်ကိုး၊ ထားပါတော့လေ၊ အရေးအကြီးဆုံး စကားကို မမမေပြောပြမယ်၊ မောင်က မမမေကို ဘယ်လောက်ပဲချစ်ချစ် မမမေကလည်း မောင့်ကို ဘယ်လောက်ပဲချစ်ချစ် မောင်ပြောတဲ့ ကံကြမ္မာက အခုတော့ မမမေနှင့်မောင့်ကို ပေါင်းလို့ မဖြစ်အောင် ဖန်တီးလိုက်ပါပကော"

"မမမေ ဘာကို ဆိုလိုတာလဲ"

"မမမေ ရှင်းပြပါမယ်၊ အသည်းနှလုံးနဲ့ မဟုတ်ပဲ၊ ဦးနှောက်နဲ့ မောင်နားထောင်စေချင်တယ်၊ ဟုတ်ပလား မောင်"

"ပြောပါလေ မမမေ"

"မမမေနဲ့မောင် ဖြစ်ခဲ့တာကို စဉ်းစားကြည့်စမ်း၊ အသိတရားမရှိတဲ့ လူတွေသာဆိုရင် မှောက်မှားခဲ့စရာ အကြောင်းတွေ အများကြီးပဲ၊ ဒါပေမဲ့ မောင်လည်း ထိန်းသိမ်းခဲ့တယ်၊ မမမေလည်း ထိန်းသိမ်းခဲ့တယ်၊ မောင်နဲ့ မမမေ ဖြူစင်သန့်ရှင်းသမျှ အခုတော့ သူတို့က စွပ်စွဲကြပြီလေ၊ ဒီတော့ အခု မောင့်ကို မမမေယူရင် သူတို့ဘာပြောကြမလဲ၊ သူတို့စွပ်စွဲတာ မှန်တယ်လို့ ကောက်ချက်ချကြမှာပေါ့"

မမမေပြောသည်မှာ မှန်သဖြင့် ကျွန်တော် ခေါင်းငိုက်စိုက်

ကျသွားသည်။

"မမမေနဲ့မောင်ဟာဖြူစင်သန့်ရှင်းခဲ့တာ မှန်ပေမဲ့ ဘယ်သူက လာယုံတော့မလဲ၊ မမမေဟာလည်း သစ္စာမရှိသူ မိန်းမတစ်ဦး၊ မောင်ဟာ လည်း သိက္ခာမဲ့သူလူတစ်ဦး ဖြစ်သွားကြမှာပေါ့၊ ဟုတ်ခဲ့ကြရင် မမမေ ခံနိုင်ပါတယ်၊ ဒါပေမဲ့ ဒီလောကအထိ စောင့်စည်းခဲ့ကြပြီးမှ အဖိုးမတန်အဖြစ် အပြောခံရမဲ့ ဘဝမျိုးကို မမမေ မရောက်ချင်ဘူး၊ အခုလည်း အပြောတော့ ခံနေရပါတယ်၊ ဒါပေမဲ့ မောင်နဲ့ မမမေ ယူလိုက်ကြရင် သူတို့စွပ်စွဲချက် အမှားကို အမှန်ဖြစ်အောင် မမမေတို့က ထောက်ခံပေးသလို ဖြစ်သွားမှာပေါ့၊ ဒီတော့ အို မောင့်ခေါင်းကြီးကို မော့စမ်းပါဦး၊ ပြီးတော့ မမမေ ပြောတာကိုလည်း ပြန်ဖြေပါဦး"

ကျွန်တော်က ခေါင်းမဖော်နိုင်ပါ။ မမမေပြောသမျှမှာ မှန်နေပါ သည်။ မှန်လွန်း၍လည်း ကျွန်တော့်၌ ဘာမျှပြန်ဖြေစရာမရှိပါ။

"ဒီတော့ မောင်နဲ့မမမေဟာ တစ်ဦးကိုတစ်ဦး တကယ်ချစ်ကြရင် တစ်ဦးဂုဏ်သိက္ခာကို တစ်ဦးကထိန်းသိမ်းဖို့ ချစ်ရက်နှင့် မပေါင်းဘဲ နေကြရမယ်"

မမမေ၏ဖြူနုသော လက်ချောင်းလေးများသည် ငိုက်စိုက်ကျနေ သော ကျွန်တော့်ဦးခေါင်း၏ဆံပင်များကြားသို့ ယုယစွာ ရောက်ရှိ ပွတ်သပ်လာသည်။

ကျွန်တော်က ခေါင်းကို မော့လိုက်သည်။ စိတ်ကိုလည်း ဆုံးဖြတ် လိုက်သည်။ မမမေ၏လက်ကလေးကို ဆုပ်ကိုင်ရင်း ကတိပေးမိသည်။

"မမမေ ပြောတာကို ကျွန်တော် သဘောပေါက်ပါတယ်။ တကယ် ချစ်ကြတယ်ဆိုရင် နှလုံးသားရဲ့အလိုကိုပဲ အမြဲမလိုက်အပ်တဲ့ သဘောတရား ကို မောင် နားလည်ပါပြီ၊ ခုလို မြင့်မြတ်တဲ့ မမမေကို ကျွန်တော်မပိုင်မဆိုင်

http://www.cherrythitsar.org



ရပေမဲ့၊ ချစ်နိုင်ခဲ့ရတဲ့အတွက်ပဲ ကျွန်တော် ဂုဏ်ယူမိပါတယ်၊ ဒီအချစ်ကို ရင်မှာပိုက်ပြီး ကျွန်တော့်တစ်သက်လုံး သွားနိုင်ပါတယ် မမမေ”

မမမေနှင့် ကျွန်တော်သည် တစ်ဦးမျက်လုံးများကို တစ်ဦးကြည့်၍ ရင်တွင်းမှ ချစ်သမျှကို လဲလှယ်ခဲ့ရသည်။

အတန်ကြာမှ မမမေက ကျွန်တော့်ကို သတိပေးသည်။

“ကဲ နေစောင်းပြီမောင်၊ ပြန်ကြရအောင်၊ သဘက်ခါကို မမမေ မော်လမြိုင်သွားတော့မယ်၊ မမမေ ငိုမိမှာစိုးလို့ လေယာဉ်ပျံကွင်းကို မောင်လိုက်မပို့ရဘူး”

ကျွန်တော်က နှုတ်ဖြင့် အဖြေ မပေးနိုင်ပါ၊ ခေါင်းညိတ်၍သာ မမမေ ဆန္ဒအတိုင်း ဖြစ်ရပါစေမည်ဟု ကတိပြုမိ၏။

သို့ရာတွင် ကွဲကြရတော့မည်ဟူသော အသိကြောင့်၊ ကျွန်တော်တို့ နှစ်ဦးလုံးရင်၌ ဆို့နင့်နေသည်။

မတိုင်ပင်ဘဲ နှစ်ဦးသား တစ်ဦးထံ တစ်ဦး လက်များ ကမ်းပေးမိသည်။

ပထမဦးဆုံးနှင့် နောက်ဆုံးအဖြစ် ကျွန်တော်တို့ တစ်ဦးကိုတစ်ဦး အားရအောင် ပွေ့ဖက်မိကြသည်။

ပထမဦးဆုံးနှင့် နောက်ဆုံးအဖြစ် ကြည်ကြည်ဖြူဖြူ ပေးလေသော မမမေ၏ ဖြူဖြူနုသော ပါးလေးကို ကျွန်တော့်တစ်သက်မမေ့အောင် မွှေးရှိုက် ခဲ့ရပါသည်။

မွှေးရှိုက်စဉ် အရဏ်ဦး၌ ငွေစပယ်ကြုံမွှေးထက်ညသည်၊ နောက်ဆုံး နှင်းပွင့်ကို သက်စေ၍ နှုတ်ဆက်သကဲ့သို့ မမမေ၏ ပါးထက်ဝယ် ကျွန်တော် မျက်ရည်စက်ကို ကျသက်စေခဲ့ပါသတည်း။

*

# ၁၈

မမမေ မော်လမြိုင်သို့ ပြန်သွားပြီးသော နောက်ပိုင်းရက်များသည် ကျွန်တော့် အတွက် အဆိတ်သုဉ်းဆုံးသော ရက်များဖြစ်ပါသည်။ တစ်ကြိမ်ကချစ်မြတ်နိုးခဲ့သော သာယာသည့် တက္ကသိုလ်နယ်မြေသည် ယခုအခါ ကျွန်တော့် အတွက် ကန္တာရပမာသာ ဖြစ်နေပါသည်။

ကျွန်တော်သည် ဝတ္ထုရေးရှိသည် ထင်သဖြင့် ဦးခင်မောင်ဦးထံသို့ အကျိုးအကြောင်း ရှည်လျားသော စာတစ်စောင် ရေးထည့်လိုက်သည်။ သူ ယုံမည် မယုံမည်မှာ ကျွန်တော့်တာဝန် မဟုတ်ပါ။ သို့ရာတွင် တွေးတောချင့်ချိန်နိုင်ရန် မိတ္ထီလာ လေယာဉ်ပျံကွင်းသို့ ကျွန်တော်တို့ ရောက်သည်မှစ၍ ရန်ကုန်သို့ ပြန်လာခဲ့သည်အထိကို ဝတ္ထုဇာတ်လမ်း ပမာ အသေးစိတ် ရေးသားဖော်ပြသည်။ စာအဆုံးတွင်မူ ကျွန်တော်က အောက်ပါအတိုင်း ရေးလိုက်သည်။

"ဒီအကြောင်းတွေကို ကျွန်တော်က ရှင်းပြနေလို့ မမမေကို ကျွန်တော် မချစ်ဘူးလို့ လိမ်ညာနေတာ မဟုတ်ဘူး။ မမမေကို ကျွန်တော် သိပ်ချစ်တယ်။ ခင်ဗျား နားမလည်လောက်အောင်

http://www.cherrythitsar.org



ချစ်တယ်။

ကျွန်တော်ချစ်လွန်းလို့ပဲ၊ ကျွန်တော်ချစ်တဲ့ မမမေရဲ့ ဂုဏ်သရေကို မညှိုးနွမ်းအောင်၊ ကျွန်တော် ထိန်းသိမ်းခဲ့တယ်၊ ဒါကို ခင်ဗျားနားလည်စေချင်တယ်။

ချစ်ခြင်းကို ခင်ဗျားနဲ့ကျွန်တော် အမြင်ခြင်းတူပါ့မလား မသိဘူး၊ ကျွန်တော်ယုံကြည်တဲ့ အချစ်ဆိုတာကတော့ သူ့ဆီက ဘာမှ မယူချင်ပါဘူး၊ ကိုယ်ကသာ ပေးချင်တယ်။ တခြားပေးစရာ မရှိရင် အသည်းနှလုံးနဲ့ မျက်ရည်ကိုပဲဖြစ်ဖြစ် ပေးမယ်။

ကျွန်တော်ချစ်သလို ခင်ဗျားမမမေကို ချစ်နိုင်ပြီး မြင့်မြတ်တဲ့ မိန်းမသားတစ်ဦးအပေါ် အထင်မှားခဲ့တဲ့ ခင်ဗျားစိတ်ဟာ ပြောင်းလဲ မှန်ကန်လာပါစေလို့ ကျွန်တော် ဆုတောင်းတယ်”

ဤစာကို ဦးခင်မောင်ဦးထံ ကျွန်တော်သည် ထည့်လိုက်ပြီး ရန်ကုန်မြို့မှခွာ၍ သူပုန်လက်အောက်တွင်ပင် ရှိသေးသော ပြည်မြို့သို့ ပြန်လာခဲ့သည်။

ရှည်လျားသော သူပုန်ခေတ် တစ်လျှောက်လုံး ကျွန်တော်သည် မိခင်နှင့်အတူ ပြည်မြို့တွင်ပင် ကဗျာရေးသီချင်းစပ်ဖြင့် စိတ်ပြေလက်ပျောက် နေခဲ့သည်။

သတင်းစာများ၌တွေ့ရသဖြင့် မမမေ ဘီအီဒီ စာမေးပွဲအောင် ကြောင်း ကျွန်တော်သိရသည်။

သို့ရာတွင် ကျွန်တော်သည် မမမေထံ မည်သည့် အဆက်အသွယ်မျှ ထပ်မလုပ်တော့၊ သူပုန်နယ်နှင့်အစိုးရနယ် ဖြစ်သဖြင့် အဆက်အသွယ်လည်း မရနိုင်ပါ။ တစ်နည်းအားဖြင့် ဤသည်ပင် ကောင်းပါ၏။ မပေါင်းနိုင်သည့် ဘဝများတွင် တတ်နိုင်လျှင် ရေမြေ အထ္တာဝါခြားနေက ပိုကောင်းပေဦးမည်။

ပြည်မြို့ကို အစိုးရပြန်သိမ်းပြီး အတန်ကြာမှ ကျွန်တော် ရန်ကုန်မြို့သို့ ပြန်ဆင်းသည်။ မမမေဆန္ဒအတိုင်း တက္ကသိုလ်ပြန်တက်ရ၏။ တက္ကသိုလ် ပြန်တက်ရင်းလည်း မဂ္ဂဇင်းများ၌ ကဗျာများ ဆက်ရေးသည်။

တစ်နှစ်ဆောင်းဦးတွင် မဂ္ဂဇင်းတိုက်မှတဆင့် ကျွန်တော့်ထံ စာတစ်စောင်နှင့် ဖိတ်စာတစ်စောင် ရောက်လာသည်။ ဖိတ်စာမှာ မင်္ဂလာဆောင် ဖိတ်စာဖြစ်သည်။ သတို့သားနှင့် သတို့သမီး နာမည်ကို တွေ့ရသည့်ခဏ၌ ကျွန်တော်သည် မယုံကြည်နိုင်လောက်အောင် အံ့သြသွားသည်။

မမမေနှင့် ဦးခင်မောင်ဦးတို့ပင်တည်း

စာမှာ ဦးခင်မောင်ဦးထံမှဖြစ်သည်။

## ကိုလွမ်းနောင်

လေးစားစွာနဲ့ စာရေးပါတယ်။ ခင်ဗျားလိပ်စာကို မသိလို့၊ ခင်ဗျားရေးနေကျ မဂ္ဂဇင်းတိုက်ကတဆင့် စာနဲ့ ဖိတ်စာကို ပို့လိုက် ရတယ်။

ခင်ဗျား ပွင့်ပွင့်လင်းလင်း ရေးထည့်လိုက်တဲ့ စာဟာ ကျွန်တော့်စိတ်ကို ပြောင်းစေခဲ့တယ်၊ ခင်ဗျားတင်ပြတဲ့ အချစ် သဘောကိုလည်း ကျွန်တော် အကြိမ်ကြိမ် သုံးသပ်ကြည့်မိတယ်၊ ဒီအခါမှာ ကျွန်တော့် အမှားကို သဘောပေါက်ပြီး အရှက်ကြီး ရှက်မိတယ်ဗျာ။

ဒါကြောင့်မို့ ချက်ချင်းပဲ မေ့ဆီကို စာရေးပြီး လက်ထပ်ဖို့ ကျွန်တော် ပြန်ခွင့်တောင်းခဲ့တယ်၊ ဒါပေမဲ့ ခင်ဗျားမမမေက ကျွန်တော့်ကို ခွင့်မလွှတ်ဘူးဗျာ။

ဒီအတောအတွင်းမှာ မြင်းခြံက ခရိုင်ဆရာဝန်ကြီး ဦးစိုးတင်

http://www.cherrythitsar.org



ဝါရှင်တန် ရောက်လာခဲ့တယ်၊ စကားစပ်လို့၊ သူ့အိမ်မှာ နေသွားကြတဲ့ အကြောင်းကို ပြောပြတယ်၊ မေနဲ့ ခင်ဗျားရဲ့ သန့်ရှင်းဖြူစင်မှုကို သူ့ထံမှ ကျွန်တော် ထပ်သိရတယ်။

ဒီတစ်ချိန်တော့ ကျွန်တော်မနေနိုင်တော့ဘူးဗျာ၊ မြန်မာပြည် ပြန်ပြေးလာပြီး၊ မေမေတို့ကို အကျိုးအကြောင်း ပြောပြရတယ်၊ အခုဆို မေမေတို့ပါ၊ စိတ်မကောင်းဖြစ်ပြီး၊ သိပ်နောင်တရနေ ကြတယ်။

ဒါနဲ့ မေမေ့ပါ အပါခေါ်ပြီး၊ မော်လမြိုင်ကို လိုက်လို့ မေကိုရော၊ သူ့ဒေါ်ဒေါ်ကိုပါ၊ ကျွန်တော်တို့ ဝန်ချတောင်းပန်တယ်။

အခုတော့ အားလုံးပြေလည် အေးချမ်းပြီမို့ လက်ထပ်ပါတော့မယ်။

ခင်ဗျား ကျွန်တော့်ကို ခွင့်လွှတ်တယ်ဆိုရင် ကျွန်တော်တို့ လက်ထပ်ပွဲကို ဆက်ဆက်လာစေချင်တယ်"

ကျွန်တော့်အတွက် ဝမ်းနည်းဝမ်းသာ ဖြစ်ရသည်။ အမှန်ကို ဝန်ခံရလျှင် သူယုံမည် မယုံမည်မသိ။ ဝမ်းသာခြင်းက ပိုပါသည်။

ကျွန်တော် မပန်သာသော ပန်းတော်ဝင်သည် ထိုက်တန်သူ၏ ဦးခေါင်းထက်၌ စံရသည်ကို ကျွန်တော့်အတွက် ဝမ်းသာရန်မှ လွဲ၍ အခြားအကြောင်းမရှိ။

တစ်နည်းအားဖြင့်ဆိုလျှင်လည်း မမမေနှင့် ကျွန်တော်တို့စောင့်ထိန်းခဲ့သော သစ္စာတရား၏ အောင်ပွဲသာ မည်ပေ၏။

ထို့ကြောင့် မမမေနှင့် ဦးခင်မောင်ဦးတို့ လက်ထပ်ပွဲသို့ ကျွန်တော် သွားသည်။

လက်ထပ်ပွဲကို မြို့တော်ခန်းမ၌ ကြီးကျယ်စွာ ကျင်းပသည်။

http://www.cherrythitsar.org



ညနေပိုင်း၌ အိမ်တွင် ရင်းနှီးသောမိတ်ဆွေများကို အထူးဧည့်ခံပြန်၏။

ဧည့်ခံပွဲ၌ အတီးအမှုတ်ဝိုင်းလည်းပါသည်။ သောက်တတ် စားတတ်သူများအတွက် ပန်းခြံတွင်း၌ ကောက်တေးပါတီလည်း ကျင်းပပေးသေးသည်။

မီးရောင် ထိန်ထိန်ဝယ် ပိုးရောင် ဖဲရောင် စိန်ရွှေရောင်တို့ဖြင့် ဧည့်ခံပွဲသည် တောက်ပနေသည်။

ဦးခင်မောင်ဦးသည် နက်ပြာရောင် ညဝတ်သက္ကလပ် ဝတ်စုံဖြင့် ခံ့ညားချောမောနေသည်။ ပြင်သစ် ဘရိုကိတ်ကြည်ပြာရောင်ထဘီ၊ ပွင့်ဖောက်ဇာအင်္ကျီ၊ ဆွစ်ဇာလန်ပိုးဇာပဝါအပြာနုနှင့် မမမေမှာလည်း ည၏ ဧကရီအဖြစ် ရှုမညီးအောင် တင့်တယ်လှပါပေသည်။

မသောက် မစားတတ်သော ကျွန်တော်သည် ခြံတစ်ထောင့်၌ စီးကရက်ကို အဖော်ပြုရင်း သာယာဝေစည်သည့် ဂီတသံကို တစ်ဦးတည်း ထိုင်နားထောင်နေမိသည်။

ဧည့်သည်အပေါင်းတို့ စုံစေ့အောင် နှုတ်ဆက်ပြီးသောအခါ ဦးခင်မောင်ဦးသည် မမမေအား ကျွန်တော့်ထံ ခေါ်ဆောင်လာသည်။

"ကဲ ကိုလွမ်းနောင်၊ ခင်ဗျား မမမေနှင့် စကားပြောဦးနော်၊ ကျွန်တော် တခြားသွားဧည့်ခံလိုက်ဦးမယ်"

ဦးခင်မောင်ဦးသည် အဓိပ္ပာယ်ပြည့်ဝန်းစွာကြည့်ရင်းဆို၍ မမမေကို ထားခဲ့ကာ ထွက်ခွာသွားသည်။

ကျွန်တော်နှင့် မမမေသည် တစ်ဦးကိုတစ်ဦးကြည့်ရင်း အတန်ကြာ စကားမပြောနိုင်ကြ။

ကျွန်တော်က စတင်၍ ရင်တွင်း၌ ဘာမျှခံစားမှုမရှိသည့် မောင်

http://www.cherrythitsar.org



တစ်ဦးက အမကို ကျီစယ်ချီးမွမ်းဟန်ပြောရသည်။

“မမမေ ဒီည သိပ်လှတာပဲ”

မမမေသည် မရယ်မပြုံးဖြင့် ကျွန်တော့်မျက်လုံးများကို စူးစိုက်ကြည့်သည်။ ထို့နောက် တိုးတိုးညင်သာ မေးသည်။

“မောင် မမမေကို ခွင့်လွှတ်သလား”

ဟန်ဆောင်ပြုံးနေရသော ကျွန်တော့်မျက်နှာသည် တည်သွားသည်။ ရုတ်တရက်လည်း ဘာဖြေရမှန်းမသိ၊ ခေတ္တငိုင်နေမိပြီးမှ ပြန်မေးရသည်။

“ဘာပြောတယ် မမမေ”

မမမေက ကျွန်တော့်ထံမှ မျက်လုံးမခွာဘဲ ပီသပြတ်သားစွာ ထပ်ဆိုသည်။

“မောင် မမမေကို ခွင့်လွှတ်သလား”

ကျွန်တော့်ရင်တွင်း၌ ဆို့သွားသည်၊ ဘာကြောင့် ဤမေးခွန်း မေးရသည် မသိ။

“ဖြေလေ မောင်”

ကျွန်တော်က သက်ပြင်းကို လေးပွင့်စွာ ရှိုက်လိုက်၏။

“မောင်က ဘာလို့ ခွင့်မလွှတ်နိုင်ရမှာလဲ မမမေရယ်၊တကယ်တော့ စကတည်းက သာယာဖြောင့်ဖြူးနေမယ့် မမမေတို့ရဲ့ ဘဝဇာတ်ကြောင်းပေါ် ကံကြမ္မာနှောင့်လို့ ကန့်လန့်ဝင်ရောက်ခဲ့ရတဲ့ မောင့်ကိုသာ မမမေနဲ့ ဦးခင်မောင်ဦးက ခွင့်လွှတ်ရမှာပါ”

မမမေ၏ မျက်လုံးတို့၌ မျက်ရည်များ ဝဲလာသည်ကို ကျွန်တော် တွေ့ရသည်။

“မဟုတ်ပါဘူး၊ မောင်ရယ်၊ ဒီဇာတ်လမ်းမှာ တရားခံအစစ်က အသည်းနုခဲ့တဲ့မမမေပါ၊ တစ်ပွင့်ကိုသာ ဆင်နိုင်မှန်း သိရက်နဲ့ နှစ်လွှာကို

http://www.cherrythitsar.org



ပွင့်စေခဲ့မိတဲ့ မမမေကိုသာ အပြစ်ဆိုရမယ်၊ မောင် မငြင်းပါနဲ့တော့ မမမေကို မောင် ခွင့်လွှတ်ပါတယ်ဆိုတဲ့ စကားကိုသာ ကြားပါရစေ”

“မမမေ ကြားချင်တယ်ဆိုရင်တော့ ကျွန်တော်ပြောပါမယ်၊ မမမေကို ကျွန်တော် ခွင့်လွှတ်ပါတယ်၊ ဒါပေမဲ့ တစ်ခုတော့ ကျွန်တော်ဆက်ပြောချင် တယ် မမမေ”

မမမေသည် နားစွင့်၍ ထောင်နေသည်။

“ပြောလေ… မောင်”

“ပြောပါမယ်…မမမေရယ်၊ အမှန်က ဘယ်သူ့ဘယ်သူမှ အပြစ်တင်လို့ မရပါဘူး၊ အပြစ်မရှိကြသူချင်းမို့ ဘယ်သူကမှ ဘယ်သူ့ကို ခွင့်လွှတ်စရာ အကြောင်းမရှိပါဘူး၊ တစ်သက်တာ သုံးသပ်ဆင်ခြင်ပြီး မမမေ စိတ်ဖြေနိုင်ဖို့ စာဆိုတော်ကြီးတဂိုးရဲ့ ကဗျာတစ်ပိုဒ်ကို ကျွန်တော် အတိုချုပ် ပြောပြမယ်”

မမမေသည် ကျွန်တော့်အား ကရုဏာပြည့်သော မျက်လုံးများဖြင့် ကြည့်ရှာ၏။

နတ်သျှင်နောင်၏ ကဗျာကို မရွတ်သဖြင့် မမမေ စိတ်ချမ်းသာလိမ့်မည်ဟု ကျွန်တော်ထင်ပါသည်။

“တဂိုးက ညဆိုတဲ့ ကဗျာမှာ အဆင်မပြေတဲ့ သမုဒယဇာတ်လမ်းကို တင်ပြခဲ့တယ်၊ ညဟာ နှင်းပေါက်တွေနဲ့ ပက်ဖျန်းပြီး အေးချမ်းမှုနဲ့ ပန်းငုံဖူးနိုင်အောင် ပြုစုယုယခဲ့ရတယ်၊ မာလာဦးပွင့်ဖူးတဲ့အခါဟာ နေ့မှာသာ ဖြစ်တတ်တာမို့ ညအနေနဲ့ ဆက်လက်တည်နိုင်ခွင့် မရှိဘူး၊ ဒီသဘောဟာ မရှောင်ရှားနိုင်သော သဘာဝနိယာမတရားမို့ ကျွန်တော့်အနေနဲ့တော့ ညဟာ သနားစရာမဟုတ်သလို နေ့ဟာလဲ မုန်းစရာမဟုတ်ပေဘူး၊ ဒီတော့ မာလာဇင်မင်းသာ ပျံ့ပျံ့သင်းသင်း ကြိုင်ကြိုင်မွှေးနဲ့ ထာဝစဉ်

လွဲဝင်းနိုင်ပါစေလို့ ကျွန်တော် ဆုတောင်းတယ် မမမေရယ်”

မမမေကပြုံးသည်၊ ကျွန်တော်ချစ်လှစွာသော မျက်လုံးပြာတို့တွင် မျက်ရည်အပြည့်ဖြင့် ပြုံးသည်၊ ပြုံးရင်းလည်း တိုးတိုးရွတ်ဆိုသည်။

“မောင်ပေးတဲ့ဆုနဲ့ မမမေထာဝစဉ် ပြည့်ဝလိုပါတယ်မောင်”

ဝဲလျှံလာသော မျက်ရေတို့ပါးဆီ မသက်ဆင်းလာမီ ကျွန်တော့်ကို နှုတ်ဆက်၍ မမမေသည် နေရာမှ ထသွားသည်။

ညအတန်နက်သောအခါ မမမေနှင့် ဦးခင်မောင်ဦးကို နှုတ်ဆက်၍ ကျွန်တော် ပြန်လာခဲ့သည်။

မြက်ခင်းပြင်၌ ချထားသော ပီယာနိုဆီမှ မြင့်ထွေးလေး၏လက်သံနှင့် တင်တင်ဦး၏ဆိုသံသည် ဝေဝေစည်စည် ဝဲပျံထွက်ပေါ်နေ၏။

“အောင်ဖေယျတု...ငွေခရုသင်္ခါ သွန်းဘိသိက်ပြာ...၊ ပုဏ္ဏာဝန်း ပြည့်ထွန်းသစ်ရာဝယ်၊ တိမ်စင်သာသည် စန္ဒာမင်းလို ရှင်မြူးပဝေး...”

ငွေလရောင်အောက် လူသူကင်း၍ ဆိတ်သုဉ်းနေသော အင်းယားလမ်းကြီးတစ်လျှောက် လျှောက်ခဲ့သူ ကျွန်တော့်အတွက်မူ ရင်တွင်း၌ ရွှေရင်ပေါင် ငွေရင်ပေါင် ပတ်ပျိုးလေးမှ တေးတစ်ပုဒ် ပဲ့တင်ထပ်နေသည်။

“ရေပင်လယ် လောင်းငယ်ကုန်ခတ်လို့ ကူးတက်နိုင်သေး အံ့မှိုင်းလို့ရီ နဒီပင်လယ်ရိုးငယ်မှာ မိုးချုပ်ပြီလေး”

“မှန်ပါတယ် မမမေရယ်၊ မောင့်ဘဝ နဒီပင်လယ်ရိုးမှာ မိုးချုပ်ခဲ့ရပါပြီ အသက်ရယ်”

*

# ၁၉

ကိုလွမ်းနောင်၏ ဇာတ်လမ်းမှာ ဤတွင်ဆုံးသွား၏။

ကျွန်တော်တို့ ကိုယ်ပေါ်၌လည်း နှင်းရည်တို့ ရွဲစပြုနေ၏။

ကျွန်တော်တို့ လေးဦးထပြန်လာခဲ့ကြစဉ် ကိုစိုးလှိုင်က မှတ်ချက်ချသည်။

"ကိုလွမ်းနောင်ရာ၊ ခင်ဗျားဇာတ်လမ်းကြားရတော့ ကျွန်တော်သီချင်းကို နက်ဖြန်ဆိုရမှာတောင် အသဲနင့်မိတယ်"

တင်မောင်မြင့်ကမူ သက်ပြင်းရှိုက်ပြီး ခေါင်းခါသည်၊ ဘာမျှတော့မပြော။

ဆောင်းည၏ နှင်းပေါက်တို့ ပက်ပျန်း၍ ကြိုင်လန်းနေသောပန်းခင်းများကို ဖြတ်လျက် ကျွန်တော်တို့ လျှောက်လာခဲ့ကြသည်၊

ကျွန်တော်က ကိုလွမ်းနောင်ကို မေးသည်။

"လွမ်းစရာကောင်းတဲ့ ဇာတ်လမ်းတစ်ပုဒ်ပဲ၊ ခင်ဗျားဘာလို့ ဒါကိုမရေးသလဲ"

ကိုလွမ်းနောင်က ယဲ့ယဲ့ပြုံးသည်။

http://www.cherrythitsar.org



“ကျွန်တော် ပြောခဲ့ပါရောလား၊ ပုဂ္ဂလိကဝေဒနာကိုစာပေအဖြစ်နဲ့ မတင်ချင်ဘူးလို့”

“ဒါဖြင့် ခင်ဗျားမရေးရင်၊ ကျွန်တော်ရေးရလိမ့်မယ်”

“ဒါတော့ ခင်ဗျားသဘောပေါ့ ကိုဘုန်းနိုင်၊ တခုတော့ရှိတယ်၊ ခင်ဗျားရေးမဲ့ ဝတ္ထုကြောင့် ကာယကံရှင်တွေ စိတ်မထိခိုက်စေချင်ဘူး”

“စိတ်ထိခိုက်မယ်၊ မထိခိုက်ဘူးတော့ ကျွန်တော် အတတ်မပြော နိုင်ဘူး၊ ဒါပေမဲ့ သက်ဆိုင်သူကို ကျွန်တော် တောင်းပန်ပေးပါမယ်”

“ခင်ဗျား ဘယ်လိုတောင်းပန်မလဲ”

ကျွန်တော်သည် လနှင့် ကြယ်တို့ သဘင်ရွှေညီဝင်းလက်စည်ခိုက် နှင်းမြူခြည်သင်တိုင်းဖြင့် မှုန်ရီဆိုင်းသော ကမ္ဘောဇဉေအား ငေးကြည့်ရင်း စိတ်တွင်း၌ပေါ်လာသော ကဗျာတစ်ပုဒ်ကို ရွတ်ပြလိုက်ရသည်။

“မှတ်မိသူ…ငိုစတမ်းရယ်လို့
စိတ်ဝမ်းက မရည်ရွယ်ပါ
ရေးမိရေးရာ
အသည်းလွှာ၊ ကမ္ဘာဖြင့်မဆုံး
အိပ်မက်ဘုံ၊ မြူနှင်းမှုန်ဝေရီတော့
မေ့လေပြီ၊ ဂုဏ်မာန်ကြွပေမဲ့
မောင့်ဘဝ ညအလားကွယ်၊
(…ရေ) ထားရှုလှည့်ဦး”

**တက္ကသိုလ်ဘုန်းနိုင်**

http://www.cherrythitsar.org

